# ဒေါင်ဆန်းတာနည်

သိန်းဒေါး





# အောင်ဆန်းဇာနည်

## သိန်းအေး

Typing - ရာမညသူလေး

PDF & Proof ~ ရေဘဝ

*http://mmteashop.com*

မှ

တင်ဆက်သည်။

http://mmteashop.com
http://mmteashop.com

# မာတိကာ


- သတင်းစာဆရာကြီး ဖိုးသောကြာ (ခေတ်+မိုး) အမှာစာ
- ဒေါက်တာတိုးလှ၏ အမှာစာ
- ဒေါက်တာသက်လွင်၏ အမှာစာ
- စာရေးသူ၏ ဝန်ခံစကား
- ဗိုလ်ချုပ်အောင်ဆန်း
- ဖေဖော်ဝါရီလ ၁၃ ရက် မွေးနေ့ရှင် ဗိုလ်ချုပ်နှင့် ဗေဒင်ပညာ
- လူငယ်ဘဝက ကိုအောင်ဆန်း
- တပ်တော်ဦးဆီ .... မျှော်လိုက်ပြန်တော့
- ဗိုလ်ချုပ်နှင့်တပ်မတော်
- ဗိုလ်ချုပ်နှင့် ဘူရှီဒို
- ဗိုလ်ချုပ်နှင့် ညီမြ
- ဗိုလ်ချုပ်နှင့်ဦးသန့်
- ဗိုလ်ချုပ်နှင့် သခင်ကိုယ်တော်မှိုင်း
- ဗိုလ်ချုပ်နှင့် မေဒေး
- ဗမာ့လွတ်လပ်ရေး အရေးတော်ပုံနှင့် ဗိုလ်ချုပ်အောင်ဆန်း
- ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး ကြိုးပမ်းမှု
- လန်ဒန်ခရီးစဉ်မှတ်တမ်း
- ဗိုလ်ချုပ်နှင့် လွတ်လပ်ရေး
- ဗိုလ်ချုပ်နှင့် တိုင်းရင်းသား စည်လုံး ညီညွတ်ရေးခရီး
- ဗိုလ်ချုပ်နှင့်ပင်လုံ
- ပင်လုံရှုခင်း ပင်လုံမြင်ကွင်း
- ၄၇ ရွေးကောက်ပွဲကာလက ဗိုလ်ချုပ်တို့ မဲဆွယ်စည်းရုံးခဲ့ပုံ
- ရာဇဝင်အရေးခံမယ့်လူ


http://mmteashop.com
http://mmteashop.com

- ဗိုလ်ချုပ်နှင့် ရွေးကောက်ပွဲပြီးစ မြန်မာပြည်
- လွှတ်တော်အမတ်ဦးအောင်ဆန်း
- ဗိုလ်ချုပ်နှင့်နေရှူး
- ဗိုလ်ချုပ်ပြောတဲ့ ဟာသ ရုပ်ရှင်များအပေါ် အမြင်
- ဗိုလ်ချုပ်နှင့်ရုပ်ရှင်
- ဗိုလ်ချုပ်နှင့် တောင်သူလယ်သမားများ
- ဗိုလ်ချုပ်နှင့် တောင်သူလယ်သမားညီလာခံ
- အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း
    - ဗိုလ်ချုပ်အောင်ဆန်း
    - သခင်မြ
    - မိုင်းပွန်စော်ဘွားစဝ်စံထွန်း
    - မန်းဘခိုင်
    - ဦးဘချို
    - ဦးရာဇတ်
    - ဦးဘဝင်း
    - ဦးအုန်းမောင်
    - ရဲဘော်ကိုထွေး
- ကျမ်းကိုးစာရင်း


http://mmteashop.com
http://mmteashop.com



# လွတ်လပ်ရေးဆိုတာ

တချို့ကလည်းပဲ ဟာ .. လွတ်လပ်ရေး ရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲ ဆိုတော့ ကျွန်တော် အရင်တစ်ခါတုန်းက တွေ့ခဲ့တယ်။ ဘာတွေ့သလဲ ဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေး ရပြီကွ ဆိုပြီးတော့ လူတကာ သွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေ လှန်းတယ်။ အဲဒီတော့ လမ်းသွား လမ်းလာ လုပ်တဲ့သူတွေ အတော်ဒုက္ခရောက်တယ်။ အဲဒါက လွတ်လပ်ရေး မဟုတ်ဘူး။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့က မြို့တော်ခန်းမတွင် ကျင်းပသော လူထု
အစည်းအဝေးကြီး၌ ပြောကြားခဲ့သော မိန့်ခွန်း

http://mmteashop.com
http://mmteashop.com



# တိတိလင်းလင်း သတိပေးလိုက်ပါတယ်

နိုင်ငံရေး အာဏာကို တရားသော နည်းလမ်းများထဲက မည်သည့်နည်းနှင့် မဆို တရားအတိုင်း လုပ်ကြပါ။ ဒီလို လုပ်တဲ့လူတွေကို တရားဥပဒေနှင့် လျော်ညီစွာ ကျွန်တော်တို့က အစွမ်းကုန် ကာကွယ်ပေးမည်။ ဒီလိုမှ မဟုတ်ဘဲ မစားရတဲ့ အမဲ သဲနှင့်ပတ်သည့် အနေမျိုးဖြင့် တိုင်းပြည်ကြီးကို မှောက်အောင် လုပ်ပစ်မယ် ဆိုရင် လူထုရဲ့ အကျိုးကို မျှော်ကိုးသော အားဖြင့် အဲဒီလို တိုင်းပြည် မှောက်သွားအောင် ကြိုးပမ်းနေတဲ့ လူတွေကို ကျွန်တော်တို့က အစွမ်းကုန် ချရမှာပဲ ဆိုတာ တိတိလင်းလင်း သတိပေးလိုက်ပါတယ်။

၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ ညနေ ၆နာရီ ၃၃မိနစ် အချိန်တွင် အသံလွှင့် ဌာနမှ နေ၍ တိုင်းပြည်သို့ အသံလွှင့် ပြောကြားသော မိန့်ခွန်း

http://mmteashop.com
http://mmteashop.com



## ကိုယ့်ဝတ္တရား ကိုယ်ကျေအောင်ထမ်း

အစိုးရ အရာထမ်း အမှုထမ်းတွေဟာ မိမိတို့အပေါ် တရားသဖြင့် ကျရောက်လာတဲ့ တာဝန် ဝတ္တရား တွေကို လူထုနဲ့ တိုင်းပြည်ရဲ့ မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ် သားသား ဆောင်ရွက် ကြစေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြရင် လည်း ဆောင်ရွက်ဝံ့တဲ့ လူတွေကို နေရာ ဖယ်ပေး ကြစေချင်တယ်။ အစိုးရ အမှုထမ်း အရာ ထမ်း ဆိုတာ အမှန် စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ် ကျေပွန်အောင် ထမ်းဖို့ပဲ။

၁၉၄၇ ခုနှစ်  ဧပြီလ ၅ ရက်နေ့  ညနေ ၆ နာရီ  ၃၃ မိနစ် အချိန်တွင်
အသံလွှင့် ဌာနမှ နေ၍ တိုင်းပြည်သို့ အသံလွှင့် ပြောကြားသော မိန့်ခွန်း

http://mmteashop.com
http://mmteashop.com



# မိမိတို့ ကံကြမ္မာ မိမိတို့ဖန်တီးရေး

ကျွန်ုပ်တို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ ဖန်တီးဖို့ အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင် ရှိ၏။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့

အလယ်ပစ္စယံ ညီလာခံတွင် ပြောကြားသော မိန့်ခွန်း

http://mmteashop.com

http://mmteashop.com

# သတင်းစာဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး)၏ အမှာစာ

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ရက်တွင် ကျွန်တော်သည် အထက်တန်း ကျောင်းသား တစ်ဦး အဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို ခရေဇီ (Crazy) ဖြစ်နေချိန်။

ကျွန်တော်တို့ မြို့လေးသည် ရန်ကုန်နှင့် မဝေး လှသော်လည်း ထိုစဉ် (၁၉၄၇) က ရေလမ်း တစ်လမ်းတည်းသာ အသွားအလာ ရှိသည်။ ထိုနေ့က မိုး တဖွဲဖွဲ ရွာနေသည်။ ကျွန်တော်၏ အဘွား အမေ (ကရင် အမျိုးသမီး ခရစ်ယာန်ဘာသာဝင် သူနာပြု ဆရာမကြီး)သည် ဆေးရုံမှ အိမ်သို့ ပြန်လာကာ "ဗိုလ်ချုပ်အောင်ဆန်းကို သူများသတ်လို့ သေပြီ" ဟု ပြောရင်း ချုံးပွဲချ ငိုကြွေးတော့သည်။ ကျွန်တော်လည်း အဘွားနှင့် အတူ လိုက်ငို ကြွေးသည်။ ပတ်ဝန်းကျင်မှ လူအများလည်း လိုက်ငိုကြသည်။

ဗိုလ်ချုပ်တို့ လုပ်ကြံ ခံရသော သတင်းသည် နာရီပိုင်းအတွင်း ရေလမ်း တစ်လမ်း တည်းသာရှိသော ကျွန်တော်တို့ မြို့လေးသို့ တစ်မဟုတ်ချင်း ရောက်လာပြီး တစ်မြို့လုံး သည် မြို့ပျက်ကြီးပမာ ငြိမ်သက်သွားသည်။ ပြည်သူ့ ရဲဘော် တပ်ဖွဲ့ဝင်များသည် မြို့လယ် လမ်းမတစ်လျှောက် အော်ဟစ် ငိုကြွေးရင်း အသိပေးကြသည်။ ကျွန်တော်သည် ကျွန်တော်တို့ကျောင်း (ယခု BEHS NO.2 ညောင်တုန်း) သို့ အပြေးအလွှား သွားခဲ့သည်။

မြို့နယ်ကျောင်းသား သမဂ္ဂဥက္ကဌ ကိုထွန်းလွင် (နောင်-ဇာတ်ညွှန်း ဆရာ ရွှေဒုံး ထွန်းလွင်)၊ အတွင်းရေးမှူး ကိုနီ (နောင်-မီးရထား ရုံးချုပ်)၊ ဘဏ္ဍာရေးမှူး ကိုဝင်းထိန် (နောင်-ပန်းချီနည်းပြ SHS ညောင်တုန်း) တို့သည် ကျောင်းရှေ့တွင် ငိုနေကြသည်။ ရှေ့ဆင့် နောက်ဆင့်မှာ "ကျောင်းသူတပ်ဦး" တာဝန်ခံ မခင်မြင့် (နောင်-မေ့ဆေး အထူးကု ဆရာ ဝန်ကြီး ဒေါက်တာဒေါ်ခင်မြင့်၊ ယခု ကနေဒါ)၊ တွဲဖက်တာဝန်ခံ မအုံးသင် (ကွယ်လွန်) တို့ ရောက်လာကြသည်။ တစ်မဟုတ်ချင်းမှာပင် သမဂ္ဂဝင် ကျောင်းသားများ၊

ကျောင်းသူများ ရောက်လာကြကာ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များ ကဲ့သို့မြို့၏ အနောက်ပိုင်းသို့ လှည့်ကာ အော်ဟစ် ပေါက်ကွဲ ခဲ့ကြသည်။

မြို့နယ် ရဲဌာနမှ ရာဇဝတ်အုပ် (S.I.P) ဦးအောင်ကြွယ်နှင့် ရဲနှစ်ဦး၊ သုံးဦး လိုက်လာကာ ကျွန်တော်တို့ကို ချော့မော့ ပြောဆို ထိန်းသိမ်းပြီး ယခုအခြေ အနေတွင် ဆူဆူပူပူ မဖြစ် စေလိုကြောင်း၊ တောကြောင်များ ထလာနိုင်ကြောင်း ဖျောင်းဖျ ပြောဆိုကာ အိမ်ပြန် ခိုင်းသည်။ မှတ်မှတ်သားသားပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ကျောင်းသား လူငယ် အများစုသည် ယနေ့ခေတ် လူငယ် အများစု ကဲ့သို့ ရုပ်ရှင် ဂီတ အနုပညာရှင်များကို မရူးသွပ်ခဲ့ကြပါ။ ရုပ်ရှင်မင်းသား ခင်မောင်ရင်၊ မင်းသမီး ခင်မြရင်တို့ကို မရူးသွပ်ခဲ့ကြပါ။ ကျွန်တော်တို့သည် ဗိုလ်အောင်ကျော်ကို ရူးသွပ်ခဲ့ကြပြီး အောင်ကျော်ဆံထောက် (ယခုအခေါ် အောင်ကျော်ကေ၊ အောင်ကျော် ဒီဇိုင်း) ရှေ့တစ်လက်မ နောက်ပြောင် ထားခဲ့ကြသည်။ အောင်ကျော် ကျဆုံးပြီး ကိုအောင်ဆန်း (နောင်မှ ဗိုလ်ချုပ်အောင်ဆန်း) သတင်းများ ကြားလာခဲ့ကြပြီး တက္ကသိုလ် ကျောင်းသား အရမ်း ဖြစ်ချင် ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် တစ်နိုင်ငံလုံး ကျောင်းသား သပိတ်ကြီး မှောက်သောအခါ ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို ခရေဇီ ဖြစ်ခဲ့ ကြတော့သည်။

စစ်ပြီး ခေတ်ပြန် ဗြိတိသျှ အစိုးရသည် (တပ်)ဟူသော စကားလုံးကို (တပ်မတော်) မှအပ သုံးခွင့်မပြုသောအမိန့် ၁၉၄၇ခုနှစ်၌ ထွက်လာသောအခါ ကျွန်တော်တို့ ကျောင်းသား သမဂ္ဂ အဖွဲ့အစည်းနှင့် ဆိုင်သော (ကျောင်းသား တပ်ဦး)၊ (Students Front)ကို ကျောင်းသား ရဲခေါင် (Students Vanguard) ဟု ပြောင်းလိုက်ရသည်။ ဖဆပလ အဖွဲ့နှင့် ဆိုင်သော ပြည်သူ့ရဲဘော် တပ်ဖွဲ့ကို ပြည်သူ့ရဲဘော် အဖွဲ့၊ မီးသတ် တပ်ဖွဲ့ကို မီးသတ်အဖွဲ့ စသည်ဖြင့် ပြောင်းလဲ လိုက်ရသောအခါ "ခေါင်း" တံဆိပ်

http://mmteashop.com
http://mmteashop.com

တပ်ထားသော စစ်အရာရှိ ဦးထုပ်၊ ဘောင်းဘီရှည်၊ အပေါ် ကျူးနစ် ဘောင်းဘီ အပြင်ထုတ် အိတ် နစ်ဖက်ပါ စစ် အရာရှိ ဝတ်စုံနှင့် ဗိုလ်ချုပ်အောင်ဆန်းကို (တပ်) မရှိသော ဗိုလ်ချုပ် အဖြစ် ပြိတိသျှတို့က ပုံပြောင်း ပစ်သည်ဟု ခံစားခဲ့ကြရသည်။ ထို့ကြောင့် ကျွန်တော်တို့ "ကျောင်းသား ရဲခေါင်" များသည် ဗိုလ်ချုပ်အောင်ဆန်း ဝတ်သော ကျူးနစ် ဝတ်စုံကို ရဲခေါင် ယူနီဖောင်း အဖြစ် သတ်မှတ် ဝတ်ဆင် ခဲ့ကြသည်။ ထိုအကြောင်းအရာ ပါးပါးလေးများသည် ကျွန်တော်တို့ မြို့ငယ်လေးမှ ကျောင်းသား တစ်ဦး၏ "ဗိုလ်ချုပ်အောင်ဆန်း ခရေဇီ" မျှသာ ဖြစ်ပြားလည်း မြန်မာ တစ်နိုင်ငံလုံးတွင် ထိုသို့သော ကျောင်းသားများ မည်မျှ ရှိခဲ့ကြသနည်း။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဆောင်းပါးများ၊ စာအုပ်များ၊ အများအပြား ထွက်လာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရသောအခါ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံသည် ကျွန်တော်တို့ နေ့စဉ် အလေးပြုရသော နေရာတွင် ချိတ်ဆွဲထားခြင်း ခံရသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာရေးဆရာများက ဝိုင်းရေး ကြရာတွင် ကျွန်တော်တို့ စိတ်များသည် ဒဂုန်တာရာ၊ တက္ကသိုလ်နေဝင်း၊ ဗိုလ်သိမ်းဆွေ၊ ဗိုလ်အေးမောင်တို့ ရေးကြသော ဆောင်းပါးနှင့် စာအုပ်များတွင် နစ်မြုပ် ခဲ့ကြသည်။ "လမ်းပေါ် ဆေးရိုး မလှန်းနဲ့"၊ "ဖာနိုင်ငံ ဖြစ်သွားမယ်"၊ "အနီးကပ်ဆုံး ရန်သူကို ရှာတိုက်" စသော ဗိုလ်ချုပ် မိန့်ကြားချက်များသည် ကျွန်တော်တို့ နှလုံးအိမ်မှာ နစ်မြုပ် နေသည် ဆွဲထုတ်၍ မရတော့။

ငွေအကြွေစေ့များ၊ ငွေစက္ကူပေါ်မှ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံများသည် မည်သို့ သော အဓိပ္ပာယ်များ၊ အနှစ်သာရများကို ရည်ရွယ်၍ ဖော်ဆောင် ထားလင့်ကစား ကျွန်တော် တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရင်ခွင်မှာ အိပ်မောကျခဲ့သော လူငယ်များ ဖြစ်ခဲ့ကြသည်ကား အမှန်။

http://mmteashop.com
http://mmteashop.com

၂၀ ရာစု နှစ်ဝက်ဆီမှ ၂၁ ရာစု၏ ဆယ်စုနှစ်ကို ကျော်လွန် လာသောအခါ လူငယ်တို့သည် သမိုင်းကို လှန်လှော မွှေနှောက်ကြသည်။ ရာစုဝက် မြန်မာ့သမိုင်းကို အသက်(၆၅)နှစ် အရွယ် လူကြီးတွေက အသက်(၁၆)နှစ် အရွယ် လူပျိုပေါက်တွေကို ရှင်းပြရန် အခက်အခဲတွေ တွေ့လာကြသည်။ ထိုသောအခါ စာအုပ်ဟောင်းတွေ အဖိုးတန်လာတော့သည်။ ယင်းစာအုပ်ဟောင်းများကို အခြေပြု၍ စာအုပ်သစ်တွေလည်း ထွက်လာကြစည်။ စာအုပ် ရောင်းကောင်း၍ ဈေးကွက် (Market) သဘောအရ ထုတ်ဝေကြသည်ပင်ဖြစ်စေကာမူ စာအုပ်သည် လူထုအတွက် "အမွေရတနာ" ပင် ဖြစ်သည်။ ယင်းစာအုပ်သည် "သမိုင်းစာအုပ်" ဖြစ်ငြားအံ့။ အချက်အလက် တို့သည် မှန်ကန်တိကျသင့်သည်။ ၂၀ ရာစုနှစ်ဝက် သမိုင်းဆိုလျှင် သက်ရှိထင်ရှား၊ ပုဂ္ဂိုလ်၊ အရာဝတ္ထု၊ အထောက်အထားများ ရှိနေဆဲဖြစ်၍ မှန်ကန်တိကျရန် စာရေးသူတို့မှာ တာဝန်ကြီးသည်။ ယင်းတာဝန်ကို စာရေးသူတို့ကိုယ်တိုင်သာ တာဝန်ယူ ကြရမည် ဖြစ်သည်။

`တပ်မတော်နေ့´ သမိုင်း ဆိုကြပါစို့။ မည်သည့်ခေတ်က စမည်နည်း။ `ရဲဘော်သုံးကျိပ်´ က စလျှင် ရဲဘော်သုံးကျိပ်ကို မည်သို့သော သမယ ခေတ်ကာလ အခြေအနေတွင် မည်သည့် အဖွဲ့၊ မည်သည့် ပုဂ္ဂိုလ်က မည်သို့ စုဆောင်းခဲ့သည်။ သို့မဟုတ် `တပ်မတော်ကြီး´ ကို ဖွဲ့စည်းသည့် ကာလက စမည်ဆိုလျှင် ရဲဘော်သုံးကျိပ်တို့ ဂျပန်မှ မြန်မာနိုင်ငံသို့ ပြန်ဝင် ရန် ဘန်ကောက် (ယခုထိုင်း) အရောက် ၁၉၄၁ခုနှစ် ဒီဇင်ဘာ ၂၇ရက်နေ့တွင် ဘန်ကောက် ထနွန် စတုန်းလမ်း၊ ဘောနီယိုခြံဝင်း အတွင်းနေ ထိုင်းနိုင်ငံသား မြန်မာလူမျိုး မျက်စိကု ဆရာဝန် ဦးလွန်းဖေ၏ နေအိမ်၌ သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင်သစ်တို့နှင့် ပထမအကြိမ် `လက်မောင်း သွေးဖောက် သွေးသောက်ပွဲ´ ပြုလုပ်ပြီး ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence Army-BIA) ဖွဲ့ရန် စတင်ခဲ့သည့် အချိန်က စမည်လား။ ဂျပန်ပေးသည့် လွတ်လပ်ရေး (၁၉၄၃ ဩဂုတ်လ ၁ရက်) ကာလနောက် ဖွဲ့စည်းပြီး ဖြစ်သည့် အချိန်က စ,မည်လား။ ရဲဘော် သုံးကျိပ် (အယောက်၃၀) ဟု ဆိုထားသည့်တိုင် စစ်ပညာသင်ရသူ ၂၇ ဦးသာရှိသည်။ နှစ်ဦးမှာ စစ်ပညာ မသင်၊



http://mmteashop.com
http://mmteashop.com

တစ်ဦးမှာ အုပ်ချုပ်ရေး၊ စီမံ ခန့်ခွဲရေး ပညာကိုသာ လေ့လာ ခဲ့သည် ဆိုသော သမိုင်း အချက်အလက် များကလည်း ရှိနေဆဲဖြစ်ရာ သမိုင်းသုတေသီတို့ ယုံကြည် ကိုးကား လောက်သော တာဝန်ယူကြရမည် ဖြစ်ပါတော့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သက်ရှိထင်ရှား ဘဝကို ကျွန်တော်သည် အထက်တန်း ကျောင်းသား အရွယ် အထိ သိမီခဲ့၍ ဗိုလ်ချုပ်အောင်ဆန်းကို ခရေဇီ ဖြစ်ခဲ့သည်။ ဤစာအုပ် ရေးသူ `သိန်းအေး´ သည် ၁၉၆၃ ခုဖွား ဖြစ်၍ ဗိုလ်ချုပ်ကျဆုံးပြီး (၁၆)နှစ်ကြာမှ လူဖြစ်လာ သည်။ အထက်တန်း ကျောင်းသားဘဝအတွင် ကျောင်းပြဋ္ဌာန်း စာအုပ်များ၌ပါရှိသော ဗိုလ်ချုပ် အကြောင်း ဖတ်စာများဖြင့် ဗိုလ်ချုပ်ကို ခရေဇီ ဖြစ်လာသည်။ သူ၏ ဗိုလ်ချုပ်အပေါ် ခရေဇီ ဖြစ်ရခြင်း၏ ရလဒ်မှာ သူ မြန်မာစာဖြင့် တက္ကသိုလ်ဘွဲ့ ရပြီး စာပေနယ်သို့ ရောက်သော အခါ သူသည် `အောင်ဆန်းဇာနည်´ စာအုပ်ကို ရေးနိုင် ထုတ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ဗိုလ်ချုပ်အကြောင်း စာအုပ်ပေါင်း များစွာတို့သည် ကျောင်းသုံး ပြဋ္ဌာန်း ဖတ်စာအုပ်မှ နုတ်ထွက်၍ ပုဂ္ဂလိကထုတ် စာအုပ်များအဖြစ် စာဖတ်သူတို့ ရှေ့မှောက် ရောက်ရှိ လာတော့သည်။ ဗိုလ်ချုပ် ကျဆုံးပြီးနောက် ၂၀၁၀-၂၀၁၁ ကာလသည် အများဆုံး ဖြစ်နေ သည်။ စာအုပ်တန်ဖိုး များမှာလည်း အခြေခံ လူတန်းစားတို့ အတွက် လက်လှမ်း မမီသော ဈေးနှုန်းက ပိုများနေသည်။ အများစု ဝယ်ဖတ်နိုင်သော တန်ဖိုးဖြင့် စာဖတ်သူထံ ရောက်ရှိ ရေးကိုလည်း ထုတ်ဝေသူရော၊ စာရေးသူတို့ကပါ ကြံဆောင် ကြသင့်သည်။ ဗိုလ်ချုပ် အောင်ဆန်းကို ခရေဇီဖြစ်သော `သိန်းအေး´ သည် အောင်ဆန်းဇာနည် စာအုပ်ကို ထုတ်ဝေ ဖြန့်ချိ လိုက်သည်မှာ သူမည်မျှ ခရေဇီဖြစ်ကြောင်း ပေါ်လွင်နေသည်။

http://mmteashop.com

http://mmteashop.com

ဤသည်မှာ ခရေဇီဖြစ်သူ သိန်းအေးက သူကဲ့သို့ပင် လူငယ်များအား ဗိုလ်ချုပ် အောင်ဆန်း၏ `စိတ်ဓာတ်´ ကို `နိုင်ငံရေး ပြယုဂ်´ အဖြစ် ခရေဇီ ဖြစ်စေလိုသော စိတ်စေတနာ အမှန် ဖြစ်ကြောင်း ထင်ရှား စေပါသည်ဟု ကျွန်တော် ခံစား လိုက်ရပါသည်။

ဖိုးသောကြာ (ခေတ် + မိုး)



http://mmteashop.com
http://mmteashop.com

# စာဖတ်သူများသို့ ဒေါက်တာတိုးလှ၏ စကားလက်ဆောင်

ဦးမြင့်ကြိုင် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မြန်မာသမိုင်း သုတေသန ဦးစီးဌာန)က သိန်းဖေ ပြုစုသော အောင်ဆန်းဇာနည် စာအုပ်အတွက် အမှာစာ ရေးပေးရန် စာရေးသူနှင့် အတူ ရောက်ရှိလာခဲ့သည်။ ကျွန်တော်က ရှေးဟောင်း သမိုင်းများလောက်သာ စိတ်ဝင်စားသူ၊ လေ့လာသူ ဖြစ်သောကြောင့် အမှာစာကောင်း ရေးသားနိုင်ရန် မလွယ်ဟု ထင်ပါသည်။ ခေတ်သစ်ခေတ်ပေါ် စာပေကို အဖတ် အလေ့လာ နည်းပါးသဖြင့် ခေတ် အမြင် လည်း ရှိကောင်းမှ ရှိပါမည်။ ရှိသည့် အမြင်တို့ကလည်း ကြည်လင် နိုင်ကောင်းမှာ ကြည်လင် မည်ဟု ယူဆမိသည်။ ထို့ကြောင့် ကျွန်တော့်ထံမှ အမှာစာ တောင်းသည်မှာ သူတို့လူများ မှားနေလေပြီလောဟု တွေးမိ လိုက်ပါသည်။ သို့သော် စာရေးသူနှင့် ကျွန်တော်တို့မှာ တစ်နယ်တည်း သားလို ဖြစ်နေသောကြောင့် မငြင်းသာဘဲ လက်ခံ လိုက်ရခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော် လူမှန်းသိစ အရွယ်တွင် စတင်ကြားသိ ခဲ့ရသည်။ ကြားသိရပုံက ဗိုလ်ချုပ်သည် ကျွန်တော်တို့ ရေစကြိုသို့ ၁၉၄၇ခုနှစ် မတ်လ လောက်က မုံရွာမှ ပခုက္ကူသို့ အသွား မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် လူထုကို စည်းရုံး ရန် ဝင်ရောက် လာခဲ့ခြင်း ဖြစ်သည်။ တစ်နယ်လုံးမှ ရွာသူ ရွာသားများ ရေစကြိုသို့ ရွာအုပ်စုလိုက် ချီတက်သွားကြပြီး ဗိုလ်ချုပ်ကို ကြိုဆို ခဲ့ကြသည်။ ရေစကြိုမြို့ လူထုကြီးကလည်း တက်ရောက် လာသမျှ လူပရိသတ်ကြီးကို ထမင်းထုပ်များ လိုလေသေး မရှိ ဝေပေး ခဲ့ကြောင်းလည်း သိရသည်။ သူတို့ကို မည်သူကမျှ စည်းရုံးခေါ်ဆောင် သွားခဲ့သည်ဟု မကြား သိရပေ။ ထိုပွဲတွင် ကျွန်တော့် အစ်ကိုများလည်း ပါသွားခဲ့ကြသည်။ သူတို့ ရွာပြန်ရောက်သော အခါ ပြန်ပြောပြခဲ့ ကြသဖြင့် ကြားသိ ခဲ့ရသည်များမှာ စိတ် လှုပ်ရှားဖွယ် အားတက်ဖွယ်ရာများ ဖြစ်ပါသည်။ ဗိုလ်ချုပ်၏ မြန်မာနိုင်ငံ လွတ်လပ်ရေး

http://mmteashop.com
http://mmteashop.com

ကြိုးပမ်းမှုကို ရေစကြို နယ်သူနယ်သား အားလုံးလောက်က ထောက်ခံကြောင်း ပြသခဲ့ကြသည့် သမိုင်း မြင်ကွင်းတစ်ခု ဖြစ်ခဲ့ပါသည်။

ထို့နောက် ကျွန်တော် မူလတန်း ကျောင်းသားဘဝ စတုတ္ထတန်းတွင် ပညာသင်ကြား နေစဉ် အစ်ကိုကြီးက သတင်းထောက် ဦးပုကလေး ရေးသား ပြုစုသည့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို ပေး၍ ဖတ်စေခဲ့သည်။ ကျွန်တော်က ဘုန်းကြီး ကျောင်းသားလည်း ဖြစ်ခဲ့သောကြောင့် မဟာ ဗုဒ္ဓဝင် ကျမ်းကြီးပြီးလျှင် ထိုစာအုပ်သည် မိမိ ဖတ်ရှု မိခဲ့သော အဦးဆုံး မြန်မာ့သမိုင်း/အတ္ထုပ္ပတ္တိ ဖြစ်ပါသည်။ ထိုအချိန် ကတည်းက "ဗိုလ်ချုပ်" ဟူသော အမည်သည် ကျွန်တော့်အတွက် အလွန် နားဝင်ပီယံ ရှိလှပြီး နှတ်မြိန် လှသည့် အမည်လည်း ဖြစ်ခဲ့ပါသည်။

မြန်မာစကားပုံ တစ်ခုရှိသည်။ `တစ်ခေတ်တွင် တစ်ယောက်ထွန်း´တဲ့။ မြန်မာနိုင်ငံကြီး သူ့ကျွန်ဘဝသို့ ၁၈၂၆ က ရခိုင်နှင့် တနင်္သာရီ၊ ၁၈၅၃ က အောက်မြန်မာပြည် မြစ်ဝကျွန်းပေါ် ဒေသ၊ စစ်တောင်းမြစ်ဝှမ်းနှင့် သံလွင် အနောက်ဘက်ခြမ်းတို့ ရောက်ရှိသွားခဲ့ ရသည်။ နောက်ဆုံး ၁၈၈၆ တွင် အထက် မြန်မာ တစ်နိုင်ငံလုံးကို ဗြိတိသျှတို့က သိမ်းပိုက် ကျွန်လုပ်ခဲ့သဖြင့် ယနေ့ မြန်မာတစ်နိုင်ငံလုံး အဝန်းအဝိုင်း အတွင်းရှိ ထိုအချိန်က ပြည်သူများ တစုတပေါင်းတည်း သူ့ကျွန် ဖြစ်သွား ခဲ့ကြရသည်။ ထိုဘဝဆိုးမှ လွန်မြောက်၍ အချုပ်အခြာ အာဏာကို ပြန်လည် ရရှိရန် ဦးဆောင် တိုက်ပွဲဝင် ပေးခဲ့သူမှာ ဗိုလ်ချုပ် အောင်ဆန်း၊ သူ့တပ်မတော်နှင့်၊ ပြည်သူ တစ်ရပ်လုံးတို့ ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အခန်းကဏ္ဍတွင် ဗိုလ်ချုပ်အောင်ဆန်းကို `တစ်ခေတ်တွင် တစ်ယောက်သာ ထွန်းကာ ခဲ့သူ´ ဟူ၍ ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ တစ်ခေတ်တွင် တစ်ယောက်သာ ထွန်းကားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကို စာရေးသူ သိန်းအေးက မည်သို့ လေ့လာ ထိတွေ့ ရေးသားခဲ့ပါ သနည်း။ ထိုအမေး

http://mmteashop.com
http://mmteashop.com

အတွက် စာဖတ်ပရိသတ်က သူ့စာ သူ့တင်ပြချက်များကို ဖတ်ရှု လေ့လာပြီး ဖြေပေးကြရမည် ဖြစ်ပါသည်။ ဤတွင် စာရေးသူနှင့် ပတ်သက်၍ ကြိုတင် ပြောပြထားစရာ အချက်တစ်ရပ် ရှိပါသည်။ ထိုအချက်မှာ စာရေးသူသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေတ်ပြိုင် ရှိနေခဲ့သူ၊ တာဝန်ကို အတူ ထမ်းဆောင် ခဲ့ဖူးသူ တစ်ယောက် မဟုတ်ခြင်းပင်။ ဗိုလ်ချုပ်အောင်ဆန်း အာဇာနည်ဘဝ ရောက်ရှိသွားခဲ့ရပြီး နောက်မှ လူ့ဘဝထဲသို့ ဝင်ရောက်လာခဲ့သူ ဖြစ်ပါသည်။ သမိုင်းစကားနှင့် ပြောရလျှင် ဗိုလ်ချုပ်ကို စာရေးသူ မမီ ခဲ့သဖြင့် တစ်ဆင့်ခံ အထောက်အထားများဖြင့်သာ ရေးသား တင်ပြရပါသည်။ သို့ဖြစ်သောကြောင့် စာရေးသူ အသုံး ပြုခဲ့သော အထောက်အထားများ၊ အဖြစ် အပျက် တစ်ခုချင်း အပေါ် မြင်ပုံမြင်နည်း၊ သုံးသပ်ပုံ သုံးသပ်နည်းနှင့် အကဲ ဖြတ်ပုံ အကဲဖြတ်နည်းတို့ အပေါ်တွင်သာ မီတည်၍ ယင်း၏ စေတနာနှင့် ပညာကိုလည်း အကဲဖြတ် ကြရမည် ဖြစ်ပါသည်။

အချုပ်မှာ သိန်းအေး၏ အောင်ဆန်းဇာနည်ကို အဆုံးအဖြတ် ပေးနိုင်ရန် ယခုအခါ စာဖတ်သူများ လက်ထဲသို့ သူ့စာအုပ်ကို အရောက် ပို့ခဲ့ပြီး ဖြစ်ပါသည်။ `အောင်ဆန်းဇာနည်´ က လေ့လာသူတို့ကို မည်သို့သော အားကျစရာ၊ အတုယူစရာ၊ ဂုဏ်ယူစရာ၊ သတိတရား ရစရာ များကို မည်မျှ ပေးစွမ်း နိုင်ခဲ့ပါသနည်း။ လေ့လာသူ အပေါ် မည်မျှ လွှမ်းမိုး နိုင်ခဲ့ ပါသနည်း။ ထိုအချက်များကို ရှာဖွေ ဆုံးဖြတ်၍ သမိုင်းတန်ဖိုးကို တွက်ချက်ပေးကြပါဟု တိုက်တွန်း လိုက်ရပါသည်။

တိုးလှ
၂၇ မတ် ၂၀၁၁
သပြေရိပ်၊ ၄၁၊ မာလာမြိုင် ၄ လမ်း
၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်

http://mmteashop.com
http://mmteashop.com

# ဒေါက်တာသက်လွင်၏ အမှာစကား

ဒီတစ်ခေါက် ရန်ကုန်ကို ဆင်းလာတော့ ကိုသိန်းအေးနှင့် ကျွန်တော် ဆုံခဲ့ရသည်။ ကိုသိန်းအေးသည် Envoy News Journal တွင် အယ်ဒီတာချုပ် လုပ်နေသည်ဟု သိရသည်။

ကိုသိန်းအေးနှင့် ကျွန်တော်က တစ်ရွာတည်းသားများ ဖြစ်ကြသည်။ တစ်ရွာတည်း ဆိုပေမယ့် နှစ်မိုင်ခန့်တော့ ဝေးကွာသည်။ သူ၏ ဇာတိရွာက ဆိတ်ဆင်း ကျေးရွာအုပ်စု၊ ကဲလှရွာ။ သည်ရွာက အင်းဝခေတ် စာဆို တိလောကဂုရု၏ မွေးရပ်ဇာတိ။ ကျွန်တော်၏ရွာ ပိုက်သင်က ပထမကျော်အောင်စံထား ဆရာတော်၏ မွေးရာဇာတိဖြစ်လို့ အင်းဝခေတ်မှာ ကတည်းက စာပေ မိတ်ဖက်များ ဖြစ်ကြသည်။

ကိုသိန်းအေး ကလောင်အမည်က လူထင်းလို့လည်း သိရသည်။ ယခုသူသည် စာအုပ် တစ်အုပ် ရေးထားသည်။ ပုံနှိပ်တော့မည်ဟု ပြောသည်။ အမှာစာ ရေးပေးရန် မေတ္တာ ရပ်ခံ လာသည်။ သူ့စာအုပ် အမည်က "အောင်ဆန်းဇာနည်"။

စာအုပ်အမည်ကို ကြားလိုက်ရသည်နှင့်ပင် မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း အကြောင်းကို ရေးထားမှန်း သိသာသည်။

ဗိုလ်ချုပ်အောင်ဆန်း အကြောင်းကို ဘယ်ရှုထောင့်မှ ချဉ်းကပ်ထားသည်၊ ခံစားထားသည်ကို ကျွန်တော်က သိချင်နေပြီ။ သူပေးချင်သော အသိမှာ-

http://mmteashop.com
http://mmteashop.com

"စာရေးသူမှာ စာဖတ်သူများကို ပေးလိုသော စေတနာတစ်ခု ရှိပါသည်။ ၎င်းမှာ တစ်ခေတ်တစ်ခါက ပေါ်ထွန်းခဲ့သော သူရဲကောင်း ဗိုလ်ချုပ်သည် အညာသား၊ လူသုံးလူဖန် သေးသေး၊ စကားပြောလျှင်လည်း ထောင့် တောင့်တောင့်နှင့် မချောမငံ၊ ဆက်ဆံရေး ကလည်း ပြုံးတာကိုပင် တွေ့ရခဲသူ။ ဤလိုအမူအရာ အဆက်အဆံ ရှိခဲ့သော ပုဂ္ဂိုလ် တစ်ယောက်သည် တိုင်းပြည်ကို ကယ်တင်ရာမှာတော့ အသက်ကိုပင် ပဓာန မထားဘဲ စွန့်ရဲသောသူ။ ဤလို ပုဂ္ဂိုလ်မျိုး အကြောင်းကို အသိပေးချင်သည့်၊ လက်ဆင့်ကမ်း တင်ပြချင်သည့် စေတနာ တစ်ခုသာလျှင် ဖြစ်ပါသည်။" ဟု သူ၏ အမှာစာ (ဝန်ခံစကား) တွင် ရေးထားသည်။ မှန်ပေသည် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်မှာ သာမက ကမ္ဘာ မှာပင် ရှာမှရှားသော ပုဂ္ဂိုလ်ထူး ဖြစ်ပေ၏ အမေရိကန်သမ္မတ ဂျွန်အက်ဖ် ကနေဒီကပင် "ခေါင်းဆောင်နှင့် သတ္တိ" ဆိုပြီး စာအုပ်တစ်အုပ်ရေးပြီး "မြန်မာပြည်မှာ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုပါ၏" ဟု ဖော်ပြခဲ့သည်။ ထိုစာအုပ် ကျွန်တော်၏ စာအုပ်စင်တွင် ရှိခဲ့သည်။ ယခု အမှာစာ ရေးမည် ကြံတော့ ထိုစာအုပ်ကို ရှာမတွေ့တော့ ဒေါပွမိသည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် အနော်ရထာမင်းသည် အေဒီ ၁၁ရာစုတွင် ပထမ မြန်မာ နိုင်ငံတော်ကြီးကို တစည်းတလုံးတည်း ဖြစ်အောင် တည်ဆောက်ခဲ့သည်။ သူ၏ မဟာဗျူဟာမှာ စစ်ရေးဖြင့် သိမ်းသွင်းခဲ့သည်။ တစ်ဖန် ၁၆ ရာစုတွင် ဘုရင့်နောင် မင်းတရားကြီးသည် ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တစည်း တလုံးတည်း ဖြစ်အောင် စစ်ရေးဖြင့် သိမ်းသွင်း ခဲ့သည်။ အေဒီ ၁၈ရာစုတွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တတိယ မြန်မာနိုင်ငံတော်ကြီးကို တလုံးတစည်းတည်း ဖြစ်အောင် စစ်ရေးဖြင့် သိမ်းသွင်း ခဲ့သည်။ ၂၀ရာစုတွင် ဗိုလ်ချုပ်အောင်ဆန်းသည် စတုတ္ထ မြန်မာနိုင်ငံတော်ကြီးကို စစ်ရေးဖြင့် တစ်မျိုး၊ စည်းရုံးရေးဖြင့် တစ်ဖုံ မဟာဗျူဟာ အမျိုးမျိုးဖြင့် သိမ်းသွင်းနိုင်ခဲ့သည်။

http://mmteashop.com
http://mmteashop.com

ပထမ၊ ဒုတိယနှင့် တတိယ နိုင်ငံတော်သစ် တည်ဆောက်ရစဉ်က ကွဲပြားနေသော တိုင်းရင်းသားများကို ပြန်လည် စုစည်းရန်သာ သိမ်းသွင်း ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း မှာတော့ ကမ္ဘာမှာ အလွန် စစ်အင်အား ကြီးမားသော ဗြိတိသျှ တပ်မတော်ကြီးကို တိုက်ထုတ် ရသည်။ အာရှမှာ စစ်အင်အား ကြီးမားလှသော ဂျပန် စစ်တပ်ကြီးကိုလည်း တိုက်ထုတ်ရသည်။ တောင့်တင်း ခိုင်မာသော မြန်မာ့တပ်မတော်ကြီးကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တည်ထောင်ပြီး ဖက်ဆစ်ဂျပန်နှင့် အင်္ဂလိပ်တို့ကို မောင်းထုတ်နိုင်ခဲ့သည်။ တိုင်းရင်းသား လူမျိုးစုများကို စစ်ရေးဖြင့် သိမ်းသွင်းလျှင် ရနိုင်သည်။ သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားများ အပေါ် ချစ်ခင်သည်။ လေးစားသည်။ ကြင်နာသည်။ ထို့ကြောင့် စစ်ရေးဖြင့် သိမ်းသွင်းသော မဟာဗျူဟာကို ရှောင်ရှားခဲ့သည်။ စည်းရုံးရေး မဟာဗျူဟာကို ကျင့်သုံးခဲ့သည်။ ကျည်ဆန် တစ်တောင့်မျှ မသုံးဘဲ စတုဝ္ဂ မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်း ဖြစ်အောင် သိမ်းသွင်းနိုင်ခဲ့သည်။

ဤသည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ မြင့်မြတ်သော စွမ်းဆောင်ရည် ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် သတ္တိနှင့်လည်း ပြည့်စုံသည်။ သို့သော် သတ္တိကို နေရာတိုင်းမှာ မသုံး။ ဗျူဟာကို သုံးသင့်သည့် နေရာမှာ သတ္တိကို ဘေးဖယ် ထားသည်။ ဗိုလ်ချုပ်သည် ပျော့စရာရှိလျှင် ဖျော့ဖယောင်းကဲ့သို့ ပျော့ပျောင်းသည်။ ပင်လုံ စာချုပ် ချုပ်ဆိုနိုင်ရန် အတွက် "၁၉၄၆ ခုနှစ်တွင် ရက်ပေါင်း ၂၀ မျှကြာအောင် ရှိုင်း ပြည်နယ်သို့ ခရီးထွက်ခဲ့သည်။ စည်းရုံးခဲ့သည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၈ရက်မှာ ကချင် ပြည်နယ် မြစ်ကြီးနားသို့ ကိုယ်တိုင် သွားရောက်ပြီး ကချင်အမျိုးသား ခေါင်းဆောင်များနှင့် ဆွေးနွေး ညှိနှိုင်းသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်မှ ၂၆ရက်အထိ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ့၊ ကပ္ပလီရွာ၊ သထုံမြို့အထိ ချစ်ကြည်ရေး ခရီးထွက်ပြီး ကိုယ်တိုင် စည်းရုံးခဲ့သည်။

http://mmteashop.com
http://mmteashop.com

၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် လှိုင်ကော်မြို့၌ ကျင်းပသော ကရင်နှစ်သစ်ကူး ပွဲတော်ကို ကိုယ်တိုင် တက်ရောက်ပြီး တိုင်းရင်းသားများနှင့် တွေ့ဆုံ စည်းရုံးသည် စသည်... စသည်ဖြင့် စာရေးဆရာ သိန်းအေးက မှတ်တမ်းတင် ရေးသား ထားသည်ကို လည်း တွေ့ရ၊ ဖတ်ရသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားများအပေါ် စည်းရုံးရေး မဟာဗျူဟာမှာ မှန်မြတ် လှပါ၏ ။

နိုင်ငံခြား စစ်တပ်ကြီးများကို တွန်းလှန်း တိုက်ထုတ်ဖို့ မှာတုန်းက အင်္ဂလိပ်ကို တိုက်ထုတ်ဖို့ ဂျပန်စစ်တပ်ကို အကူအညီ ရယူသည်။ လေးနှစ်ပင် မကြာလိုက်၊ တစ်ဖန် ဂျပန် စစ်တပ်ကြီးကို ပြန်ပြီး တိုက်ထုတ်ပစ်ဖို့ အင်္ဂလိပ် စစ်တပ်၏ အကူအညီကို ရယူသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် "စစ်ခေါင်းဆောင် သာမက နိုင်ငံရေး ခေါင်းဆောင်လည်း" ဖြစ်သည်။

"နိုင်ငံရေးသမားဆိုတာ ကားဒရိုင်ဘာ လိုပါပဲဗျာ။ စ,အထွက်မှာ နံပါတ်ဝမ်း ဂီယာနဲ့ ထွက်၊ ဒုတိယ ရှယ်ဂီယာနဲ့ အရှိန်ယူ၊ တတိယ ဂီယာနဲ့ အပြေးမောင်း၊ အတက်တွေလျှင် နံပါတ်ဝမ်း၊ စပယ်ရှယ်ဂီယာကို ပြန်ပြောင်း။ တစ်ခါတစ်ရံမှာ ဘက် back ဂီယာထိုးပြီး နောက်ပြန် ဆုတ်ရ သေးတယ်။" စသည်ဖြင့် ပြောပြခဲ့သော ပခုက္ကူမှ နိုင်ငံရေးသမားကြီး မြို့ပတ် ဦးတင်မောင် ပြောသည်ကိုပင် သတိရလာသည်။

စာရေးသူ ကိုသိန်းအေးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှု၊ ကြိုးစားမှု၊ ကိုယ်ကျိုး စွန့်မှု၊ အနစ်နာခံမှု၊ သနားမှု၊ ကြင်နာမှု၊ စာဖတ်မှု၊ စာရေးမှု စသည့် မွန်မြတ် သော အမူအကျင့်နှင့် သတ္တိ ဗျတ္တိတို့ကို နောင်လာနောက်သား ကလေးလူငယ် များအား အားကျအောင် သူရေးပြ နိုင်စွမ်း ရှိပေ၏။

http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သော ပြည်ထောင်စုကြီး အခွန့်ရှည် တည်မြဲပြီး ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသား ပြည်သူအားလုံးက ဗိုလ်ချုပ်အောင်ဆန်းကို ကျေးဇူး ဆပ်သောအားဖြင့် ပြုမူ ကျင့်ကြံနိုင်ရန်အတွက် "သိန်းအေး" ၏ "အောင်ဆန်းဇာနည်" စာအုပ်က အုတ်တစ်ချပ် နေရာမှ ပါဝင် လိမ့်မည်ဟု ယုံကြည် မိကြောင်း ပါခင်ဗျား။

ဒေါက်တာသက်လွင်

(အမျိုးသားစာပေဆု)



http://mmteashop.com
http://mmteashop.com

# စာရေးသူ၏ ဝန်ခံစကား

ဤစာအုပ် ဖြစ်ပေါ်လာရသည့် အကြောင်းခံကို ဦးစွာ အစီရင် ခံလိုပါသည်။ စာရေး သူသည် ပခုက္ကူမြို့ အမှတ်(၁၂) အစိုးရ မူလတန်းကျောင်းတွင် ပထမဆုံး စတင် ပညာ သင်ကြားခွင့် ရစဉ်က ပထမဆုံး ဆုံတွေ့ရသည့် ဆရာမှာ ဆရာဦးတင်ငွေ ဖြစ်ပြီး ဒုတိယ တွေ့ရသော ဆရာမှာ ဦးကံညွန့် (ကဗျာဆရာကြည်ပြုံး) (ယခုကွယ်လွန်) ဖြစ်ပါ သည်။ ဆရာဦးကံညွန့်မှာ စာရေးသူတို့ ခေတ်ကရှိခဲ့သော သူငယ်တန်းကြီးကို သင်ကြား ရသည့် ဆရာ ဖြစ်ပြီး စာရေးသူက သူငယ်တန်းလေးတွင် တက်ရောက် ခဲ့ပါသည်။ စာရေး သူမှာ သူငယ်တန်းကြီးတွင် မတက်ရတော့တဲ့ သူငယ်တန်းလေးမှ ပထမတန်းသို့ တိုက်ရိုက် အတန်း တက်ခဲ့ ရသဖြင့် ဆရာနှင့် မဆုံခဲ့ရပါ။

ပထမတန်း ရောက်တော့ ကျောင်းအုပ်ဆရာကြီး ဦးလွင်၏ အတန်းတွင် တက်ရ ပါသည်။ ထိုစဉ်က လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တော်လှန်းရေးနေ့ (ယခု- တပ်မတော်နေ့)၊ အမျိုးသားနေ့၊ စာဆိုတော်နေ့ စသည်တို့တွင် ဟောပြောပွဲများ ကျင်းပလေ့ ရှိရာ စာရေးသူက ထိုဟောပြောပွဲတွင် ဟောပြောသူအဖြစ် အမြဲလိုလိုပင် ပါဝင် ရလေ့ရှိပါ သည်။ ဟောပြောရသည့် အခါတိုင်းလည်း ဆရာက ဟောပြောပုံ ဟောပြော နည်း၊ အသံနေ အသံထား၊ စကား အဖြတ်အတောက်ကအစ လူနေဟန်ထားပါ မကျန် အသေအချာ စနစ် တကျ သင်ပြပေးလေ့ ရှိပါသည်။ ပွဲမဝင်မီ အပြင်ကကျင်းပ ဆိုသလိုပင် ဟောပြောပွဲ မကျင်းပ မီကပင် အပြင်မှာ လေ့ကျင့်ပေးသည်။ အတစ်အငေ့ါ မရှိအောင် ကျက်ရမှတ်ရ သည်။ သည်လိုနှင့် နှစ်စဉ်လိုလို ဟောပြောရဖန် များလာတော့ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း၊ အာဇာနည်များအကြောင်း၊ ဗိုလ်အောင်ကျော် အကြောင်း၊ လွတ်လပ်ရေး အရယူပုံ အကြောင်းများက စာရေးသူ၏ နုနယ်သေးသည့် ဦးနှောက် အတွင်းမှာ အတော် အတန် နေရာ ယူလာခဲ့သည်။



http://mmteashop.com
http://mmteashop.com

သည်လိုနှင့် ဗိုလ်ချုပ်ကို ချစ်မြတ်နိုးစိတ်၊ လေးစားစိတ်များ ဝင်ခဲ့ရသည်။ ဗိုလ်ချုပ် လုပ်ကိုင် ဆောင်ရွက် ခဲ့သမျှကို ရုပ်ရှင်ထဲမှာ မြင်နေရသလို စိတ်မျက်စိတွင် မြင်ယောင် လာရသည်။ သို့နှင့် မသိစိတ်မှာရော သိစိတ်မှာပါ ဗိုလ်ချုပ်ကို ကြည်ညိုစိတ်၊ ချစ်မြတ်နိုးစိတ်၊ သူရဲကောင်း တစ်ဦးလို ကိုးကွယ် လိုစိတ်များ ပေါ်လာ ခဲ့ရသည်။

လေးတန်းကို ရောက်တော့ ခဲပန်းချီ ဆွဲနည်းတွေ သင်ရပြန်သည်။ စာရေးသူတွင် အလွန် အားကျခဲ့ရသော ကျောင်းနေဘက် တစ်ဦး ရှိခဲ့သည်။ သူ့အမည်က သန်းငွေအောင် ဖြစ်သည်။ သူက စာရေးသူထက် အသက်ကြီးသော်လည်း အတန်းတူ တက်ခဲ့ရသည်။ သူက ခဲတန် အနက် တစ်ချောင်းတည်းဖြင့် ရှုခင်းပုံများကို ခဲအထူ အပါးခြစ်က ရေးဆွဲတတ်သည်။ စာရေးသူကလည်း သူ့ပန်းချီများကို အတုယူပြီး ခဲပန်းချီ ဆွဲခဲ့သည်။ ပထမဆုံး ဆွဲမိသည့် ပုံက စာရေးသူတို့ ငယ်ဘဝတွင် သုံးစွဲခဲ့ရသော ၁၉၆၆ ခုနှစ်ထုတ် ဗိုလ်ချုပ်အောင်ဆန်းပုံ ပါသော ငါးပြား၊ ဆယ်ပြား၊ ၂၅ပြားစေ့၊ ငါးမူးစေ့များတွင် ပါသည့် ဘိုကေနှင့် ဗိုလ်ချုပ်ပုံပင် ဖြစ်လေသည်။

အတော်လေး ဆွဲတတ်လာတော့ ဗိုလ်ချုပ်အောင်ဆန်းပုံကို အလွတ်နီးပါး ဆွဲနိုင် လာသည်။ ကျောင်းမှာ ကျင်းပသော ပန်းချီပြိုင်ပွဲတွင် ဗိုလ်ချုပ် ပုံတူပန်းချီဖြင့် ဒုတိယ ရရှိ ခဲ့လေသည်။ သည်တုံးက စာရေးသူ ရေးဆွဲသော ပန်းချီကားမှာ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇွန်လ ၁၁ရက်နေ့တွင် လွှတ်တော် မတက်မီ ဗန္ဓုလပန်းခြံ၌ လူထု အစည်း အဝေး ကျင်းပရာ လွတ်လပ်ရေး တိုက်ပွဲအတွက် အမြဲတမ်း အဆင်သင့် ရှိနေရန် သတိပေး နှိုးဆော်စဉ်က မိန့်ခွန်း ပြောကြား နေပုံ ဖြစ်သည်။ ထိုအချိန်က ပုံဆွဲ စာအုပ် တစ်အုပ် တန်ဖိုး မှာ ပြားငါးဆယ် ဖြစ်လေသည်။ မုန့်ဖိုး ရသောငွေမှာ တစ်နေ့မှ ငါးပြားသာ ဖြစ်လေရာ ပုံဆွဲ စာအုပ် တစ်အုပ် ဝယ်နိုင်ရန် ၁၀ရက် စုရလေသည်။ သီတင်း နှစ်ပတ်ကြာ မုန့်မစားဘဲ နေမှ ပုံဆွဲ စာအုပ် တစ်အုပ် ဝယ်လို့ရသည်။ ထိုမုန့်ဖိုးဖြင့်ပင် ပုံဆွဲ စာအုပ် ဝယ်ခဲ့သည်။

http://mmteashop.com
http://mmteashop.com

စာရေးသူ အထက်တန်း ကျောင်းသို့ ရောက်လာတော့ မူလတန်းက မျိုးစေ့ချခဲ့သော စာပေ ဖတ်ရှုလိုစိတ်၊ စာပေချစ်စိတ်က အတော်အတန် အမြစ်တွယ် ရှင်သန်စပြုလာပြီး ဖြစ်လေသည်။

သည်အချိန်မှာပင် ငယ်စဉ်က ပြောပြောပွဲ အတွက် အလွတ် ကျက်မှတ်ခဲ့ရသော မြန်မာ့ လွတ်လပ်ရေး သမိုင်းကြောင်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ အကြောင်း ထုပ္ပတ်သာ မကတော့ဘဲ ကမ္ဘာ့သတင်း၊ ကမ္ဘာ့အခင်းအကျင်းကိုပါ ဖတ်ရှုခွင့် ရရန် အကြောင်း ဖန်လာ ခဲ့ပြန်သည်။

စာရေးသူတို့ အိမ်နားတွင် စာရေးသူတို့ အရပ်အခေါ် ဝါးထောင် လုပ်ငန်း လုပ်ကိုင်သူ မျက်မမြင် အဖိုးဖြစ်သည့် ဘကြီးဒွေးသည် မျက်မမြင် တစ်ယောက် ဖြစ်သော်လည်း နိုင်ငံရေးကို အထူး ဝါသနာ ကြီးသူ တစ်ဦးဖြစ်သည်။ သူက အိုးဝေဂျာနယ်၊ ဟံသာဝတီ သတင်းစာ၊ ကြေးမုံ သတင်းစာ စသည်တို့ကို ဝယ်ယူလာပြီး စာရေးသူကို ဖတ်ပြစေသည်။ စာရေးသူမှာလည်း မူလတန်းဘဝက ပြောပြောရန် အသံနေ အသံထားဖြင့် ဖတ်ရှုရသည့် အလေ့ တစ်ခု ရရှိခဲ့ပြီး ဖြစ်ရာ ဘကြီးဒွေးအား သတင်းစာပါ သတင်းများကို ဌာန်ကရိုင်း ကျကျ ဖတ်ပြ နိုင်ခဲ့လေသည်။ သည်လို ဖတ်ပြသဖြင့် စာရေးသူမှာ ကျောင်းမုန့်ဖိုး ရလေသည်။ သို့နှင့် ကျောင်းက ပြန်ရောက်တိုင်း ဘကြီးဒွေး အိမ်ကိုပြေးပြီး သတင်းစာဖတ်ပြရသည့် အလုပ်တစ်ခုကို ငယ်စဉ်ကပင် ခံမင် ခဲ့ရလေသည်။

စာရေးသူသည် သတင်းစာ၊ ဂျာနယ်နှင့် အကျိုးပေးပုံကိုလည်း တင်ပြ လိုပါသေးသည်။ အလယ်တန်း ကျောင်းသား ဘဝ ရောက်လာတော့ ရန်ကုန်မြို့ရှိ သံရုံး၊ ပြန်ကြားရေးဌာနများမှ မြန်မာဘာသာဖြင့် ထုတ်ဝေပြီး အခမဲ့ ဖြန့်ဝေ ပေးပို့သော ဆိုဗီယက် သတင်းစဉ်၊ ဆိုဗီယက် ယူနီယံ၊ ဂျာမန်ရှုဘွယ်၊ အမေရိကန် လင်းရောင်ခြည်၊ ယနေ့ တရုတ်ပြည်၊ တရုတ်ပြည် လက်ရွေးစဉ်သတင်း၊ သမ္မတကင်အီဆွန်း၏ အတ္ထုပ္ပတ္တိ၊ ကိုရီးယား ဒီမို


http://mmteashop.com
http://mmteashop.com

ကရက်တစ် သမ္မတနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် Cholima Korea News GDR (ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးမှ ထုတ်ဝေသည့် စာစောင်)၊ အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေသည့် Israel (အစ္စရေး) စာစောင်များကို မှာယူ ဖတ်ရှုခဲ့သည်။ သည်တုန်းက သမ္မတများ ဖြစ်သည့် သမ္မတ ဂျယ်ရယ်ဖို့၊ ဘရက်ဇညက်၊ ချူအင်လိုင်း၊ မော်စီတုန်း၊ မင်းသားကြီး သီဟာနု၊ ဂျာမန်ဝန်ကြီးချုပ် ဟဲလမို့ ခိုးလ် စသည် တို့ကို ယခု အရွယ် တိုင်အောင်ပင် မှတ်မိ နေတာတွေ ရှိနေပါသေးသည်။ ဤကဲ့သို့သော ပတ်ဝန်းကျင်၏ အားပေးလှုံ့ဆော်မှု၊ ကိုယ်တိုင်ကလည်း ဝါသနာ ပါမှုများကြောင့် ယခုအခါ စာမရေး ရလျှင် မနေနိုင်သော စာရေးသူ ဘဝသို့ ရောက်ရှိ လာရလေတော့သည်။



http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်အကြောင်း ရေးဖြစ်ရပုံ

စာရေးသူသည် ငယ်စဉ်ကပင် ဗိုလ်ချုပ်ကို သိမီလိုက်သူ မဟုတ်သော်လည်း ဗိုလ်ချုပ်၏ ခေါင်းဆောင်စိတ်ရှိပုံ၊ အနစ်နာခံတက်ပုံ၊ မှန်တာလုပ်၊ ဟုတ်တာပြောတတ်ပုံ၊ ကလေး ဘဝကပင် သတ္တိရှိခဲ့ပုံ တို့ကို အားကျ အတုယူ မိပါသည်။ ငါလည်း ဗိုလ်ချုပ်လို တစ်နေ့ ဖြစ်ရမယ်ဆိုသော စိတ်များ ပေါ်ပေါက် ခဲ့ဖူးပါသည်။ သို့သော်လည်း ဘဝ အကျိုးပေးက ဖြစ်ခွင့်မရပါ။ စစ်ထဲဝင်ရန် သုံးကြိမ်သုံးခါတိတိ ကြိုးစား ခဲ့သော်လည်း ကိုယ်အလေး ချိန်က ၉၆ ပေါင်ထက် မပိုခဲ့၊ အရပ်က ငါးပေးကျော်ကျော်(မီတော့မီပါရဲ့ ၅ပေ ၂လက်မ)၊ ကိုယ်ခန္ဓာ ကျန်းမာမှုက မပြည့်စုံလေတော့ ဝင်ခွင့်မရခဲ့ပါ။ နောက်ဆုံးမှာတော့ ဗိုလ်ချုပ်တောင်မှ စာတွေ ရေးခဲ့သေးတာ။ ငါလဲ ဗိုလ်ချုပ်လို စာတွေ ရေးခဲ့မှာပေါ့၊ ရေးနိုင်ရမှာပေါ့ ဆိုသော အသိက ဝင်လာပြန်သည်။ ယခု စာတွေ ရေးဖြစ်ပါသည်။ စာတွေ ရေးရုံမျှမက သူများရေးထားသော စာများကိုပင် ဖတ်ရှုခွင့်၊ တည်းဖြတ်ခွင့်ရသည့် အယ်ဒီတာဘဝကို ပိုင်ဆိုင်ခွင့် ရခဲ့ပါပြီး။ စာရေးသူ၏ ရည်ရွယ်ချက်တဝက်တော့ ရောက်သည်ဟု ဆိုရပါမည်။

သို့ဆိုလျှင် စာရေးသူသည် ဗိုလ်ချုပ်ကို စာအားဖြင့် မည်မျှ ရင်းနှီး ခဲ့သလဲ ဆိုသည်ကို တင်ပြမှုပြည့်စုံ လောက်ပြီးဟု ထင်ပါသည်။ စာရေးသူမှာ စာဖတ်သူများကို ပေးလိုသော စေတနာ တစ်ခု ရှိပါသည်။ ၎င်းမှာ တစ်ခေတ်တစ်ခါက ပေါ်ထွန်းခဲ့သော သူရဲကောင်း ဗိုလ်ချုပ်သည် အညာသား လူလုံးလူဖန်သေးသေး၊ စကားပြောလျှင်လည်း ထောင့်တောင့်တောင့်နှင့် မချေမငံပုံ၊ ဆက်ဆံရေးကလည်း ပြုံးတာကိုပင် တွေ့ရခဲသူ၊ ဤလို အမူအရာ၊ အဆက်အဆံ ရှိခဲ့သော ပုဂ္ဂိုလ် တစ်ယောက်သည် တိုင်းပြည်ကို ကယ်တင် ရာမှာတော့ အသက်ကိုပင် စွန့်ခဲ့သောသူ၊ ဤလို လူမျိုး အကြောင်းကို နောင်လာ နောက်သားများကို လက်ဆင့်ကမ်း အသိပေးချင်သည့် စေတနာ တစ်ခုသာလျှင် ဖြစ်ပါသည်။ သည်တွင်ပြောရလျှင် တိုင်းပြည်ကို ကယ်တင်တာက ဗိုလ်ချုပ် တစ်ယောက်

http://mmteashop.com
http://mmteashop.com

ထဲမှ မဟုတ်တာ၊ အခြား မျိုးချစ် ခေါင်းဆောင်တွေလည်း အများကြီးပါဟု ဆိုလျှင် မှန်ပါသည်ဟု ပြောပါမည်။ သမိုင်းတွင် ထိုကဲ့သို့သော မြုပ်နေသည့် သူရဲကောင်းများ များစွာ ရှိခဲ့ပါသည်။ ယခုခေတ်လို တိုးတက်လာသော ခေတ်ကြီးမျိုးတွင် နိုင်ငံအတွက် မြူတစ်မှုန်သဲတစ်ပွင့်၊ အုတ်တစ်ချပ် အဖြစ် တိုင်းကျိုး ဆောင်ခဲ့သူများကို အရောင်တင်၊ မှတ်တမ်းတင်ပေးဖို့ မီဒီယာများတွင် တာဝန်ရှိပါသည်။ သို့မှသာ နောင်လာမည့် နှစ်ပေါင်း လေးငါးဆယ်တွင် သမိုင်းအဖြစ် နောင်းလူတို့ ဖတ်ရှုခွင့်ရကြမည် ဖြစ်ပါသည်။

စာရေးသူတွင် အမြတ်တနိုး သိမ်းဆည်း ထားသော စာအုပ်လေး တစ်အုပ် ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၅ နှစ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြန်ကြားရေး ဝန်ကြီးဌာန ဘာသာပြန် စာပေအသင်းက ထုတ်ဝေခဲ့သော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ စာအုပ်ကလေး ဖြစ်ပါသည်။ စာအုပ်တန်ဖိုးမှာ ပြား၅၀ ဖြစ်ပါသည်။ စာရေးသူတို့ခေတ်က ပုံဆွဲစာအုပ်တစ်အုပ်ဖိုး ဖြစ်ပါသည်။ စာအုပ်တွင် ပြည်တော်သာစာစဉ် ပြည်ထောင်စု-၁၂၂ စာတည်းအဖွဲ့ ဦးသိန်းဟန်နှင့် ဗိုလ်အေးမောင်ဟု ဖော်ပြထားပြီး "ဗိုလ်အေးမောင် ရေးသည်" ဟု ဖော်ပြထားပါသည်။ ဤစာအုပ်ကလေးမှာ စာရေးသူ အကြိမ်ကြိမ် ဖတ်ရှုဖြစ်သော စာအုပ်ကလေး ဖြစ်ပါသည်။ သို့သော်လည်း ဇာတိမြေမှ ခွဲခွာခဲ့ပြီး နောင်ပိုင်း ထိုစာအုပ်ကလေးမှာ ပျောက်ဆုံး သွားခဲ့ပါသည်။ ယခု အသက် ၄၀ ကျော် ၅၀ နားရောက်မှ ထိုစာအုပ်ကလေးကို ပန်းဆိုးတန်းလမ်း တစ်နေရာမှ ကျပ်တစ်ထောင်ဖြင့် ဝယ်ယူ ရရှိခဲ့ပါသည်။ သည်စာအုပ်ငယ်ကလေးက ယခု အောင်ဆန်းဇာနည် ဆိုသော စာအုပ် ဖြစ်ပေါ် လာစေမည့် အကြောင်းရင်း ဖြစ်ပါသည်။ စာရေးသူ ဖတ်ဖူးသမျှ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းများတွင် ဤစာအုပ်ကလေးသည် လူငယ်များ အဖို့ အလွယ်တကူဖြင့် မှတ်သားမိအောင် စွမ်းဆောင်နိုင်သည့် စာအုပ်၊ ဗိုလ်ချုပ်ဘဝကို ခြုံငုံ ဖော်ပြနိုင်သည့် စာအုပ်ဟု ထင်မြင် မိပါသဖြင့် စာအုပ်ပါ ဗိုလ်ချုပ်၏ ဘဝမှတ်စုများကို ဖော်ပြထားခြင်းပါကြောင်း ဝန်ခံလိုပါသည်။

http://mmteashop.com
http://mmteashop.com

ဤစာအုပ်ငယ်နှင့် ပတ်သက်၍ မိမိနှစ်သက်လွန်းသဖြင့် စာအုပ်ပါ အကြောင်းအရာများကို သတ်ပုံသတ်ညွှန်း အနည်းငယ်ကိုသာ ပြင်ဆင် ရေးသား၍ ဖော်ပြထားပါသည်။ ဤစာအုပ် စာမူနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆက်ခံသူများ ရှိပါကလည်း စာရေးသူ တတ်စွမ်း နိုင်သမျှ ပေးအပ်ရန် အသင့် ရှိပါကြောင်း ကြိုတင် ဝန်ခံအပ်ပါသည်။

နိဂုံးချုပ် ရေးလိုသည်မှာ ဗိုလ်ချုပ်သည် အမှန်းတရားကို မြတ်နိုးသူဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ "နေရာတကာတွင် တရားမှုရှိရမည်" ဟူသောဝါဒနှင့် စပ်လျဉ်း၍ သူနှင့် ရန်ကုန်တက္ကသိုလ်ကတည်းက ခင်မင်ရင်းနှီးခဲ့ကာ လွတ်လပ်ရေး ကြိုးပမ်းရာ၌လည်း ရဲဘော်ရဲဘက် တစ်ဦးအဖြစ် လက်တွဲ လုပ်ကိုင်ခဲ့သော ဦးမြစိန် (သံအမတ်ကြီး ဟောင်း)က သူ၏ ဆောင်းပါးတွင် ယခုလို ရေးသားဖော်ပြခဲ့ဖူးသည်။

"သူ(ဗိုလ်ချုပ်အောင်ဆန်း)သည် သူပြောသလိုလည်း ကိုယ်တိုင်အမြဲလုပ်သော သူတစ်ယောက် ဖြစ်လေသည်။ သူအမြဲ ပြောလေ့ရှိသော စကားမှာ "ပထမဦးဆုံး အနေနဲ့ - ကိုယ်လုပ်မယ့် အလုပ်မှာ မကြောက်မရွံ့ဘဲ ဒွိကင်းကင်းနဲ့ ဆက်သာလုပ်သွားပေတော့။ အရေးအကြီးဆုံး အနေနဲ့ကတော့ မိမိလုပ်တဲ့ဟာကို လူအများစုက လိုလိုချင်ချင်နဲ့ လက်ခံနိုင်ဖို့ပဲ ဖြစ်တယ်။ ဒီလိုမှန်ကန်တဲ့ ကိစ္စကို မှန်ကန်တဲ့ အတိုင်း လုပ်ကိုင် ဆောင်ရွက်တဲ့ နေရမှာ လူနည်းစုက သူတို့ရဲ့အကျိုးကို ထိခိုက်နေလို့ ခင်ဗျားကို ကြိုက်ချင်မှ ကြိုက်မယ်။ ဒါပေမယ့် ခင်ဗျားကို မကြိုက်သည့် တိုင်အောင် သူတို့ဟာ တကယ့် တကယ်ဆိုတော့ ခင်ဗျားဟာ အမှန်တရားကိုသာ ရှေ့ရှုနေလို့ သူတို့ စိတ်ထဲကတော့ ကြိတ်ပြီး ခင်ဗျား အပေါ်မှာ ချီးကျူးမိကြမှာ အမှန်ပါပဲ။ ဒါဟာ ကျွန်တော့် ကိုယ်တွေ့ပဲ"

ဗိုလ်ချုပ်၏ အမှန်တရားအပေါ် သဘောထားကို စာရေးသူ လွန်စွာ နှစ်သက်မိပါသည်။ အမှန်တရားနှင့် ပတ်သက်လျှင် ကျောင်းထုတ်ခံဖို့ ဝန်မလေးသူ၊ ဂျပန်

http://mmteashop.com
http://mmteashop.com

စစ်ဗိုလ်ချုပ် ရှေ့မှာပင် အသက်အန္တရာယ် ရှိမှန်းသိပါလျက် အမှန်တရားကို ဝန်ခံဖို့ ဝန်မလေးသူ တစ်ဦး ဖြစ်လေရာ စာဖတ်သူ သို့မဟုတ် စာဖတ်သူတို့၏ မျိုးဆက်ကိုလည်း ဤအမွေကို ပေးလိုပါသည်။ စာရေးသူသည် စာရေးဆရာဟု မိမိကိုယ်မိမိ မခံယူဝံ့ပါ။ စာရေးရာတွင် ဆရာအဖြစ် မရောက်သေး။ စာရေးသားသောသူ(စာရေးသူ)အဖြစ်သာ မိမိကိုယ်မိမိ ခံယူထားပါသည်။

အထူးသဖြင့် ဤစာအုပ်ကို ရေးသားပြုစုရာတွင် မဝံ့မရဲနှင့် သိမ်ငယ်စိတ် ဖြစ်ရပါကြောင်း ဦးစွာဖော်ပြလိုပါသည်။ ဤမျှ ကြီးမြတ်သော နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ဘဝမှတ်စုများကို ရေးသားရာတွင် မိမိထက် တတ်သော၊ တော်သော၊ အတွေ့အကြုံ ရင့်ကျက်လှသော၊ လက်တွေ့မျက်တွေ့၊ ကိုယ်တွေ့ ကြုံခဲ့ရသော၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် လက်ပွန်းတတီး ဆက်ဆံ ခဲ့ရဖူးသော ပုဂ္ဂိုလ်ကြီးများ သက်ရှိထင်ရှား ရှိနေသလို၊ ထို ပုဂ္ဂိုလ်ကြီးများ ရေးသား မှတ်တမ်း တင်ထားသော စာပေမှတ်တမ်း အမြောက်အများလည်း ရှိနေဆဲ ဖြစ်ပါသည်။ ရည်ရွယ်သည်မှာ များပြားလှစွာသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေး လှုပ်ရှားမှုနှင့် သူမတူအောင် စွမ်းဆောင်မှုများကို မိမိဖတ်မိသော၊ မိမိမြင်နိုင်သော အမြင်လေးဖြင့် ရေးသား လက်ဆင့်ကမ်းခြင်းသာ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး လှုပ်ရှားမှုနှင့် ပင်ကိုစရိုက်ကို ကြည့်လျှင် တစ်ချောင်းတည်းသော စိတ်ဖြင့် လွတ်လပ်ရေး ဆိုသည်ကိုသာ အလေး ထားခြင်း၊ ခေါင်းဆောင်ပီသခြင်း၊ အမှန်တရားနှင့် တရားမျှတမှုကို လက်ကိုင်ပြုခြင်း၊ အမြဲတမ်း ရိုးသား ဖြူစင်ပွင့်လင်းခြင်း၊ မိမိအကျိုးထက် နိုင်ငံသားများ အကျိုးကိုသာ ရှေးရှုခြင်း၊ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ခေါင်းဆောင်ဘဝကို ရောက်ရှိနေရသော်လည်း မိမိနှင့် လုပ်ဖော်ကိုင်ဖက်များ အရေးကို ဦးစားပေးခြင်း၊ အပြန်အလှန် လေးစားမှုရှိခြင်း စသည့် စံပြုရမည့် စိတ်ထားများကို အထင်းသား အလင်းသား တွေ့မြင် ကြရမည် ဖြစ်ပါ သည်။ ထိုစိတ်ဓာတ်များ လူငယ်ထုအတွင်း ပြန့်ပွား စေလိုပါသည်။ လူငယ်ခေါင်းဆောင် ကောင်းများ အများအပြား ပေါ်ထွက်လာစေ လိုပါသည်။

http://mmteashop.com
http://mmteashop.com

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝမှတ်တိုင်များကို အတန်အသင့် ဆက်စပ် သိမြင်လာမည်ဟုလည်း ယုံကြည်မိပါသည်။

စာရေးသူသည် ဤစာအုပ် ဖြစ်ပေါ်လာအောင် ဗိုလ်ချုပ်အောင်ဆန်း ဆောင်းပါးပေါင်း ရာဂဏန်းနီးပါး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်ပေါင်း များစွာကို ဝယ်ယူ စုဆောင်း ဖတ်မှတ် ခဲ့ရပါသည်။ ဤသို့ ဖတ်ရှုသော စာမူများ များပြားလှသဖြင့် အမှတ်များ၊ အကိုးအထောက် မှားများ တွေ့ရှိပါကလည်း စာရေးသူ၏ အမှားသာ ဖြစ်ပါကြောင်း၊ ဝေဖန် ထောက်ပြ မှုများကိုလည်း တလေးတစား ကြိုဆို အပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သိန်းဒေး

အမှတ်(၁၁)ကံ့ကော်လမ်း

ဝေဠုဝန်(မြောက်ပိုင်း)ရပ်ကွက်

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၁၈၀၁၂၊ ၀၉၇၃၀၁၁၆၅၁

http://mmteashop.com
http://mmteashop.com



၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမတွင် လူထုကြီးအား မိန့်ခွန်း ပြောကြားစဉ် (ဤမိန့်ခွန်းမှာ ဗိုလ်ချုပ်၏ နောက်ဆုံး မိန့်ခွန်းလည်း ဖြစ်သည်။)

http://mmteashop.com
http://mmteashop.com



ဗိုလ်ချုပ်အောင်ဆန်းမိသားစု

(ဗိုလ်ချုပ်အောင်ဆန်း၊ ဇနီး - ဒေါ်ခင်ကြည်၊ သား - အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ သမီး - အောင်ဆန်းစုကြည်)

http://mmteashop.com
http://mmteashop.com



# ဗိုလ်ချုပ်အောင်ဆန်း

“ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်”



http://mmteashop.com
http://mmteashop.com

## ဖွဲ့သတ္တိ

မြန်မာနိုင်ငံ မြေလတ်ဒေသရှိ နတ်မောက်ခေါ် မြို့ငယ်တစ်မြို့တွင် ဝင်းကြီး တစ်ခု အတွင်း၌ အိမ်တစ်ဆောင်ရှိ လေသည်။ ထိုအိမ်ရှေ့တွင် အသက် ၄၀ကျော် ၅၀ ခန့်ရှိပြီးဟု ခန့်မှန်းရသော လူကြီးတစ်ယောက်သည် သားငယ် နှစ်ယောက်ကို ခေါင်းရိတ် ပေးနေ လေသည်။ ခေါင်းရိတ်ဓားသည် သင်တုန်းဓား မဟုတ်။ ရိုးရိုး သာမန်ဓားသာ ဖြစ်သဖြင့် သင်တုန်း ဓားလောက် မထက်လှချေ။ ထို့ကြောင့် ခေါင်းရိတ်ရာတွင် ခပ်ကြမ်းကြမ်းဖိ၍ ရိတ်မှသာ ဆံပင် ပြတ်လေသည်။ တစ်ဖန် ခပ်ကြမ်းကြမ်းဖိ၍ ရိတ်ရသဖြင့် ခေါင်းရိတ် ခံရ သူမှာလည်း အလွန်နာကျင်စွာ ခံစားရလေသည်။

ခေါင်းရိတ်သူ ဖခင်သည် ရှေးဦးစွာ သားကြီးကို ခေါင်းရိတ် ပေးလေသည်။ သားကြီး သည် နာကျင် လွန်းလှသဖြင့် တကျည်ကျည် အော်မြည်ကာ ငိုယို၍သာ နေလေသည်။ ပြီးသော အခါ ဖခင်သည် သားကြီးအား သတ္တိ နည်းရန်ကောကွာဟု ခေါင်းကို ပုတ်က မြည်တွန် တောက်တီး လေသည်။ ထို့နောက် သားငယ်ကို ခေါ်၍ ထိုဓားဖြင့်ပင်လျှင် ခေါင်းရိတ် ပေးပြန်လေသည်။ ဆံပင် ပြတ်စေ ချင်သဖြင့် ဓားကို ဖိ၍ဖိ၍ ရိတ်ပြန်လေသည်။ သို့ရာတွင် သားငယ်သည် သားကြီးကဲ့သို့ ငိုယိုခြင်း မပြု။ အံကြိတ်၍ ခံလေသည်။ ထို သားငယ်သည် အခြားသူမဟုတ်။ နောင်အခါတွင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာသော ကိုအောင်ဆန်းကလေးပင် ဖြစ်လေသည်။

## ရွှေလရောင်အဘိုး

ဗိုလ်ချုပ်အောင်ဆန်း၏ ဖခင်သည် ဦးဖာဖြစ်၍ အမိမှာ ဒေါ်စု ဖြစ်သည်။ အဘိုး မှာကား နာမည်ကျော် ရွှေလရောင် ဘွဲ့ခံ မြို့လုလင် သူကြီး ဦးမင်းရောင် ဖြစ်လေသည်။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါ ဦးမင်းရောင်သည် အင်္ဂလိပ်တို့၏ ကျွန်မခံလိုသဖြင့် သုံးနှစ်တိုင်တိုင် တောင်တွင်းကြီးနှင့်

http://mmteashop.com
http://mmteashop.com

ပုပ္ပား မြောက်ဘက် တစ်ခွင်တွင် အင်္ဂလိပ် စစ်တပ်ကို အကြိတ်အနယ် တိုက်ခိုက်ခဲ့သူ ဖြစ်လေသည်။ သုံးလေးနှစ်ခန့် ကြာသောအခါ လက်နက်အင်အား နည်းသဖြင့် နတ်မောက်မြို့ဘက်သို့ ပြောင်း၍ နတ်မောက် အရှေ့ဘက် မိုင် ၂၀ခန့် ခရီးရှိ မြင်းမနီတောင်တန်း၌ သစ်တပ်တည်ပြီးလျှင် အန်တုနေပြန်လေ သည်။

အင်္ဂလိပ် စစ်တပ်များလည်း ထိုတပ် ရှိရာသို့လာ၍ တိုက်ပြန်လေသည်။ လက်နက်အင်အားချင်း မမျှသဖြင့် ဦးမင်းရောင်၏ စစ်တပ်များသည် နတ်မောက်မြို့မှ ၂၂မိုင် ခရီးတွင် ရှိသော လေးတိုင်စင်ရွာသို့ ပြောင်း၍ အန်တု နေပြန်လေသည်။ နောက်ဆုံးတွင် အင်္ဂလိပ် စစ်တပ်၏ အင်အားက ကောင်းလာသဖြင့် ဦးမင်းရောင်သည် မြန်မာ့ လွတ်လပ်ရေး အတွက် မိမိ၏ အသက်ကို ပေးလိုက်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး အတွက် အသက် ပေးခဲ့ ဖူးသော ဗိုလ်လရောင် ဘွဲ့ခံ ဦးမင်းရောင်၏ မြေးဖြစ်၍ မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် တပေါင်းလဆန်း ၁ရက် (ခရစ်နှစ် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်) စနေနေ့တွင် ဖွားမြင် လာသူ ဖြစ်လေသည်။

### ကိုအောင်ဆန်း၏ ကရုဏာ

ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်နာမည်မှာ မောင်ထိန်လင်း ဖြစ်လေသည်။ သို့ရာတွင် နောင်အခါ၌ မောင်အောင်ဆန်းဟု တွင်လာလေသည်။ ကိုအောင်ဆန်းသည် သုံးလေး နှစ်သား အရွယ်သို့ ရောက်လာ၍ စကားပြောတတ်ပြီး ဖြစ်သော်လည်း စကား အလွန် နည်းသူ ဖြစ်လေသည်။ ခြေကြီးနှင့် နေတတ်သူလည်း ဖြစ်လေသည်။



http://mmteashop.com
http://mmteashop.com

တစ်နေ့သ၌ ဖခင်ဖြစ်သူ ဦးဖာသည် စာရင်းများကို ရေးမှတ်နေလေသည်။ မိခင် ဒေါ်စုသည် ကြွေးလာဆပ်သော ဧည့်သည်များနှင့် စကား ပြောနေလေသည်။ မိခင် ဖြစ်သူ ဒေါ်စုက ကြွေး လာဆပ် သူများအား ကျန်ငွေများကို မြန်မြန် ပြန်ဆပ် ကြစေလိုကြောင်း၊ ပြန်မဆပ်လျှင် မိတ်ပျက် သွားစရာရှိကြောင်း ပြောလေသည်။ ထိုစကားကို ကြားလာသော အခါ စကားနည်းလှသော ကိုအောင်ဆန်းသည် "အမေရာ သူတို့မှာ ပိုက်ဆံရှိမှလည်း ပြန်ပေး နိုင်တော့မပေါ့ဗျာ" ဟု ကြားမှဝင်၍ ပြောဖူးလေးသည်။

### ကိုအောင်ဆန်း၏ သစ္စာ

တစ်ကြိမ်တွင် ကိုအောင်ဆန်းကလေး၏ အိမ်သို့တောမှ စပါးဝယ်ယူသူများ ရောက်လာ ကြလေသည်။ မိခင်ဒေါ်စုက စပါးဝယ်လာသူ များအား "ကိုင်း မင်းတို့ ဝယ်ချင် ရင်လည်း ဝယ်သွား ကြတာပေါ့။ ငါဝယ်တုန်းက ခြောက်ဆယ်စျေးနဲ့ ဝယ်ခဲ့ရတယ်။ မင်းတို့ ယူချင်ရင် ငါးဆယ်စျေးအထိ လျှော့ပေးမယ်" ဟုပြောရာ အိမ်လှေကား အနီးတွင် ကစား နေသော ကိုအောင်ဆန်းကလေးက "အမေကလည်းဗျာ၊ မဟုတ်တာ ပြောရော့မယ်။ အမေ စပါးကို ငါးဆယ်စျေးနဲ့ ဝယ်ထားတာ ကျုပ်လည်း အသိသားပဲ။ ဟုတ်တာပြောမှ ဥစ္စာပေါ် တော့မပေါ့။ လိမ်ပြောတာ မကောင်းပါဘူးဗျာ" ဟု ဝင်ပြောလိုက်လေသည်။ ထိုအခါ ကြားကြရသူ အပေါင်းမှာ အံ့သြ ရယ်မောကြရလေသည်။

ဧည့်သည်များ ပြန်သွား၍ မိခင်ဒေါ်စုက ကိုအောင်ဆန်းအား ပေါင်တွင်းကြောကို ဆွဲလိမ်ကာ "လူကြီးတွေ ပြောတဲ့အထဲ မင်းဘာဖြစ်လို့ ဝင်ပြောရတာလဲ" ဟု ဆိုရာ ကိုအောင်ဆန်းက "အမေတို့က လိမ်ပြောတာကိုးဗျ" ဟု ပြန်ပြောလေသည်။

http://mmteashop.com
http://mmteashop.com

## ပညာလိုလားသူ

ဒေါ်ဒေါ်စု၏ သားသမီးများအနက် ကိုအောင်ဆန်းသည် အထွေးဆုံး ဖြစ်လေသည်။ အစ်ကို ဖြစ်သူများကို ရှင်ပြုရန် ရှင်လောင်း အဝတ်အစားများ ဆင်ယင် ပေးနေခိုက်တွင် ကိုအောင်ဆန်းသည် အနီးသို့လာ၍ သူလည်း ရှင်လောင်းကဲ့သို့ ဆင်ချင်လှပါသည်ဟု ပူဆာလေသည်။ ထိုအခါ မိခင်ဒေါ်စုက ရှင်လောင်း ဖြစ်လိုသူသည် ပညာတတ်မှ ဖြစ်နိုင်သည်ဟု ပြန်ပြော လိုက်လေသည်။ ထိုအခါမှစ၍ ကိုအောင်ဆန်းသည် ပညာ သင်ချင်ပါသည်ဟု ပူဆာလာလေရာ ရှစ်နှစ်သား အရွယ်တွင် ကျောင်းနေခွင့် ရလေသည်။

ကိုအောင်ဆန်းသည် ဉာဏ်ကောင်းသူ ဖြစ်လေသည်။ အသက် ၁၂နှစ်သား အရွယ်တွင် မြန်မာလေးတန်းသို့ ပေါက်ခဲ့၏ ထိုအခါ အင်္ဂလိပ်-မြန်မာစာသင်ကျောင်း၌ စာသင် နေကြပြီး ဖြစ်သော အစ်ကိုများကို အားကျ လာပြန်လေသည်။ ထို့ကြောင့် ကိုအောင်ဆန်းအား အင်္ဂလိပ်-မြန်မာ စာသင်ကျောင်းသို့ ပို့ရလေသည်။ ကျောင်းတွင် လေးတန်း စကောလားရှစ်ကို ဝင်ရောက်ဖြေဆိုရန် ကြိုးစားလေသည်။ သို့ရင်တွင် အသက် မပြည့် သောကြောင့် စာမေးပွဲဝင်ခွင့် မရချေ။

## ထမင်းမစားဘဲနေသူ

ကိုအောင်ဆန်း၏ အစ်ကို အကြီးဆုံးဖြစ်သူ ဦးဘဝင်းသည် ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်နေလေသည်။ တစ်နေ့သ၌ ဦးဘဝင်းသည် ရေနံချောင်းမြို့မှ နတ်မောက်မြို့သို့ ခေတ္တပြန်လာ လေသည်။ ထိုအခါ ကိုအောင်ဆန်းသည် ဦးဘဝင်း ရေနံချောင်းသို့အပြန်တွင် တစ်ပါးတည်းလိုက်၍ အမျိုးသား ကျောင်း၌ နေချင်သည်ဟု အမိအဖတို့အား ပူဆာလေတော့သည်။



http://mmteashop.com
http://mmteashop.com

အမိ အဖတို့သည် အထွေးဆုံးသားဖြစ်သူ ကိုအောင်ဆန်းနှင့် မခွဲလိုကြသဖြင့် ရေနံချောင်းမြို့သို့ ယခုမလိုက်သင့်သေးကြောင်း၊ အသက်အရွယ်ကြီးလာမှသာ သူများ အရပ်ရှာ၌ စာသင်ခွင့် ပေးမည် ဖြစ်ကြောင်း ချော့တစ်ခါ ခြောက်တစ်လှည့် ပြောကြလေသည်။ ကိုအောင်ဆန်းကလည်း ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ နေလိုကြောင်း မရမနေ ပြောပြန်လေသည်။ နောက်ဆုံး၌ မိဘထံမှ ခွင့်မရသောအခါ ကိုအောင်ဆန်းသည် သုံးရက်တိုင်တိုင် ထမင်းမစားဘဲ ဆန္ဒပြလေတော့သည်။ ထိုအခါကျမှ အမိနှင့်အဖတို့သည် ကိုအောင်ဆန်း၏ ဇွဲကို မခံနိုင်သဖြင့် ခွင့်ပြု ကြလေသည်။ ထိုအခါကသော် ကိုအောင်ဆန်းသည် ၁၄နှစ်သား အရွယ်၌သာ ရှိသေးလေသည်။

## ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင်

ကိုအောင်ဆန်းသည် ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ စာသင်နေစဉ် အစ်ကိုကြီး ဦးဘဝင်း၏ အိမ်၌ နေထိုင်၍ ကျောင်းတက်လေသည်။ ပညာလိုလားသူ ဖြစ်သောကြောင့် အတန်းထဲတွင် ထူးချွန်သည်။ ခုနစ်တန်း စာမေးပွဲတွင် အမှတ်အများဆုံး ရသဖြင့် တံဆိပ်ချီးမြှင့်ခြင်း ခံရလေသည်။ ကိုအောင်ဆန်းသည် အတန်းထဲမှာပင် ဖြစ်စေ၊ အိမ်မှာပင် ဖြစ်စေ၊ စာအုပ်နှင့် မျက်နှာ မခွာဘဲ စာဖတ်၍သာ နေတတ် လေသည်။ ကိုအောင်ဆန်း ဖတ်လေ့ရှိသော စာအုပ်များမှာ မြန်မာနိုင်ငံ သမိုင်းနှင့် ပို့ကဗျာ လင်္ကာ စသည်တို့ ဖြစ်လေသည်။ တစ်ခါတစ်ရံ ကိုအောင်ဆန်းသည် မည်သူနှင့်မျှ စကားမပြော၊ တစ်ယောက်တည်း တွေး၍ နေတတ်လေသည်။ တစ်နေ့သ၌ ကျောင်းသား အစည်းအဝေး တစ်ခုတွင် ကိုအောင်ဆန်းက ထ,၍ ကျွန်ဘဝသို့ ရောက်နေရသော မိမိတို့၏ တိုင်းပြည် လွတ်မြောက်ရေး အတွက် စဉ်းစားဖို့ အချိန်တန်ပြီဟု ပြောရာ ကျောင်းသားအားလုံးပင် နှစ်သက် သဘောကျ ကြလေသည်။ ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ စာသင် နေတုန်း မှာပင် ကိုအောင်ဆန်းသည် လုံချည်အနီနှင့် ပင်နီအကျီတို့ကို ရေနံချောင်း အမျိုးသား ကျောင်းဝတ်စုံ အဖြစ် တီထွင်ခဲ့လေသည်။


http://mmteashop.com
http://mmteashop.com

## တက္ကသိုလ်ကျောင်းသားဘဝ

ကိုအောင်ဆန်းသည် ဆယ်တန်းစာမေးပွဲအောင်၍ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာ လေသည်။ သူနေထိုင်သော ကျောင်းဆောင်သည် ပဲခူးကျောင်းဆောင် ဖြစ်လေသည်။ ထိုအခါက တက္ကသိုလ် ကျောင်းသားများသည် ကြော့ကြော့မော့မော့ ဝတ်စားကာ နေတတ်ကြလေသည်။ သို့ရာတွင် ကိုအောင်ဆန်းမှာကား ပင်နီအင်္ကျီ ပိန်းတန်းဖိနပ် ခေါင်းစုတ်ဖွားနှင့် ရိုးရိုးသားသားဝတ်စား နေထိုင်လေ့ရှိလေသည်။ ခေါင်းငိုက်စိုက်နှင့် လမ်းလျှောက် တတ်သည်။ တစ်စုံတစ်ခုကို စဉ်းစားနေ တတ်လေသည်။ တက္ကသိုလ်ကျောင်းတွင် ကိုအောင်ဆန်းသည် ကျောင်းစာ သက်သက်ကိုသာ လေ့လာကျက်မှတ်သူ မဟုတ်။ ဗဟုသုတ ပေးနိုင်သော အခြားစာများကိုလည်း ဖတ်ရှုလေ့လာသူဖြစ်လေသည်။ အထူးသဖြင့် သူ့အခန်းထဲတွင် နိုင်ငံရေး ကျမ်းများကို တွေ့မြင် နိုင်လေသည်။ ကိုအောင်ဆန်းသည် ထိုနိုင်ငံရေး ကျမ်းများကို ဖတ်၍ မြန်မာနိုင်ငံသည် လွတ်လပ်ရေးကို ရမှသာ တိုင်းသူပြည်သား အားလုံး အကျိုး ခံစားခွင့် ရကြမည်ဟု ယူဆခဲ့လေသည်။ ထိုကြောင့် ကိုအောင်ဆန်းသည် အခန်းနီးခြင်း မိတ်ဆွေများအား လွတ်လပ်ရေး တရားများကို ဟောစ ပြုလာလေသည်။

ကျောင်းဆောင်တွင်ဖြစ်စေ၊ တက္ကသိုလ် သမဂ္ဂတွင် ဖြစ်စေ၊ ဟောပြောပွဲ တရားပွဲများရှိလျှင် ကိုအောင်ဆန်းသည် တရားပွဲများသို့ မလွတ်တမ်း တက်ရောက် နားထောင်လေ့ရှိသည်။ တရားပွဲ သဘာပတိက ပရိသတ်အား စကားပြောခွင့် ပေးတိုင်း ကိုအောင်ဆန်းသည် မိမိနေရာမှထကာ မိမိ၏ ထင်မြင်ချက်ကို ပရိတ်သတ်အား တင်ပြလေ့ ရှိလေသည်။ စကား ပြောရာတွင် စကားကို မှန်မှန်လေးလေး တစ်လုံးစီ တစ်လုံးစီ စဉ်စား၍ ပြောလေ့ရှိလေသည်။ ပရိသတ်က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မိမိ၏ ယုံကြည်ချက်ကို ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ဖွင့်ပြောလေ့ ရှိလေသည်။ ထိုကြောင့် ကိုအောင်ဆန်းကို မကြိုက်သော ပရိတ်သတ်ပင် ဖြစ်စေကာမူ ထိုပရိတ်သတ်သည် ကိုအောင်ဆန်း၏ စကားကို ဂရုပြု၍ နားထောင် ကြလေသည်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com
http://mmteashop.com

## အိုးဝေတာဝန်ခံ

၁၉၃၄-၃၅ ခုနှစ်တွင် တက္ကသိုလ် သမဂ္ဂ အမှုဆောင် လူကြီးများ အတွက် ရွေးကောက်ပွဲ ကျင်းပရာ ကိုအောင်ဆန်းသည် အရွေးခံရလေသည်။ ထို့နောက် တက္ကသိုလ် သမဂ္ဂ၏ မဂ္ဂဇင်းဖြစ်သော အိုးဝေမဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ရလေ သည်။ မဂ္ဂဇင်းအယ်ဒီတာ အဖြစ်ဖြင့် မိမိအနှစ်နှစ် အလလက လေ့လာ မှတ်သားခဲ့သော နိုင်ငံရေး စာပေ ဗဟုသုတများကို အိုးဝေမဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားခြင်းဖြင့် ဖြန့်ချိလေသည်။ ကိုအောင်ဆန်းသည် အိုးဝေ မဂ္ဂဇင်းဆိုင်ရာ လုပ်ငန်း အမြောက်အမြားကို လုပ်ဆောင် ရသဖြင့် ကျောင်းစာကို လေ့လာရန် အချိန် နည်းသွားသော်လည်း ထိုနည်းသွားသော အချိန်ကို စနစ်တကျ အသုံးပြုတတ် သဖြင့် ကိုအောင်ဆန်းသည် အတန်းထဲ၌လည်း လူတော် တစ်ယောက် ဖြစ်လေသည်။

## တာဝန်ခံတို့၏ သတ္တိ

တစ်ခါသော် တာဝန်ခံအယ်ဒီတာ အဖြစ်ဖြင့် ကိုအောင်ဆန်း ကိုယ်တိုင် တည်းဖြတ် ထုတ်ဝေ လိုက်သော အိုးဝေ မဂ္ဂဇင်း စာစောင်တစ်ခုတွင် ဆောင်းပါးတစ်စောင် ပါလာ လေသည်။ ထိုဆောင်းပါးတွင် ကျောင်းအုပ်ချုပ်ရေး အပေါ် မကျေမနပ် ပုတ်ခတ် ရေးသား ချက် ပါရှိလေသည်။ ထိုရေးသားချက်ကြောင့် ကျောင်းအုပ်ကြီးက ထိုဆောင်းပါး ရှင်၏ အမည်ကို ထုတ်ဖော် ပြောဆိုရန် ကိုအောင်ဆန်းအား တောင်းဆိုလေသည်။ ထုတ်ဖော် ပြောဆို မပြုလျှင် အရေးယူမည်ဟုလည်း ပြောလေသည်။ ကိုအောင်ဆန်းသည် တာဝန်ခံ ဒယ်ဒီတာ ပီပီဆောင်းပါးရှင်၏ အမည်ကို ထုတ်ဖော်ခြင်း မပြုဘဲ ကျောင်းမှ ထုတ်ပစ်ခြင်းကို ခံယူ လိုက်လေသည်။ ထို့နောက် ၁၉၃၆ခုနှစ်တွင် တက္ကသိုလ် သပိတ်ကြီး ဖြစ်ပေါ် လာလေ သည်။ သပိတ် ပြန်လုန်သောအခါ ကိုအောင်ဆန်းသည် ဝိဇ္ဇာအထက် တန်း၌ ပညာ ဆက်လက် သင်ကြား ခွင့်ကို ပြန်၍ ရလေသည်။ ထိုနှစ်၌ပင် ကိုအောင်ဆန်း သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို တည်ထောင် နိုင်လေသည်။

## သခင်အောင်ဆန်း

ကိုအောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးကို မျှော်မှန်းသူ ဖြစ်သဖြင့် ကျောင်းထွက်သောအခါ တို့ဗမာ အစည်းအရုံးသို့ ဝင်၍ သခင်အမည်ကို ယူကာ နိုင်ငံ လွတ်လပ်ရေး အတွက် ကြိုးပမ်း လေတော့သည်။ ထိုအခါက တို့ဗမာအစည်းအရုံးသည် အခြားအခြားသော နိုင်ငံရေးပါတီ အသင်းအဖွဲ့များလောက် အင်အား တောင့်တင်းခြင်း မရှိချေ။ အခြားအသင်းများတွင် အချို့ အသင်းသားများသည် ခေတ်ပညာတတ်များ ဖြစ်၍ မချို့လည်း လူလတ် တန်းစား ကုန်သည်ပွဲစားများ ဖြစ်လေသည်။ ငွေကြေး အင်အားလည်း တောင့်တင်း လေသည်။ တိုင်းပြည်၌ သြဇာ ရှိသင့် သလောက်လည်း ရှိလေသည်။ တို့ဗမာအစည်းအရုံး၌ကား လူငယ်လူရွယ်တို့သာများလေသည်။ ထိုလူငယ်လူရွယ်များမှာ အများအားဖြင့် မိဘ အိုးအိမ်ကို စွန့်လွှတ်၍ အနေဆင်းရဲခြင်း၊ အစားဆင်းရဲခြင်းစသော ဒုက္ခများကိုလည်းကောင်း၊ ဗြိတိသျှ နယ်ချဲ့အစိုးရ၏ နှိပ်ကွပ်ခြင်းတည်း ဟူသောဘေးကို လည်းကောင်း ရင်ဆိုင်ကာ နိုင်ငံ့ လွတ်လပ်ရေး အတွက် ဆောင်ရွက် နေကြသူများ ဖြစ်လေသည်။ ကိုအောင်ဆန်းသည် တို့ဗမာ အစည်းအရုံးသို့ ဝင်လျှင် ဆင်းရဲပင်ပန်းမည်ကို သိလေသည်။ သို့ရာတွင် တို့ဗမာ အစည်းအရုံး သာလျှင် လွတ်လပ်ရေး အတွက် တကယ် ထိထိရောက်ရောက် ဆောင်ရွက် နေသော အစည်းအရုံး ဖြစ်သည်ဟု လည်း သိသဖြင့် တို့ဗမာအစည်း အရုံးသို့သာ ဝင်လိုက်ခြင်း ဖြစ်လေသည်။

## အထွေထွေအတွင်းရေးမှူး

အစည်းအရုံးသို့ ဝင်ပြီးနောက် သခင်အောင်ဆန်းသည် အထွေထွေ အတွင်းရေးမှူး ဖြစ်လာလေသည်။ ထိုအခါမှစ၍ သခင်အောင်ဆန်းသည် အစည်းအရုံး အင်အား ကောင်းလာအောင် ဆောက်ရွက်လေတော့သည်။ တောင်သူလယ်သမားများကို စည်းရုံး ပေးနိုင်ခဲ့သည်။ အလုပ်သမားများကို စည်းရုံးပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် လူများစု ပြည်သူ လူထု၏ အင်အားသည် တစ်စတစ်စ တောင့်တင်း လာလေသည်။ ဗြိတိသျှ နယ်ချဲ့အစိုးရ

http://mmteashop.com
http://mmteashop.com

နှင့် နယ်ချဲ့ကြိုးကိုင် ဓနရှင်များ၏ မတရား ပြုမှုများကိုလည်းကောင်း၊ မျှမျှတတ မပြုဘဲ နေမှုများကိုလည်းကောင်း၊ တော်လှန်လိုသဖြင့် ရေနံမြေ အလုပ်သမား တပ်ကြီးကို ရန်ကုန်မြို့သို့ ချီတက် စေခဲ့လေသည်။ ထိုအခါမှစ၍ တို့ဗမာအစည်းအရုံး၏ အင်အားသည် ယခင် အခါများကထက် ပို၍ တောင့်တင်း လာလေသည်။ နိုင်ငံလွတ်လပ်ရေး ပန်းတိုင်နှင့်လည်း နီးသည်ထက် နီးလာလေသည်။

ထိုအခါကသော် သခင်အောင်ဆန်းသည် အစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူးပင် ဖြစ်သော်လည်း သူ့ဘဝတွင် အဆင်းရဲ အခံနိုင်ဆုံး ဖြစ်လေသည်။ ရန်ကုန်မြို့၊ ပုဇွန်တောင်ရေကျော် လမ်းရှိ တို့ဗမာအစည်းအရုံး ဌာနချုပ်တွင် အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းသည် အခန်းငယ် တစ်ခုတွင် နေလေသည်။ ထိုအခန်းငယ်တွင် ဖျာတစ်ချပ်၊ မှိုပေါက် ထွက်နေသော ခေါင်းအုံးတစ်လုံး၊ အညာစောင်တစ်ထည်နှင့် နေထိုင်လေသည်။ အိပ်ရာပတ်လည်တွင် စာအုပ်များ ပိုင်းရုံလျက် ရှိလေသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နေသည်။ မစားရတစ်နပ်၊ စားရတစ်နပ် ထမင်းဝယ်စား၍ နေလေသည်။ ခေါင်းစုတ်ဖွားနှင့် နေသည်။ နယ်ကိုယ်စားလှယ်များ ရောက်လာသောအခါ စည်းရုံးရေး အစရှိသော အလုပ်ကိစ္စများကို ဆွေးနွေး၍ ညွှန်ကြားချက်များကို ပေးသည်။ ပြီးလျှင် စာအုပ်နှင့်သာ နေလေတော့သည်။

အခင်အောင်ဆန်းသည် တောင်အမေရိကတိုက်ရှိ မက္ကဆီကိုနိုင်ငံ၏ လွတ်လပ်ရေးကို အဆင်းရဲခံကာ အရ ယူပေးနိုင်ခဲ့သော ဟွာရက်ခေါ် မက္ကဆီကို လူမျိုး ခေါင်းဆောင်ကြီးကို အားကျခဲ့လေသည်။ လွတ်လပ်ရေး အတွက် ထိုခေါင်းဆောင်ကြီး ကြိုးပမ်းပုံ၊ အဆင်းရဲခံပုံ၊ သစ္စာ သမာဓိနှင့် ပြည့်စုံပုံ၊ ပြည်သူလူထု နင်းပြားများ အတွက် သနားတတ်ပုံ၊ အသက် စွန့်ပုံတို့ကို ရိုက်ကူးထားသော ရုပ်ရှင်ကား တစ်ကားသည် ရန်ကုန်ရုပ်ရှင်ရုံ တစ်ရုံ၌ ပြသခဲ့ရာ သခင်အောင်ဆန်းသည် ထိုရုပ်ရှင်ကားကို နှစ်ကြိမ်သုံးကြိမ်မက

http://mmteashop.com
http://mmteashop.com

ထပ်ကာထပ်ကာ ကြည့်လေသည်။ ထို့ကဲ့သို့သော ရုပ်ရှင်ကားမျိုးတွင် သခင်အောင်ဆန်း သည် စိတ်ဝင်စား၍ နှစ်သက်လေသည်။

## ဒုတိယကမ္ဘာစစ်ကြီး

၁၉၃၉ ခုနှစ်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလေသည်။ ထိုစစ်ကြီးတွင် အစက နေဦး၌ ဗြိတိသျှနှင့် ပြင်သစ်တို့ကတစ်ဖက်၊ ဂျာမနီနှင့် အီတလီတို့က တစ်ဖက် တိုက်ခိုက် ကြလေသည်။ ထိုအခါ မြန်မာနိုင်ငံရှိ အချို့ ခေါင်းဆောင်များသည် စည်းဝေး တိုင်ပင်၍ မြန်မာနိုင်ငံကို ဗြိတိသျှတို့လက်မှ လွတ်မြောက်အောင် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချ ပြီးလျှင် `ဗမာ့ထွက်ရပ်ဂိုဏ်း´ ဟုခေါ်တွင်သော နိုင်ငံရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း တည်ထောင်လေသည်။ လွတ်လပ်ရေးကိုသာ တောင့်တ နေသော သခင် အောင်ဆန်းသည် မည်သို့ ပြုမူ မည်နည်း။

ထူးထူးထွေထွေ တွေးတော စရာမလိုပါ။ သခင်အောင်ဆန်းသည် ထိုဗမာ့ ထွက်ရပ်ဂိုဏ်း တွင် အထွေထွေ အတွင်းရေးမှူး အဖြစ်ဖြင့်ပင် ဆောက်ရွက်လေတော့ သည်။ သခင်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အသက် စွန့်ရမည် ဟူသော စိတ်တစ်ချောင်းတည်းကိုသာ ထားရှိသူလည်း ဖြစ်၍ ရဲရင့်သူလည်း ဖြစ်ရာ ဒုတိယ ကမ္ဘာစစ်တွင် ဗြိတိသျှ နယ်ချဲ့အား မြန်မာတို့က အကူအညီ မပေးသင့်ကြောင်း တရား ဟောလေသည်။ ထိုအခါ ဗမာ့ထွက်ရပ် ဂိုဏ်းခေါင်းဆောင်အချို့ကို ဖမ်းဆီး၍ ထောင်ချလေသည်။

သခင်အောင်ဆန်းသည် အဖမ်းခံရသည့် ဘေးမှ မလွတ်ခဲ့ချေ။ သို့ရာတွင် မကြာမီ ပြန်လွတ်လာလေသည်။ ပြန်လွတ်လာသော်လည်း သခင်အောင်ဆန်းသည် နောက် မဆုတ်ဘဲ နောက်တစ်ကြိမ် ဟင်္သာတမြို့၌ တရား ဟောပြန်လေသည်။ ထို့ကြောင့် ဟင်္သာတ ရာဇဝတ်ဝန်သည် သခင်အောင်ဆန်းကို ဖမ်းဆီးပေးလျှင် ဆုငွေ ငါးကျပ်


http://mmteashop.com
http://mmteashop.com

ပေးမည်ဟု ပြက်ရယ်ပြုကာ ကြေညာလိုက်လေသည်။ သခင်အောင်ဆန်းသည် မိမိအား ဖမ်းဦး တော့မည်ဟု ဇကန်သိလေသည်။

မိမိ အဖမ်းခံရလျှင် ထွက်ရပ်ဂိုဏ်း၌ ခေါင်းဆောင် ရှိတော့မည် မဟုတ်ဟုလည်း သိလာသည်။ ခေါင်းဆောင်မရှိလျှင် လွတ်လပ်ရေးလုပ်ငန်း အရှိန် ပျက်သွားစရာ အကြောင်း ရှိသည်ဟုလည်း သိလာလေသည်။ ထို့ကြောင့် သခင်အောင်ဆန်းသည် ယာယီ အားဖြင့် တိမ်းရှောင် နေလေသည်။ သို့ရာတွင် လွတ်လပ်ရေး အတွက် အငြိမ်နေသည် မဟုတ်။ ကုပ်၍ ကြံနေလေသည်။

### သခင်အောင်ဆန်း၏ ခြေလှမ်း

၁၉၄၀ ပြည့်နှစ် ဩဂုတ်လဆန်းလောက်တွင် တရုတ်ဘောင်းဘီ အင်္ကျီတို့ကို ဝတ်ဆင်ထားသဖြင့် တရုတ်နှင့်အလွန်တူသော လူငယ်တစ်ဦးသည် ရန်ကုန်မြို့ဆိပ်ကမ်း၌ ကပ်ထားသော ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းပေါ်သို့ တက်သွားလေသည်။ ထို့နောက် သင်္ဘော ထွက်လေသည်။ သခင်အောင်ဆန်း ဘယ်သို့သွားရန် ကြံစည်သနည်း။ အကူ အညီ ပေးရန် လက်ကမ်းလာသော ဂျပန်နိုင်ငံသို့ သွားရန် ကြံစည်ခြင်း ဖြစ်လေသည်။ ဂျပန်နိုင်ငံသို့ ရောက်လျှင် စစ်အတတ်သင်၊ စစ်လက်နက် အမြောက်အမြားရရှိရေးကို ဆောင်ရွက်၊ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်း၊ ထို့နောက် မြန်မာပြည်သို့ ဝင်လာကာ ဗြိတိသျှ အစိုးရကို တော်လှန်ရန် ဖြစ်လေသည်။

သခင်အောင်ဆန်းသည် ရှေးဦးစွာ တရုတ်နိုင်ငံသို့ ရောက်သွားသည်။ ထို့နောက်မှ ဂျပန်နိုင်ငံသို့ ရောက်လေသည်။ ဂျပန်နိုင်ငံတွင် သက်ဆိုင်ရာ ဂျပန်စစ်ဘက်နှင့် တိုင်ပင်ပြီးနောက် မြန်မာပြည်သို့ ပြန်လာ၍ အဖမ်း မခံရသေးသော သခင်ခေါင်းဆောင် များနှင့် တိုင်ပင်ပြန်လေသည်။ ထို့နောက် ရုပ်ဖျက်ကာ ဂျပန်သင်္ဘောနှင့်ပင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာ သွားပြန်လေသည်။ သခင်အောင်ဆန်း ပြန်လည်ထွက်ခွာ



http://mmteashop.com
http://mmteashop.com

သွားပြီးနောက် ပြည်တွင်းတွင် ကျန်ရစ်ခဲ့သော သခင်ခေါင်းဆောင်များသည် သခင်လူငယ်များ ထဲမှ သင့်တော်သူများကို ရွေး၍ တစ်သုတ်ပြီးတစ်သုတ် ဂျပန်နိုင်ငံသို့ စေလွှတ်လေသည်။

## ရဲဘော်သုံးကျိပ်

ထိုသခင် လူငယ်ဦးရေသည် သခင်အောင်ဆန်း အပါအဝင် သုံးဆယ်ဖြစ်သဖြင့် နောင်အခါတွင် ရဲဘော် သုံးကျိပ်ဟု တွင်လေသည်။ သခင်အောင်ဆန်းနှင့် ရဲဘော်တို့သည် ရေးဦးစွာ ဟိုင်နန်ကျွန်း၌ ဂျပန်စစ်ဗိုလ်များ ထံမှ စစ်ပညာကို သင်ကြားကြလေသည်။ ထို့နောက် ယိုးဒယားနိုင်ငံသို့ ရောက်ရှိလာပြီး ယိုးဒယားနိုင်ငံ၌ နေထိုင်ကြသော မြန်မာများ၏ အကူအညီဖြင့် Burma Independence Army – BIA ခေါ် ဗမာ့ လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်းလေသည်။ ၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်တပ်က မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရကို တိုက်ခိုက်ရန် မြန်မာနိုင်ငံတွင်းသို့ ဝင်လာသောအခါ သခင်အောင်ဆန်း ဦးစီးသော ဗမာ့ လွတ်လပ်ရေး တပ်မတော်သည်လည်း `စစ်ကြောင်း လေးကြောင်း ဖြန့်၍ မြန်မာနိုင်ငံ အတွင်းသို့ ဝင်လာလေသည်။ သခင်အောင်ဆန်းကို ထိုအခါက ဗိုလ်တေဇဟု ခေါ်ကြလေသည်။ စစ်ကြောင်းတစ်ကြောင်းသည် ဟင်္သာတအထိ ရေကြောင်း ချီခဲ့သည်။ စစ်ကြောင်းတစ်ကြောင်းသည် မြိတ်နယ်ကို သိမ်းသည်။ စစ်ကြောင်း တစ်ကြောင်းသည် မြစ်ဝကျွန်းပေါ် ဒေသများကို သိမ်းသည်။ ကျန်စစ်ကြောင်း တစ်ကြောင်းသည် အထက် မြန်မာနိုင်ငံသို့ ချီတက်နိုင်ခဲ့လေသည်။

## အောင်ဆန်းနန်းဆုတ် အင်္ဂလိပ်ပြုတ်

ဗိုလ်ချုပ်အဖြစ်ဖြင့် သခင်အောင်ဆန်း ခေါင်းဆောင်လာသော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာနိုင်ငံတွင်းသို့ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ဝင်လာလေသည်။ `အောင်´ ဟူသော စကားသည် တနင်္ဂနွေနံ `၁´ ဖြစ်လေသည်။ `ဆန်း´ ဟူသော စကားသည် အင်္ဂါနံ `၃´ ဖြစ်လေသည်။ `နင်း´ ဟူသော စကားသည် စနေနံ `၀´


http://mmteashop.com
http://mmteashop.com

ဖြစ်လေသည်။ `ဆုတ်´ ဟူသော စကားသည် အင်္ဂလိပ် `၃´ ဖြစ်လေသည်။ ၁၃၀၃ ခုနှစ်တွင် သခင်အောင်ဆန်းဝင်လာ၍ အင်္ဂလိပ်အစိုးရ ပြုတ်သွားသည်ဖြစ်ရာ မြန်မာနိုင်ငံရှိ ကလေးလူကြီးတို့သည် `အောင်ဆန်းနင်းဆုတ် အင်္ဂလိပ်ပြုတ်´ ဟူသော တဘောင်စကားကိုပင် ဆိုလာ ကြလေသည်။ ထို့ကြောင့် မြန်မာတိုင်းသူပြည်သားများသည် သခင်အောင်ဆန်း အပေါ် ထိုအခါမှစ၍ ထိုမျှပင် ကြည်ညိုခြင်း၊ အားကိုးခြင်း ရှိလာကြသည်မှာ ထင်ရှား လေသည်။

## စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း

ဗမာ့လွတ်လပ်ရေး တပ်မတော်၏ အကူအညီဖြင့် ဂျပန်စစ်တပ်သည် ဗြိတိသျှ အစိုးရကို မြန်မာနိုင်ငံမှ မောင်းထုတ်နိုင်သောအခါ၌ မြန်မာနိုင်ငံကို အုပ်ချုပ်လေသည်။ မြန်မာ ဝန်ကြီးများသာ ပါဝင်သော မြန်မာအစိုးရ အဖွဲ့ကိုကား ဖွဲ့စည်းခွင့် ပေးပါ၏။ သို့ရာတွင် ဂျပန်စစ်တပ်ကသာလျှင် အာဏာကုန် ယူထားလေသည်။ သခင်အောင်ဆန်းနှင့် တကွ မြန်မာခေါင်းဆောင်များသည် ဂျပန်စစ်တပ်အပေါ်တွင် ကျေနပ်ခြင်း မရှိကြချေ။ သို့ရာတွင် ဂျပန်စစ်တပ်၏ ခြေလှမ်းကိုသာ စောင့်ကြည့်နေကြလေသည်။ ထိုအတော အတွင်းတွင် ဗမာ့လွတ်လပ်ရေး တပ်မတော် အမည်ကို ရုပ်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော် အမည်ကို ပြောင်းမှည့် လိုက်လေသည်။ သခင်အောင်ဆန်းသည် မိမိ တပ်မတော်နှင့် မခွဲချင်သဖြင့် မြန်မာအစိုးရအဖွဲ့တွင် စစ်ဝန်ကြီး ရာထူးကို လက်ခံ၍ ဗမာ့ ကာကွယ်ရေး တပ်မတော်ကို ဦးစီးကာ ဆောင်ရွက်လေသည်။

သခင်အောင်ဆန်းသည် စစ်ဝန်ကြီးပင် ဖြစ်လင့်ကစား တပ်မတော်သားကလေး များအား ကိုယ်နှင့်ထပ်တူ ချစ်ခင်တတ်သူ ဖြစ်လေသည်။ ထို့ကြောင့် တပ်မတော်သားတိုင်း လည်း ဗိုလ်ချုပ်အောင်ဆန်းကို ဖခင်ကြီးပမာ ချစ်ကြောက် ရိုသေ ကြလေသည်။ တပ်မတော်သားများက သာမက မြန်မာနိုင်ငံသူနိုင်ငံသားကလေးလူကြီး ကျား-မ မဟူ လူတိုင်းကလည်း ဗိုလ်ချုပ်အောင်ဆန်း၏ သစ္စာ၊ သမာဓိ၊ သတ္တိတို့ကို ယုံကြည်၍ အားကိုး ကြလေသည်။



http://mmteashop.com http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်းကလည်း မှုမပြောင်း။ ရိုးရိုးနေ၊ ရိုးရိုးစား၊ ရိုးရိုးဝတ်၊ ရိုးရိုးကျင့်၊ ရိုးရိုးကြံလျက်သာ နေထိုင်လေသည်။ သူနေသော အိမ်တွင် ခုတင်ဟူ၍လည်း မရှိ။ အိပ်ရာခင်း ဟူ၍လည်း မရှိ။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစသည်တို့ပင် မရှိသောကြောင့် အမြင် မတော်သူများသည် နီးရာအိမ်များမှ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစသည်တို့ကို ရှာဖွေ ပေးကြရလေသည်။

တစ်ကြိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အပြင်းအထန် ဖျားသဖြင့် အလုံပြ ဘုရားလမ်းရှိ စစ်ဆေးရုံသို့ တက်ရောက် ကုသရလေသည်။ ထိုစဉ်က စစ်ဆေးရုံ၌ နောင်အခါ ဗိုလ်ချုပ်ကတော် ဖြစ်လာသော ဒေါ်ခင်ကြည်သည် ပြည်သူ့ဝန်ထမ်း တာဝန်များကို ဆောင်ရွက်လျက် ရှိနေလေသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါ်ခင်ကြည်၏ စိတ်ဓါတ်ကို နှစ်ခြိုက်လာသည့် အပြင် နဖူးစာရွာလယ် ဟူသော စကားအတိုင်း ဒေါ်ခင်ကြည်နှင့် ချစ်ကျွမ်း ဝင်ကြလေသည်။ နောင်အခါ ဒေါ်ခင်ကြည် ဗိုလ်ချုပ်ကတော် ဖြစ်လာသောအခါ၌ တပ်မတော်သားများက သာမက တစ်တိုင်းတစ်ပြည် လုံးကပင် နှစ်ခြိုက် ဝမ်းမြောက်ကြလေသည်။

### ဖက်ဆစ်ဝါဒကို မုန်းသူ

ဂျပန်စစ်တပ်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်လာ၍ ဖက်ဆစ်အာဏာရှင်ဆန်ဆန် မင်းမူသည့်အခါမှစ၍ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ဖက်ဆစ်ကို တော်လှန်ရန် ကြံစည် ရပြန်လေသည်။ ဗိုလ်ချုပ်၏ စိတ်ထဲတွင် ဗြိတိသျှလက်မှ လွတ်မြောက် သွားသော်လည်း ဂျပန်ဖတ်ဆစ်လက်တွင်း၌ ကျရောက်နေသော မိမိနိုင်ငံအတွက် အမြဲတွေးနေလေသည်။ ထို့ကြောင့် စစ်ဝန်ကြီးအဖြစ်ဖြင့် ဆောင်ရွက်နေစဉ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်ကို စနစ်တကျ ဖွဲ့စည်း၍ ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်မှုများကိုလည်း ဆောင်ရွက် နေလေသည်။



http://mmteashop.com
http://mmteashop.com

ဂျပန်စစ်တပ်ကလည်း ဗိုလ်ချုပ်၏ ခြေလှမ်းကို အမြဲစောင့်ကြည့်နေလေသည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မကြောင်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ပိပိပြားပြား ဆောင်ရွက်လေသည်။ တပ်မတော်သားများနှင့် တိုင်းသူပြည်သား များကလည်း ဗိုလ်ချုပ်၏ သစ္စာနှင့် သတ္တိတို့ကို ယုံကြည်သဖြင့် ဗိုလ်ချုပ်အား အကူအညီပေးကြလေသည်။

ဤသို့ဖြင့် ၁၉၄၄ ခုနှစ်တွင်းသို့ ရောက်လာသောအခါ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် ဖဆပလခေါ် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို တိတ်တဆိတ် ဖွဲ့စည်း ပြီးမြောက်လေသည်။ ထို့နောက် တော်လှန်ရေး လုပ်ငန်းများကို လျှို့ဝှက်စွာ ဆက်လက် ဆောင်ရွက်ပြန်လေသည်။ ထိုလုပ်ငန်းများမှာ အခြားအဟုတ်။ ဗမာ့ကာကွယ်ရေး တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်းကာ ဂျပန်ဖက်ဆစ်ကို လက်နက်ကိုင် တော်လှန်၍ မြန်မာနိုင်ငံတွင်းမှ မောင်းထုတ်ရန် စီစဉ်သော လုပ်ငန်းများပင် ဖြစ်လေသည်။

## ဗိုလ်ချုပ်၏ အမြော်အမြင်

ထိုအခါမှစ၍ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ အဖွဲ့ချုပ်သည် ဂျပန်ကို ပြန်တိုက်ရန် အိန္ဒိယနိုင်ငံ၌ ပြင်ဆင်မှုများ ပြုနေသော ဗြိတိသျှ စစ်ဖက်အရာရှိ ကြီးနှင့် တိတ်တဆိတ် ဆက်သွယ်၍ လက်နက် ကောင်းများကို ရအောင်ယူလေသည်။ ထိုအခါကသော် ဂျပန်ဖက်ဆစ်ကို တိုက်ထုတ်ရာ၌ ဖဆပလက အကူအညီပေးမည်ဟု စကား ကမ်းလှမ်းသော်လည်း စစ်ကြီး ပြီးသောအခါ မြန်မာနိုင်ငံအား အခွင့်အရေး ပေးမည် ဟူသော ကတိကို ဗြိတိသျှတို့က မပေးချေ။ ထို့ကြောင့် ဗြိတိသျှအပေါ်၌ သံသယ ဖြစ်နေ ကြသေးလေသည်။ သို့ရာတွင် ဗိုလ်ချုပ်က `အို....ဘာပဲဖြစ်ဖြစ်ဗျာ၊ မဟာမိတ်တွေဆီက ဘာအခွင့်အရေးမှ မရချင် နေပါစေ။ ကျုပ်တို့ဟာ ကျုပ်တို့ ဂျပန်ဖက်ဆစ်ကို တော်လှန် ကြမယ်။ ဒါမှလည်း ကမ္ဘာက ကျုပ်တို့ကိုတကယ် ဖက်ဆစ် ဆန့်ကျင်ရေး သမားတွေဆိုတာ သိလာလိမ့်မယ်´ ဟု ပြတ်သားစွာ ပြောလေသည်။ ထိုအခါ ဗိုလ်ချုပ်၏ အမြော်အမြင် ကြီးပုံကို ယုံကြည်ကြသဖြင့် ဗြိတိသျှနှင့် ပူးပေါင်းကာ တော်လှန်ရေး ကိစ္စတို့ကို ဆက်လက်



http://mmteashop.com
http://mmteashop.com

၍ အင်တိုက်အားတိုက် ဆောက်ရွက် ကြလေသည်။ ၁၉၄၅ ခုနှစ် မတ်လသို့ ရောက်သော အခါ ဂျပန်ဖက်ဆစ်ကို တော်လှန်ရန် အချိန်ရောက်ပြီ ဖြစ်သဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော်သား များနှင့် ပြည်သူလူထုသည် ဖဆပလ အဖွဲ့ချုပ်၏ ညွှန်ကြားချက် အတိုင်း ဂျပန် ဖက်ဆစ်ကို မြန်မာနိုင်ငံအတွင်းမှ တော်လှန် မောင်းထုတ် နိုင်ခဲ့ကြလေသည်။

## ဗိုလ်ချုပ်နှင့် နောက်တစ်ကွေ့

လွတ်လပ်ရေး ပန်တိုင်သို့ ဦးချီနေသော ခရီးတွင် အကွေ့ တစ်ခုကိုကား ကျော်ခဲ့လေပြီ။ သို့ရာတွင် နောက်တစ်ကွေ့ ကျန်ပေသေးသည်။ ထိုနောက်တစ်ကွေ့မှာ အခြား မဟုတ်။ ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော စစ်ပြေး ဗြိတိသျှ အစိုးရ ဖြစ်လေသည်။ ထိုအစိုးရသည် မြန်မာနိုင်ငံ ပြည်သူလူထု၏ ဆန္ဒအရ ရွေးကောက် တင်မြှောက်ခြင်း ခံရသော အစိုးရ မဟုတ်ချေ။ သို့ရာတွင် ထိုအစိုးရကပင် မြန်မာနိုင်ငံကို သုံးနှစ်မျှ မိမိ၏ သဘောအတိုင်း စီမံ အုပ်ချုပ် ချင်သေးလေသည်။ ထို့နောက်မှ ကိုယ်ပိုင် အုပ်ချုပ်ရေး အတွက် တစ်စတစ်စ ဆောက်ရွက်ရန် ဖြစ်လေသည်။ ကိုင်ပိုင်အုပ်ချုပ်ရေး အတွက် ဆောင်ရွက်ရာမှာလည်း ချင်း၊ ကချင်၊ ရှမ်း အစရှိသော တောင်တန်းသားများနှင့် ခွဲထား ချင်သေးသည်။ ထိုအကွေ့သည် ယခင်က လက်နက်လက်ရုံး သုံး၍ ဂျပန် ဖက်ဆစ်ကို တော်လှန်ရသော အကွေ့ထက်ပင် ပို၍ ခက်ခဲလေသည်။ ထိုအကွေ့ကို ကျော်နိုင်လျှင် လွတ်လပ်ရေးကို ရမည်မှာ သေချာလေသည်။ ထိုအကွေ့ကို ဗိုလ်ချုပ် အောင်ဆန်းသည် မည်သို့ ကျော်ခဲ့ ပါသနည်း။

## ဉာဏ်၊ ခန္တီ၊ ဥစ္စာ၊ သမာဓိ

ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလအဖွဲ့ချုပ်၏ အင်အားကို စနစ်တကျ ပြန်လည်း ဖွဲ့စည်းလေသည်။ ဖဆပလအဖွဲ့ချုပ်ကလည်း ဗိုလ်ချုပ်ကို ယုံကြည်သဖြင့် ဥက္ကဋ္ဌ အရာကို ပေး၍ ဆောင်ရွက်စေလေသည်။ တိုင်းပြည်က ထိုမျှယုံကြည် ကြခြင်း၏ အကြောင်းရင်းနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်က `ကျွန်ုပ်မှာ (၁)ငွေကြေးကို လည်းကောင်း၊ (၂)ရာထူးနှင့်



http://mmteashop.com http://mmteashop.com

အာဏာကို လည်းကောင်း၊ (၃)ကိုယ်ရေး ကိုယ်တာနှင့် ဘဝ စည်းစိမ်ကို လည်းကောင်း လုံးဝ မက်မော သာယာခြင်း မရှိသောကြောင့် ကျွန်ုပ်အား လေးစား ကြဟန်တူပေသည်´ဟု သူ၏ မှတ်တမ်း၌ ရေးခဲ့ဖူးလေသည်။

ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ငန်းစဉ်တွင် အရေးကြီးသော လုပ်ငန်းနှစ်ခု ရှိလေသည်။ တစ်ခုမှာ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရ၍ ဒီမိုကရေစီအရ (ဝါ) ပြည်သူလူထုများရာစု၏ ဆန္ဒအရ အုပ်ချုပ်ခွင့်ရသော နိုင်ငံတစ်ခု ဖြစ်လာအောင် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်လေသည်။ ကျန်တစ်ခုမှာ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကရင်၊ ကချင်၊ ကယား၊ အစရှိသော မြန်မာတိုင်းရင်းသားတို့ စည်းစည်းလုံးလုံးရှိ၍ တရားမျှတသော အခွင့်အရေးများကို ခံစားနိုင်သည့် ပြည်ထောင်စုနိုင်ငံကြီး ဖြစ်လာအောင် ဆောင်ရွက် ရမည့် လုပ်ငန်းဖြစ်လေသည်။

ထိုလုပ်ငန်းနှစ်ခုသည် ဗိုလ်ချုပ်၏ အသည်းစွဲလုပ်ငန်း ဖြစ်လေသည်။ အသည်းစွဲလုပ်ငန်းဖြစ်သည့် အတိုင်းလည်း ဗိုလ်ချုပ်သည် မနေမနား ဆောင်ရွက်လေသည်။ မြို့တကာ ရွာတကာသို့ လှည့်လည်၍ လွတ်လပ်ရေး တရားကို လည်းကောင်း၊ စည်းလုံးရေး တရားကို လည်းကောင်း ဟောကာ ပြည်သူလူထု၏ အင်အားကို စည်းရုံးလေသည်။ ထိုအခါ ရှမ်း၊ ချင်း၊ ကရင်၊ ကချင်၊ ကယား စသော တိုင်းရင်းသားတို့သည်လည်း လွတ်လပ်ရေး အတွက် ပူးပေါင်း လာကြလေသည်။ ဤသို့ဖြင့် လွတ်လပ်ရေးကို လိုလားကြသော ပြည်မလူထုနှင့် တောင်တန်း လူထုတို့သည် ဖဆပလ အလံအောက်တွင် သွေးစည်း မိလာ ကြလေသည်။

## နိုင်ငံတော် ခေါင်းဆောင်ကြီး

ထိုအခါ ဗိုလ်ချုပ် ဦးစီးသော ဖဆပလ အဖွဲ့ချုပ်သည် လွတ်လပ်ရေး ပေးရန် အင်တင်တင် လုပ်နေသော ဗြိတိသျှအစိုးရကို ၁၉၄၆ ခုနှစ်တွင် သပိတ်မှောက်ခိုင်းရာ ထိုနှစ်တွင် အထွေထွေအစိုးရ အမှုထမ်းတို့သည် ဗြိတိသျှအစိုးရကို သပိတ်မှောက်လိုက်



http://mmteashop.com
http://mmteashop.com

ကြလေသည်။ ထို့နောက် ရဲအဖွဲ့ အမှုထမ်းများကလည်း ထိုနည်းတူစွာ သပိတ်မှောက်လိုက်ကြရာ ဗြိတိသျှအစိုးရသည် တိုင်းပြည်၏ဆန္ဒသို့ လိုက်လျောလာရလေသည်။ ထို့ကြောင့် ဗိုလ်ချုပ်သည် တိုင်းပြည်လူထု၏ ခေါင်းဆောင်ကြီးအဖြစ်နှင့် ဗြိတိသျှ (ဘိလပ်)နိုင်ငံသို့ သွား၍ လွတ်လပ်ရေးအတွက် အစီအစဉ်များကို ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခွင့် ရခဲ့လေသည်။

## ပြည်ထောင်စုဗိသုကာ

ဗြိတိသျှနိုင်ငံမှ ပြန်လာသောအခါ ဗိုလ်ချုပ်သည် အထူးသဖြင့် တောင်တန်းဒေသရှိ တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ စည်းလုံးမှုကို ဆောင်ရွက်လေသည်။ တောင်တန်းသားများသည် ဗိုလ်ချုပ်၏ စေတနာ၊ သစ္စာ၊ သမာဓိ၊ သတ္တိတို့ကို ယုံကြည်ရင်းစွဲ ရှိကြသူများ ဖြစ်သဖြင့် ပြည်မနှင့် ပေါင်း၍ လွတ်လပ်ရေးယူမည်ဟု ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပသော တောင်တန်းသားပေါင်းစုံး အစည်းအဝေးကြီးတွင် ကတိပေးလေသည်။ ဤသို့ဖြင့် "ပြည်ထောင်စု" ဟူသော နိုင်ငံတော် ဘဝသစ် လမ်းစသည် ပေါ်လာလေသည်။

## လွတ်လပ်ရေးဗိသုကာ

ထို့နောက် ဗိုလ်ချုပ်သည် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့သော လွတ်လပ်ရေး အစီအစဉ်များကို မနားမနေ ဆောင်ရွက် လေသည်။ မြန်မာနိုင်ငံ လွတ်လပ်သော အခါ တိုင်းပြည်ကို ဖွဲ့စည်း အုပ်ချုပ်ရန် ဖွဲ့စည်း အုပ်ချုပ်ရေး စနစ် တစ်ခု ရှိရမည် ဖြစ်လေသည်။ ထိုစနစ်သည် ပြည်မသား၊ တောင်တန်းသားအားလုံး နှစ်ခြိုက် လက်ခံနိုင်မည့် စနစ်မျိုးဖြစ်သင့်လေသည်။ ထိုစနစ်မျိုးကို ရရှိနိုင်ရန် ဉာဏ်ကြီးခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ မျှတခြင်း၊ သည်းခံ တတ်ခြင်းတို့ လိုလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အရည်အချင်းတွင် ဤအရည်အချင်း လေးမျိုးစလုံး ရှိလေသည်။ တိုင်းသူပြည်သား အားလုံး၌လည်း ထို အရည်အချင်း

http://mmteashop.com
http://mmteashop.com

လေးမျိုးစလုံး ရှိကြရန် ဗိုလ်ချုပ်သည် ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ်ဖြင့် တိုင်းပြည်အား သင်ပြ ဟောပြော ခဲ့လေသည်။

ထို့နောက် အများ နှစ်ခြိုက် လက်ခံနိုင်မည့် ဖွဲ့စည်း အုပ်ချုပ်ရေး စနစ်ကို တီထွင်ရန် ၁၉၄၇ ခုနှစ် ဧပြီလတွင် ပြည်မ၌လည်းကောင်း၊ တောင်တန်း ဒေသများ၌လည်းကောင်း တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ကျင်းပ စေလေသည်။ ရွေးကောက်ပွဲ ပြီးသောအခါ တိုင်းပြည်ပြု လွှတ်တော်၏ ပထမညီလာခံ အစည်းအဝေးကို ထိုနှစ် ဇွန်လထဲ၌ ကျင်းပစေလေသည်။ ထိုတိုင်းပြည်ပြု လွှတ်တော်၌ ဗိုလ်ချုပ်သည် ပြည်မ ကိုယ်စားလှယ် အမတ်များနှင့် တောင်တန်းဒေသ ကိုယ်စားလှယ် အမတ်တို့၏ မျက်နှာစုံညီတွင် အနာဂတ် ဖွဲ့စည်း အုပ်ချုပ်ရေး စနစ်အတွက် လမ်းစဉ်များ ချပေးခဲ့လေသည်။ ထိုလမ်းစဉ်များကို ကိုယ်စားလှယ် အမတ်အားလုံးက သဘောကျ ထောက်ခံ၍ ထိုလမ်းစဉ်များနှင့် ညီညွတ်သော အခြေခံဥပဒေ ရေးဆွဲရေး ကိစ္စများကို ဆောင်ရွက်စ ပြုလေသည်။

ထိုကိစ္စများကို ဗိုလ်ချုပ်ကိုယ်တိုင် ဦးစီးဦးကိုင်ပြု၍ ဆောင်ရွက်ဆဲတွင် ထိုနှစ် ဇူလိုင်လ ၁၉ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ဝန်ကြီးအချို့သည် လူမသမာတို့၏ လက်ချက်ဖြင့် အသက် ဆုံးရှုံး ကြရလေသည်။ သို့ဖြင့် ပြည်ထောင်စု ဗိသုကာလည်း ဖြစ်၍ လွတ်လပ်ရေး ဗိသုကာလည်း ဖြစ်သော နိုင်ငံတော် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံအတွက် အသက် စွန့်သွား ခဲ့ရ၍ ကျွန်ုပ်တို့ မျက်မှောက်မှ ကွယ်သွား ရရှာလေသည်။

သို့ရာတွင် ဖဆပလအဖွဲ့ချုပ်သည် ဗိုလ်ချုပ်၏ လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက် သွား၍ တိုင်းပြည်ကလည်း ဗိုလ်ချုပ်၏ လမ်းစဉ်ကို ဆက်လက် ထောက်ခံကြသည်ဖြစ်ရာ အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကြီးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကမ္ဘာ့ပွဲလယ်၌ တင့်တင့်တယ်တယ် ဖြစ်ထွန်း ပေါ်ပေါက် လာလေသည်။

http://mmteashop.com
http://mmteashop.com

## ဗိုလ်ချုပ်မသေ

ဗိုလ်ချုပ်အောင်ဆန်းသည် လူလားမြောက်သည့် အရွယ်မှစ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးကိုသာ အာရုံ စိုက်၍ ဆောင်ရွက် ခဲ့သူ ဖြစ်လေသည်။ သခင်ခေါင်းဆောင် အဖြစ်ဖြင့် လွတ်လပ်ရေး၏ ရန်သူဖြစ်သော နယ်ချဲ့တို့နှင့် အကြိတ်အနယ် အားပြိုင် ခဲ့သည်။ နောက်ဆုံးတွင် လွတ်လပ်ရေးနှင့် စည်းလုံးရေးကို ရတော့မည်ဟု မိမိကိုယ်တိုင် သိ၍ တိုင်းပြည်အကျိုးရှိရာ ရှိကြောင်းတို့ကို ငြိမ်းချမ်းစွာ ဆက်လက် ဆောင်ရွက်ရန် အားယူ နေဆဲတွင် အသက်ခန္ဓာ စဲသွား ရရှာလေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်သည်ကား စဲသွားသည် မဟုတ်ချေ။ ရှင်လျက်ပင် ရှိလေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံသည် ဤကမ္ဘာမြေပေါ်၌ ရှိနေသမျှ ကာလပတ်လုံး ထိုစိတ်ဓာတ်သည် ရှင်လျက်သာ နေမည်ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ မိန့်ခွန်းများတွင် သူ၏ စိတ်ဓာတ်ကို အောက်ပါ အတိုင်း ထုတ်ဖော်ခဲ့လေသည်။

"ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်" ။

"ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ(ကယား)တို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်း လုပ်ကြမှသာ အကျိုး ရှိနိုင်မယ်။"

ထိုစိတ်ဓာတ်သည် ကျွန်ုပ်တို့၏ ပြည်ထောင်စုတွင် တစ်ခါတစ်ရံ မိုးဟိန်းသကဲ့သို့ ဟိန်းလျက် တစ်ခါတစ်ရံ တူရိယာတေးဂီတကဲ့သို့ သာသာယာယာ မြည်လျက်နေမည်မှာ မုချဖြစ်လေသည်။

http://mmteashop.com
http://mmteashop.com

(ဗိုလ်ဒွေးမောင် ရေးသည့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိမှ ကူးယူ ဖော်ပြပါသည်။)



ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၂၇ နှစ်အရွယ် ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့ပါသည်။



ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ အားလပ်ချိန် များတွင် သားသမီး သုံးဦးနှင့် အတူ အပန်းဖြေလေ့ရှိသည်။

http://mmteashop.com
http://mmteashop.com

# ဖေဖော်ဝါရီ ၁၃ရက် မွေးနေ့ရှင်
# ဗိုလ်ချုပ်နှင့် ဗေဒင်ပညာ

“ဖေဖော်ဝါရီ ၁၃ရက်ကား နာမည်ကျော် နက္ခတ် ဗေဒင် ဆရာကြီး ကိုင်ရို၏ ဟောပြောချက် အရဆိုလျှင် တိုင်းပြည် တစ်ပြည်၏ အစိုးရ နန်းတို့ကို ဖြိုဖျက်နိုင်စွမ်း သောသူများ မွေးတတ်သော နေ့ဟု ဟောထား လေသည်။ ထိုနေ့တွင် မွေးသော ကျွန်တော့်မှာ သူပုန် လောင်းကလေး ဖြစ်သည်ကို ထိုအခါက မည်သူမျှ ထူးထူးခြားခြား မထင် ခဲ့ကြချေ။”



http://mmteashop.com
http://mmteashop.com

"အချိန်ကား ၁၉၁၅ ခု၊ ဖေဖော်ဝါရီလဖြစ်၍ ပထမကမ္ဘာစစ်ကြီး၏ ဒုတိယ နှစ်ထဲပင် ဖြစ်ပေသည်။ ထိုအချိန် ထိုအခါကား ဂျာမနီသည် ရေငုပ် သင်္ဘောများဖြင့် ဗြိတိသျှ ရေတပ်ကို အကြီးအကျယ် ဒုက္ခပေးနေသည့်အခါ ဖြစ်လေသည်။ အနောက် စစ်မျက်နှာပြင်ဟု ခေါ်သော ပြင်သစ်နှင့် ဂျာမနီတို့ စစ်ခင်းရာ စစ်မျက်နှာ၌ကား ပထမအကြိမ် ရပ်(Ypres) တိုက်ပွဲကြီးမှာ မပြီးဆုံးသေးဘဲ သောင်မတင် ရေမကျ၊ ရှေ့မတိုး၊ နောက်မဆုတ် အခြေအနေတွင် ရှိပေသည်။ အရှေ့ စစ်မျက်နှာပြင်ဟုခေါ်သော ရုရှ - ဂျာမနီစစ်ခင်းရာ မျက်နှာ၌ ကားမစူးရီရာနှင့် ပါဇနစ်ဇစစ်ပွဲကြီးများ ဖြစ်ပွားလျက် ရှိပေသည်။ ထိုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၂၇၆ခု၊ တပေါင်းလဆန်း ၁ရက်၊ စနေနေ့) လင်းအားကြီး အချိန်တွင် ကျွန်တော်သည် လူ့ပြည်သို့ ပထမဆုံး ရောက်ရှိ လာပေသည်။"

အထက်ပါ စာစုမှာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဘဝတွင် ရေးသားခဲ့သော သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ကိုယ်တိုင်ရေးသား မှတ်တမ်း တင်ခဲ့သည်မှ ကောက်နုတ် ဖော်ပြချက် အချို့ ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းဟု သမိုင်းဝင် အာဇာနည် တစ်ဦး ဖြစ်လာမည့် အောင်ဆန်း ကလေးကို မကွေးတိုင်း ဒေသကြီးအတွင်းက နတ်မောက်မြို့တွင် ရှေ့နေဦးဖာနှင့် ဒေါ်စု တို့မှ မွေးဖွား ခဲ့လေသည်။ သူ့တွင် မွေးချင်း ညီအစ်ကို မောင်နှမ ကိုးယောက် ရှိရာ အငယ်ဆုံး သားလည်း ဖြစ်လေသည်။ မွေးချင်းများမှာ (၁)မခင်ညွန့် (လယ်ဝန်ကတော်)၊ (၂)မဝက် - အိမ်ထောင်မပြု၊ (၃)မောင်ဘဝင်း၊ ဘီအေ-ဘီအက်စ်စီ၊ (၄)မရွှေမှန် (ငယ်က ကွယ်လွန်)၊ (၅)မောင်နေအောင် - အမိန့်တော်ရ ရှေ့နေ၊ (၆) နှင့် (၇) လသားနှစ်ယောက် (ပုခက်တွင်း ကွယ်လွန်)၊ (၈)မောင်အောင်သန်းနှင့် (၉)မောင်အောင်ဆန်းဟူ၍ ဖြစ်လေသည်။

http://mmteashop.com
http://mmteashop.com

## ဗိုလ်ချုပ်နှင့် ဗေဒင်ယုံကြည်မှု

ဗိုလ်ချုပ်အောင်ဆန်း ဆိုသည်နှင့် စာဖတ်သူတို့ စိတ်မျက်စိတွင် လက်တွေ့ဆန်သူ၊ လေထဲတွင် တိုက်အိမ် မဆောက်တတ်သူ၊ စစ်တိုက် စရာရှိလျှင် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်တတ်သူ၊ စစ်သွေး စစ်မာန် ပြည့်ဝ၍ ဖွတ်တရွတ် နိုင်တတ်သူ အဖြစ် တွေးထင် ကြမည် ဖြစ်သော်လည်း ဗေဒင်နက္ခတ် ကဲ့သို့သော ပညာရပ်များကို စိတ်ဝင်စားခြင်း မရှိသည့် လက်တွေ့ သမားတစ်ဦးဟု ထင်မြင်စရာ အကြောင်း ရှိပေသည်။ သို့သော်လည်း တကယ့် လက်တွေ့ ဘဝတွင် ဗိုလ်ချုပ်သည် စာအလွန် ဖတ်သူဖြစ်သလို ဗေဒင်သမိုင်း အကြောင်း နှင့် ဗေဒင်ပညာရပ် များကိုလည်း အတော်အတန် တီးမိ ခေါက်မိရှိသူ တစ်ဦးဖြစ်ကြောင်း သူ၏ စာပေ အရေးအသားများ၌ တွေ့ရှိရလေသည်။

## ၁၃ ဂဏန်းပိုင်ရှင်ဗိုလ်ချုပ်

သာမန်အားဖြင့် ၁၃ ဂဏန်းကို အများစုက ကြိုက်နှစ်သက်လေ့ မရှိကြသော် လည်း ဗိုလ်ချုပ်ကမူ သူ၏မွေးရက် ဖေဖော်ဝါရီ ၁၃ရက်နှင့် ပတ်သက်၍ သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ယခုလို ဖော်ပြထားလေသည်။

"ဖေဖော်ဝါရီ ၁၃ရက်ကား နာမည်ကျော် နက္ခဗေဒင် ဆရာကြီး ကိုင်ရို၏ ဟောပြောချက် အရဆိုလျှင် တိုင်းပြည်တစ်ပြည်၏ အစိုးရနန်းတို့ကို ဖြိုဖျက်နိုင်စွမ်း သောသူများ မွေးတတ်သောနေ့ဟု ဟောထားလေသည်။ ထိုနေ့တွင် မွေးသော ကျွန်တော်မှာ သူပုန်းလောင်း ကလေးဖြစ်သည်ကို ထိုအခါက မည်သူမျှ ထူးထူးခြားခြား မထင်ခဲ့ကြချေ။ ကျွန်တော်၏ ဇာတာနာမည်မှာ ထိန်လင်း ဖြစ်လေသည်။ သို့သော် ကျွန်တော့် အထက် အစ်ကိုကိုအောင်သန်းနှင့် နာမည်လိုက်အောင် အောင်ဆန်းဟု နာမည် တွင်လေသည်။"

ဗိုလ်ချုပ်သည် နာမည်ကျော် နက္ခတ်ဗေဒင်ပညာရှင်ကြီး ကိုင်ရို၏ အနောက် နိုင်ငံ များမှလာသည့် နက္ခတ်ဗေဒင် ပညာကိုသာမက မြန်မာတို့၏ ဗေဒင်ပညာကိုလည်း နှံ့စပ်သူ

http://mmteashop.com
http://mmteashop.com

တစ်ဦး ဖြစ်နေသည်ကို တွေ့ရပေသည်။ ဗိုလ်ချုပ်သည် သူလူ့လောကသို့ ရောက်ရှိလာချိန်၌ သူ့ဖခင်ကြီး ဦးဖာ မည်သို့မည်ပုံ ရှိနေမည်ကိုလည်း ဤသို့ ခန့်မှန်း ရေးထားလေသည်။

"ကောင်းကင်သို့ ပတ်ချာလှည့် မော့ကြည့်တော့က ထွန်းတောက်နေသော နက္ခတ်တာရာတို့၏ အနေအထားကို မှတ်ထားလျက် အနီးဆုံးအချိန်ကို တွက်ချက် လေတော့သည်။ သို့ဖြင့် ကိုရင်ဖာသည်သူ၏ သားမွေးနေ့၊ မွေးရက်၊ အချိန်နာရီတို့ကို ပေရွက် တစ်ရွက်တွင် ကညစ်နှင့် ရေးသား၍ မှတ်သားထားလိုက်လေသည်။

"ကောင်းတယ်ဟေ့၊ နေ့ကလည်း စနေသား၊ ရာဇကလည်း ရာဇဘွား၊ ဘယ်လောက် ထက်ပြီး ကြောက်စရာကောင်းမယ့် ကလေးလည်းတော့ မပြောတတ်ဘူး။

ရက်အနည်းငယ်ခန့် ကြာသောအခါ တစ်မိုင်လောက် ကွာဝေးသော အခြားရွာတစ်ရွာမှာ နေသည့် မိဘများ လက်သုံးဖြစ်သော ဗေဒင်ဆရာသည် ပေရွက်တွင် ရေးဖွဲ့၍ ရေနံချေး သုတ်ထားသော ရက်ချုပ်ဇာတာကို ကျွန်တော်တို့ အိမ်သို့ ယူဆောင်လာလေ၏ ဇာတာအဆိုကား -

**`ဇေယျာတုသဗ္ဗမင်္ဂလံ သက္ကရာဇ် ၁၂၇၅ - ခု၊ တပေါင်းလဆန်း ၁ရက်၊ စနေနေ့ အဝင် ၄-ချက် မတီးမီ ၆-နာရီ-၃ပါဒ် ၁၃-ဗီဇနာ-၄-ပြန် ၂-ခရာတွင် ကြည်လင်သဒ္ဒါ မြတ်နိုးစွာဖြင့် ရတနာသုံးပါး ဦးထိပ်ထားလျက် ဘုန်းတန်ခိုးတေဇာ ဉာဏ်ပညာနှင့် စုံစွာ ပြည့်ငြားသတို့သားကို မာတာမိခင် ဖွားသန့်စင်သည်တွင် ညီသညာ ခေါ်စရာကား နာမာရှိန်ဝင်း မောင်ထိန်လင်း သံဒိဋ္ဌ ဘုတ္တိဇာတာအာယု ၁၂၀-ရှည်စေသော်ဝ်´**

ဗိုလ်ချုပ်က သူ၏မွေးရက်၊ မွေးနေ့၊ မွေးလ၊ မွေးနှစ်တို့ကို ဤသို့ မှတ်တမ်းတင်ဖော်ပြ ခဲ့လေသည်။ ထို့အပြင် ဗိုလ်ချုပ်သည် ဗေဒင်ပညာရပ် အပေါ် သာမန်မျှသာ အပေါ်ယံကြော အမြင်မဟုတ်ဘဲ နိုက်နိုက်ချွတ်ချွတ် လေ့လာထားသည်ကိုလည်း တွေ့ရသကဲ့သို့ သူ၏ မွေးရက်ဖြစ်သော ၁၃ ဂဏန်းအပေါ်တွင်လည်း အသေအချာ စူးစမ်း လေ့လာ ထားသည်ကို တွေ့ရပေသည်။



http://mmteashop.com http://mmteashop.com

`လူတိုင်းလိုလိုပင် ဂဏန်း ၁၃ကို အထူးတလည် ကြောက်ရွံ့ကြလေသည်။ အမှန်စင်စစ်ကိုသာ သိကြလျှင်မူ ဂဏန်း ၁၃ သည် သူတို့ ထင်သလောက် နိမိတ်မကောင်းသည့် ဂဏန်း မဟုတ်ချေ။ ဂဏန်း ၁၃ နှင့် သက်ဆိုင်သော အရုပ်ကားကို အမျိုးမျိုးအဖုံဖုံ ရေးဆွဲကြသော်လည်း အမြဲတစေ သဘော တစ်ခုထဲပင် ဆောင်လေသည်။ ထိုပုံတွင် လယ်ထဲ၌ အရိုးစု တစ်ခုသည် ကောက်ရိတ်လျက် ၎င်း၏ လက်နှင့်ခြေများသည် အသစ်ပေါက်သော မြက်တော ထဲမှ ထိုးထောင်နေ၏ ။ သရဖူဆောင်ထားသည့် ယောကျာ်း ဦးခေါင်းတစ်လုံးမှာ တံစဉ် ဖျား၌ ကျလျက် မိန်းမဦးခေါင်း တစ်လုံးသည် ဆံပင်ကို ခေါင်းအလယ် တည့်တည့်တွင် ခွဲကာ မားလျားချပြီး နောက်ပိုင်းနားတွင် ပေါ်ထွက်နေသည်။

ဤမျှ ထူးဆန်းသော အတိတ်ပြ, နိမိတ်ပြ အဓိပ္ပာယ် နက်နဲလှသော အရုပ်ကား၏ အမှန် သဘောကို လုန်လှော၍ သိရှိနားလည်ရန် ဂဏန်း ၁၃ မှ ၁ နှင့် ၃ ပေါင်းရသော ၄ ဂဏန်း တစ်ခုတည်း၏ အဓိပ္ပယ်ကို ပြန်ပြောင်း စိစစ်ရပေမည်။ ၄ ဂဏန်း တစ်လုံးတည်းသည် သူကိုယ်တိုင်ကပင် ထူးဆန်းသော ဂဏန်း တစ်လုံးဖြစ်သည်။ ဤဂဏန်း စီးနင်းခြင်း ခံရသူများသည် အထင်လွဲအမြင်လွဲ ခံရတတ်၏ အဖော်မပါ တစ်ကိုယ်တည်းသာ နေရတတ်၏ ။ မိမိတို့အား အမြဲတစေ တိတ်တဆိတ် ကြိတ်၍ ကြံစည်သော ရန်သူများနှင့် အတိုက်အခံ ပြုရတတ်၏။ ရပ်ရွာကိစ္စ၊ အစိုးရကိစ္စ တို့တွင် ထုံးတမ်းစဉ်လာကို မှတ်၍ ခေတ်ပြောင်းတော်လှန် တတ်ကြသည်။ ၄ ဂဏန်း စီးနင်းထားသူတို့သည် အမျိုးစုံသော လူမှုကိစ္စ ပြဿနာများ ခေတ်ပြောင်း ပြုပြင်ရေး ကိစ္စများကို ဆောင်ကြဉ်းရန် ဝါသနာ ပါကြသည်။ သူတို့သည် အထက်အာဏာပိုင်များကို ပုန်ကန် ခြားနား၍ သမ္မတနိုင်ငံ သစ်ကိုလည်းကောင်း၊ ထီးသစ်၊ နန်းသစ်များကိုလည်းကောင်း တည်ထောင် စိုက်ထူတတ်လေသည်။ ၁၃ ဂဏန်းသည် ဤအထက်တန်းကျသော ဂုဏ်ပုဒ်တို့နှင့် အားလုံးပြည့်စုံသည် သာမက ပို၍ပင် နက်နဲ ထက်မြက်သေး၏ ။

ဤနေရာတွင် ဖော်ပြလိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၃ဂဏန်း နေ့ရက်တွင် မွေးဖွားသည် သာမက သူ၏ ဇာတာအမည်မှာ ထိန်လင်း ဖြစ်ပါလျက် အစ်ကိုဖြစ်သူ အောင်သန်း အမည်နှင့် လိုက်ဖက်ရန် အောင်ဆန်းဟူ၍ ဖြစ်လာခဲ့ရပေရာ အ နှင့် ဆ တို့၏

http://mmteashop.com
http://mmteashop.com

နေ့စား ဂြိုလ်နံအရ ပေါင်းလျှင်လည်း အသည် တနင်္ဂနွေဖြစ်၍ ၁၊ ဆ သည် အင်္ဂါနံဖြစ်၍ ၃ ဖြစ်ရာ ၁+၃ ဖြစ်၍ ၄ ရသည်ကို တွေ့ရမည်ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗေဒင်ပညာရပ်နှင့် နက္ခတ်ပညာများကို လေ့လာသင့်သလောက် လေ့လာထားသည်ကား အမှန်ပင် ဖြစ်ပေသည်။ စာရေးသူတို့ ငယ်စဉ်ကလည်း ဗေဒင်ပညာကို အသက်မွေးမှု ပညာရပ်တစ်ခု အဖြစ် အထိပင် လေ့လာသွားရန် အမှန်ပင် စိတ်ကူးမိသော်လည်း နောက်ပိုင်းတွင် သိမ်ငယ်သောအလုပ်၊ အများသူငါက အလုပ် လာရောက် အပ်နှံမှ ဟောရ ပြောရသည့် အလုပ်ဖြစ်၍ မျက်နှာငယ် ရသော အလုပ်ဟု မှတ်ယူကာ အဆုံးစွန်အထိ မလိုက်စား မိခဲ့ချေ။ သို့သော်လည်း မိမိ၏ မွေးရက်၊ မွေးလ၊ မွေးနှစ်တို့ကို အခြေခံ တွက်ချက်ရသော မဟာဘုတ်အဟော၊ ဂြိုလ်စားသက်ရောက် အဟော လောက်ကိုမူ လေ့လာ တီးခေါက် ဖူးပေသည်။

ဗိုလ်ချုပ် ကိုယ်တိုင်ကလည်း ဗေဒင်ပညာအပေါ် သူ၏ ယုံကြည်မှု အတိမ်အနက်ကို သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် -

`စာဖတ်သူ ယုံချင်ယုံ မယုံချင်နေ ကျွန်တော်အမ (အမေကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။)က ကျွန်တော်တို့ မိသားစုသည် ကျွန်တော်မွေးဖွားပြီးသည့် နောက်မှ မမွေးခင်ကထက် ပိုပြီး စီးပွားဖြစ်ကြောင်း တစ်ခါက ပြောဖူး၏ ။ ယခုလို ဗေဒင် နက္ခတ်နည်းဖြင့် အဓိပ္ပာယ် ကောက်ယူခြင်းသည် နောက်ဆုံး၌ တကယ် ခိုင်ခိုင်မာမာ မှန်သည် မမှန်သည်ကို ပြောနိုင်လောက်အောင် ကျွန်တော်လည်း မစွမ်းချေ။ ကမ္ဘာကျော် နက္ခတ်ဗေဒင် ဆရာကြီး ကိုင်ရိုကမူ ရှေးဖြစ်များကို ထိတ်ခမန်း လန့်ခမန်း ဟောကြား ဖူးခဲ့ပြီး။ ဟောသည့်အတိုင်း လော့ဒ်ကစ်ချင်းနား အနိစ္စရောက်ခြင်း၊ အဋ္ဌမမြောက် ဧဒွက်ဘုရင် နန်းစွန့်ရခြင်းနှင့် အခြား အဖြစ်အပျက် အများအပြားပင် မှန်ကန်ခဲ့သည်ကို တွေ့လေသည်။ ကျွန်တော့်စိတ်၌မူ ဤသို့ ဖြစ်ပျက်ခြင်းများကို အမှတ်တမဲ့ ဖြစ်သည် သို့မဟုတ်ဘဲ ဝမ်းနည်းစရာ ဝမ်းသာ စရာစသည်ဖြင့် `ထန်းသီးကြွေခိုက် ကျီးနင်းခိုက်´ ဆိုသည့် အလား တိုက်ဆိုင်မှုများသာ ဖြစ်သည်ဟု မယူဆအပ်ကြောင်း ထင်ရှားသည်ဟု ယုံကြည်မိ၏။´ ဟု ဗေဒင်ပညာရပ် အပေါ် ယုံကြည်မှု ရှိပုံကို ဖော်ပြထားပေသည်။



http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်သည် တစ်ကြိမ်တွင်လည်း အာဇာနည်များသည် အသက်တိုလှကြောင်း၊ သူ့အနေဖြင့်လည်း သက်တမ်း ရှည်မည်ဟု မယုံကြည်ကြောင်း ဆိုခဲ့ဖူးသည့် အလျောက်ပင် အသက် ၃၂ နှစ်ကျော်၍ ၃၃နှစ်သို့ အရောက် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ရက်မှာပင် သူချစ်သော မိသားစု၊ သူ မြတ်နိုးသော မြန်မာနိုင်ငံကို စွန့်ခွာကာ လူမသမာတို့ လက်ချက်ဖြင့် တမလွန်သို့ ရောက်ရှိ ခဲ့ရရှာလေသည်။

ဗိုလ်ချုပ်၏ မိသားစုတွင် ဇနီး ဒေါ်ခင်ကြည်၊ သား - ဦးအောင်ဆန်းဦး၊ ဦးအောင်ဆန်းလင်း၊ သမီး ဒေါ်အောင်ဆန်းစုကြည်နှင့် မွေးဖွားပြီး ရက်ပိုင်း အတွင်း ကွယ်လွန် ခဲ့သည့် ဒေါ်အောင်ဆန်းချစ်ဟူ၍ သားနှစ်ဦး သမီးနှစ်ဦး ထွန်းကား ခဲ့လေသည်။



၁၉၄၇ ခုနှစ် မတ်လကုန်တွင် ဗိုလ်ချုပ်တို့မိသားစု မိခင်ကြီးဒေါ်စုရှိရာ နတ်မောက် မြို့သို့ ရောက်ရှိခဲ့သည်။ မြို့လုလင်သူကြီး ဦးမင်းရောင်၏ မျိုးဆက် ဗိုလ်ချုပ်တို့ မိသားစု ဤသို့ အမှတ်တရ ရိုက်ကူးထားခဲ့သည်။



ဗိုလ်ချုပ်အောင်ဆန်းကို ဦးဖာနှင့်ဒေါ်စုတို့မှ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက် (၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ရက် စနေနေ့) တွင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ရှိ ဤအိမ်ကြီးတွင် မွေးဖွားခဲ့သည်။



http://mmteashop.com
http://mmteashop.com

# လူငယ်ဘဝက ကိုအောင်ဆန်း

သူဟာ လူငယ်ဘဝမှာ ကတည်းက လူစွမ်းလူစ ရှိခဲ့သူ၊ ကျင့်ဝတ် သိက္ခာပိုင်းမှာ သူ့ကိုယ်ကျိုးကိုပင် မငဲ့ကွက်ဘဲ စောင့်ထိန်း နိုင်ခဲ့သူ တစ်ဦး ဖြစ်တာမို့ လူငယ်များ အတု ယူရမယ့် စံပြ ခေါင်းဆောင်လို့ ဆိုရမှာ ဖြစ်ပါတယ်။



http://mmteashop.com
http://mmteashop.com

ခရစ်နှစ် ၂၀၁၅ ဆိုရင် ဗိုလ်ချုပ်အောင်ဆန်း အသက် ၁၀၀ ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ဖို့ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ "ဗမာ့လွတ်လပ်ရေး တပ်မတော်" The Burma Independence Army – BIA ကို ဖွဲ့စည်းစဉ်မှာ ဗိုလ်တေဇအမည်နဲ့ တပ်ကို ဦးဆောင်ခဲ့သူဖြစ်တာမို့ တပ်မတော်ရဲ့ ဖခင်ကြီးလို့ ခေါ်ဆိုကြသလို လွတ်လပ်ရေး ရရှိတဲ့အထိ အသက်ပေး ထမ်းဆောင် သွားသူမို့ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင် အာဇာနည် အဖြစ်လည်း သမိုင်း တင်ခဲ့သူ ဖြစ်ပါတယ်။

သူ့ကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက် (မြန်မာ သက္ကရာဇ် ၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်) စနေနေ့မှာ ဖွားမြင်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့ကျွန်မခံလိုသူ မြို့လုလင်သူကြီး ဦးမင်းရောင်ရဲ့ မြေးဖြစ်ပြီး တောင်တွင်းကြီးခရိုင် နတ်မောက်မြို့မှာ နေထိုင်တဲ့ ရှေ့နေကြီး ဦးဖာနဲ့ ဒေါ်စုတို့က မွေးဖွားခဲ့တဲ့ သားသမီး ကိုးယောက် အနက် အငယ်ဆုံးသားလည်း ဖြစ်ပါတယ်။ ငယ်ဇာတာ အမည်က မောင်ထိန်လင်းပါ။ မောင်ထိန်လင်း ဆိုပေမယ့် သူ့အစ်ကို ကိုအောင်သန်းအမည်နဲ့ လိုက်ဖက်အောင် မောင်အောင်ဆန်းလို့ပဲ အမည် တွင်ခဲ့တာပါ။ အခု ကိုအောင်ဆန်းရဲ့ ငယ်နာမည် မောင်ထိန်လင်းကို ဗိုလ်ချုပ်ရဲ့ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ အငယ်ဆုံး သားကို အမည် ပေးထားတာ တွေ့ရပါတယ်။

မောင်ထိန်လင်းလို့ ခေါ်တဲ့ မောင်အောင်ဆန်းမှာ မွေးချင်း ကိုးယောက် ရှိပါတယ်။ သူ့မွေးချင်း များကတော့-

(၁) မခင်ညွန့်(လယ်ဝန်ကတော်)

(၂) မဝက်(အိမ်ထောင်မပြု)

(၃)မောင်ဘဝင်း (B.A, B.Sc,) (ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့)

http://mmteashop.com
http://mmteashop.com

(၄) မရွှေမှန် (ငယ်စဉ်ကကွယ်လွန်)
(၅) မောင်နေအောင် (အမိန့်တော်ရရှေ့နေ)
(၆) မောင်ညိုမောင်(ငယ်စဉ်က ကွယ်လွန်)
(၇) မောင်ထွန်းလင်း (ငယ်စဉ်က ကွယ်လွန်)
(၈) မောင်အောင်သန်း (B.A) တို့ ဖြစ်ပါတယ်။

## ကျောင်းသားဘဝ မောင်အောင်ဆန်း

မောင်အောင်ဆန်းဟာ အသက်(၈)နှစ်အရွယ်ရောက်မှ ကျောင်းစ, နေခဲ့ပေမယ့် ဉာဏ်ကောင်းသူဖြစ်တာမို့ အသက် ၁၂ နှစ်အရွယ်မှာ မြန်မာ လေးတန်းကို ရောက်ခဲ့သူပါ။ အဲဒီအချိန်က အင်္ဂလိပ်-မြန်မာစာသင်ကျောင်းမှာ စာသင်နေကြပြီးဖြစ်တဲ့အစ်ကိုများကို အားကျ လာတဲ့အတွက် သူ့ကို ရေနံချောင်းမြို့ အမျိုးသား အထက်တန်း ကျောင်းမှာ အထက်တန်းပြ ဆရာအဖြစ် အမှုထမ်းနေတဲ့ အစ်ကိုဖြစ်သူ ဦးဘဝင်းနဲ့အတူ လိုက်နေပြီး ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းမှာ ဆက်လက် ပညာသင်ကြား ခဲ့ပါတယ်။ မောင်အောင်ဆန်းဟာ ပညာလိုလားသူ ဖြစ်တာကြောင့် အတန်းတိုင်းမှာ ထူးချွန်ပြီး ခုနစ်တန်း စာမေးပွဲမှာ အမှတ်အများဆုံးနဲ့ အောင်မြင်ခဲ့တာမို့ `ဦးရွှေခို´ ရွှေတံဆိပ် ရရှိခဲ့တဲ့ အပြင် တစ်လတစ်ဆယ်ကျပ်နဲ့ သုံးနှစ်အတွင်း စကောလားရှစ် ရခဲ့ပါသေးတယ်။

## တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း

၁၉၃၂ ခုနှစ်မှာ ရေနံချောင်း အမျိုးသား အထက်တန်း ကျောင်းကနေ ဆယ်တန်း အောင်မြင် ချိန်မှာတော့ သူ့အသက်က ၁၇နှစ်ပဲ ရှိပါသေးတယ်။ ရန်ကုန် တက္ကသိုလ်မှာ ဆက်လက် ပညာ သင်ကြား ချိန်မှာတော့ သူ့အသက် ၁၇နှစ်ကျော် ၁၈ နှစ်သား လူငယ် ဘဝသာ ရှိသေးပေမယ့် တက္ကသိုလ်က ပို့ချတဲ့ ပို့ချချက်များ သာမကဘဲ ပြင်ပ ဗဟုသုတ စာများကိုပါ ဖတ်ရှုနေပြီး ဖြစ်ပါတယ်။



http://mmteashop.com
http://mmteashop.com

အထူးသဖြင့် သူ့အခန်းထဲမှာ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စာအုပ်စာပေတွေ အများအပြား တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီလို ပြင်ပစာပေတွေ ဖတ်ရှု နေတယ်ဆိုပေမယ့် ကျောင်းစာကိုလည်း ကြိုးစားသူဖြစ်တာမို့ ၁၉၃၄ ခုနှစ်မှာ ဥပစာဝိဇ္ဇာ ဒုတိယနှစ်စာမေးပွဲကို ခုံအမှတ် ၂၃၁ နဲ့ အောင်မြင်ပြီး ဝိဇ္ဇာပထမနှစ် B.A (Junior)မှာ တက်ရောက် ပညာ သင်ယူ ခဲ့ပါတယ်။ ၁၉၃၅-၃၆ မှာ တက္ကသိုလ် အမှုဆောင် လူကြီးအများ အတွက် ရွေးကောက်ပွဲ ကျင်းပရာမှာ ကိုအောင်ဆန်းဟာ အမှုဆောင် အဖြစ် ရွေးချယ် ခံခဲ့ရပါတယ်။

### အယ်ဒီတာကိုအောင်ဆန်း

ကိုအောင်ဆန်း သမဂ္ဂအမှုဆောင် ဖြစ်လာပြီးနောက် သမဂ္ဂရဲ့ မဂ္ဂဇင်းဖြစ်တဲ့ "အိုးဝေ" မဂ္ဂဇင်းမှာ တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ မဂ္ဂဇင်း အယ်ဒီတာ ဘဝမှာ သူဖတ်ရှု စုဆောင်းခဲ့တဲ့ ဝမ်းစာများနဲ့ နိုင်ငံရေး ဗဟုသုတများကို ဒီမဂ္ဂဇင်းမှာ ပြန်လည် ရေးသား ခဲ့ပါတယ်။

### ကျင့်ဝတ်ကို ကျောင်းထုတ်ခံပြီး စောင့်ထိန်းခဲ့တဲ့ ကိုအောင်ဆန်း

အယ်ဒီတာများမှာ စည်းကမ်းဥပဒေအဖြစ် မလိုက်နာမနေရ သတ်မှတ်ထားတဲ့ စည်းကမ်း မဟုတ်သော်လည်းပဲ အယ်ဒီတာများဟာ မိမိရဲ့ မဂ္ဂဇင်း ဂျာနယ်များမှာ ကလောင် အမည်နဲ့ ရေးသားလာသူများရဲ့ အမည်ရင်းကို လျှို့ဝှက်ပေးရတဲ့ ကျင့်ဝတ် ရှိပါတယ်။ ဒီကျင့်ဝတ်ကို သူ့ဘဝနဲ့လဲပြီး ကျောင်းထုတ် ခံခဲ့ရတဲ့အထိ စောင့်ထိန်း ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ကျောင်းသားဘဝ ငယ်ရွယ်သူပင် ဖြစ်သော်လည်း အတု ယူလောက်တဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချမှတ် နိုင်ခဲ့သူရယ်လို့ ချီးကျူး ခဲ့ရသူ ဖြစ်ပါတယ်။

တာဝန်ခံ အယ်ဒီတာအဖြစ် ကိုအောင်ဆန်း ကိုယ်တိုင် တည်းဖြတ် ထုတ်ဝေနေတဲ့ "အိုးဝေ" မဂ္ဂဇင်း အတွဲ (၅) အမှတ်(၁) အင်္ဂလိပ်ကဏ္ဍမှာ "ယမမင်း" ကလောင်အမည်နဲ့

http://mmteashop.com
http://mmteashop.com

ရေးခဲ့တဲ့ ဦးညိုမြရဲ့ "ငရဲခွေးကြီးလွတ်နေသည်" The Hell-Hound at Large ခေါင်းစဉ်ပါ ပေးစာ တိုကလေးကို ဖော်ပြခဲ့ပါတယ်။

အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြခဲ့တဲ့ ပေးစာ အပြည့်အစုံက အခုလို ဖြစ်ပါတယ်။

## POINTS FROM LETTERS

## THE HELL-HOUND AT LARGE

Escaped Awizi, a devil in the form of a black dog. Had been during his brief span on earth a base object of universal odium execration, sentenced to Eternal Damnation for Treatchery, Theft, Presumption, Intrigue, Pettifogging, Sadism, Churlishness, Vulgarity etc….A pimping knave with avuncular pretentions to some cheap wiggling wenches form a well-known Hostal, he was also a hectic popularity-hunter, shamming interest in Games, Concerts, Associations etc…, menacing the public places with his unwanted presence though generally welcomed everywhere as small-pox. His only distinguishing marks have been the abominable V.D. ulcers on his neck and buboes due to copulation with his own wife.

Will finder please kick him back to hell?

YAMAMIN

http://mmteashop.com
http://mmteashop.com

အဲဒီ အချိန်က ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး D.J Sloss က ဒီပေးစာဟာ တက္ကသိုလ် အားကာပိုင် တစ်ဦးကို ထိပါးပုတ်ခတ်တယ်လို့ သူ ယူဆတာကြောင့် ပေးစာ ရေးသူရဲ့ အမည်ကို ဖွင့်ဟ ပြောဆိုဖို့ တာဝန်ရှိတဲ့ အယ်ဒီတာ ကိုအောင်ဆန်းကို တောင်းဆို ခဲ့ပေမယ့် အယ်ဒီတာတို့ရဲ့ ကျင့်ဝတ်အရ ဒီစာ ရေးသူအမည်ကို ဖော်ထုတ် ပြောဆိုဖို့ ငြင်းပယ် ခဲ့တာမို့ ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလမှာ ကျောင်းထုတ် ခံခဲ့ရပါတယ်။

ဒီလို ကျောင်းက ထုတ်ပစ်တာကို မကျေနပ် တာကြောင့် ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့မှာ ကျောင်းသားများက တက္ကသိုလ် ဒုတိယ သပိတ် ဆင်နွှဲ ခဲ့တာကြောင့် သပိတ် တိုက်ပွဲပြီးတဲ့ အခါမှာတော့ သူကို တက္ကသိုလ် အာဏာပိုင်တွေက ကျောင်းပြန် နေခွင့် ပေးခဲ့ရပါတယ်။ ကိုအောင်ဆန်းဟာ ၁၉၃၆-၃၇ မှာ B.A Senior တန်းကို ပြန်တတ်တဲ့ အခါမှာတော့ ပဲခူးဆောင်အခန်း နံပါတ် ၁၁၃မှာ နေပြီး ကျောင်းတတ် ခဲ့တာ ဖြစ်ပါတယ်။

ကျောင်းပြန်တက်ချိန်မှာပဲ သူနေတဲ့ ပဲခူးဆောင် သဟာယ အသင်းမှာ ပြိုင်ဘက် မရှိ အမှုဆောင် အဖြစ် အရွေးခံခဲ့ရပြီး ပဲခူးသဟာယနဲ့ စာဖတ်အသင်း မှာလည်း ဥက္ကဋ္ဌ ဖြစ်လာ ခဲ့ပါတယ်။ ၁၉၃၆-၃၇ တက္ကသိုလ်သမဂ္ဂမှာ ဒုတိယဥက္ကဋ္ဌ ဖြစ်လာပြီး ၁၉၃၇ ခုနှစ်မှာပဲ ကိုအောင်ဆန်းဟာ အင်္ဂလိပ်စာပေ၊ ဥရောပရာဇဝင်၊ နိုင်ငံရေးသိပ္ပံ ဘာသာရပ်များနဲ့ ဝိဇ္ဇာတန်းကို ခုံအမှတ် ၅၆နဲ့ အောင်မြင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သူ့အသက် ၂၂-၂၃ နှစ်သာ ရှိသေးသော်လည်း နိုင်ငံရေးဘက်ကို ခြေလှမ်းစပြု နေပြီဖြစ်တဲ့ လူငယ် ဘဝထဲကို ရောက်ရှိ လာနေပြီ ဖြစ်ပါတယ်။

သူဟာ လူငယ် ဘဝမှာကတည်းက လူစွမ်းလူစ ရှိခဲ့သူ၊ ကျင့်ဝတ် သိက္ခာပိုင်းမှာ သူ့ကိုယ်ကျိုးကိုပင် မငဲ့ကွက်ဘဲ စောင့်ထိန်း နိုင်ခဲ့သူ တစ်ဦးဖြစ်တာမို့ လူငယ်များ အတု ယူရမယ့် စံပြ ခေါင်းဆောင်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ။

http://mmteashop.com
http://mmteashop.com



ကျောင်းသားဘဝ ကိုအောင်ဆန်း(ရှေ့တန်းမှ ယာ) နောက်တွင် ရပ်နေသူမှာ နောင်တွင် မယား ညီအစ်ကို တော်စပ်သူ ကိုတင်အောင် ဖြစ်သည်။

http://mmteashop.com
http://mmteashop.com

# တပ်တော်ဦးဆီ . . . မျှော်လိုက်ပြန်တော့



လူနှစ်ယောက်၊ ငွေနှစ်ရာနှင့် ဘယ်ဆီကို ဦးတည် နေမှန်း မသိသော ခရီး တစ်ခုကို "ဗမာ့ လွတ်လပ်ရေး အရ ယူနိုင်အောင် ငါတို့မှာ တပ်မတော် တစ်ခု ရှိရမည်" ဆိုသည့် သန္နိဋ္ဌာန်နှင့် ထွက်ခွာ သွားခဲ့ခြင်းမှာ တွေးကြည့်လျှင်ပင် ကြက်သီးထဖွယ် ဖြစ်ပါ၏



http://mmteashop.com
http://mmteashop.com

တပ်တော်ဦးဆီ... မျှော်လိုက်ပြန်တော့ဟု ဆိုလိုက်သည်နှင့် ပြည်လှဖေ၏ သီချင်း စာသားများကို စာဖတ်သူတို့၏ နားမျက်စိတွင် မြင်ယောင်ကြားယောင် လာမည်ဖြစ်သည်။ သို့သော်လည်း စာရေးသူပြောလိုသည့် အဓိပ္ပာယ်က "တပ်မတော်၏ အဦးအစ" ကို ရည်ရွယ်ရင်း ဖြစ်ပါသည်။

## သခင်အောင်ဆန်းနှင့် သခင်လှမြိုင်

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ရက်က သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ ဗမာ့ လွတ်လပ်ရေး ကြိုးပမ်းရန် တရုတ်သင်္ဘောတစ်စီးနှင့် တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့ပုံကို သခင်လှဖေ (ဗိုလ်လက်ျာ)က ဤသို့ မှတ်တမ်း တင်ခဲ့လေသည်။

"တရုတ်ပြည်ရှိ တော်လှန်ရေး အဖွဲ့အစည်းများနှင့် သွားရောက်၍ အဆက် အသွယ် ယူရန် အောင်ဆန်းသည် နိုင်ငံခြားသို့ ထွက်ခွာ သင့်သည်ဟု ကျွန်တော်တို့ အားလုံးက ဆုံးဖြတ် လိုက်ကြ၏။ အောင်ဆန်းသည် ဤဆုံးဖြတ်ချက်ကို လှိုက်လှိုက် လှဲလှဲပင် ကြိုဆို လက်ခံခဲ့၏။ သူသည် နောက်တွန့်သည့် အမူအရာကို လုံးဝမပြခဲ့ချေ။ ကျွန်တော် ဤကဲ့သို့ ထုတ်ဖော်၍ ပြောရခြင်းမှာ ကျွန်တော် အပါအဝင်ဖြစ်သော ကျွန်ုပ်တို့သည် အပြောဘက်တွင် အလုပ်ထက် ပိုပြီး အစွမ်း ပြလေ့ ရှိတတ်သောကြောင့် ဖြစ်သည်။ သို့သော် အောင်ဆန်းသည် ဤလို လူစားမျိုးထဲတွင် မပါဝင်ချေ။

ခရီးစရိတ် အတွက် ကျွန်တော်တို့မှာ ငွေရှာ ရတော့သည်။ သင်္ဘောခများ ပေးပြီးသော အခါ၌ အောင်ဆန်းနှင့် သူ၏ အဖော်ဖြစ်သူ သခင်လှမြိုင်တို့ အတွက် သုံးစွဲရန် ငွေ ၂၀၀သာ ကျန်ရှိ တော့၏။ သူတို့ သွားရမည့် ခရီးသည် ဝေးကွာလှ၏ ဤငွေ ၂၀၀သည် သူတို့အား ဘယ်အထိ ပို့ဆောင် နိုင်ပါမည်နည်း။ ဤကိစ္စအတွက် ကျွန်တော်တို့ အားလုံးပင် စိတ်မချမ်းမသာ ဖြစ်ခဲ့ ကြရလေသည်။

http://mmteashop.com
http://mmteashop.com

"ဟိုင်လီ" သင်္ဘောရှိရာသို့ သူတို့နှစ်ဦး သမ္ဗန်နှင့် ထွက်ခွာ သွားကြစဉ် သခင်ထိန်ဝင်းနှင့် ကျွန်နော်သည် ဆိပ်ခံ တံတားပေါ်မှ ရပ်၍ ကြည့်နေ မိကြသည်။ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသော သမ္ဗန်ကို ကြည့်ရင်း ကျွန်တော့်မှာ ဝမ်းနည်း ကြေကွဲခြင်း ဖြစ်ခဲ့ရ၏ သခင်လှမြိုင်က နောက်သို့ လှည့်ကြည့်နေ၏ သို့သော် အောင်ဆန်းမှာ မလှုပ်မယှက်ဘဲ ရှေ့တူရူသို့ မျက်နှာမူကာ သွားရမည့် ပင်လယ်ပြင်သို့သာ အာရုံ စူးစိုက်နေဟန် ရှိပေသည်" ဟု ဗိုလ်ချုပ်တို့၏ ခရီးစဉ်ကို မှတ်တမ်းတင်ခဲ့ပေသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော် ဒုတိယ ညီလာခံ၌လည်း ဦးကျော်ငြိမ်းက သခင်အောင်ဆန်းတို့ နိုင်ငံခြားသို့ စွန့်၍ ထွက်ခွာ သွားပုံကို ဤသို့ ချီးကျူး စကားပြောကြား ခဲ့သေးသည်။

"ကျွန်တော်တို့ အင်္ဂလိပ်ကို သူပုန်ထမယ်လို့ ကြံရွယ်စဉ်တုန်းက ပိုက်ဆံကလည်း တစ်ပြားမှ မရှိ၊ စားစရာကလည်းမရှိ၊ လက်နက်ဆိုလို့ ဝေးလို့၊ အဲသည် အထဲကနေပြီး နိုင်ငံခြား အကူအညီ ရအောင်ဆိုပြီး ရတဲ့ နည်းနဲ့ ရတဲ့သင်္ဘောနဲ့ အသက်စွန့်ပြီး ဘယ်တော့မှ ရန်ကုန်အပြင်ဘက် တစ်မိုင်၊ နှစ်မိုင်တောင် မရောက်ဖူးတဲ့ ပုဂ္ဂိုလ်ဟာ နိုင်ငံခြားကို စွန့်ပြီး ထွက်သွားတယ်။ နိုင်ငံခြားမှာလည်း ရန်သူတွေက အမျိုးမျိုး သတ်မယ်လို့ ကြံကြတယ်။ အဲဒီလိုကစပြီး ဗမာ့တပ်မတော်ကြီး ဖြစ်အောင် တည်ထောင် လာတယ်" ဟု မှတ်တမ်း တင်ခဲ့သည်။

ယနေ့ မြန်မာ့တပ်မတော်ကြီးရယ်လို့ ဖြစ်တည်နေသည့် ဗမာ့တပ်မတော်ကြီး၏ အဦးအစ နိဒါန်းမှာ လွမ်းမောဖွယ် ကောင်းလှပါ၏။ လူနှစ်ယောက်၊ ငွေနှစ်ရာနှင့် ဘယ်ဆီကို ဦးတည် ရမှန်း မသိသော ခရီးတစ်ခုကို "ဗမာ့လွတ်လပ်ရေး အရ ယူနိုင်အောင် ငါတို့မှာ တပ်မတော် တစ်ခု ရှိရမည်" ဆိုသည့် သန္နိဋ္ဌာန်နှင့် ထွက်ခွာ သွားခြင်းမှာ တွေးကြည့် လျှင်ပင် ကြက်သီး ထဖွယ်ဖြစ်ပါ၏ ။


http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကလည်း တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်ကာ နိုင်ငံခြားသို့ ထွက်ခွာ သွားခဲ့ပုံကို သူ၏ "ဗမာ့ လွတ်လပ်ရေး အရေးတော်ပုံ အမည်ရှိသော ဆောင်းပါးတွင် မိမိကိုယ်တိုင် တွေ့ကြုံ ခံစား ခဲ့ရပုံများကို ဖော်ပြ ရေးသားထားသည်မှာ နောင်လာ နောက်သားတို့ အားကျ အတုယူဖွယ် ကောင်းလှပါ၏။

"မြန်မာ ရော်ဂျာကေးစမင်း တစ်ယောက်ပေါ်ပေါက်လာမှာ ဖြစ်မည်" ဟု ကျွန်ုပ်တို့အားလုံး သဘောကြိုက် ညီကြ၏။ ကျွန်ုပ်တို့ကိုယ်နှင့် အသက်ကိုပင် မြန်မာ "ရော်ဂျာကေးစမင်း အဖြစ် ယူရန် နိုင်ငံအတွက် စွန့်လှူလိုက်၏ ။ (ရော်ဂျာကေးစမင်းမှာ နိုင်ငံခြားသို့ ထွက်ကာ လက်နက်များ စုဆောင်းရင်း ကျဆုံး သွားရသော အိုင်ယာလန်ပြည် မျိုးချစ်ခေါင်းဆောင် တစ်ဦးဖြစ်၏။ ဤကား စကားချပ်)။ ထို့ကြောင့် ၁၉၄၀ ပြည့်နှစ် ဩဂုတ်ရက်တွင် ဂျာမနီ လေတပ်ကြီးက ရာဇဝင်တွင် မကြုံဖူးသော လေကြောင်းစစ်ပွဲ ဆင်နွှဲကာ လန်ဒန်မြို့ကြီးကို တိုက်သော နေ့တွင်ပင် မြန်မာနိုင်ငံမှာ ကျွန်ုပ်တို့သည် တရုတ်သင်္ဘောပေါ်တွင် တိတ်တိတ်ပုန်းအောင်း ထွက်ခွာ လိုက်ရလေတော့သည်။ ယခုအခါ တပ်ပေါင်းဗိုလ် တစ်ဦး ဖြစ်နေသော ရဲဘော် တစ်ဦးလည်း ကျွန်ုပ်နှင့်အတူ ကူညီဖော် အဖြစ်ပါခဲ့၏။

ကျွန်ုပ်၏ ခရီးဆုံးရာဌာနမှာ အမွိုင်မြို့ဖြစ်၏။ ထိုမြို့မှနေ၍ ကျွန်ုပ်၏ လုပ်ဆောင်စရာ ရှိသည့် ကိစ္စအများကို ခန့်ခွဲ စီမံရမည် ဖြစ်၏။ ကျွန်ုပ်၏ အဖြစ်ကား သန်းခေါင်လကွယ် တောရပ်လယ်၌ ရောက်ရှိ နေသောသူ ပမာ ရှိနေတော့သည်။ ကျွန်ုပ် သွားရမည့်နေရာနှင့် ပတ်သက်၍ ကျွန်ုပ် ဘာတစ်ခုမျှ မသိ၊ ဆွေလည်းမရှိ၊ မျိုးလည်း မရှိ၊ ကမ္ဘာ့အရှေ့ပိုင်းသားသည် အရှေ့ပိုင်း အကြောင်း အတုအယောင် မျှလောက်သာ သိကြ၏။ သိသမျှလည်း မရေရာလှ၊ ဆိုးရွားလေစွ။

ကျွန်ုပ်အရှေ့သို့ ထွက်လာသည့် အရေးမှာ အမှောင်တိုက် တွင်းသို့ သက်ဆင်းသည်နှင့် တူလှ၏ဟု ကျွန်ုပ်ဆို၏။ လူငယ်တို့၏ တစ်ရှူးထိုး (တုံးတိုက်တိုက်ကျားကိုက်ကိုက်) မိမိ၏ လုံ့ဆော်မှုကြောင့်သာ ထွက်လာ ခဲ့မိခြင်း ဖြစ်သတည်း။ အလုပ်အစီအစဉ် ဟူ၍ အတိအကျ ဘာမျှရှိသည် မဟုတ်ချေ။ ကျွန်ုပ်၏ မြော်မြင်တတ်သမျှ

ဉာဏ်ဖြင့်သာ ကြံရမည့် အရေးဟူသရွေ့ စီမံအုပ်စီးရန် ကျွန်ုပ်ရဲဘော်များက အာဏာကုန် လွှဲအပ် လိုက်ခြင်း ဖြစ်လေသည်။

အဘယ်သို့ပင် ဖြစ်စေ ငါသည် အကယ်၍ သေသွားသည့် တိုင်အောင် မြတ်သော သေခြင်း၊ နိုင်ငံအတွက် သေခြင်းသာ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့် စေရတော့၏" ဟု မှတ်တမ်း တင်ခဲ့လေသည်။

ဤကား သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ ဗမာ့လွတ်လပ်ရေး အတွက် ပြည်ပ အကူအညီ ရှာဖွေရန် နော်ဝေ (Norway) ပိုင် "ဟိုင်လီ" (Hailee)အမည်ရှိ သင်္ဘောဖြင့် တရုတ်ပြည်သို့ လျှို့ဝှက်ခရီးအစ ဖြစ်ပါ၏။ **သခင်အောင်ဆန်းက "တန်လူရှောင်"၊ သခင်လှမြိုင်က "တန်ဆူတောင်"** လျှို့ဝှက် အမည် ခံယူခဲ့ပါ၏။ သခင်အောင်ဆန်း ပြည်ပ ခရီးထွက်နိုင်ရန် ဆွေးနွေး ကူညီခဲ့ကြသူများမှာ သခင်လှဖေ၊ သခင်ထိန်ဝင်း၊ ကိုထွန်းအုံ၊ သခင်ချစ်၊ ကိုလှမောင်၊ ကိုဗဟိန်း၊ ကိုထွန်းရှိန်၊ သခင်မြ၊ ကိုထွန်းရွှေ (နဂါးနီ)၊ သခင်တင်ဦး၊ ကိုသက်တင်နှင့် ကိုကျော်ခင်တို့ ဖြစ်ပါ၏ ။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် တရုတ်ပြည် အမွိုင်မြို့မှ ထိုင်ဝမ်ကျွန်း (တရုတ်တိုင်ပေ)၊ ထိုမှ တစ်ဆင့် ဂျပန်ပြည် တိုကျိုမြို့သို့ လေကြောင်း ခရီးဖြင့် ရောက်ရှိခဲ့သည်။

ဂျပန်ပြည်သို့ ရောက်ရှိရခြင်းမှာလည်း အကြောင်းအရင်းများ ရှိပါ၏ ။ ၁၉၄၁ ခုနှစ် ဇန်နဝါရီလ ၁၆ရက်တွင် ဂျပန်ပြည် ဆူအီကိုရှာရှိ တပ်မတော်ရေ စစ်ဌာနချုပ်တွင် ပြုလုပ်သည့် အစည်းအဝေးမှ ဂျပန်ဘုရင့် စစ်ဌာနချုပ်၏ ညွှန်ကြားမှုအောက်၌ ဂျပန်ကြည်း တပ်မတော်နှင့် ရေတပ်မတော်တို့ ပူးပေါင်း၍ "မီနာမီကီကန် (Mina-mikikan) တောင်ဘက် ဒေသဆိုင်ရာ အဖွဲ့အစည်း)ကို ဂျပန်ကြည်းတပ်မတော် ဗိုလ်မှူးကြီး ဆူဇူကီး (Suzuki) ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပြီး ဖေဖော်ဝါရီ ၁ရက်တွင် ဂျပန် စစ်ဦးစီး ချုပ်၏ တိုက်ရိုက် ကွပ်ကဲမှုဖြင့် ဗိုလ်မှူးကြီး ဆူဇူကီး ဦးဆောင်၍ "မီနာမီကီကန်" ကို

http://mmteashop.com
http://mmteashop.com

ဖွဲ့စည်း ခဲ့ပါ၏။ ဤအဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ မြန်မာလူငယ်များကို စစ်ပညာ သင်ကြား ပေးရန်နှင့် မြန်မာပြည် လွတ်မြောက်ရေးကို ကူညီရန်ဖြစ်ပါ၏ ။ "ဗမာပြည် လွတ်လပ်ရေး စီမံကိန်း" စာတမ်းကို သခင်အောင်ဆန်းကိုယ်တိုင် ရေးသား၍ ဂျပန် စစ်အာဏာပိုင် များထံ တင်ပြရာ အနည်းငယ်မျှသာ ပြင်ဆင်ပြီး အတည်ပြုလက်ခံခဲ့ပါ၏။ ဖေဖော်ဝါရီ ၇ရက်တွင် မီနာမီကန် အဖွဲ့၌ ပါဝင်သော ပုဂ္ဂိုလ်များ အားလုံး စုရုံးပြီး ဗိုလ်ချုပ်ကြီးဆူဇူကီးက "မီနာမီ" အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဖေဖော်ဝါရီ ၁၄ရက်တွင် မီနာမီအဖွဲ့၏ အမိန့်အမှတ်(၁)ကို ထုတ်ပြန် ခဲ့ပြီး ထိုအမိန့်အရ မြန်မာလူငယ်များကို ဂျပန်ပြည်သို့ ခေါ်ဆောင် စစ်ပညာ သင်ပေးရန်နှင့် မြန်မာ့လွတ်လပ်ရေး အတွက် သခင်အောင်ဆန်းအား အကူအညီ ပေးရန်တို့ ပါဝင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၅ရက်တွင် သခင်အောင်ဆန်းနှင့် မီနာမီအဖွဲ့ဝင် မစ္စတာစူဂီး(မစ္စတာ မီနာမီဝါကာ)တို့ သည် တိုကျိုမြို့အနီးရှိ ကာဝါစကီးဆိပ်ကမ်းမှ မြန်မာပြည်သို့ ရှန်တန်မာရူး (Shunten Maru) သင်္ဘောဖြင့် မြန်မာပြည် ပုသိမ်ဆိပ်ကမ်းသို့ ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ မီးရထားဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

မတ်လ ၄ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းရှိ ခြံတစ်ခြံ၌ ပြည်သူ့အရေးတော်ပုံ ပါတီမှ ခေါင်းဆောင်များ ဖြစ်ကြသည့် သခင်မြ၊ သခင်လှဖေ၊ ကိုဗဟိန်း၊ ကိုလှမောင်၊ ကိုထွန်းရွှေ (နဂါးနီ)၊ သခင်ချစ်တို့နှင့် လျှို့ဝှက် ဆွေးနွေးခဲ့ပြီး မတ်လ ၉ရက်တွင် ယင်းသင်္ဘောဖြင့်ပင် ဂျပန်ပြည်သို့ ပြန်လည် ထွက်ခွာရန် စီစဉ်ခဲ့ကြသည်။

## ရဲဘော်သုံးကျိပ်

၁၉၄၁ခုနှစ် မတ်လ ၁၀ရက်တွင ရှန်တန်မာရူးသင်္ဘော ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာစဉ် ရဲဘော်သုံးကျိပ် ပထမသုတ်အဖြစ် သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်အေးမောင်၊ သခင်ဘဂျမ်း နှင့် ကိုထွန်းရှိန်တို့ လိုက်ပါခဲ့ကြသည်။

ပြီး ၁၃ရက်တွင် ရဲဘော်သုံးကျိပ် ဒုတိယအသုတ်အဖြစ် မီနာမီမှမစ္စတာမစ်ဇုတာနီနှင့် အတူ ထွက်ခွာခဲ့ ပြန်၏။၎င်းတို့မှာ သခင်စောလွင်၊ သခင်သန်းတင်၊ သခင်ရွှေ၊ သခင်အောင်သိန်း၊ သခင်တင်အေး၊ သခင်ထွန်းရွှေ၊ သခင်စိုးတို့ ဖြစ်သည်။ တတိယ အသုတ်မှာ မေလတွင် ထွက်ခွာခဲ့ပြီး ကိုလှမောင်၊ သခင် စံမြနှင့် သခင်ခင်မောင်ဦးတို့ လိုက်ပါ ခဲ့ကြသည်။

ဇူလိုင် ၈ ရက်တွင် စတုတ္ထအသုတ် အဖြစ် သခင်ထွန်းအုပ်၊ သခင်ရှုမောင်၊ သခင်ထွန်းခင်၊ သခင်ငွေ၊ သခင်ကျော်စိန်၊ သခင်စံလှိုင်၊ သခင်သန်းညွန့်၊ သခင်မောင်မောင်၊ သခင်ထွန်းလွင်နှင့် ကိုလှတို့ ပါဝင်ခဲ့ကြသည်။

ဤသို့ဖြင့် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်တွင် စစ်ပညာများကို ဆင်းရဲ ပင်ပန်းကြမ်းတမ်းစွာ သင်ကြားကြလျက် ဗမာ့တပ်မတော်ကြီးကို ခိုင်ခိုင်မာမာ အုတ်မြစ် ချခဲ့ပါတော့သည်။

### ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)

၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် သခင်အောင်ဆန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်စစ်ဘက် အကြီးအကဲများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိ လာခဲ့လေသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဂျပန်စစ်တပ်များက မြန်မာပြည် တောင်ဘက်စွန်း ဝိတိုရိယ အငူကို သိမ်းပိုက်ခဲ့ပြီးနောက် ဒီဇင်ဘာလ ၂၃ ရက်တွင် ဂျပန် စစ်လေယာဉ်များက ရန်ကုန်မြို့ကို ပထမဆုံး အကြိမ် ဗုံးကြဲ တိုက်ခိုက်ခဲ့ရာ လူ ၂၀၀၀ခန့် သေဆုံးခဲ့ပြီး ၂၅၀၀ ခန့် ဒဏ်ရာ ရရှိခဲ့လေသည်။

http://mmteashop.com
http://mmteashop.com

## ဘီအိုင်အေအုတ်မြစ်

ဒီဇင်ဘာလ ၂၆ရက်နေ့တွင် သခင်အောင်ဆန်းသည် ဗိုလ်မှူးကြီး ဆူဇူကီးထံမှ စစ်သား စုဆောင်းရန် အမိန့် ရရှိခဲ့ပြီးနောက် ဒီဇင်ဘာလ ၂၇ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ဘောက်မြို့ ထနွမ်စတုံးလမ်း၊ ဘော်နီယိုခြံဝင်း အတွင်း မြန်မာလူမျိုး မျက်စိကု ဆရာဝန် ဦးလွန်းဖေ၏ နေအိမ်တွင် တပ်သားသစ်များနှင့်အတူ ရဲဘော်သုံးကျိပ် အဖွဲ့ဝင်များ ဖြစ်သော သခင်အောင်ဆန်း၊ သခင် လှဖေ၊ သခင်စောလွင်၊ သခင်သစ်တို့သည် ပထမ အကြိမ် လက်မောင်း

သွေးဖောက် သစ္စာအဓိဋ္ဌာန်ပြု၍ သွေးသောက်ပွဲ ပြုလုပ်ပြီး ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence Army – BIA) ကို အုတ်မြစ်ချခဲ့သည်။

## ဘွင်းဘွင်းရှင်းရှင်းအောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည် ထိုင်းနိုင်ငံ ဘန်ဘောက်မြို့၌ ဘီအိုင်အေ တပ်ကို စတင် ဖွဲ့စည်းစဉ် စစ်သားများ စုဆောင်းရာ၌ စကားကို သွယ်ဝိုက် ပြောဆိုခြင်း မရှိ၊ စစ်သား သစ်များကို ဘွင်းဘွင်းရှင်းရှင်း တည့်တည့်ပင် တဲ့တိုး ပြောဆိုကာ စစ်သား စုဆောင်း ခဲ့ပုံကို ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှား ရှိစဉ်ကပင် ထုတ်ဝေခဲ့သော မြဒေါင်းညိုရေး **အောင်ဆန်းဘာလဲ** စာစောင်၌ ဤသို့ ဖော်ပြခဲ့လေသည်။

"၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော် ဗမာ့လွတ်လပ်ရေးတပ် စ,ဖွဲ့တဲ့ နေရာမှာ အောင်ဆန်းက ရဲဘော်တွေနဲ့ အတူ ဗမာ့ လွတ်လပ်ရေး အတွက် လက်မောင်း သွေးဖောက်ပြီး သွေးသစ္စာ သောက်ခဲ့ကြတယ်။ **စားဖို့ဆိုရင် ကျောင်ခဲ၊ အိပ်ဖို့ဆိုရင် မြေကြီး၊ ဆုလာဘ်ဆိုရင် သေဖို့ပဲ**လို့ အောင်ဆန်းက မျှော်လင့်ချက်ကြီးနဲ့ မလိုက်ကြဖို့ ပောပြောခဲ့တယ်" ဟု ရေးသားခဲ့လေသည်။



http://mmteashop.com
http://mmteashop.com

## ဟန်မလုပ်တတ်သူ အောင်ဆန်း

တိုင်းပြည် လွတ်လပ်ရေးအတွက် သခင်အောင်ဆန်းမှသည် ဗိုလ်တေဇအဖြစ်သို့ ပြောင်းလဲ လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ဟန်လုပ်၍ ရှိုးပေးရန်ဝေးစွ၊ မိမိ၏ စစ်ဝတ်စုံကိုပင် ဂရုတစိုက် ဝတ်ဆင်သူမဟုတ် ကြောင်းကိုလည်း ဗိုလ်ချုပ်နှင့်အတူ စတင် ခရီး ထွက်ခဲ့သူ သခင်လှမြိုင် (ဗိုလ်ရန်အောင်)၏ ကိုယ်တွေ့ ပြောပြချက်ကို အိုးဝေမဂ္ဂဇင်း ကဏ္ဍာ ဆောင်းပါးတွင် ဘန်ကောက်မြို့၌ ဖြစ်ပျက်ပုံကလေးကို ကိုးကားကာ ဤသို့ ရေးသား ဖော်ပြ ခဲ့ပေသည်။

"အင်္ကျီဝတ်၊ ဘောင်းဘီစွပ်၊ ဓားကိုချိတ်၊ ဖိနပ်ကိုစီး၍ ဗိုလ်မင်းခေါင်နှင့် တွဲကာ အစည်းဝေးသို့ လာသော အခါ လမ်းတစ်လျှောက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓားသည် တစ်လမ်းလုံး တလျှောလျှောနှင့် တရွက်တိုက်နေ လေသည်။ ဗိုလ်မင်းခေါင်က ငုံ့ကြည့်မှ... "ဟာ....အစ်ကိုကြီး ဓားချိတ်ပုံက မဟန်သေးပါဘူး၊ ပြင်ချိတ်ပါဦး" ဟုပြောပြီး ပြင်ချိတ် ပေးရ၏။ တစ်ဖန် ဗိုလ်မင်းခေါင်က အင်္ကျီကို ကြည့်မိရာ အင်္ကျီကြယ်သီး ပြောင်းပြန်တပ် ထားသည်နှင့် ပြင်ဆင် တပ်ပေး ရပြန်၏။ သို့နှင့် ခရီးအတန် ရောက်သော အခါ ဗိုလ်ချုပ် အောင်ဆန်းက..... ညီလေးရာ၊ ငါ့ဖိနပ် ကြပ်နေတယ်၊ ဘာပြုလို့လဲ......ဟု မေးလေသည်။ ဗိုလ်မင်းခေါင်က ဖိနပ်ကို ကြည့်သောအခါ ဗိုလ်ချုပ်အောင်ဆန်း စီးထားသော ဖိနပ်သည် ဘယ်နှင့် ညာလွဲနေသည်ကို တွေ့ရသည်နှင့် ပြန်ချွတ်၍ ပြန်ဝတ်ပေးလိုက် ရလေသည်" ဟု ရေးသား ထားလေသည်။

## ပထမဆုံး စစ်ရေးပြပွဲ

ဒီဇင်ဘာ ၃၁ရက်နေ့ နံနက် ၈နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အင်္ဂလိပ်ပိုင် ဘော်နီယိုကုမ္ပဏီ ဝင်းအတွင်း ပထမဆုံး စစ်ရေးပြပွဲကို ကျင်းပပြီး ရဲဘော်သုံးကျိပ် အဖွဲ့ဝင် တို့ကို ဗိုလ်ဘွဲ့အမည်များ ပေးအပ်လိုက်ကြောင်း ကြေညာကာ ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်ကို ဖွဲ့စည်းလျက် တာဝန်အသီး သီး ခွဲဝေခန့်ထားခဲ့လေသည်။



http://mmteashop.com
http://mmteashop.com

## ရဲဘော်သုံးကျိပ်၏ ဗိုလ်အမည်များ

| | |
|---|---|
| သခင်အောင်ဆန်း | ဗိုလ်တေဇ |
| သခင်လှဖေ | ဗိုလ်လက်ျာ |
| သလင်ရှုမောင် | ဗိုလ်နေဝင်း |
| သခင်အောင်သန်း | ဗိုလ်စကြာ |
| ကိုလှမောင် | ဗိုလ်ဇေယျ |
| သခင်ဗဂျမ်း | ဗိုလ်လရောင် |
| သခင်စောလွင် | ဗိုလ်မင်းခေါင် |
| ကိုထွန်းရှိန် | ဗိုလ်ရန်နိုင် |
| သခင်လှမြိုင် | ဗိုလ်ရန်အောင် |
| သခင်စံလှိုင် | ဗိုလ်အောင် |
| သခင်ရွှေ | ဗိုလ်ကျော်ဇော |
| သခင်ထွန်းရွှေ | ဗိုလ်လင်းယုန် |
| သခင်တင်အေး | ဗိုလ်ဖုန်းမြင့် |
| သခင်အောင်သိန်း | ဗိုလ်ရဲထွဋ် |
| သခင်ထွန်းခင် | ဗိုလ်မြင့်ဆွေ |
| သခင်စံမြ | ဗိုလ်တောက်ထိန် |
| ကိုလှ | ဗိုလ်မင်းရောင် |
| သခင်သန်းညွန့် | ဗိုလ်ဇင်ယော် |
| သခင်အေးမောင် | ဗိုလ်မိုး |
| သခင်ထွန်းလွင် | ဗိုလ်ဗလ |
| သခင် ခင်မောင်ဦး | ဗိုလ်တာရာ |
| သခင်သစ် | ဗိုလ်စောနောင် |
| သခင်ငွေ | ဗိုလ်စောအောင် |

http://mmteashop.com
http://mmteashop.com

| | |
|---|---|
| သခင်မောင်မောင် | ဗိုလ်ညာဏ |
| သခင်သန်းတင်(သာယာဝတီ) | ဗိုလ်မြဒင် |
| သခင်သန်းတင်(ကမာရွတ်) | ဗိုလ်သန်းတင် |
| သခင်ကျော်စိန် | ဗိုလ်မိုးညို |
| သခင်စိုး | ဗိုလ်မြင့်အောင် |
| ကိုဆောင်း | ဗိုလ်ထိန်ဝင်း |
| သခင်ထွန်းအုပ် | |

(ဂျပန်ဗိုလ်မှူးကြီး ဆူဇူကီးကိုလည်း ဗိုလ်မိုးကြိုးဘွဲ့ အမည်ပေးခဲ့သည်)

ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)သည် မြန်မာပြည် အတွင်းသို့ စစ်ကြောင်းကြီးများ ဖြန့်၍ ဝင်ရောက် တိုက်ခိုက်ရာတွင် စစ်ကြောင်းကြီး သုံးကြောင်းဖြင့် ချီတက် ဝင်ရောက်ခဲ့ပြီး လမ်းတစ်လျှောက်တွင် ရဲဘော်များကို စုဆောင်းနိုင်ခဲ့ပြီး စစ်သည် အင်အား ၂၀၀၀၀ မှ ၂၅၀၀၀ အထိ ရောက်ရှိ လာခဲ့လေသည်။

အင်္ဂလိပ်တို့ကလည်း ၎င်းတို့ကို ဆန့်ကျင် ပုန်ကန်နေသူ များအား ရန်သူတော် အဖြစ် သတ်မှတ်၍ (Burma List )ခေါ် ရန်သူတော် စာရင်းကို ကြေညာခဲ့လေသည်။ ဤစာရင်းတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက နံပါတ်(၁)ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းက နံပါတ်(၅) စာရင်း ဝင်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဘီအိုင်အေ တပ်မတော်ကြီးမှ ဇန်နဝါရီ ၂ ရက်နေ့တွင် ရေကြောင်း ချီတပ်ဖွဲ့သည် ဘန်ကောက်မြို့မှ စတင် ထွက်ခွာခဲ့ပြီး ဇန်နဝါရီ ၈ ရက်နေ့တွင် ထားဝယ် စစ်ကြောင်းသည် ဘန်ကောက်မြို့မှ စတင်ထွက်ခွာခဲ့သည်။

ဗိုလ်ချုပ်ကြီးဆူဇူကီး (ဗိုလ်မိုးကြိုး) နှင့် ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)တို့ ဦးစီး ဗမာ့ လွတ်လပ်ရေး တပ်မတော် ဌာနချုပ် စစ်ကြောင်းနှင့် မော်လမြိုင် စစ်ကြောင်းတို့မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ စစ်ဆင်ရေး အတွက် စတင် ထွက်ခွာခဲ့သည်။



http://mmteashop.com
http://mmteashop.com

ဤသို့ဖြင့် မြန်မာနိုင်ငံ အောက်ပိုင်းမှစ၍ တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်ခဲ့ပြီး ၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် အင်္ဂလိပ် စစ်တပ်များ ရန်ကုန်မြို့မှ စတင် ဆုတ်ခွာခဲ့ကာ မေလ ၄ ရက်နေ့တွင် ဗြိတိသျှတို့၏ မြန်မာပြည် ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် မြစ်ကြီးနားမြို့မှ အိန္ဒိယပြည်သို့ လေယာဉ်ဖြင့် ဆုတ်ခွာခဲ့သည်။

၁၉၄၂ ခုနှစ် ဇွန်လ ၁ ရက်နေ့ (တက္ကသိုလ်ထင်ကြီး ပြုစုသည့် မြန်မာနိုင်ငံ သတင်းစာများ အညွှန်း (ပ)တွဲတွင် ဇွန် ၄ ရက်ဟု ဖော်ပြထားသည်)တွင် ဂျပန်တို့က မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေး စတင်လိုက်ခြင်းဖြင့် အင်္ဂလိပ် အုပ်စိုးမှုကို ဇာတ်သိမ်းခဲ့လေသည်။

ဂျပန်တို့သည် စစ်အုပ်ချုပ်ရေးကို စတင် လိုက်သလို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အင်အား ၅၀၀၀၀ခန့် ရှိလာသည့် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကိုလည်း ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက် (မောင်ကျော်ရန် ပြုစုသည့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဂန္ထဝင်) စာအုပ်တွင် ဇူလိုင်လ ၂၆ ရက်၊ မစ္စတာအိုးနိတိုးရှ မြန်မာပြန် "ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံတွင် ဇူလိုင် ၃၁ ဟု ဖော်ပြထား)တွင် ဖျက်သိမ်း လိုက်လေတော့သည်။

### ဗမာ့ကာကွယ်ရေး တပ်မတော် Burma Defence Army

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဂျပန် စစ်အာဏာပိုင်များက အင်အား ငါးသောင်းခန့် ရှိသော ဗမာ့ လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကို ဖျက်သိမ်း လိုက်ပြီးနောက် ဗမာ့ ကာကွယ်ရေးတပ်မတော် Burma Defence Army(BDA) ကို ဖွဲ့စည်းရန် စီစဉ်ကြလေသည်။ ဗမာ့ကာကွယ်ရေး တပ်မတော် စစ်ဌာနချုပ် (ဗဟိုစစ်ရုံးချုပ်) ကို ပျဉ်းမနားမြို့တွင် ဖွင့်လှစ်ခဲ့သည်။

http://mmteashop.com
http://mmteashop.com

ထိုစဥ်က ဗမာ့ကာကွယ်ရေး တပ်မတော်ကို ဂျပန် စစ်အရာရှိများ ဖြစ်ကြသော ဗိုလ်မှူးကြီး ဟီရာအိုကာ၊ ဒုတိယဗိုလ်မှူးကြီး တကေရှိတာ၊ ဗိုလ်ကြီးကဝါရှီးမားတို့၏ လက်အောက်တွင် ထားရှိခဲ့သည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် ဂျပန်အမှတ်(၁၅)တပ်တော်မှူး ဗိုလ်ချုပ်ကြီးအီဒါက ဗိုလ်တေဇကို ဗိုလ်မှူးကြီး အဆင့်ဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော် စစ်သေနာပတိ အဖြစ် လည်းကောင်း၊ ဗိုလ်လက်ျာနှင့် ဗိုလ်စကြာတို့ကို ဗိုလ်မှူး အဆင့်ဖြင့် စစ်ဦးစီးမှူးများ အဖြစ် ခန့်အပ် ခဲ့လေသည်။ ဇူလိုင် ၂၉ရက်တွင် ဗိုလ်မှူးကြီးအောင်ဆန်းအား အခမ်းအနား ကို ဂျပန်စစ်တပ် ဗဟိုဌာန ချုပ်ကြီးတွင် ကျင်းပခဲ့သည်။

ဗမာ့ ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)ကို ၁၉၄၂ ခုနှစ် ဩဂုတ်လ ၂၆ရက် တွင် တပ်ရင်း (၃) ရင်း၊ အင်အား(၃၀၀၀)ဖြင့် ဖွဲ့စည်း ခဲ့ရာ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၊ စစ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး စကြာ၊ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်မှူးကြီးလက်ျာ၊ တပ်ရင်း(၁) တပ်ရင်းမှူး ဗိုလ်မှူးနေဝင်း၊ တပ်ရင်း(၂) တပ်ရင်းမှူး ဗိုလ်မှူးရန်နိုင်၊ တပ်ရင်း(၃) တပ်ရင်းမှူး ဗိုလ်မှူးဇေယျ၊ စစ်ဦးစီး အရာရှိ ဗိုလ်ကြီးဘိုးကွန်း နှင့် စစ်သားစုဆောင်းရေးဌာန ဗိုလ်ကြီး ခင်မောင်ကလေးတို့က ဦးစီး ကွပ်ကဲခဲ့လေသည်။

ယင်းနောက် ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ၌ အသံလွှင့် လုပ်ငန်း စတင် ခဲ့ပြီးနောက် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဗမာပြည် အသံလွှင့် ဌာနမှ နေ၍ ဗိုလ်မှူးကြီးအောင်ဆန်းက တပ်မတော် တပ်ရင်းများ တိုးချဲ့ ဖွဲ့စည်းမည် ဖြစ်၍ တပ်မတော်သို့ ဝင်ကြရန် ဖိတ်ခေါ်သော မိန့်ခွန်းကို ပြောကြားခဲ့သည်။

၁၉၄၃ ခုနှစ် မတ်လ ၁၁ရက်နေ့တွင် ဗိုလ်မှူးကြီးအောင်ဆန်းအား ဗိုလ်ချုပ်ကလေး (ယခုအခေါ် ဗိုလ်မှူးချုပ်) (Major General) ရာထူး အဆင့်သို့ တိုးမြှင့် ပေးခဲ့ လေသည်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

http://mmteashop.com

## ဂျပန်တွေ ပေးတဲ့ လွတ်လပ်ရေး

သို့နှင့် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ရက်နေ့ နံနက် ၈နာရီတွင် အစိုးရအိမ်တော်၌ ကျင်းပသော အခမ်းအနား၌ ဂျပန်တို့က မြန်မာပြည်ကို လွတ်လပ်ရေး ပေးအပ်ကြောင်း ကြေညာ ခဲ့သည်။

လွတ်လပ်ရေးနှင့် အတူ ဂျပန်ခေတ် အစိုးရသစ် တစ်ရပ် ပေါ်ပေါက်လာပြီး ဝန်ကြီးချုပ် ဒေါက်တာဘမော်၊ ကာကွယ်ရေး ဌာနဝန်ကြီး (စစ်ဝန်ကြီး) အဖြစ် ဗိုလ်ချုပ်အောင်ဆန်းတို့ ပါဝင်ခဲ့သည်။ တိုးချဲ့ ဖွဲ့စည်းလာသော ဗမာ့ကာကွယ်ရေး တပ်မတော်သည် အင်အား ၃၀၀၀သာရှိသော တပ်ရင်းသုံးရင်းမှ အင်အား ၈၅၀၀ ခန့် အထိ ကြီးထွား လာခဲ့တော့သည်။

၁၉၄၂ ခုနှစ် ဩဂုတ်လ ၆ ရက်တွင်တော့ ရန်ကုန်မြို့၊ ပြည်လမ်းရှိ ဗမာ့ ကာကွယ်ရေး တပ်မတော်စစ် ဝန်ကြီးရုံးတွင် ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲ၌ ဗိုလ်မှူးကြီး နေဝင်းက ဗမာ့ကာကွယ် တပ်မတော်ကြီးကို အမည်ပြောင်းလဲရန် ရည်ရွယ် ထားကြောင်း ပြောကြားခဲ့သည်။

## ဗမာ့တပ်မတော် **Burma National Army (BNA)** အမည်တွင်ခဲ့ပုံ

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ကာကွယ်ရေး တပ်မတော်မှ ဗမာ့တပ်မတော်ဟု အမည် ပြောင်းလဲရာတွင် အနှတ္တ အမည် ပေးခဲ့ပုံကို သခင်သက်တင်က သူ၏ `ဗမာ့ ကာကွယ်ရေး တပ်မတော် နာမည်တွင်ခဲ့ပုံ´ ဆောင်းပါးတွင် ဤသို့ ဖော်ပြခဲ့လေသည်။

`နေရာကား ယခု Grass Mere Avenue ခေါ် အင်လျားကန်ဘေးရှိ တစ်ထပ် အုတ်တိုက် ငယ်တွင် ဖြစ်သည်။

**ဗိုလ်ချုပ်** - သခင်သက်တင် အိပ်နေသလား စကားပြောရအောင် လာပါဦးဗျ။

http://mmteashop.com

ကျွန်တော်သည် ဗိုလ်ချုပ်နှင့် (သခင်အောင်ဆန်းဘ၀) စစ်ဝန်ကြီးနှင့် စစ်သေနာပတိဘ၀တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အနီးကပ်ဆုံး အပါးတော်မြဲ အဖြစ် စားအတူ၊ သွားအတူ နေထိုင်ရသူ တစ်ဦးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်အား ထိုကဲ့သို့ ရင်းရင်းနှီးနှီး ပြောဆိုလိုက်ခြင်း ဖြစ်သည်။

**သခင်သက်တင်** - မအိပ်ပါဘူး ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ခိုင်းထားတဲ့ တပ်မတော် ဖွဲ့စည်းပုံ ဇယားကို ပြီးအောင် လုပ်နေတာပါ။

ဗိုလ်ချုပ်သည် ကျွန်တော် အလုပ်လုပ်နေရာသို့ ကိုယ်တိုင် လာရောက်ကာ ကုလား ထိုင်တွင် ဝင်၍ ထိုင်သည်။

**ဗိုလ်ချုပ်** - ကျွန်တော် စဉ်းစားနေတယ်ဗျ၊ ဘီစီအေကို နာမည်ပြောင်းဖို့။ မြန်မာ အမျိုးသား တပ်မတော်လို့ ဆိုရင် စစ်တပ်ဆိုတော့ မာန်မပါဘူးဗျ။ စစ်တပ် အသွင်သဏ္ဍာန် အခေါ် အဝေါ်က စပြီး စစ်အသွင် ပေါ်လွင်ရမယ်။ ဗမာ အမျိုးသားတို့ရဲ့ ပင်ကိုမူလည်း ပေါ်လွင် စေချင်တယ်။ ကျွန်တော်တို့ တို့ဗမာ အစည်းအရုံးက စတင် ထူထောင်ခဲ့တဲ့ ဗမာ့လက်ရုံး တပ်မတော် ဆိုရင် ကောဗျာ၊ ဒါပဲ ကောင်းတယ် ထင်တယ်၊ မာန်လည်း ပါတယ်၊ ခေါ်ရတာလည်း ဗမာ တစ်မျိုးလုံးနဲ့လည်း ရင်းနှီးတယ်၊ လူတိုင်းလည်း သိပြီး ဖြစ်သည်။

**သခင်သက်တင်** - ကျွန်တော်ပြောပါရစေ ဗိုလ်ချုပ်။ အဓိပတိကြီးက ဗမာ့ လက်ရုံး တပ်ဆိုပြီး ချွေးတပ်ကို နာမည် တပ်ခဲ့တာ ချွေးတပ်ဟာ ဗမာတွေထဲမှာတော့ အတော့်ကို နာမည် ပျက်နေတယ်၊ ကျွန်တော်တို့ စစ်တပ်ပါရောပြီး နာမည် ပျက်နေမလားပဲ။

**ဗိုလ်ချုပ်** - အေးဗျာ ဒါလည်း စဉ်းစားစရာပဲ။ ကျွန်တော်က လွတ်လပ်ရေး ကြိုးပမ်း ခဲ့တဲ့ တို့ဗမာအစည်းအရုံးကြီးကိုလည်း ပါဝင် ဂုဏ်ပြုချင်တယ်။ အဲဒီတော့ ဒို့ဗမာ စစ်တပ်မတော် ဆိုရင် ကောင်းမယ်ထင်တယ်။ ဒီလိုလုပ် အခုကျွန်တော် ပြောတာတွေကို အကုန်လုံး ပြောပြပြီး အကြံဉာဏ် ပေးပါလို့ ဆရာကြီး (သခင်ကိုယ်တော်မှိုင်းကို ဆိုလိုသည်)

http://mmteashop.com

ဆီသွားပြီး ဆွေးနွေးခဲ့ဗျာ။ ကျွန်တော် ဘယ်သွားစရာ ရှိသေးလဲ။ ရှိရှိ ပေါ့ဗျာ၊ ခင်ဗျားပဲ အခုသွား၊ မြန်မြန်လည်း ပြန်ခဲ့ပေါ့ ဟုတ်လား။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းရှိရာ ရွှေတောင်ကြားသို့ ဗိုလ်ချုပ်၏ ကားဖြင့်ပင် ထွက်လာခဲ့ရာ အဆင်သင့်ပင် ဆရာကြီးနှင့် တွေ့ဆုံရသည်။ တွေ့တွေ့ချင်းပင် ဆရာကြီးများ ဝတ်ချ နှုတ်ဆက်ပြီးနောက်-

**သခင်ကိုယ်တော်မှိုင်း** - ဟေ့ သခင် သက်တင်ရဲ့၊ မင့် ဗိုလ်ချုပ်က ငါနဲ့တောင် လာမတွေ့နိုင်အောင် အလုပ်တွေများ နေသလားကွ။ မင်းကော အခု ဘယ်က လှည့်လာ တာလဲကွ။ သခင်တင်မောင် (ကွယ်လွန်)တော့ နောက်ဖေးအခန်း ထဲမှာ ရှိလေရဲ့။ မင့်လူကိုလည်း တွေ့ပြုပြီး အားလေးဘာလေး ပေးပါဦးကွ။ ဘယ်မှလဲ မသွားမလာနဲ့ အခန်းပဲ အောင်းနေတာပဲ။

**သခင်သက်တင်** - အခု ဗိုလ်ချုပ်က လွှတ်လိုက်လို့ ဆရာကြီးနဲ့ တွေ့ဖို့ လာတာပါ ဆရာကြီး။ ပြီးတော့မှပဲ သခင်တင်မောင်နဲ့ သွားတွေ့ပါဦးမယ်။

**သခင်ကိုယ်တော်မှိုင်း** - အေး၊ ဘာများတုန်းလဲကွယ့်၊ ဘာတွေများ ပြောလိုက် သလဲ။

လာရတဲ့ ကိစ္စကတော့ ဆရာကြီးရဲ့ အကြံဉာဏ် လိုချင်လို့ပါ ဆရာကြီး ဟူ၍ ကျွန်တော်က ဗိုလ်ချုပ်၏ စစ်တပ်နာမည် အခေါ်အဝေါ်နှင့် ပတ်သက်၍ ယူဆချက်များပါ မကျန် လုံးစေ့ပတ်စေ့ ဆရာကြီးအား တင်ပြပါသည်။

**သခင်ကိုယ်တော်မှိုင်း** - အင်း၊ ဗမာ့ လက်ရုံးတပ်မတော်လို့တော့ မခေါ်နဲ့လို့တော့ ပြောလိုက်ပါကွာ။ ခွေးမသား အဓိပတိဆိုတဲ့ အကောင်က လူလည် လုပ်ပစ်လို့ နာမည်ပျက်နေ ပါပြီး။ ဒို့ဗမာတပ်မတော်ကို ဆိုပြန်ရင်လည်း ခွေးမသား အဓိပတိက သူ့ဆင်းရဲသား ဆိုတဲ့ နာမည်မပါတော့ ကြိုက်မှမဟုတ်ဘူး။ ဒီတော့ ဒီလိုလုပ်၊ ဒို့ဗမာရော ဆင်းရဲသားပါ သူ့အကြိုက် ကိုယ့်အကြိုက် ဖြစ်အောင် ဒို့ဗမာ့ဆင်းရဲသား တပ်မတော်ဆိုရင် မကောင်း

ဘူးလား ဟား ဟား ဒါလည်း မကောင်းသေးပါဘူးကွာ။ သခင်အောင်ဆန်းပြောတဲ့ ဒို့ဗမာ့ စစ်တပ်မတော် ဆိုတာလည်း တပ်မတော်ဆိုရင် စစ်တပ်လို့ အများက သိပြီးသားပါကွာ၊ "စစ်" ထည့်စရာ မလိုပါဘူး။ ဆရာကြီးလည်း စဉ်းစားထားပါဦးမယ်လို့ မင့်ဗိုလ်ချုပ်ကို ပြောလိုက်ကွာ။ ဆရာကြီးလည်း သခင်အောင်ဆန်းနဲ့ တွေ့ချင်သေးတယ်။ အားရင်လည်း လာပါဦးလို့ မှာလိုက်တယ်လို့ ပြောကွာ။

ဆရာကြီးအား ကန်တော့နှုတ်ဆက်ပြီး သခင်တင်မောင်နှင့် တွေ့ဆုံ စကားပြော၍ ဗိုလ်ချုပ်ထံ ပြန်လာကာ ဆရာကြီး၏ အယူအဆများကို ပြန်လည်တင်ပြရာ ဗိုလ်ချုပ်က "ဟုတ်-ဆရာကြီးက နာမည်ပေးလိုက်ပြီးဗျ"

**သခင်သက်တင်** - မပေးသေးပါဘူး ဗိုလ်ချုပ်၊ စဉ်းစားဦးမယ် ပြောလိုက်တာပါ။

**ဗိုလ်ချုပ်** - ခင်ဗျား စဉ်းစား ကြည့်ပါလား။ ဒို့ဗမာရော၊ ဆင်းရဲသားရော နစ်ဖက် အစွန်း လွတ်အောင် ဗမာနဲ့လည်း ဆိုင်တဲ့ ဗမာပြည်သူတွေရဲ့ စစ်တပ်ကြီးဟာ ဗမာ့ တပ်မတော် ပေါ့ဗျ။

ဤသို့ဖြင့် ဗိုလ်ချုပ်နှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း တို့၏ အတွေးဖြင့် အမည်သစ် ပေါ်ထွန်း လာခဲ့သော ဗမာ့တပ်မတော်ကြီးကို ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဗမာ့ကာကွယ်ရေး တပ်မတော်အမည်မှ ဗမာ့တပ်မတော် Burma National Army – BNA ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပြီး တပ်မတော် စစ်ဦးစီး အဖွဲ့ကိုလည်း စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဒုတိယစစ်ဝန်ကြီး ဗိုလ်စကြာ၊ ဖွဲ့စည်းရေးဌာနကြီးမှူး ဗိုလ်လက်ျာ၊ စစ်သေနာပတိ ဗိုလ်နေဝင်း၊ စစ်ဦးစီးချုပ် ဗိုလ်ဇေယျတို့ဖြင့် စတင် ဖွဲ့စည်း လိုက်လေသည်။

စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်ကို တိုးချဲ့ဖွဲ့စည်း နိုင်ရန် အတွက် ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် သူ ရေးဆွဲထားသော ကာကွယ်ရေး စီမံ ချက်ကို ဂျပန် ခေါင်းဆောင်များထံ တင်ပြခဲ့လေသည်။

http://mmteashop.com
http://mmteashop.com

ဂျပန်တို့က မြန်မာနိုင်ငံကို ပေးသော လွတ်လပ်ရေးမှာ အတုသာ ဖြစ်ကြောင်း အစ ကတည်းက သိရှိနေပြီး ဖြစ်သည့် ဗိုလ်ချုပ်သည် ဂျပန်လွတ်လပ်ရေး နှစ်ပတ်လည်နေ့ ဖြစ်သော ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ရက်နေ့က ဂျူဗလီဟော၌ ကျင်းပသော အခမ်းအနား၌ ဂျပန်ပေးသော လွတ်လပ်ရေးသည် အမည်ခံ အတုအယောင် လွတ်လပ်ရေး နှစ်ပတ်လည် မိန့်ခွန်း အဖြစ် ပြောကြားခဲ့ခြင်း ဖြစ်သည်။ ဤအကြောင်းကို အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး စလင်းက သူ၏ Defeat into Victory စာအုပ်တွင် ယခုလို ဖော်ပြခဲ့သည်။

'On the 1st August 1944 he (Aung San) was bold enought to speak publicy with contempt of the Japanese brand of Independence. And it was clear that, did not soon liquidate him, he might prove useful to us.'

ဗိုလ်ချုပ်အောင်ဆန်း ဂျပန်များရှေ့တွင်ပင် ဂျပန်တို့ပေးသော လွတ်လပ်ရေးသည် အယောင်ဆောင် လွတ်လပ်ရေးသာဖြစ်ကြောင်း မကွယ်မဝှက်ဘဲ ဘွင်းဘွင်းနှင့်ရှင်းရှင်း ဖွင့်ပြောရဲသူ ဖြစ်လေသည်။ သူအနေနှင့် ဟုတ်တိုင်းမှန်ရာကို ဖွင့်ချခဲ့ကြောင်း ကွယ်လွန်သူ နိုင်ငံတော်သမ္မတကြီး ဒေါက်တာမောင်မောင်ကလည်း သူ၏ **Burma in the family of Nations** စာအုပ်တွင် ဤသို့ ရေးသားခဲ့သည်။

'Our 'Independence' exists only on Paper, said Aung San with courageous forthrightness at a celebration of the first independence anniversary, the peoples have yet to enjoy its benefits. Only the privileged few such as ministers-like myseft-and their hangers-on, the commercial exploiteers and the newly-rich, reap the fruits of this independence. A long and hard road still lies between us and our goal. 'Such frank talk did not please the Japanese, but rallied the people.

http://mmteashop.com
http://mmteashop.com

တပ်မ၊ တပ်တော်ကြီးများကို ကွပ်ကဲအုပ်ချုပ်၍ တိုက်ခိုက်ကြသော ခေါင်းဆောင် ဗိုလ်ချုပ်ကြီးများသည် စစ်မြေပြင်တွင် အခြေအရံ၊ အဆောင်အယောင်များနှင့် တကွ ဌာနချုပ် (Head Quarters)ကို ထည်ထည်ဝါဝါ ဖွင့်လှစ်ကာ ကွပ်ကဲ တိုက်ခိုက် ကြစမြဲ ဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဌာနချုပ်မှာကား ထည်ဝါမှုကင်း၍ ပကာသန ရှင်းလှကြောင်း အစ္စရေး နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း ဗိုလ်မှူးချုပ် မောင်မောင်က ဗိုလ်ချုပ်အောင်ဆန်း၏ ဌာနချုပ်ကို **On the march with Aung San** ဆောင်းပါးတွင် ဤသို့ ပုံဖော် ရေးချယ် ချဲ့ခဲ့လေသည်။

"General Aung San's paraphernalia of office were Simple. He had an American army binocular and an American style helmet made of pressed cardboard and one rather handsome Janpanese officer's sword. He had few clothes; he had a Janpanese style green bush shirt and cotton breeches and some vests, towels and native cotton longyi. All these clothes he made into a small bundle with another Burmese longyi, and all along the march to commander-in-chief's Possessions were carrid in this undignified manner."

“ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးကိရိယာ တန်ဆာပလာက ရိုးရှင်းလှသည်။ သူ့တွင် အမေရိကန် စစ်သုံးမှန် ပြောင်းတစ်လက်၊ စက္ကူကတ်ထူ ပြားဖြင့် ပြုလုပ်ထားသည့် ဦးထုပ် တစ်လုံးနှင့် ဂျပန်အရာရှိများ ကိုင်ဆောင်လေ့ရှိသည့် ဓားရှည် တစ်ချောင်းတို့သာဖြစ်သည်။ စစ်ဝတ်စုံ ဆိုလို့လည်း အနည်းငယ်သာ ရှိသည်။ အစိမ်းရင့်ရောင် ရှပ်အင်္ကျီတစ်ထည်၊ ချည်ဘောင်းဘီ၊ စွပ်ကျယ်တချို့၊ တဘက်များနှင့် ပုဆိုး တစ်ထည်သာ ရှိသည်။ ဤအဝတ် အစား အားလုံးကို ပုဆိုးတစ်ကွင်းနှင့် ထုပ်၍ ချီတက်ရာ လမ်းတစ်လျှောက်တွင် စစ်သေနာ ပတိချုပ်၏ ပိုင်ဆိုင် သမျှ အကုန်အဖြစ် သယ်ဆောင် သွားခဲ့လေသည်။” ဟူ၍ဖြစ်သည်။



http://mmteashop.com
http://mmteashop.com

## ပြည်သူ့လွတ်လပ်ရေးတပ်မတော်

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် ည ၇ နာရီတွင် သရက်ခရိုင် ပုဏ္ဏားရွာ၌ ဖွင့်လှစ်ထားသော ပထမယာယီ ပြည်သူ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်မှ တစ်နိုင်ငံလုံးရှိ ဖက်ဆစ် ဂျပန်တို့ကို တော်လှန်ကြောင်း ကြေညာခြင်း သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးကြီးကို စတင်ခဲ့သလို ဤနေ့ ဤရက်သည်ပင် မြန်မာ့သမိုင်းဝင် တပ်မတော်နေ့ကြီးလည်း ဖြစ်တည်လာသည်မှာ နှစ်ပေါင်း (၆၆)နှစ် တိုင်ခဲ့ပြီးဖြစ်ပါသည်။

## ပြည်သူ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်ကို

ဖက်ဆစ် တော်လှန်ရေး ကာလတစ်လျှောက် ၁၉၄၅ ခုနှစ် ဧပြီလ ၁၄ ရက် ည ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များ ရောက်ရှိလာပြီး နောက်ပိုင်းမှ စ၍ အမြဲတမ်း စစ်ဌာနချုပ် အဖြစ် ဖွင့်လှစ်ခဲ့ပြီး ဖက်ဆစ် ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ ခုနှစ် မေလ ၃၀ ရက်နေ့တွင် အိန္ဒိယပြည် ဒေလီမြို့ရှိ မဟာမိတ် စစ်ဌာနချုပ်တွင် ပြုလုပ်သည့် အစည်းအဝေး တစ်ခုမှ ဗမာ့တပ်မတော်၏ ဆောင်ရွက်ချက်သတင်းများကို မှန်ကန်စွာ ရေးသားရန်နှင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်း ဆောင်သည့် ဗမာ့တပ်မတော်ကို အမည်သစ် မှည့်ခေါ်ရန် ဆုံးဖြတ်ခဲ့လေသည်။

## မျိုးချစ်ဗမာ့တပ်မတော်

သို့နှင့် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဗမာ့တပ်မတော် ကို **မျိုးချစ်ဗမာ့တပ်မတော်** Patriotic Burmese Forces (PBF) ဟု ခေါ်ဝေါ်သုံးစွဲရန် တရားဝင် ပြောင်းလဲသတ်မှတ် ခဲ့သည်။

ဗမာ့ မျိုးချစ် တပ်မတော်ကို အမြဲတမ်း ဗမာ့ တပ်မတော်အဖြစ် ဖွဲ့စည်းနိုင်ရေး အတွက် သမိုင်းဝင် "ကန္ဒီ" သဘောတူညီချက် စာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်

မောင့်ဘက်တန်တို့ ၁၉၄၅ ခုနှစ်စက်တင်ဘာလ ၇ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့လေသည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဗမာ့ တပ်မတော်၌ ဗိုလ်မှူးချုပ် အဆင့်ဖြင့် လက်ထောက် စစ်ဆေးရေး အရာရှိချုပ် ရာထူးဖြင့် ဗိုလ်ချုပ်အား ကမ်းလှမ်းသည်ကိုပင် လက်မခံဘဲ မျိုးချစ် ဗမာ့တပ်မတော်၏ ဗိုလ်ချုပ် ရာထူးမှ နုတ်ထွက်ခဲ့ပြီး နိုင်ငံရေး နယ်ပယ်သို့ ဝင်ရောက်ခဲ့တော့စည်။

မြန်မာ့တပ်မတော်သည် ခေတ်အမျိုးမျိုး၊ နာမည် အမျိုးမျိုးဖြင့် စနစ်အမျိုးမျိုးကို ကျော်ဖြတ်ခဲ့ရသော်လည်း တပ်မတော်၏ တစ်ချောင်းတည်းသော စိတ်မှာ နိုင်ငံတော် လွတ်လပ်ရေးနှင့် လွတ်လပ်ပြီး ကာလတွင်လည်း ကာကွယ်ရေးနှင့် တည်ဆောက်ရေး တာဝန်များကို ပြည်သူများနှင့် အတူ လက်တွဲ ဆောင်ရွက်ခဲ့သည်ကို သမိုင်းတွင် အထင်အရှား တွေ့ခဲ့ ကြရပြီး ဖြစ်ပေသည်။ ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က တိုင်းပြည်သို့ ထုတ်ပြန် ကြေညာရာတွင် -

"ငါတို့ တပ်မတော်သည် ပြည်သူများမှ ဖြစ်ပေါ်လာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူများ၏ အကျိုးကို စောင့်ရှောက် ကာကွယ်ရန်သာ ဖြစ်သည်။ ထိုကြောင့် ငါတို့ တပ်မတော်သည် ပြည်သူ့ တပ်မတော်သာ ဖြစ်သည်။ ပြည်သူ့ တပ်မတော်သည် ပြည်သူတို့၏ လက်ရုံး၊ လက်သီး၊ ပြည်သူများ၏ ဓားသွားအဖြစ် စေရမည်။ ထိုလက်ရုံး၊ လက်သီး၊ ဓားသွားသည် ပြည်သူများ၏ ရန်သူကို တွန်းလှန်ရန် ဖြစ်သည်။ ထို - လက်ရုံး၊ လက်သီး၊ ဓားသွားသည် ပြည်သူများ၏ အကျိုးကို ကာကွယ်ရန်သာ ဖြစ်သည်ဟု အခိုင်အမာ ဆိုခဲ့ပေသည်။ တစ်ဖန် -

"ဒီနိုင်ငံရေးဟာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးရဲ့ အကျိုးအတွက် ဖြစ်တယ်။ ဒါကြောင့် ဒီနိုင်ငံရဲ့အကျိုးကို ကာကွယ်ရမယ့် ဗမာ့တပ်မတော်ဟာလည်း ဗမာတစ်နိုင်ငံလုံး တစ်မျိုးသားလုံး အတွက် ဖြစ်တယ်ဆိုတာ နားလည်ရမယ်။ ဒီတပ်မတော်ဟာ လူတစ်ဦး



http://mmteashop.com http://mmteashop.com

တစ်ယောက်အတွက် တည်ထောင်ထားတာ မဟုတ်၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အတွက် ဖြစ်တယ်ဟု ၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့က စစ်တက္ကသိုလ် ကျောင်းဆင်းပွဲ၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့ပေသည်။

ထို့အပြင် ဗိုလ်ချုပ်ကြီးနေဝင်း ကာကွယ်ရေး ဦးစီးချုပ်တာဝန် ထမ်းဆောင်စဉ်က တပ်မတော် သားတို့အား ပညတ်ချက် အမိန့် ထုတ်ပြန်ရာတွင်-

ငါတို့ တပ်မတော်တွင် ကမ္ဘာ့အရပ်ရပ်ရှိ တပ်မတော်များ၌ ရှိသော အင်္ဂါအရပ်ရပ် အားလုံး ရှိရမည်။ အဓိကအားဖြင့် အောက်ပါအချက် နှစ်ချက်တွင် ပိုမိုထူးချွန်ရမည် -

(၁) အမျိုးအစား ပို၍ ကောင်းရမည်။

(၂) ပြည်သူလူထုနှင့် တစ်ဆက်တည်းဖြစ်ရမည်။

ဟူ၍လည်းကောင်း၊ ပြည်သူ လူထုနှင့် ပတ်သက်၍ ငါတို့တွင် ရှိရမည့် အဓိက ရည်ရွယ်ချက် များမှာ -

(၁) ပြည်သူလူထုကို စိတ်ရောကိုယ်ပါ တကယ့် စေတနာနှင့် ကူညီ ရိုင်းပင်း စောင့်ရှောက် ရန်နှင့်

(၂) မည်သည့်ကိစ္စ ဆောင်တာမျိုးကို မဆို ဆောင်ရွက်ရာ၌ ကိုယ်ကျိုးကိုသော် လည်းကောင်း၊ လူနည်းစု တစ်စု၏ အကျိုးကိုသော်လည်းကောင်း မရည်ရွယ်ဘဲ ပြည်သူ လူထု၏ အကျိုး တစ်ခုတည်းကိုသာ ရှေးရှုရန် ဖြစ်၏ ဟူ၍ဖော်ပြ ထားပေးသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် တရားဝင် မွေးဖွား လာခဲ့သော ဗမာ့ လွတ်လပ်ရေး တပ်မတော်မှသည် ယနေ့ခေတ် ခေတ်မီ တပ်မတော်ကြီး အထိ အဆင့်ဆင့် ဖြစ်တည် ပေါ်ထွန်းလာသော တပ်မတော်ကြီးသည် (၆၆)နှစ်မြောက် တပ်မတော်နေ့မှသည် နောင် နှစ်ပေါင်းများစွာ တိုင်အောင်လည်း နိုင်ငံတော် ကာကွယ်ရေး၊ နိုင်ငံတော်



http://mmteashop.com
http://mmteashop.com

တည်ဆောက်ရေးနှင့် အမျိုးသားရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် နိုင်ငံသားများနှင့် အတူ လက်တွဲ ဆောင်ရွက်သွားမည့် တပ်မတော်ကြီး အဖြစ် ယုံကြည်စွာ လက်တွဲ သွားကြ ရမည်သာ ဖြစ်လေသည်။ ။



http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ် နှင့် တပ်မတော်



ပြည်သူ့ တပ်မတော်ကြီး၏ မူလအစ အမြုတေ ဖြစ်သည့် ရဲဘော်သုံးကျိပ်ကို သခင်အောင်ဆန်း ခေါင်းဆောင်ချက် `မီနာမီကီကန်´ ခေါ် ဂျပန် စစ်ထောက်လှမ်းရေး အဖွဲ့ အကူအညီဖြင့် ၁၉၄၁ ခုနှစ်က ဟိုင်နန်ကျွန်းတွင် လျှို့ဝှက်စွာ စစ်ပညာ လေ့ကျင့် သင်ကြားရာမှ အစ ပြုခဲ့သည်ဟု ဆိုချင်သည်။

http://mmteashop.com
http://mmteashop.com

နောင်တစ်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာသည့် ကိုအောင်ဆန်းသည် B.A ဘွဲ့ ရရှိပြီးနောက် B.L ခေါ် ဥပဒေဘွဲ့ အတွက် ပညာသင်ကြား နေဆဲမှာပင် နိုင်ငံ လွတ်လပ်ရေး အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန် တက္ကသိုလ်မှ ထွက်ပြီးနောက် ဗမာ့ ထွက်ရပ်ဂိုဏ်း (All Burma Freedom Bloc)ကို သခင် ခေါင်းဆောင်များ၊ ကျောင်းသား ခေါင်းဆောင်များ၊ ဝါရင့် နိုင်ငံရေးသမား လူကြီးများထဲမှ ဒေါက်တာဘမော်၊ ဒေါက်တာ သိမ်းမောင် စသည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်း လိုက်လေသည်။ ထိုစဉ်ကပင် ဗမာ့ထွက်ရပ် ဂိုဏ်း ခေါင်းဆောင်များက "ခေတ်မီ လက်နက်ကိုင် တပ်မတော်" ဖြစ်မြောက် လာရေး အတွက် နိုင်ငံခြား အကူအညီ ရရှိရန် လျှို့ဝှက်ကြံစည် နေခဲ့ပြီး ဖြစ်သည်။

## ငါးကျပ်တန်ဝရမ်း

သခင်အောင်ဆန်းသည် မြန်မာပြည်သူလူထု (အထူးသဖြင့် တက်ကြွသော လူငယ်ထု) အား "နယ်ချဲ့ ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး တိုက်ပွဲဝင်ရန် အဆင်သင့် ပြင်ကြလော့" ဟူသည့် ကြွေးကြော်ချက်ဖြင့် ခရီး လှည့်လည် ဟောပြောနေခိုက် ဟသ်ာတဆိုင်ရာ ရာဇဝတ်ဝန် (ခရိုင်ရဲဝန်) မျက်နှာဖြူလူမျိုး "ဖေဗီးယား" ဆိုသူက နိုင်ငံရေး အရ သိက္ခာချသည့် သဘောဖြင့် "အောင်ဆန်းကို ဖမ်းမိပါက ဆုတော်ငွေ ငါးကျပ် ချီးမြှင့်မည်" ဟု ကြေညာ ခဲ့သည်။

သခင်အောင်ဆန်းက နယ်ချဲ့ အင်္ဂလိပ်ကို လက်နက်ကိုင် တိုက်ခိုက်၍ လွတ်လပ်ရေး အရယူရန် တဖွဖွ ပြောနေပြီး ပြောက်ကျားနည်းဖြင့် တိုက်ခိုက်ရန်လည်း စီမံချက် တစ်ရပ်ကို ရေးဆွဲ တင်ပြခဲ့သည့် အလျောက် နှုတ်မှလည်း "ဓားပြတိုက်တဲ့ လူတွေတောင် လက်နက်ရအောင် ကြံနိုင်လို့ ရှိရင် ကျုပ်တို့လို စနစ်တကျ စည်းရုံးထားတဲ့ လူတွေအဖို့ ဘာဖြစ်လို့ မရနိုင်ရမှာလဲ" ဟု ခပ်တည်တည်ပင် ပြောခဲ့ဖူးသည်။

သို့နှင့် သခင်အောင်ဆန်းနှင့် ရေနံမြေ အလုပ်သမားခေါင်းဆောင် သခင်လှမြိုင် (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်)တို့ နှစ်ဦး မည်သည့် အဆက်အသွယ်မျှ မရှိဘဲ



http://mmteashop.com
http://mmteashop.com

နော်ဝေ နိုင်ငံပိုင် တရုတ်သင်္ဘော "ဟိုင်လီ" ဖြင့် တရုတ်ပြည် "အမွိုင်"မြို့သို့ ရောက်ရှိသွားခဲ့သည်။ ထိုမှတစ်ဆင့် ဂျပန်ဗိုလ်မှူးကြီး ဆူဇူကီ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ၁၉၄၀ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ရောက်ရှိ သွားလေသည်။

## ရဲဘော်သုံးကျိပ်

ရဲဘော်သုံးကျိပ်ဟု ဆိုသော်လည်း စစ်ပညာ သင်ကြားခဲ့သူမှာ ၂၇ ဦးသာ ရှိပေသည်။ မူလ အရေအတွက်မှာ ၃၀ ဖြစ်သော်လည်း သခင်အောင်ဆန်းတို့နှင့် အယူအဆ မတူသူ နှစ်ဦးက စစ်ပညာ သင်တန်းကို မတက် ရောက်ကြဘဲ သခင်ထွန်းအုပ်မှာမူ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိုသာ လေ့လာခဲ့သည့် အတွက် ၂၇ ဦးဟု ဆိုရခြင်းဖြစ်သည်။ ထိုအချိန်က တို့ဗမာအစည်းအရုံး ခေါင်းဆောင်ပိုင်းတွင် အုပ်စုနှစ်စု ကွဲပြားနေသည်ဟု ဆိုသည်။ သခင်ကိုယ်တော်မှိုင်းနှင့် သခင်မြတို့က တစ်စုနှင့် သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့က တစ်စုဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင် လူငယ်များအား ဂျပန်သို့ စေလွှတ်ရာတွင် သခင်ကိုယ်တော်မှိုင်းနှင့် သခင်မြတို့ ခေါင်းဆောင်သော အုပ်စုက သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်)၊ သခင်စံလှိုင် (ဗိုလ်မှူးအောင်)၊ ကိုရွှေ (ဗိုလ်ကျော်ဇော)စသည် တို့ကို စေလွှတ်ခဲ့ပြီး သခင်ထွန်းအုပ်နှင့် သခင်ဗစိန် အုပ်စုက သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်အောင်သန်း (ဗိုလ်စကြာ)၊ သခင်ထွန်းအုပ်(ဗိုလ်မြင့်ဆွေ)၊ ဗိုလ်မိုးညို၊ ဗိုလ်စောအောင်၊ ဗိုလ်စောနောင် စသည်တို့ကို စေလွှတ်ခဲ့သည်။

ဗိုလ်မှူးကြီး ဆူဇူကီးသည် သခင်အောင်ဆန်းနှင့် တိုင်ပင်ပြီး ကျန်လူငယ်များကို သခင်အောင်ဆန်း ကိုယ်တိုင်ပင် ဂျပန်နိုင်ငံမှ မြန်မာပြည်သို့ လျှို့ဝှက်စွာ ပြန်လာပြီး ဂျပန်စစ်ဘက် (ရေတပ်မတော်)၏ အကူအညီဖြင့် ခေါ်ယူရန် ဆုံးဖြတ် ခဲ့ပြီးနောက် ဂျပန်ပြည်သို့ ၁၉၄၁ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဒုတိယအကြိမ် ပြန်လည် ထွက်ခွာခဲ့သည်။

http://mmteashop.com
http://mmteashop.com

## ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)

နိုင်ငံတော်အတွက် ခိုင်မာစွာ ရပ်တည်လျက် ရှိသော ယနေ့ "ပြည်သူ့တပ်မတော်ကြီး၏ မူလအစ အမြုတေဖြစ်သည့် ရဲဘော်သုံးကျိပ်ကို သခင်အောင်ဆန်း ခေါင်းဆောင်လျက် "မီနာမီကီကန်" ခေါ် ဂျပန်စစ် ထောက်လှမ်းရေးအဖွဲ့ အကူအညီဖြင့် ၁၉၄၁ ခုနှစ်က ဟိုင်နန်ကျွန်းတွင် လျှို့ဝှက်စွာ စစ်ပညာလေ့ကျင့် သင်ကြားရာမှ အစပြုခဲ့သည်ဟု ဆိုချင်ပါသည်။

ရဲဘော်သုံးကျိပ်တို့သည် စစ်ပညာ သင်ကြားပြီးနောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အခြေချနေထိုင်သူ မျိုးချစ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့် ဦးလွန်းဖေ၏ နေအိမ်၌ ထိုင်းနိုင်ငံရှိ မြန်မာအမျိုးသား ကျန်းမာသန်စွမ်းသူများ စုစည်းလျက် ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ) Burma Independence Army (BIA) ကို စတင် တည်ထောင် လိုက်လေသည်။ ယင်းနောက် မြန်မာပြည်တွင်းသို့ ဂျပန်တပ်နှင့်အတူ ချီတက်လာခဲ့ရာ ပြည်တွင်းသို့ ဝင်ရောက်မိသည်နှင့် ခရီးတစ်လျှောက်တွင် မြန်မာနိုင်ငံအောက်ပိုင်းမှ ကျန်းမာသန်စွမ်းသူ လူငယ်များ တပ်မတော်သို့ အလုံးအရင်းနှင့် ဝင်ရောက်အမှုထမ်း ခဲ့ကြသည်။ ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အောင်မြင်စွာ သိမ်းပိုက် လိုက်နိုင်ချိန်တွင် စစ်သည် အင်အားမှာလည်း သုံးသောင်းကျော် အထိ တိုးတက်လာခဲ့သည်။

## ဘီအိုင်အေမှ ဘီဒီအေ

ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ရန်ကုန်မြို့ကို သိမ်းပိုက် ပြီးနောက် လျင်မြန်စွာ တိုးပွားလာသော စစ်သည် အင်အားများကို ဂျပန်စစ်ခေါင်းဆောင်များက သံသယဝင်လာပြီး ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် BIA ကို ဖျက်သိမ်းလိုက်ပြီး ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ) Burma Defence Army



http://mmteashop.com
http://mmteashop.com

(BDA)ကို စစ်သည်အင်အား တပ်ရင်း သုံးရင်းဖြင့်သာ ဖွဲ့စည်းစေသည်။ ဗိုလ်ချုပ် အောင်ဆန်းကိုလည်း ကာနယ်ခေါ် ဗိုလ်မှူးကြီး အဆင့်ဖြင့်သာ ဘီဒီအေကို ကွပ်ကဲ စေခဲ့သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေး (အတု အယောင်) ပေးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ဗိုလ်မှူးကြီးအဆင့်မှ Major General (ဗိုလ်ချုပ်) အဆင့်သို့ ပြန်လည် တိုးမြှင့်ကာ ဗမာ့တပ်မတော်၏ သေနာပတိနှင့် ဝန်ကြီးအဖွဲ့တွင် စစ်ဝန်ကြီးရာထူးပေးအပ်ခဲ့သည်။

### ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး

၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၇ ရက်အတွင်း ပဲခူးမြို့ရှိ မြန်မာ့ တပ်မတော် စံပြ တပ်ရင်းတွင် တပ်မတော် ခေါင်းဆောင်များနှင့် နိုင်ငံရေး ခေါင်းဆောင်များ လျှို့ဝှက် စည်းဝေးကာ ဗိုလ်ချုပ်အောင်ဆန်း တင်ပြသော "ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်" ဖွဲ့စည်းရန် အဆိုပြုချက်ကို အားလုံးက လက်ခံ အတည် ပြုပြီးနောက် ဖက်ဆစ်ကို တော်လှန်ရန် စနစ်တကျ ဆုံးဖြတ် အကောင်အထည် ဖော်လိုက် သည်။ ယင်းနောက်ပိုင်းတွင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို အဓိက အင်းအား အဖြစ် စည်းရုံး သိမ်းသွင်းလျက် မြန်မာ့သမိုင်းတွင် မကြုံစဖူး ထူးကဲသော စည်းလုံး ညီညွတ် မှုဖြင့် ပြည်သူ တစ်ရပ်လုံးပါဝင် ဆင်နွှဲသည့် ဖက်ဆစ် တော်လှန်ရေးကြီးကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင် ဆင်နွှဲခဲ့ပေသည်။

ထိုနေ့ကား နိုင်ငံတော်အတွက် သွေးစည်း ညီညွတ်စွာ ဖွဲ့စည်း ဖြစ်ပေါ် လာသည့် တပ်မတော်နေ့ နေထူးနေ့မြတ်လည်း ဖြစ်လေသည်။ ။



http://mmteashop.com
http://mmteashop.com



ဗမာ့ကာကွယ်ရေးတပ်မတော်ကာလက ပျဉ်းမနားမြို့တွင် ဖွင့်လှစ်ထားသော တပ်ရင်း(၁)တွင် ဗိုလ်ချုပ်အောင်ဆန်း တပ်ကိုစစ်ဆေးစဉ်



ဗမာ့ကာကွယ်ရေးတပ်မတော်ကာလက တပ်ရင်း (၂)တွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်



ဂျပန်ခေတ် အစိုးရအဖွဲ့တွင် စစ်ဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို အစိုးရအဖွဲ့နှင့်အတူ တွေ့ရစဉ်

http://mmteashop.com
http://mmteashop.com



ဂျပန်ခေတ် ဝန်ကြီးချုပ် ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာသိမ်းမောင်နှင့်
စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၉၄၃)

တော်လှန်ရေးစတင်ဆင်နွှဲသည်နှင့် ဂျပန်စစ်ဘက်ဌာနမှ ၎င်းတို့၏ စစ်တပ်များ ရှိရာသို့
ပေးပို့ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံ ပါရှိသော ပိုစတာ

http://mmteashop.com

## ဂျပန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုချက်



(၁) ပုန်ကန်ရေးခေါင်းဆောင်

(၂) မတ်လ ၁၆ ရက်နေ့က ပြည်မြို့ ခရိုင်ဝန်ရုံးကို သွားရောက်ခဲ့

(၃) မွေးရာဇာတိ ဖြစ်သည့် ရေနံချောင်းခရိုင် တောင်တွင်းကြီး မြို့နယ် နတ်မောက်ကို သွားဟန်တူ

(၄) မတ်လ(၂၇)ရက်က သရက်မြို့မှ ထွက်ခွာသွား

(၅) ခေတ္တ ရှေ့တန်းကို ရောက်သော်လည်း မြစ်ဝကျွန်းပေါ်သို့ သွားမည်ဟု သိရ။ ခင်မင် ရင်းနှီးသူ မိတ်ဆွေကို အတွင်းစကား ပြောခဲ့။ (စုံစမ်း စစ်ဆေးရေး အချက်အလက်-ခ)

http://mmteashop.com

(၆) မြစ်ဝကျွန်းပေါ်ဒေသ၊ ဝါးခယ်မမြို့နားမှာ ပုန်းနေတယ် သတင်းရ။ (စုံထောက် သတင်း - ၁)

(၇) မိသားစု၏ အိမ်သူအိမ်သားများ ဗားကရာ သင်္ဘောဆိပ်မှ ၁၉ ရက်နေ့က ပုဂ္ဂလိကပိုင် လှေ(မော်တော်) နှင့်ဖျာပုံကို သွားမည်ပြောပြီး ထွက်သွား၊ ထို့အပြင် ၎င်း၏ ဇနီးကလည်း မြောင်းမြမြို့ကို သွားမည်ဟု ပြောဖူး။

(၈) အိမ်သူအိမ်သားများက လက်ရှိ ခရိုင်ဝန်ဆီ အကူအညီ တောင်းဖူး၊ ဇနီးသည်က သူ့ဇာတိ မြောင်းမြသို့ ပြောင်းရွှေ့လိမ့်မည်။



http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ် နှင့် ဘူရှီဒို

ဘူရှီဒိုဒေါ်နိပွန်စကား၏ အဓိပ္ပာယ်မှာ များစွာ ကျယ်ဝန်းလှ၍ အတိုချုပ် အားဖြင့်ဆိုသော် "မတရားမှုမှန်သမျှကို ကာကွယ်၍ တရားသဖြင့် ဖြစ်အောင် ဆောင်ရွက် ရမည်" ဟူသော စစ်သားတိုင်း စောင့်ထိန်း ကြရမည့် ဂုဏ်သိက္ခာ သမာဓိကိုပင် ဆိုလိုခြင်း ဖြစ်လေသည်။



http://mmteashop.com
http://mmteashop.com

ဟာသ်ာတစီရင်စု ရာဇဝတ်ဝန်မင်း မစ္စတာ ဒီဒဗလျူ ဟယ်ရီဆင် ဇေဗီယာ (D.W.Harrison Xavier)က အစိုးရ အကြည်ညို ပျက်လောက်အောင် တရား ဟောပြော မှုဖြင့် သခင်အောင်ဆန်းအား ဆုတော်ငွေ ငါးကျပ်တန် ဖမ်းဝရမ်းကို ၁၉၄၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်နေ့တွင် ထုတ်ပြန် ခဲ့လေသည်။ သည့်နောက်ပိုင်း သခင်အောင်ဆန်းနှင့် သခင် လှမြိုင်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ပြည်ပ အကူအညီရှာဖွေရန် နော်ဝေနိုင်ငံပိုင် ဟိုင်လီ Hailee သင်္ဘောဖြင့် တရုတ်ပြည်သို့ လျှို့ဝှက်စွာ ထွက်ခွာ ခဲ့ကြလေသည်။ ထိုစဉ်က သခင်အောင်ဆန်းသည် တရုတ်အမည် “တန်လူရှောင်”၊ သခင်လှမြိုင်က “တန်ဆူတောင်” ဟု လျှို့ဝှက် အမည်ခံယူ၍ ပြည်ပ အကူအညီရ ယူရန် တရုတ်ပြည်သို့ ထွက်ခွာ ခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် တရုတ်ပြည် အမွိုင်မြို့ရှိ ကူလန် ကျွန်းစုသို့ ရောက်ရှိခဲ့ကြပြီး ထိုမှတစ်ဆင့် ထိုင်ဝမ်ကျွန်း(တရုတ်တိုင်ပေ) ထိုမှတစ်ဆင့် ဂျပန်ပြည် တိုကျိုမြို့သို့ လေကြောင်းခရီးဖြင့် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ရောက်ရှိ သွားသည်။

## မြန်မာလူငယ်များကို ဂျပန်စစ်ပညာသင်မည်

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဂျပန် စစ်ဦးစီးချုပ်ရုံး တိုက်ရိုက် ကွပ်ကဲ မှုဖြင့် မြန်မာ လူငယ်များကို စစ်ပညာ သင်ကြားပေးရန်နှင့် မြန်မာပြည် လွတ်မြောက်ရေးကို ကူညီရန်အတွက် ဗိုလ်မှူးကြီးဆူဇူကီး Col. Suzuki ဦးဆောင်သော မီနာမီကီကန် အဖွဲ့ အစည်းကို တရားဝင် ဖွဲ့စည်းပြီးနောက် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မီနာမီ အဖွဲ့အစည်း ၏ အမိန့်အမှတ် (၁) ကို ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်အရ မြန်မာလူငယ်များကို ဂျပန် နိုင်ငံသို့ ခေါ်ဆောင်၍ စစ်ပညာများ သင်ကြားပေးရန်နှင့် မြန်မာ့လွတ်လပ်ရေး အတွက် သခင်အောင်ဆန်းကို အကူအညီ ပေးရန်ဖြစ်ရာ ဖေဖော်ဝါရီလ ၁၅ ရက်တွင် မီနာမီအဖွဲ့ဝင် မစ္စတာစုဂီး (မစ္စတာမီနာမီကာဝါ)နှင့် သခင်အောင်ဆန်းတို့သည် တိုကျိုမြို့ အနီးရှိ ကာဝါ ဆာကီ ဆိပ်ကမ်းမှ မြန်မာပြည် ပုသိမ်ဆိပ်ကမ်းသို့ ပြန်လည် ဝင်ရောက် ခဲ့သည်။ ထိုမှ

http://mmteashop.com
http://mmteashop.com

တစ်ဆင့် နိုင်ငံကူး လက်မှတ် အတုဖြင့် ရန်ကုန်မြို့သို့ မီးရထားဖြင့် ရုပ်ဖျက် ဝင်ရောက်ခဲ့လေသည်။

## ရဲဘော်သုံးကျိပ်

သခင်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံသို့ အသုတ်ခွဲ၍ ရောက်ရှိခဲ့ကြပြီး နောက်ပိုင်း ဟိုင်နန်ကျွန်း ဆန်းငရွာရှိ အခြေခံ စစ်သင်တန်း လေ့ကျင့်ရေး စခန်းမှ ဖော်မိုဆာကျွန်း တမာဆာတိုမြို့ရှိ ဗိုလ်သင်တန်း ကျောင်းသို့ ပြောင်းရွှေ့ကာ စစ်ပညာ သင်ကြား ခဲ့ကြလေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်

၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ထန္နမ်စတုံးလမ်း၊ ဘော်နီယိုခြံဝင်း အတွင်းရှိ မြန်မာလူမျိုး မျက်စိကု ဆရာဝန် ဦးလွန်းဖေ၏ နေအိမ်တွင် တပ်သားသစ်များနှင့် အတူ ရဲဘော်သုံးကျိပ် အဖွဲ့ဝင်များ ဖြစ်သော သခင်အောင်ဆန်း၊ သခင်လှဖေ၊ သခင်စောလွင်နှင့် သခင်သစ်တို့က ပထမအကြိမ် လက်မောင်းသွေးဖောက် သစ္စာ အဓိဋ္ဌာန်း ပြုကာ သွေးသောက်ပွဲ ပြုလုပ်ပြီး ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence) Army-BIA) ကို အုတ်မြစ် ချခဲ့သည်။

ဤကား မြန်မာနိုင်ငံကို ဗြိတိသျှတို့ အလုံးစုံ သိမ်းပိုက်ပြီး နောက်ပိုင်း ပထမဆုံး စနစ်တကျ ပေါ်ပေါက် လာသည့် တပ်မတော်ကြီး၏ နိဒါန်းသစ်ဟု ခေါ်ဆိုရမည် ဖြစ်ပေသည်။

http://mmteashop.com
http://mmteashop.com

## ဂျပန်စစ်ပညာ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ်တွင် ဂျပန်တို့၏ စစ်ပညာသည်လည်း တစ်ခန်းတစ်ကဏ္ဍ ပါဝင်သည် ဖြစ်ရာ ကျွဲကူးရေပါ ဆိုသလို ဂျပန်စစ်သည်တော်များ တရိုတသေ ကိုင်စွဲလေ့ရှိသည့် ဓားရှည်ကိုကိုင် ဆောင်သည့် အလေ့တစ်ခုလည်း ဂျပန်ခေတ် မြန်မာစစ်တပ် အတွင်းသို့ ရောက်ရှိခဲ့ပေသည်။

ဂျပန် စစ်သည်တော်များ ဓားရှည်ကို အဘယ်ကြောင့် တရိုတသေ ကိုင်စွဲကြသည်ကို ဟုမ်းလိုက်(စ်) မဂ္ဂဇင်းတွင် ဖော်ပြခဲ့ကြောင်း သတင်းစာဆရာကြီး လူထုဦးလှ၏ `သတင်းစာများက ပြောပြတဲ့ စစ်တွင်းဗမာ ပြည်´ ဒုတိယတွဲတွင် ဤသို့ ဖော်ပြထားသည်။

`နိပ္ပွန်လူမျိုးတို့မှာ ဓားရှည်ကြီးများသည် ရန်သူတို့အား ခုတ်သတ်ရန် တစ်ခုတည်း အတွက် အသုံးပြုကြသည် မဟုတ်။ နိပ္ပွန် စစ်သားတိုင်း စောင့်စည်း ထိန်းသိမ်း ကြရမည့် ဂုဏ်သိက္ခာကို ကာကွယ်ရန် အတွက်လည်း ဖြစ်ပေသည်။ ဘူရှိဒိုဒေါ်နိပ္ပွန်စကား၏ အဓိပ္ပာယ်မှာ များစွာ ကျယ်ဝန်းလှ၍ အတိုချုပ်အားဖြင့် ဆိုသော် `မတရားမှု မှန်သမျှကို ကာကွယ်၍ တရားသဖြင့် ဖြစ်အောင် ဆောက်ရွက်ရမည်´ ဟူသော စစ်သားတိုင်း စောင့်ထိန်း ကြရမည့် ဂုဏ်သိက္ခာ သမာဓိကိုပင် ဆိုလိုခြင်း ဖြစ်လေသည်။ နိပ္ပွန်တို့သည် မိမိတို့ အမြဲတမ်း ကိုင်ဆောင်သော ဓားရှည်ကြီးများကို အထွက်အမြတ် ထားလျက် နိပ္ပွန်တို့၏ ဝိညာဉ်စိတ် ကိန်းအောင်းရာ ဟူ၍လည်း ယူဆ ကြလေသည်။

ရှေးခေတ်အခါက နိပ္ပွန် စစ်သည်တော်များသည် မိမိတို့၏ ဓားကို အသိ သက်သေ ထားပြီး ကျိန်စာ ဆိုကြလေသည်။ ထိုစစ်သည်တော်ကြီးများသည် ဓားရှည်များကို ရန်သူ တို့အား တိုက်ခိုက်ရန် အတွက်သာ မဟုတ်။ အခြားသောသူများ၏ စိတ်ဓာတ်ကို ဆွဲဆောင် ရာ၌လည်း ထိုဓားကို ဓားအိမ်မှ မဖြုတ်ဘဲ စွမ်းဆောင်နိုင်သည်ဟု ယုံကြည် ကြသူများ ဖြစ်ကြ ပေသည်။ နိပ္ပွန်တို့သည် ဓားများကို များစွာမှပင် တရိုတသေ ကိုင်စွဲခြင်း ပြုကြသည့် အလျောက် ဓားများ လုပ်ကိုင် ရာတွင်လည်း ရိုရိုသေသေ လေးလေးစားစား လုပ်ကိုင်

http://mmteashop.com
http://mmteashop.com

ကြလေသည်။ ဓားလုပ်သော ပန်းဘဲသမားများလည်း ပန်းဘဲ အလုပ်ကိုသာလျှင် နားလည်ကြရမည် မဟုတ်၊ စိတ်ထားလည်း မြင့်မြတ်ကြဖို့ လိုပေသည်။

ဓားများလုပ်ကိုင်ရာ၌ နိပွန် ပန်းဘဲသမားများသည် စိတ်ရောကိုယ်ပါ လုပ်ကိုင်ကြရ လေသည်။ မြင့်မြတ် သောစိတ်၊ ဖြူစင်သော အဝတ်အစားများဖြင့် ရှိရှိသေသေ လုပ်ကိုင်သော ဓားများ ဖြစ်သဖြင့်လည်း မြင့်မြတ်ရာတွင် နိပွန်ဓားများသည် ရာလိုက်၊ ထောင်လိုက်၊ သောင်းလိုက် လုပ်ကိုင်သော ခေတ်မီ လက်နက်များနှင့် များစွာ အတန်းအစား ကွာခြား ပေသည်။

နိပွန်တို့သည် ဓားရှည်ကြီးများကို မိရိုးဖလာ ပစ္စည်း သဘောမျိုးဖြင့် တရိုတသေ သိမ်းဆည်း ကိုင်ဆောင်ကြသော အလေ့အထ ရှိလေသည်။ ရှေးအခါများက နိပွန် စစ်သည်တော်ကြီးများသည် မိမိတို့ လက်အောက်ရှိ စစ်သားများအနက် ထူးထူးချွန်းချွန်း သတ္တိကောင်းသူများကို မိမိတို့ ကိုင်ဆောင်သော ဓားများ လက်ဆောင် ပေးခြင်းဖြင့် ချီးမြှင့်ကြလေသည်´ ဟူ၍ ဖြစ်သည်။

ဗိုလ်ချုပ်သည် သခင်အောင်ဆန်း ဘဝမှ အသက် ငယ်ငယ် ရွယ်ရွယ်နှင့် စစ်ခေါင်းဆောင် ဘဝကို ရောက်ရှိ သွားသလို ဂျပန်တို့ထံမှလည်း အချိန်တိုတိုနှင့် တပ်မတော်ကြီး တစ်ခုလုံးကို ထိန်းချုပ် ကွပ်ကဲနိုင်သည့် စီမံခန့်ခွဲမှု အတတ်ပညာများ မည်ရွေ့ မည်မျှ ရရှိခဲ့ပြီး ဘူရှီဒိုခေါ် သူရဲကောင်း စိတ်ဓာတ်များလည်း မည်ရွေ့ မည်မျှ ကိန်းအောင် ခဲ့သည်ကိုတော့ ဗိုလ်ချုပ်နှင့် ထိတွေ့ဆက်ဆံ လုပ်ကိုင်ရသော ပုဂ္ဂိုလ်ကြီးများ၊ ရဲဘော်ရဲဘက်များ၊ ဗိုလ်ချုပ်နှင့် အနီးကပ် ထိတွေ့ခွင့် ရရှိသူများ သာလျှင် ပို၍ သိနိုင် လိမ့်မည် ဖြစ်ပါသတည်း။ ။



http://mmteashop.com
http://mmteashop.com



ဂျပန်စစ်ပညာတော်သင်ဘဝက ဗိုလ်လက်ျာ၊ ဗိုလ်စကြာနှင့် ဗိုလ်ချုပ်အောင်ဆန်း



ဂျပန်မိသားစုနှင့်အတူ တွေ့ရသည့် ဗိုလ်ချုပ်အောင်ဆန်း

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ် နှင့် ညီမြ

ရန်ကုန် တက္ကသိုလ်မှာ အရိုင်း အောင်ဆန်းနှင့် ကျောက်ရုပ် ညီမြတို့ တွေ့ဆုံ ကြပြီး အိုးဝေ မဂ္ဂဇင်း လုပ်ကြရာက သပိတ်မှောက် (ဝါ) ငါးပါး မှောက်ကုန် တယ်လို့ ဆိုချင် ဆိုနိုင်ပါတယ်။



http://mmteashop.com
http://mmteashop.com

"ရန်ကုန်တက္ကသိုလ်မှာ မဂ္ဂဇင်းနှစ်စောင် ရှိခဲ့တယ်။ ကောလိပ်မဂ္ဂဇင်းနှင့် သမဂ္ဂ မဂ္ဂဇင်းပါပဲ။ ကောလိပ်မဂ္ဂဇင်း က ငွေအားပိုကောင်းတယ်။ တစ်ကျောင်းလုံးနှင့် ဆိုင်လို့ စောင်ရေ ၃၀၀၀ လောက်ထုတ်ရတယ်။ ရန်ပုံငွေလည်း ၃၀၀၀ိ ရှိတယ်။ အယ်ဒီတာကို ကျောင်းအုပ်ကြီးက ရွေးချယ်ခန့်တယ်။ ဒါကြောင့် အလိုတော်ရိ မဂ္ဂဇင်းပေါ့။ သမဂ္ဂ မဂ္ဂဇင်း ကတော့ အသင်းဝင် ရှိသလောက်ပဲ ထုတ်ဝေတယ်။ သမဂ္ဂ အဖွဲ့ထဲကို တစ်ကျောင်းလုံး ဝင်လေ့ မရှိဘူး။ ဒါကြောင့် အသင်းဝင် ၅၀၀ရှိတယ် ဆိုလျှင် မဂ္ဂဇင်း ရန်ပုံငွေ ၅၀၀ိပဲ ရှိတယ်။ အယ်ဒီတာကို သမဂ္ဂ အမှုဆောင် အဖွဲ့က ခန့်တယ်။

သမဂ္ဂ အသင်းဆိုတာ လူဆူတွေ ခွစာတွေ စုရုံးရာ အရပ်မို့ သူတို့ မဂ္ဂဇင်းကတော့ အတိုက်အခံ အာဘော်ပေါ့။ ဥပမာဆိုရင် ကောလိပ်မဂ္ဂဇင်းက ပညာရေးဝန်ကြီး အတ္တုပ္ပတ္တိ ဦးစားပေး ထည့်မယ့်။ ကိုအောင်ဆန်းနဲ့ ကျွန်တော်တို့ ပူးတွဲ လုပ်တဲ့ နှစ်မှာတော့ တက္ကသိုလ် နယ်မြေ၏ လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးများ ဆိုတဲ့ ခေါင်းစဉ်နှင့် ပုံ (၁) မြက်ရိတ်တဲ့ မာလီကုလားကြီး၊ ပုံ (၂) သမဂ္ဂဒလဝမ် ဦးကံသိန်း ပုံတွေကို သမဂ္ဂ စာစောင်က ဦးထိပ်ထားတယ်။ ဒါကြောင့် သမဂ္ဂမဂ္ဂဇင်းဟာ အစိုးရက အာမခံ ငွေတောင်းတဲ့ အတိုက်အခံ စာနယ်ဇင်း စာရင်းမှာ အမြဲပါဝင်တယ်။"

အထက်ပါစာစုက ၁၉၇၁ ခုနှစ် နိုဝင်ဘာလထုတ် "အိုးဝေ၏ ရွှေရတုသဘင် လက်ရွေးစဉ်မှာ ဖော်ပြပါရှိခဲ့တဲ့ အိုးဝေးဦးညိုမြရဲ့ "ကျွန်တော် ငရဲခွေး ဆောင်းပါး ရေးစဉ်က" ဆောင်းပါးထဲက ကောက်နုတ် ဖော်ပြချက် တချို့ ဖြစ်ပါတယ်။

## ကိုအောင်ဆန်းနှင့်ကိုညိုမြ

ဟိုတစ်ခေတ်က သပိတ်မှောက်ရာမှာ ပါဝင်ခဲ့သူ စာရေးဆရာ ကိုဌေးမြိုင်ခေါ် ဒဂုန်တာရာက ကိုအောင်ဆန်းနဲ့ ညိုမြ အကြောင်းကို စစ်ပြီးခေတ်မှာ "သရုပ်ဖော် ဆောင်းပါးစာ" ရေးဖူးပါတယ်။ ကိုအောင်ဆန်းကိုတော့ **အောင်ဆန်း သို့မဟုတ် အရိုင်းတဲ့၊** ကိုညိုမြကိုတော့ **"ညိုမြ ခေါ် မတုန်မလှုပ် ကျောင်းရုပ်"** တဲ့။ ဆရာကြီး သခင်ကိုတော်မှိုင်း


http://mmteashop.com
http://mmteashop.com

ပြောဖူးတဲ့ ပုံပြင် တစ်ခုမှာတော့ ဆိတ်နဲ့ခွေး အဆွေခင်ပွန်း ဖွဲ့ပြီး အစား ရှာထွက်ကြသတဲ့။ အဲဒီလို့ပဲ ရန်ကုန်တက္ကသိုလ်မှာ **အရိုင်းအောင်ဆန်းနှင့် ကျောက်ရုပ်ညိုမြ**တို့ တွေ့ဆုံကြပြီး အိုးဝေ မဂ္ဂဇင်း လုပ်ကြရာက သပိတ်မှောက် (ဝါ) ငါးပါးမှောက် ကုန်တယ်လို့ ဆိုချင် ဆိုနိုင်ပါတယ်။

ကိုအောင်ဆန်းဟာ အရိုင်း ခွစာတစ်ဦး ဆိုပေမယ့် There is method in his madness ဆိုသလို အရိုင်းဘဝ ဆိုပေမယ့် ရည်ရွယ်ချက်နဲ့မို့ ခေသူတော့ မဟုတ်ခဲ့ပါဘူး။

၁၉၃၄ ခုနှစ်လောက်က ကိုအောင်ဆန်းနဲ့ ကိုညိုမြတို့ စတင် သိကျွမ်းချိန်မှာတော့ ကိုအောင်ဆန်းက သမဂ္ဂ အမှုဆောင် အဖွဲ့ဝင် ဖြစ်နေပြီး ဖြစ်ပါတယ်။ ကိုအောင်ဆန်းက ဘီအေ အောက်တန်းမှာ၊ ကိုညိုမြက ကျောင်းသား ဆိုပေမယ်လို့ ကိုညိုမြရဲ့ အစ်ကို ကိုတင်ထွဋ်နဲ့ ကိုစိုးတင့်တို့ရဲ့ မိတ်ဆွေများ ဖြစ်ကြတဲ့၊ အဲဒီအချိန်က တက္ကသိုလ်မှာ ကျူတာကြီးများ ဖြစ်ကြတဲ့ ဆရာဇော်ဂျီတို့ ဆရာမင်းသုဝဏ်တို့နဲ့ တစ်စားပွဲတည်း စားခဲ့သူလည်း ဖြစ်ပါတယ်။

တစ်ခါမှာတော့ ညစာ ထမင်းစားအပြီး ဆရာမင်းသုဝဏ်ရဲ့ အခန်းထဲမှာ ကိုညိုမြတို့ လေပန်းနေကြခိုက် ကိုအောင်ဆန်း ရုတ်တရက် ဝင်လာပြီး ဒီနှစ် သမဂ္ဂ မဂ္ဂဇင်းကို ကိုညိုမြက သူငယ်လေးလို့၊ ပညာကလည်း အိုင်အေတောင် မအောင်သေးလို့ မလုပ်ပါရစေနဲ့ ပြန်ပြောတော့ ကိုအောင်ဆန်းက ဂန္ထလောက မဂ္ဂဇင်းမှာ ကိုညိုမြ ရေးနေတာတွေကို သူအမြဲ ဖတ်နေတာမို့ ကိုညိုမြရဲ့ အရည်အချင်းကို သူသိနေတဲ့ အကြောင်း၊ ကြီးတာ ငယ်တာထက် ကောင်းတာက လိုရင်းဖြစ်ကြောင်း ကိုအောင်ဆန်းက ပြန်ပြောခဲ့ပါတယ်။

ဒါနဲ့ပဲ ကိုညိုမြက "ကိုင်း - ဒီလိုလုပ်ပါ၊ ကိုအောင်ဆန်းက ဘီအေ အတန်းရောက် နေပြီးမို့ ဒီနှစ်တော့ ခင်ဗျားပဲ အယ်ဒီတာလုပ်ပါ။ ကျွန်တော်က မဂ္ဂဇင်းအဖွဲ့မှာ အတွင်း ရေးမှူး လုပ်မယ်၊ အယ်ဒီတာ လုပ်စေချင်တယ်ဆို ရှေ့နှစ်ခါ လုပ်ကြတာပေါ့" ဆိုတဲ့ စကားနဲ့ပဲ ကိုအောင်ဆန်းနဲ့ ကိုညိုမြတို့ အပေးအယူ ဖြောင့်ခဲ့ကြရတယ်။

http://mmteashop.com
http://mmteashop.com

## အိုးဝေအစ ညိုမြက

ကိုအောင်ဆန်းက သူ့လက်ထက်မှာ သမဂ္ဂ မဂ္ဂဇင်းကို နာမည် ပြောင်းချင်တယ်။ မျက်နှာဖုံးမှာ အမြဲ သုံးခဲ့တဲ့အမည်က **ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ မဂ္ဂဇင်း**လို့ ဆိုတော့ အဲဒါကို သူက အင်မတန် ရှည်လျား လွန်းတယ်လို့ ထင်နေတယ်။ ဒါကြောင့် ကျောင်းသားများက နာမည်သစ် ပေးကြဖို့ ဖိတ်ခေါ်လိုက်တယ်။ **ရောင်နီ**တို့ **ရောင်ဖြူ**တို့ **ရောင်ခြည်သစ်**တို့ စသဖြင့် အမျိုးမျိုး ပေးကြပေမယ့် သူမကြိုက်ဖူး ဖြစ်နေတော့ နောက်ဆုံးမှာ ကိုညိုမြက သူ့ရင်ထဲမှာ ရှိနေတဲ့ နာမည်တစ်ခုကို ပြောပြလိုက်တယ်။

"ဒီမယ် ကိုအောင်ဆန်း၊ ကျွန်တော် မန္တလေးမှာ ကျောင်းနေတုန်းက ဒေါင်းယာဉ်ပျံ ဆိုတဲ့ ဇာတ်မင်းသမီးကလေး တစ်ယောက်ကို သဘောကျဖူးတယ်။ သူကတော့ ကျွန်တော် တို့နဲ့ ရွယ်တူလောက်ပါပဲ၊ လေဘာတီ မမြရင်လို အစ်မကြီး အရွယ်လို မဟုတ်ဘူး"

"ဆိုစမ်းပါဦး၊ ခင်ဗျား စွံခဲ့ရဲ့လား"

"ဒီလိုလည်း မဟုတ်ဘူးဗျ၊ အဲဒီဒေါင်းယာဉ်ပျံက သီချင်းဆိုတယ်။ အိုးဝေ အိုးဝေတဲ့၊ အဲဒီ အိုးဝေကိုပဲ ခုနစ်သံ ပြောင်းပြီးဆိုတာ နားထောင်လို့ မငြီးဘူးဗျာ"

"ဒီတော့ ဘာဖြစ်သလဲဗျ"

"ဒီတော့ နောင်အခါမှာ ကျွန်တော့်ရဲ့ ဝါသနာအတိုင်း စာနယ်ဇင်း လောကကို ရောက်ရင် **အိုးဝေ** ဆိုတဲ့ နာမည်နဲ့ ထုတ်မယ်လို့ စိတ်ကူးယဉ်မိတယ်၊ သဘောကတော့ မြန်မာပြည်သည် ဥဒေါင်းနိုင်ငံ၊ အိုးဝေသည် ဥဒေါင်းအသံပေါ့၊ အဲဒါပါပဲ။

"ဟဲ ဟဲ ကောင်းသားပဲဗျ၊ အဲဒီအတိုင်း ကျွန်တော်တို့ တက္ကသိုလ် သမဂ္ဂ မဂ္ဂဇင်းကို "အိုးဝေ" လို့ နာမည် မှည့်လိုက်ရုံပေါ့။ သဘောတရားချင်း အတူတူပါပဲ"

http://mmteashop.com
http://mmteashop.com

“အလို ဘုရား ဘုရား ဒီလိုဆိုတော့လည်း ကျွန်တော့်မှာ (အရင် ဆုံးပြီး ဆားလင်း ကုန်းရောက်) သလို ဖြစ်နေပြီ၊ ကျွန်တော် ကျောင်းထွက်ပြီး သတင်းစာ ထောင်တော့ ဘာနာမည်ကို သုံးရမလဲ”

“အိုးဝေ လို့ပဲ ခေါ်ပေါ့ဗျာ၊ သတင်းစာက နေ့စဉ်ထုတ်ပဲ၊ ကျွတ်တော်တို့ သမဂ္ဂအသင်းက တစ်နှစ်မှ တစ်ကြိမ်ထုတ် ဆိုတော့ စီးပွားရေးချင်း တခြားစီပဲ”

“ကျွန်တော်ပေးတဲ့ ဒီနာမည်ကို ကျွန်တော်ကပဲ ခိုးချသလို ဖြစ်မနေပါလား”

“ဒါတော့ မပူပါနဲ့၊ အကြောင်းရှိရင် ကျွန်တော်က သက်သေလိုက်မှာပေါ့”

ဒီလိုနဲ့ ကိုအောင်ဆန်းရယ်၊ ကိုညိုမြရယ် နှစ်ဦးပေါင်းပြီး အိုးဝေကို အသက် သွင်းခဲ့ ကြတာပါ။

အဲဒီနှစ်မှာပဲ သမဂ္ဂမဂ္ဂဇင်းကို “အိုးဝေ”လို့ ပြောင်းလဲ အမည် တွင်စေခဲ့ပါတယ်။ ဒီနာမည်ကို ကိုသိန်းတင် ခေါ် ညိုမြက ပေးခဲ့တာပါလို့လည်း ကိုအောင်ဆန်းက သူ့ရဲ့ အင်္ဂလိပ်စာ ကဏ္ဍမှာ မှတ်တမ်းတင် ခဲ့ပါသေးတယ်။

“နတ်ဒေဝတာများက သူတို့ အလိုမရှိသူများကို ဖျက်ဆီး ချင်သောအခါ ပထမ အဆင့် အနေနဲ့ ထိုသူကို ရူးအောင်လုပ်၏” ဆိုတဲ့ ဂရိ ပြဇာတ်စာရေး ဆရာကြီး ယူရီပီးဒီး ရဲ့အဆိုကို သတိရသွားတဲ့ ကိုညိုမြ တစ်ယောက် “ငရဲခွေးကြီး လွတ်နေသည်” ဆောင်းပါးကို ဘယ်သူ့မှ မတိုင်ပင်ဘဲ ညကြီး သန်းခေါင် ရောက်မှ အခန်းတံခါး ပိတ်ပြီး ရေးခဲ့တယ်။ နောက်တစ်နေ့မှာ စာပုံနှိပ်စက်ကို ပို့တော့ ကိုအောင်ဆန်းကလည်း ဖတ်ကြည့် ပြီး အလွယ်တကူပဲ ခွင့်ပြုခဲ့တယ်။ ဒီဆောင်းပါးပါတဲ့ အိုးဝေမဂ္ဂဇင်းက စောင်ရေ ၅၀၀ ပဲ ထုတ်တာ ဆိုပေမယ့် ယနေ့ထက် တိုင်အောင် သမိုင်းဝင် ဖြစ်နေသေးတာ တွေ့ရတယ်။

၁၉၃၆ ခုနှစ် ဇန်နဝါရီလထုတ် အိုးဝေ သို့မဟုတ် ဥဒေါင်း၏အသံ၊ တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ မဂ္ဂဇင်း အတွဲ(၅)၊ အမှတ်(၁)၊ အယ်ဒီတာ မောင်အောင်ဆန်း၊

http://mmteashop.com
http://mmteashop.com

အင်္ဂလိပ်စာကဏ္ဍ၊ စာမျက်နှာ (၅၇)၊ "ဒယ်ဒီတာ့ထံပေးစာ" ကဏ္ဍမှာ ပေးစာ (၄)စောင် ပါရှိတဲ့ အထဲက ကိုညိုမြရဲ့ ယမမင်း အမည်နဲ့ ရေးသားထားတဲ့ The Hell -hound at Largeကြောင့် တက္ကသိုလ်ကြီး တစ်ခုလုံး ပွက်ပွက်ရိုက်ခဲ့ပြီး မြန်မာ့နိုင်ငံရေး အချိုးအကွေ့ တစ်ခု turning point ဖြစ်ပေါ်ခဲ့ရပါတယ်။

ဒီစာရဲ့ အတိုချုပ်က "နယ်ချဲ့ လက်ကိုင်တုတ် အဖြစ်နဲ့ အဝီစိကို ကျရောက်လာတဲ့ ခွေးနက်ကြီး တစ်ကောင်ဟာ ငရဲပြည်က လွတ်ပြေးသွားတယ်၊ အဲဒါ သတိထားကြပါ။ အထူးသဖြင့် တက္ကသိုလ် နယ်မြေမှာ သောင်းကျန်း နေပါတယ်။ သူ့ကိုတွေ့ရင် ငရဲပြည်ကို ပြန်ပို့ လိုက်ကြပါ" လို့ပဲ ဖြစ်ပါတယ်။

ကိုညိုမြက ငရဲခွေးကြီးကို ရေးရာမှာ ဟိုတုန်းက ဆရာကြီး ဒီဂျေစလော့ရဲ့ လက်ထောက် မြန်အောင်ဦးတင်ကို စောင်းချိတ် ရေးသားတယ်လို့ ဆိုကြတယ်။ အမှန်ကတော့ ပုဂ္ဂလဓိဋ္ဌာန် မဟုတ်ပါဘူး။ နယ်ချဲ့ကို အဓိက ရည်ရွယ်တာ ဖြစ်ပေမယ့် သူတို့ အနီးအပါးကို ရောက်နေတဲ့ မြန်မာများလည်း ရောနှော ထိခိုက် သွားရတာလို့ ဆိုပါတယ်။ သို့ပေမယ့် ကိုညိုမြက တစ်ကြိမ်မှာ မြန်အောင်ဦးတင်ကို "အိုးဝေ"တိုက် ပင့်ဖိတ်ပြီး ကန်တော့ ခဲ့ပါတယ်။ ဆရာ့ကို ကျွန်တော် ရှိခိုးဝတ်ချ ပါရစေ၊ တစ်ချိန်က လွန်သမျှကို ခွင့်လွှတ်ပါ" ဆိုတော့ ဆရာကြီးခမျာ မျက်ရည် မဆည်နိုင် ဖြစ်ခဲ့ရပါသတဲ့။

ကျွန်တော်တို့ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဟာ သံသရာ စက်ဝန်းအတွင်း ရေစက် မကင်းလို့ ဆုံတွေ့ရခိုက် အခန့် မသင့်ရင် တစ်လမ်းစီ ဖြစ်ကြရစမြဲပါ။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင် အချင်းချင်းတွေမို့ နောက်ဆုံးမှာ ပျော်ရွှင်စွာ ဇာတ်ပေါင်း ကြရတာလည်း ဓမ္မတာပါပဲ။ ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံသစ် တည်ဆောက်နေတဲ့ အချိန်မှာလည်း တစ်ဦးနဲ့ တစ်ဦး ဇာတ်ကြီးဆယ်ဘွဲ့ ထဲကလို ပျော်ရွှင်စွာ ဇာတ်ပေါင်း ကြပါစို့လို့ပဲ တိုက်တွန်း ပါရစေ။ ။



http://mmteashop.com http://mmteashop.com



(ရှေ့တန်း ဝဲမှ ဒုတိယမှာ အိုးဝေအယ်ဒီတာ ကိုအောင်ဆန်း ဖြစ်ပြီး သူ့ဘေး ဝဲဘက်မှ ပုဂ္ဂိုလ်မှာ "ငရဲခွေး လွတ်နေသည်" ပေးစာတို့ကို ရေးသားခဲ့ပြီး တက္ကသိုလ် တစ်ခုလုံး ပွက်လောရိုက်စေခဲ့သူ မဂ္ဂဇင်းအဖွဲ့ အတွင်းရေးမှူး ကိုသိန်းတင် (ကလောင်အမည် ညိုမြ) ဖြစ်သည်။


THE UNIVERSITY STUDENTS' UNION MAGAZINE

POINTS FROM LETTERS

THE HELL-HOUND AT LARGE

၁၉၃၇ ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ က ထုတ်ဝေသော အိုးဝေမဂ္ဂဇင်း "ငရဲခွေးကြီးလွတ်နေသည်" မူရင်း

http://mmteashop.com
http://mmteashop.com



# ဗိုလ်ချုပ် နှင့် ဦးသန့်



လူငယ်နိုင်ငံရေးသမား လောကတွင် အထူး ခေတ်စားခဲ့သော မာ့ခ်က်စ်ဝါဒမှ Dialectical Materialism ဟူသော ဝေါဟာရကို မြန်မာ ဘာသာဖြင့် "အနမဋ္ဌလောမ ရုပ်ဝါဒ" ဟု လှလှပပ မြန်မာ ပြန်ဆိုသူမှာ သခင်စိုးဟု အထင်ရောက်ခဲ့ ကြသော်လည်း မြန်မာပြန်ဆိုသူမှာ အခင်အောင်ဆန်း ဖြစ်ကြောင်း......

http://mmteashop.com

http://mmteashop.com

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး လှုပ်ရှားမှု ကာလအတွင်း ထင်ရှားသော ခေါင်းဆောင် နှစ်ဦး ပေါ်ထွန်း ခဲ့လေသည်။ တစ်ဦးက ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပြီး နောက် တစ်ဦးမှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ဖြစ်လေသည်။

## ဗိုလ်ချုပ်အောင်ဆန်း

၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့တွင် ဦးဖာ၊ ဒေါ်စုတို့မှ နတ်မောက်မြို့တွင် ဖွားမြင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းမှာ မွေးချင်း ကိုးယောက်အနက် အငယ်ဆုံး ဖြစ်သည်။

ငယ်စဉ်က နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ ကျောင်းနှင့် ရေနံချောင်းမြို့ အမျိုးသား အထက်တန်း ကျောင်းတွင် ပညာသင်ကြားသည်။ ၁၉၃၂တွင် ရေနံချောင်းမြို့ အမျိုးသား အထက်တန်း ကျောင်းမှ ၁၀ တန်းအောင်ပြီး ရန်ကုန် တက္ကသိုလ်တွင် ဆက်လက် ပညာ သင်ယူသည်။

၁၉၃၄ခုနှစ်တွင် ဥပစာဝိဇ္ဇာ အောင်မြင်ပြီး ဝိဇ္ဇာပထမနှစ်(ဘီအေဂျူနီယာ) ကို ဆက်လက် တက်ရောက် သည်။ ၁၉၃၅-၃၆ တွင် တက္ကသိုလ်သမဂ္ဂ၏ "အိုးဝေ" မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က အသက် ၂၅ နှစ် အရွယ်သာ ရှိသေးသည်။ မဂ္ဂဇင်း အယ်ဒီတာ ဘဝတွင် နိုင်ငံရေး ဗဟုသုတ ဆောင်းပါးများ ရေးသား ခဲ့သည်။

အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန် ယူနေစဉ်မှာပင် ကိုအောင်ဆန်းနှင့် ပန်းတနော် ဦးသန့် (ကုလ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်)တို့သည် ကျောင်းသူ ကျောင်းသားများ ယူနီဖောင်း (တူညီဝတ်စုံ) ဝတ်ဆင်ရေး ပြဿနာနှင့် စပ်လျဉ်း၍ ဂန္ထလောက မဂ္ဂဇင်း၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကြိတ်အနယ် ဝေဖန် ရေးသား ခဲ့ကြဖူးသည်။ နှစ်ဦးစလုံးမှာ လူတော်များဖြစ်၍ ရေးသားသော စာများမှာ အသား


http://mmteashop.com
http://mmteashop.com

ပါလာသည်။ ကိုအောင်ဆန်းသည် အင်္ဂလိပ် စာပေကို အထူး လိုက်စားသူဖြစ်ရာ "ဒီလူဟာ ဘုန်းကြီးကျောင်းက ထွက်လို့သာ ဒိုင်အိုတို့၊ စိန့်ပေါလ်တို့က ထွက်ရင် အင်္ဂလိပ်တွေကို သူက ပြန်သင်မှာ" ဟုပင် ချီးကျူး ခံခဲ့ရသူဖြစ်သည်။

ကိုအောင်ဆန်းသည် နိုင်ငံရေးလုပ်ရင်း ဝါသနာအရ အချိန်ရတိုင်း စာရေး ခဲ့သူ ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်က ဒဂုန်မဂ္ဂဇင်းတွင် "နိုင်ငံရေး အမျိုးမျိုး" ခေါင်းစဉ်ဖြင့် အခန်းဆက် ဆောင်းပါးများ ရေးသားခဲ့သည်။ ထိုအချိန်က လူငယ် နိုင်ငံရေးသမား လောကတွင် အထူး ခေတ်စားခဲ့သော မာခ့်က်စ်ဝါဒမှ Dialectical Materialism ဟူသော ဝေါဟာရကို မြန်မာဘာသာဖြင့် "အနုပဋိလောမ ရုပ်ဝါဒ" ဟု လှလှပပ မြန်မာပြန်ဆိုသူမှာ သခင်စိုးဟု အထင် ရောက်ခဲ့ကြသော်လည်း မြန်မာပြန် ဆိုသူမှာ သခင်အောင်ဆန်း ဖြစ်ကြောင်း ဒဂုန်မဂ္ဂဇင်းတွင် နိုင်ငံရေး အမျိုးမျိုး ဆောင်းပါးကို ဖတ်ရမှ စာဖတ်သူများ သိရှိ ခဲ့ကြသည်ဟု ဖတ်ရှု မှတ်သား ခဲ့ရဖူးပါသည်။

သခင်အောင်ဆန်းသည် ဒဂုန် မဂ္ဂဇင်းအပြင် စစ်ကြိုခေတ်က မြန်မာ့အလင်း သတင်းစာတွင်လည်း ခေါင်းကြီးပိုင်းများ ရေးပေးလေ့ ရှိသူဖြစ်သည်။ မြန်မာ့အလင်း ဦးတင်က သခင်အောင်ဆန်းအား သတင်းစာ ခေါင်းကြီးပိုင်း တစ်ပုဒ်လျှင် စာမူခ ၁၀ကျပ် ပေးသည်။ ထိုခေတ်က လက်ဖက်ရည် တစ်ခွက်သုံးပြားသာ ဖြစ်ရာ တန်ဖိုးရှိလှသည်။

### စာရေးဆရာလုပ်မယ်

၁၉၄၇ ခုနှစ် ဧပြီလ မေမြို့ (ပြင်ဦးလွင်)တွင် အနားယူနေစဉ်က သူ၏ အပါး တော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ် နေဝင်း)အား ဤသို့ ပြောခဲ့ဖူးသည်။ "လွတ်လပ်ရေး ရပြီးရင် ငါတော့ နိုင်ငံရေးက အနားယူမယ် စိတ်ကူးတယ်။ တိုင်းပြည်ကို အုပ်ချုပ်ဖို့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ ငါတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေရှိတာ မင်းလည်း အသိသားပဲ မဟုတ်လား။ ဒါကြောင့် ငါက နိုင်ငံရေးက အနားယူပြီး စာရေးဆရာ လုပ်ချင်တယ်။ ဒါမှလည်း ငါ့အနေနဲ့ ငါ့အိမ်ထောင် မိသားစု family အတွက် အချိန် ပေးနိုင်မယ်။ ကလေး

http://mmteashop.com
http://mmteashop.com

တွေကိုလည်း ကောင်းကောင်း ကြည့်ရှုနိုင်မယ်။ မင်းကလည်း စာရေး ဝါသနာပါလို့ လွှန်ခဲ့တဲ့ ၁၀ နှစ်လောက် ကတည်းက စာရေးခဲ့တယ် မဟုတ်လား။ ဒီတော့ ငါတို့ဆရာ တပည့် နှစ်ယောက် စာရေး စားကြမယ်ကွာ။ မြန်မာလိုရော အင်္ဂလိပ်လိုပါ ရေးကြမယ်။ ဒါမှ ငါတို့ မိသားစု အတွက် ဝင်ငွေ လုံလောက်မှာကွ။ တကယ်ပါကွာ၊ ငါ့စိတ်ထဲ စာရေးဆရာ လုပ်စားချင်တဲ့ ဆန္ဒဟာ စစ်မဖြစ်ခင် ကတည်းက ရှိခဲ့တယ်။ ဒါပေမဲ့ တိုင်းပြည် လွတ်လပ်ရေး ရရေး အတွက် ဦးစားပေး ခဲ့ရတာမို့ စာရေးဖို့ အချိန် မရခဲ့ဘူး။ အခု လွတ်လပ်ရေး ရတော့မှာ သေချာနေပြီးမို့ ဒီစကားကို ငါပြောတာပါ" ဟုပြောခဲ့ဖူးသည်။

## ဗိုလ်ချုပ်ရေးတဲ့စာတွေ

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝ၊ သခင်ဘဝ၊ နိုင်ငံရေးသမားဘဝ၊ စစ်ခေါင်းဆောင်၊ စစ်ဝန်ကြီး ဘဝမှာပင် စာပေ ရေးသားခဲ့သူ ဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်း၏ စာပေ လက်ရာများကို စာရေးဆရာ(ဦး)မြဟန်က စုစည်း၍ "ဗိုလ်ချုပ် အောင်ဆန်း၏ စာပေလက်ရာ" စာအုပ် ထုတ်ဝေခဲ့သည်။ ဗိုလ်ချုပ် အောင်ဆန်းသည် Burma (Myanmar) and Buddhism၊ Freedom of Dress in schools၊ မင်းကြီး ဦးမင်းရောင်၊ လောကဝိဟာ၊ ကျောင်းသား ဝတ္တရား၊ နိုင်ငံရေး အမျိုးမျိုး၊ ကမ္ဘာစစ်နှင့်ဗမာ၊ ဗမာ့ လွတ်လပ်ရေး အရေးတော်ပုံ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်ရေး အတ္ထုပ္ပတ္တိတို့ကို ရေးသား ခဲ့သည့် အပြင် ဥယျောဇဉ် အဖြစ် သေနင်္ဂဗျူဟာ စစ်သမိုင်း၊ တိုင်း-၆ စာစောင်၊ မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး စာအုပ်တို့တွင် ရေးသားခဲ့သည်။ ဇဝနဂျာနယ်၊ ဒီးဒုတ်ဂျာနယ် တို့တွင်လည်း မိတ်ဆက်စာ ရေးသားခဲ့သည်။

စစ်ပြီးခေတ်တွင် နိုင်ငံရေး သတင်းထောက်များက "ခင်ဗျား ရှေ့ကို ဘယ်လို ကြံစည် စိတ်ကူးပါသလဲ။ စစ်တပ်ကိုပဲ ဆက်လက် ဦးစီးမလား၊ သို့မဟုတ် နိုင်ငံရေးကိုပဲ ဆက်လုပ် သွားမလားဟု မေးမြန်းခဲ့ရာ ဗိုလ်ချုပ်က ကျုပ်တော့ အခု စစ်လည်းပြီးပြီမို့ စစ်တပ်ကို ဆက်လက် ဦးစီးရှေ့ဆောင် မလုပ်တော့ပါဘူး။ ကျုပ်ကိုယ်စား အခု ဒုတိယ စစ်သေနာပတိ ဗိုလ်လက်ျာကပဲ ဦးစီး ပါလိမ့်မယ်။ ကျုပ်အဖို့တော့ နိုင်ငံရေးကို ထိထိ



http://mmteashop.com
http://mmteashop.com

ရောက်ရောက် ဝင်လုပ် လိုက်ဦးမယ်။ ဒါလည်း ဗမာပြည် လွတ်လပ်ရေး ရတဲ့ အထိပါပဲ။ လွတ်လပ်ရေး ရပြီးရင် နိုင်ငံရေးက ထွက်ပြီး အေးအေးဆေးဆေး စာအုပ်ကလေး ဘာလေး ရေးမယ် ကြံတာပါပဲဗျာ”ဟု ဖြေကြား ခဲ့သည်။

ဗိုလ်ချုပ်၏ နယ်လှည့် ခရီးစဉ်များတွင် လိုက်ပါခဲ့ရသော သတင်းစာဆရာကြီး ဦးပုကလေးက “ယခုအခါ ဗိုလ်ချုပ်ရဲ့ လုပ်ငန်း လမ်းစဉ်ကို ဆန့်ကျင်ဘက် လုပ်နေကြသူများအား အထူးအရေးယူပြီး တစ်နည်းနည်းနှင့် ဖိနှိပ်ပစ်လျှင် ရှင်းမသွား ပေးဘူးလား၊ ရှင်းသွားလျှင် အလုပ် လုပ်ရ မလွယ် ကူပေးဘူးလား” ဟု မေးမြန်းရာ - ဗိုလ်ချုပ်က ကိုယ်နဲ့ ဆန့်ကျင်ဘက် လုပ်တဲ့ လူတွေကို ဖိနှိပ် ရှင်းလင်းဖို့ ဆိုတာ(ambitious အင်ဘီယှက်ရှိတဲ့ လူမျိုးမှ) ကိုယ်ကျိုး အရင်းခံရှိတဲ့ လူမျိုးမှ လုပ်နိုင်တဲ့စိတ်၊ ရက်စက်နိုင်တဲ့ စိတ်ရှိတယ်၊ ကျုပ်ကတော့ အဲဒီ ကိုယ်ကျိုးရှာ အရင်းခံစိတ်ထားမျိုး မရှိဘူး။ ကျုပ်စိတ် မှန်းထားချက်ကတော့ မြန်မာပြည် လွတ်လပ်ရေး ရပြီးလျှင် နိုင်ငံရေးမှ နုတ်ထွက်ပြီး အေးအေးဆေးဆေး စာအုပ် ရေးဖို့ပဲ” ဟု ဖြေကြား ခဲ့ဖူးသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်ကြီး၏ ကြီးလေးလှသော တာဝန်များမှ အနားယူလျှင် မိသားစုနှင့် အတူ အေးအေးဆေး နေထိုင်၍ စာရေးလိုကြောင်း သူ၏ မိန့်ခွန်းများတွင် လည်းကောင်း၊ သူ၏ ရဲဘော်များအား လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များအား လည်းကောင်း ပြောကြား ခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆန္ဒတူ၊ ရည်ရွယ်ချက် တူသူတစ်ဦးမှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ချုပ်ဟောင်း ဦးသန့် ဖြစ်လေသည်။

http://mmteashop.com
http://mmteashop.com

## ဦးသန့်

မြန်မာနိုင်ငံသားများထဲမှ ကမ္ဘာသိ ထင်ရှားခဲ့သော ဦးသန့်ကို ဦးဖိုးနှစ်၊ ဒေါ်နန်းသောင်တို့မှ ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် မအူပင် ခရိုင် ပန်းတနော် မြို့၌ ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူ ဦးဖိုးနှစ်မှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ ဟန့်တား ကောလိပ်မှ အက်ဖ်အေ (ဥပစာတန်း) အောင်မြင်ခဲ့သူ ဖြစ်ပြီး မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ သူရိယ သတင်းစာ ရှယ်ယာဝင် တစ်ဦး ဖြစ်သည်။ ဦးသန့်သည် မွေးချင်း လေးယောက် အနက် အကြီးဆုံး သားဖြစ်သည်။ ညီများမှာ စာရေးဆရာ ပါလီမန် အမတ်ဟောင်း ဦးခန့်၊ ဝန်ကြီးချုပ်၏ အတွင်းဝန် ဦးသောင်း၊ မြန်မာနိုင်ငံ အကြီးတန်း ဝန်ထမ်း ဦးတင်မောင်တို့ ဖြစ်သည်။

၁၉၂၆ တွင် ပန်းတနော် အမျိုးသား အထက်တန်းကျောင်းမှ ၁၀တန်း အောင်မြင်ပြီး ၁၉၂၈ တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း အောင်မြင်သည်။ ညီငယ်များ၏ ပညာရေးကို ငဲ့၍ ကျောင်းထွက်ပြီး အမျိုးသား ကျောင်းဆရာအဖြစ် ဝင်ရောက် အမှုထမ်း ခဲ့သည်။ တစ်ဖက်မှလည်း စာနယ်ဇင်းများတွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် စာပေများ ရေးသား ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဒေါ်သိန်းတင်နှင့် လက်ထပ်ခဲ့သည်။

၁၉၄၇-၄၈ တွင် ဖဆပလ အဖွဲ့ချုပ် ပြန်ကြားရေး အရာရှိ၊ ၁၉၄၈ ခုနှစ် မေလ ၁ ရက်တွင် ပြန်ကြားရေး လက်ထောက် အတွင်းဝန်၊ ၁၉၄၉ စက်တင်ဘာလတွင် အတွင်းဝန်၊ ၁၉၅၄ ဇန်နဝါရီလတွင် ဝန်ကြီးချုပ်၏ အတွင်းဝန်၊ ၁၉၅၅တွင် စီးပွားရေးနှင့် လူမှု ဖူလုံရေး ဘုတ်အဖွဲ့ အတွင်းဝန်၊ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် ကုလသမဂ္ဂ ဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ် (၁၉၅၇-၁၉၆၁) အဖြစ် တာဝန်များ ထမ်းဆောင် ခဲ့သည်။

၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် မြန်မာနိုင်ငံ ဝန်ထမ်းဘဝမှ ကုလသမဂ္ဂ ဝန်ထမ်း အဖြစ်ပြောင်းကာ အဆင့်အမြင့်ဆုံး ရာထူး ဖြစ်သော ကုလသမဂ္ဂ အထွေထွေ



http://mmteashop.com
http://mmteashop.com

အတွင်းရေးမှူးချုပ် (အစမ်း) အဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံခဲ့ရသည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ပထမ ငါးနှစ် တာဝန်၊ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်တွင် ဒုတိယ ငါးနှစ် သက်တမ်း တာဝန်ကို ထမ်းဆောင် ခဲ့ပြီး ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်တွင် အငြိမ်းစား ယူခဲ့သည်။

ဦးသန့်သည် ငယ်စဉ်ကပင် စာရေးစာဖတ် ဝါသနာ ပါသူဖြစ်ပြီး ဘဝ ရည်မှန်းချက် ပန်းတိုင်မှာ အင်္ဂလိပ်ဘာသာဖြင့် စာနယ်ဇင်း တည်းဖြတ် ထုတ်ဝေရေး ဖြစ်သည်။ အင်္ဂလိပ်စာ အရေးအသား ထူးချွန်လှသဖြင့် စာနယ်ဇင်းများတွင် အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် စာပေ၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး ဆောင်းပါးများစွာ ရေးခဲ့သည်။ ပထမဦးဆုံး ပုံနှိပ်စာမူကို အသက် ၁၅ နှစ် အရွယ်မှာပင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး ၁၉၂၅ ခုနှစ် စက်တင်ဘာလထုတ် ဘားမား ဘွိုင်းစကောက် မဂ္ဂဇင်းတွင် ဖော်ပြခံခဲ့ရသည်။ အင်္ဂလိပ် မြန်မာနှစ်ဘာသာ ဖြင့်ထုတ်ဝေသော ဂန္ဓလောက မဂ္ဂဇင်း ဘာသာပြန် ပြိုင်ပွဲတွင် လေးကြိမ်တိုင်တိုင် ပထမဆု ရရှိခဲ့သည်။

လုံးချင်းပုံနှိပ် စာအုပ်များမှာ မြို့ပြပုံပြင်များ ၁၂ အုပ် (၁၉၃၄)၊ နိုင်ငံပေါင်းချုပ် အသင်းကြီး ကျောင်းသုံး စာအုပ်(၁၉၃၄)၊ ဗမာသစ်နှင့် ပညာသစ်(၁၉၄၅)၊ ပြည်တော်သာ ခရီး (၃)တွဲ (၁၉၆၁)၊ ဦးသန့်၏စာ(၁၉၆၇) တို့ ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များမှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် တာဝန် ထမ်းဆောင်နေစဉ် ဟောပြောခဲ့သော မိန့်ခွန်းများနှင့် ရေးသား ချက်များ ဖြစ်သည်။ လုံးချင်းအဖြစ် Toward World Peace; Speeches and Public Statements 1957-1963(1964), Portfolio for Peace(1970), View from the UN: the memoirs of U Thant(1978) တို့ဖြစ်သည်။

အငြိမ်းစား ယူပြီးနောက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် တာဝန် ထမ်းဆောင် စဉ်က အတွေ့အကြုံများကို `ကမ္ဘာ့သမိုင်း´ အမည်ဖြင့် စာအုပ်နှစ်အုပ်

http://mmteashop.com
http://mmteashop.com

ရေးသားရန် အမေရိကန် ပြည်ထောင်စုတွင် ဆက်လက် နေထိုင်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် လုပ်ငန်းများ ပြီးဆုံးရန် ရည်ရွယ်ခဲ့သော်လည်း ၁၉၇၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့ ကိုလံဘီယာ ဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ကွယ်လွန် ခဲ့ရှာသည်။

ဤနေရာတွင် ဖော်ပြလိုသည်မှာ ဦးသန့်သည် အလွန် ကြီးလေးသော ကုလသမဂ္ဂ တာဝန်များကို ထမ်းဆောင်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ကြိုးပမ်း နေဆဲမှာပင် ဒုတိယ သက်တမ်း ကုန်ဆုံး၍ တတိယသက်တမ်း ဆက်လက် ထမ်းဆောင်ရန် ကမ်းလှမ်းမှုကို လက်မခံ ခဲ့သူ ဖြစ်သည်။ သူ့အနေနှင့် ထိုသို့ လက်မခံ ခဲ့ခြင်းမှာလည်း မိမိ၏ ဇာတိမြေ ဖြစ်သော မြန်မာနိုင်ငံသို့ ပြန်၍ သူရည်မှန်းထားသော စာပေအလုပ်ကို လုပ်ကိုင်ရင်း ဘဝ၏ ကျန်ရှိသည့် အချိန်များကို ကုန်လွန် ကျော်ဖြတ်ရန်ပင် ဖြစ်သည်။

ဦးသန့်၏ ကလောင်စွမ်းကို `သီလဝ´ ဟူသော ကလောင်အမည်ဖြင့် ရေးသား ခဲ့သည့် စာအုပ်များအား ကြည့်ခြင်းဖြင့်ပင် သိနိုင်ပါသည်။ ဦးသန့်သည် ဝန်ကြီးချုပ်၏ အတွင်းဝန် ဘဝမှာပင် မြန်မာ့အလင်း သတင်းစာ ခေါင်းကြီးပိုင်းများကို ရေးသားခဲ့သူ ဖြစ်သည်။

စာရေးခြင်း၊ စာဖတ်ခြင်းတွင် မွေ့လျော်သည့် ဦးသန့်သည် အချိန်ပြည့် သတင်းစာ ဆရာ၊ စာရေးဆရာဖြစ်ရန် ကြိုးပမ်း ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင် ကြီးများ ကျဆုံးချိန်တွင် သူ့ရည်ရွယ်ချက်များ ပျက်ပြားခဲ့ရသည်။

ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ညနေပိုင်းတွင် ဦးနုက ဦးသန်းအား ပြန်ကြားရေးဌာန၌ ညွှန်းကြားရေးဝန် အဖြစ် ထမ်းဆောင်ရန် တာဝန် ပေးခဲ့သည်။ ထိုစဉ်က ဦးသန့်သည် ပန်းတနော်မြို့မှ ရန်ကုန်မြို့သို့ မဂ္ဂဇင်း ထုတ်ရန်ကိစ္စဖြင့် ရောက်ရှိ နေချိန်လည်းဖြစ်သည်။ ယင်းတာဝန်ကို ပေးအပ်ခြင်း

http://mmteashop.com
http://mmteashop.com

မခံရမီက ဦးသန့်သည် မဂ္ဂဇင်း တစ်စောင် ထုတ်ဝေရန် စီစဉ်ထားပြီး ဖြစ်သော်လည်း အစီအစဉ် ပျက်ပြား သွားခဲ့ရသည်။

၁၉၇၁ ခုနှစ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် တာဝန်မှ အနားမယူမီကပင် ဦးသန့်သည် သတင်းစာတစ်စောင် ထုတ်ဝေရန် ဆန္ဒရှိနှင့်ခဲ့ပြီး ဖြစ်သည်။ ဤအကြောင်းများနှင့် ပတ်သက်၍ ကွယ်လွန်သူ သတင်းစာဆရာကြီး ချစ်ကြည်ရေး ကြည်ညွှန့်က သူတို့ဘဝ သူတို့ အတွေ့အကြုံ စာအုပ်တွင် ဤသို့ ဖော်ပြခဲ့သည်။

`ဦးသန့် တည်ထောင် ထုတ်ဝေလိုသော သတင်းစာ၏ အမည်မှာ `ဒေါင်´ ဟူ၍ ဖြစ်သည်။ `ဒေါင်´ သည် သတိပေး နာရီသံချောင်း ခေါက်သံ `ဒေါင်´ကိုပင် ဆိုလေသလား သို့မဟုတ် ဒေါင်လိုက်ကျကျ ပြားလိုက်ကျကျ ဆိုသည့် အနက် အဓိပ္ပာယ်ကို ဆောင်သလား ဆိုသည်မှာ ဦးသန့်သာလျှင် အသိဆုံး ဖြစ်ပါလိမ့်မည်´ ဟူ၍ ဖြစ်သည်။

ဦးသန့်သည် တာဝန်များ ထမ်းဆောင် နေဆဲမှာပင် စာများ ရေးသားခဲ့သူ ဖြစ်သလို တာဝန်မှ အနားယူလျှင်လည်း စာပေရေးသားရင်း ဘဝကို အေးအေးဆေးဆေး နေထိုင်သွားရန် ဆုံးဖြတ် ခဲ့သည်။

ထိုနည်းတူစွာပင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ဤရည်ရွယ်ချက်မျိုး ထားရှိခဲ့သည်။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်တို့သည် နိုင်ငံအတွက်၊ ကမ္ဘာကြီးအတွက် ကြီးလေးမွန်မြတ်သော တာဝန်များကို ထမ်းဆောင် ခဲ့ကြသူများ ဖြစ်သလို အလုပ်တာဝန်မှ အနားယူလျှင် စာပေတာဝန်များကို ဆက်လက် ထမ်းဆောင်လိုသူ၊ စာပေရေးသား လိုသူများ ဖြစ်ခဲ့ရာ နှစ်ဦးစလုံးမှာ ရည်ရွယ်ချက် တူညီကြသူများ ဖြစ်သည်။ သို့သော်လည်း ၎င်းတို့၏ ရည်ရွယ်ချက်သို့ မရောက်မီမှာပင် ကွယ်လွန် ခဲ့ကြရသည်မှာလည်း ကံတူ အကျိုးပေးဟု ဆိုရမည်သာ ဖြစ်လေသည်။ ။

http://mmteashop.com
http://mmteashop.com



ဦးသန့်နှင့် မိခင်ကြီး ဒေါ်နန်းသောင်တို့ကို ၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ကအတူတွေ့ရစဉ်



ဦးသန့် ငယ်စဉ်က (အိုးဝေဂျာနယ်မှ)

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ် နှင့် သခင်ကိုယ်တော်မှိုင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းသည် လောလောဆယ် ယူပေး ခဲ့သည် မှန်၏ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒ အင်အားကို သခင် ကိုယ်တော်မှိုင်းက စည်းရုံး ပေးခဲ့ သောကြောင့် ဖြစ်သည်။

(ဇော်ဂျီ)



http://mmteashop.com
http://mmteashop.com

မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုတွင် တစ်ဦးက လူထုခေါင်းဆောင်၊ တစ်ဦးက ငြိမ်းချမ်းရေး ဗိသုကာအဖြစ် တိုင်းပြည်ကရော ကမ္ဘာကပါ အသိအမှတ်ပြုခြင်း ခံခဲ့ကြရသူများ ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ကိုယ်တော်မှိုင်း အကြောင်း ပြောလျှင် တို့ဗမာအစည်းအရုံး အကြောင်းကိုလည်း ပြောမှ ပြည့်စုံမှု ရှိမည် ဖြစ်လေသည်။

## တို့ဗမာအစည်းအရုံး

တို့ဗမာအစည်းအရုံး စတင် တည်ထောင်သူမှာ သခင်ဘသောင်း ဖြစ်သည်။ ထို့ကြောင့်လည်း `သခင်အစ ဘသောင်းက´ ဟုဆိုခဲ့ကြသည်။

သခင်ဘသောင်းသည် မန္တလေးမြို့ ဗုဒ္ဓသာသနာ့ နဂ္ဂဟ အထက်တန်းကျောင်း (ဘီဘီအမ်)တွင် ပညာ သင်ယူနေစဉ် ကာလအတွင်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန် (ဖေ-ပု-ရှိန် ကိုယ်စားလှယ် အဖွဲ့ဝင်)၏ သားအရင်းပမာ ကျွေးမွေး ပြုစု စောင့်ရှောက်ခြင်း ခံရ၍ ဆရာကြီး၏ ဝံသာနု စိတ်ဓာတ်ကိုပါ အမွေ ရယူခဲ့လေ သည်။

သခင်ဘသောင်း ရန်ကုန်မြို့သို့ ရောက်ရှိ၍ တက္ကသိုလ် ဘာသာပြန် နည်းပြ ဆရာ အဖြစ် ဆောင်ရွက် နေစဉ် ဆရာကြီး ဦးဖေမောင်တင်၊ ဦးဆက်နှင့် မစ္စတာဖာနီဗယ် တို့၏ တိုက်တွန်းချက်ဖြင့် `ရာဇဝင်ချုပ်´ စာအုပ်ကို မြန်မာဘာသာဖြင့် သက်ဆိုင်ရာသို့ တင်သွင်း ခဲ့ရာ ဝေလမင်းသား တစ်ထောင်ဆုကို ရရှိခဲ့လေသည်။

၁၉၃၀ ပြည့်နှစ် နွေဦးတွင် သခင်ဘသောင်းနှင့် ဆန္ဒတူ မျိုးချစ် တစ်စုတို့သည် နိုင်ငံရေး အဖွဲ့အစည်းသစ် တစ်ခု တည်ထောင်ရန် ဆွေးနွေး ခဲ့ကြပြီး သခင်ဘသောင်းနှင့် ဓာတုဗေဒ ကိုလှဘော်(သခင်လှဘော်)၊ မြန်မာပြည် စာအုပ်အသင်းမှ ကိုသိန်းမောင် (သခင်သိန်းမောင်)၊ အမြတ်တော်ကြေးရုံးမှ ကိုအုံးခင် (ခြေလျင်) တို့ ပါဝင်၍ `တို့ဗမာ အစည်းအရုံး´ ကို ထူထောင် ခဲ့ကြလေသည်။



http://mmteashop.com http://mmteashop.com

၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်တွင် တို့ဗမာအစည်းအရုံးမှ ကြေညာ စာတမ်း တစ်ခုကို ထုတ်ပြန် လိုက်သည်။ ဤစာတမ်း ထုတ်ပြန်သည့်နေ့ ဖြစ်သော ၁၉၃၀ ပြည့်နှစ်မေလ ၃၀ ရက်နေ့သည်ပင် တို့ဗမာအစည်းအရုံး စတင် ထူထောင်သော နေ့အဖြစ် အသိ အမှတ် ပြုရပေသည်။

## ဗိုလ်ချုပ်နှင့် တို့ဗမာအစည်းအရုံး

တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းသည် ပုသိမ်ခရိုင် မော်တင်စွန်း ဇီးချိုင်ရွာ ဘုန်းကြီးကျောင်း အလှူတွင် ကျောင်းသားများနှင့် ကျေးရွာလူထုကို မြန်မာပြည် လွတ်လပ်ရေး ရရှိရန် အတွက် လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲမှသာ ရရှိမည် ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ရှင်းလင်း ပြောကြားခဲ့လေသည်။

၁၉၃၈ - ၃၉ ခုနှစ်တွင် ကိုအောင်ဆန်းသည် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌနှင့် ရန်ကုန် တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌအဖြစ် အရွေး ခံရသော်လည်း နှစ်ဆုံးအောင် ဆောင်ရွက်ခြင်း မရှိတော့ဘဲ နိုင်ငံရေးကို ဇောက်ချ လုပ်ကိုင်ရန် ၁၉၃၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကာ သခင် ဘဝကို ခံယူပြီး သခင်အောင်ဆန်း ဖြစ်လာခဲ့သည်။

သို့နှင့် ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ် သမဂ္ဂ ဥက္ကဋ္ဌ အဖြစ်မှ လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ အဖြစ်မှ လည်းကောင်း နုတ်ထွက်ကာ သူ၏ တာဝန်များကို ကိုလှရွှေ၊ ကိုဗဟိန်းနှင့် ကိုဗဆွေ တို့အား လွှဲအပ် ပေးခဲ့သည်။

သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးက ခန့်ထားသော အထွေထွေ အတွင်းရေးမှူး တာဝန်ကို ၁၉၃၈ ခုနှစ် အောက်တိုဘာလ ကုန်တွင် ထမ်းဆောင်ခဲ့ပြီး အမျိုးသားရေး လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် ခဲ့မှုများကြောင့် ဗြိတိသျှ အစိုးရက ရန်ကုန်အရေးတကြီး လုံခြုံရေး အက်ဥပဒေအရ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၂၃

ရက်နေ့တွင် အဖမ်းခံရကာ ထောင်ဒဏ် ၁၅ ရက် ကျခံခဲ့ရသည်။ ဖေဖော်ဝါရီ ၈ ရက်တွင် ထောင်မှ လွတ်မြောက်ခဲ့သည်။

ထိုနှစ် ဧပြီလ ၇ ရက်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော တို့ဗမာအစည်းအရုံး၏ စတုတ္ထအကြိမ် ညီလာခံကို မော်လမြိုင်မြို့တွင် ကျင်းပရာ သခင်လှဘော်က သဘာပတိအဖြစ် ဆောင်ရွက်၍ သခင်အောင်ဆန်းက အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ခဲ့လေသည်။

နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား တော်လှန်ရေးအတွက် ဆောင်ရွက်ခဲ့သော တို့ဗမာအစည်းအရုံးကြီးသည် နှစ်ခြမ်း ကွဲသွားခဲ့ရာတွင် သခင်အောင်ဆန်းသည် သခင်ကိုယ်တော်မှိုင်း၏ တို့ဗမာအစည်းအရုံးတွင် ဆက်လက်ပါဝင်ခဲ့သည်။

## သခင်ကိုယ်တော်မှိုင်း

ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှာ ၁၂၃၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ (၁၈၇၆ ခုနှစ် မတ်လ ၂၃ ရက်) တွင် မွေးဖွားခဲ့သူဖြစ်ရာ ဗိုလ်ချုပ်ထက် အသက် ၃၉ နှစ်မျှ ကြီးပါသည်။

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်(၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်) နေ့တွင် သီပေါမင်း ပါတော်မူစဉ်က ဆရာကြီးမှာ ကိုးနှစ်သား အရွယ်သာ ရှိသေးသော်လည်း အရှင်နှစ်ပါး ပါတော်မူပုံကို စားတော်ဝန်ဦးခဲ ကျောင်းလက်ရန်းမှ နေ၍ မြင်တွေ့ ခဲ့ရာ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝ ရောက်ရခြင်းအတွက် ပူဆွေးသောက ရောက်ခဲ့ပြီး ဆရာကြီး၏ ငယ်နုသော စိတ်အစဉ်တွင် ဇာတိမာန်နှင့် နိုင်ငံချစ်စိတ်များ ထိုစဉ်ကပင် ကိန်းအောင်း ခဲ့ပေသည်။

ဆရာကြီး၏ ငယ်ဘဝ တစ်လျှောက်တွင် ရွှေတောင်၊ မန္တလေး၊ ချောင်းဦး၊ အလုံ၊ မုံရွေး၊ ဘုတလင်၊ မောင်းထောင်၊ ကနီဒေသ စသော အလုံကျေးတောင်၌ ကိုရင်ဘဝဖြင့်

http://mmteashop.com
http://mmteashop.com

လှည့်လည် နေထိုင်ကာ ဗုဒ္ဓဘာသာ ပါဠိစာပေနှင့်မြန်မာ စာပေတို့ကို လေ့လာ ဆည်းပူး ခဲ့သည်။

၁၉၀၀ ပြည့်နှစ်တွင် ရန်ကုန်သို့ ရောက်ရှိပြီး ဆူးလေဘုရားအနီး ၃၂လမ်း၊ တိုက်နံပါတ် ၇၅ ရှိ ဇမ္ဗူ့(ကြက်) ကျက်သရေစာ ပုံနှိပ်တိုက်တွင် စာစီ ပညာသင်ဝင် လုပ်ခဲ့ပြီး စာပြင်ဆရာ (အယ်ဒီတာ) ဖြစ်လာခဲ့သည်။ တဖက်ကလည်း စာပေများ ရေးသား ခဲ့သည်။

၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် "သူရိယသတင်းစာ" စတင် ထုတ်ဝေရာ စာပြင် အယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုတိုက်မှာ "ဝိုင်အမ်ဘီအေ" ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကြီး၏ လက်ကိုင် သတင်းစာ ဖြစ်ရာ ဝံသာနုစိတ်များ လှုပ်ရှား လာခဲ့သည်။

ဆရာကြီးများသည် သူ၏ ကလောင်အမည် မစ္စတာမောင်မှိုင်း ခံယူ ပုံမှာလည်း အကြောင်း ရှိပေသည်။ ထိုအချိန်က ပညာတတ် မြန်မာအမျိုးသား အချို့သည် မစ္စတာ ဆိုသော အသုံးအနှုန်းကို မိမိတို့ မြန်မာအမည်ရှေ့တွင် ထည့်၍ ခေါ်တွင်ကြလေရာ ဆရာကြီးက ဤအပြုအမူကို မနှစ်သက်လှချေ။ ဤတွင် ဝန်စာရေးဦးကြီး ရေးသည့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုမှ ဇာတ်လိုက် လူလိမ်၊ လူပွေ၊ လူရှုပ်၊ လူယုတ်မာ မောင်မှိုင်း အမည်ကို မစ္စတာတပ်၍ ကလောင်အမည် အဖြစ် ခံယူက ခေတ်ကို သရော် ခဲ့ခြင်း ဖြစ်လေသည်။

### သခင်ဘွဲ့ခံယူ

ဆရာစံ အရေးတော်ပုံ ပေါ်ပေါက်ပြီး နောက်ပိုင်း လုံးဝ လွတ်လပ်ရေးကိုသာ အလို ရှိသည့် သခင်လူငယ်များ ဦးဆောင်သော တို့ဗမာအစည်းအရုံး ပေါ်လာသောအခါ ဆရာကြီးသည် မစ္စတာအစား သခင်ကိုယ်တော်မှိုင်း ဟူ၍ ပြောင်းလဲ အသုံးပြုလိုက်သည်။ သူ ကိုယ်တိုင်လည်း တို့ဗမာအစည်းအရုံးတွင် ပါဝင်ကာ သခင်ဘွဲ့ကို ခံယူလိုက်ပြီး



http://mmteashop.com
http://mmteashop.com

ဖြစ်ကြောင်း ၁၉၃၅ ခုနှစ် မေလထုတ် တိုးတတ်ရေး မဂ္ဂဇင်းတွင် လေးချိုးကြီးကို ရေးသား၍ ဖော်ပြ ခဲ့လေသည်။

ဆရာကြီးသည် တို့ဗမာ့ အစည်းအရုံးကြီး အတွင်းမှနေ၍ လူငယ် သခင်များနှင့် အတူ လွတ်လပ်ရေး တိုက်ပွဲ ဝင်ခဲ့သူ ဖြစ်သည်။ အမြို့မြို့ အရွာရွာ လှည့်လည်၍ နယ်ချဲ့ ဆန့်ကျင်ရေး တရားများ ဟောကြားမှုကြောင့် ၁၉၄၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှက ကြေညာသော ရန်သူတော် စာရင်းတွင် နံပါတ်(၁) အဖြစ် ကြေညာ ခံရသူ ဖြစ်လေသည်။ ထိုရန်သူတော် စာရင်းတွင် နံပါတ်(၂) မှာ သခင်ဗဟိန်း၊ (၄) မှာ သခင်ကျော်စိန်နှင့် (၅)မှာ သခင်အောင်ဆန်း ဖြစ်လေသည်။

ဆရာကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ဝရမ်းပြေးသဖွယ် တိမ်းရှောင်နေခဲ့ရပြီး ဂျပန်ခေတ်တွင် တို့ဗမာ့အစည်းအရုံး သခင်များနှင့် အတူ တိမ်းရင်းရှောင်ရင်း နိုင်ငံရေးကို အသက်စွန့် ဆောင်ရွက် ခဲ့လေသည်။

## ဆရာကြီးနှင့်ဗိုလ်ချုပ်

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး လှုပ်ရှားမှုတွင် ရဲဘော် သုံးကျိပ်မှသည် ဗမာ့ကာကွယ်ရေး တပ်မတော် အမည်ပေးသည်များ အထိ ဗိုလ်ချုပ်နှင့် အနီးကပ် ရှိနေခဲ့သည်။

သို့သော်လည်း ဂျပန်တို့ ဆုတ်ခွာသွားပြီး အင်္ဂလိပ်တို့ ပြန်အဝင် မြန်မာ ကိုယ်စားလှယ် အဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ ဘိလပ်သို့ သွားစဉ်ကမူ သဘောကျ နှစ်မြိုက်ခြင်း မရှိခဲ့ပေ။ ဂျီစီဘီအေ ခေတ်တုန်းကလို ဖြစ်သွားမည်ကို စိုးရိမ် နေခဲ့ခြင်းလည်း ဖြစ်သည်။ ထိုအချိန်က ဆရာကြီးက တစ်စုံတစ်ဦးအား မကျေနပ်ချက် တစ်ခု ထုတ်ပြော လိုက်သည်ဆိုလျှင် သတင်းစာများ၌ ဖဆပလကို တိုက်ခိုက်သော စကားများ ပါလာ တတ်ပေသည်။



http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်းသည် ဘိလပ်မှ ပြန်ရောက်ပြီး မကြာမီ သခင်ကိုယ်တော်မှိုင်း အိမ်သို့ ရုတ်တရက် ရောက်ရှိလာပြီး ဆရာတပည့်နှစ်ယောက် စကားစမြည် ပြောဆိုကြလေသည်။ ထိုသို့ ပြောဆိုရာတွင် ဗိုလ်ချုပ်က ဆရာကြီးအား ဖဆပလကို တိုက်ခိုက်သော စကားများ မပြောရန် တောင်းပန် ခဲ့လေသည်။

"ဆရာကြီး မျှော်မှန်းလာခဲ့တဲ့ လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ် ဆရာကြီး၊ တစ်နှစ်လောက်တော့ စောင့်ကြည့်ပါဦး၊ ဒီအတွင်း ဘာမှ မလုပ်ပါနဲ့ဦး" ဟု တောင်းပန်လေသည်။ သည်တွင် ဆရာကြီးက အတော် စိတ်ဆိုး သွားပြီး "ဟေ…အောင်ဆန်း မင်းက ဆရာလား၊ ငါကဆရာလား" ဟု ပြန်မေး လိုက်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းမှာ အိုးတိုးအန်းတန်း ဖြစ်သွားရပြီး "ဆရာကြီး ဒီပြင်လူ ဘာပြောပြော ကျွန်တော်တို့ကို မထိခိုက်ပါဘူး။ ဆရာကြီးက ကျွန်တော်တို့ကို ဆန့်ကျင်တဲ့ စကား တစ်ခွန်းပြောရင် တစ်ခွန်း ထိခိုက်ပါတယ်။ ကျွန်တော် ကတိပေးတဲ့ အတိုင်း တစ်နှစ် ပြည့်လို့ ဘာမှ ဖြစ်မလာဘူး ဆိုရင် ဆရာကြီး လုပ်ချင်တာ လုပ်ပါ။ ကျွန်တော်လည်း နိုင်ငံရေး မလုပ်တော့ပါဘူး။ အေးအေးပဲ နေပါတော့မယ်၊ အခုပြောတဲ့စကား ဆရာကြီး မှတ်ထားပါ။ ဒီနေ့ ဘာနေ့လဲ ဦးယော (ဆရာကြီး၏ သားမက်)၊ အဲ.....မှတ်ထားပါ ဆရာကြီး´ ဟု ဗိုလ်ချုပ်က အနီးတွင် ရှိသော ဦးယော(စာရေးဆရာကြီးဇေယျ) ဘက်သို့ လှည့်ပြော လိုက်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းမှာလည်း ဆရာကြီးအိမ်မှ ပြန်သွားပြီး လပိုင်းမျှ အကြာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် လူမသမာတို့ လက်ချက်ဖြင့် ကျဆုံး ရရှာလေသည်။

ဤတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် သူ့တပည့်ရင်း ဗိုလ်ချုပ် ကျဆုံး ရသည်ကို မချိတင်ကဲ ခံစား ရရှာလေသည်။



http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်း၏ အရိုက်အရာကို ဆက်ခံရသော သခင်နုသည် တစ်နေ့တွင် ဆရာကြီးထံ လာရောက်၍ အကျိုးအကြောင်း ပြောပြလေရာ ဆရာကြီးက `အောင်ဆန်း မသာ အတွက် ငါငွေတော့ မတတ်နိုင်ဘူးကွာ၊ ဒီကဗျာ တစ်ပုဒ်နဲ့ စာအုပ်သာ ယူသွား တော့´ ဟု ဆိုလေသည်။

**အာဇာနည် ဗိမာန်အဓိဋ္ဌာန် ကုသိုလ်တော်ကြီး**ဟု အမည် တပ်ထားသော ယင်း စာအုပ်အား ရောင်းရသော အမြတ်ငွေကို အာဇာနည် ဗိမာန်အတွက် ဆရာကြီးက လှူးဒါန်း ပါသည်ဟု ဖော်ပြ ထားလေသည်။ စာအုပ်ကို မြန်မာ့အလင်း ပုံနှိပ်တိုက်၌ ရိုက်နှိပ်ပြီး တစ်အုပ်လျှင် တစ်ကျပ်ဖြင့် ဖြန့်ချိခဲ့သည်။ ဆရာကြီး၏ သမိုင်းဝင် လေးချိုး ကြီးကို ဖော်ပြ လိုက်ပါသည်။ ။



ဆရာကြီး သခင်ကိုယ်တော်မှိုင်း

http://mmteashop.com
http://mmteashop.com

# အာဇာနည် ဗိမာန်ဦး

(၁)

ဩော် အဆောင်ဆောင်နန်းတွေ ကြငှန်းတွေနှင့်နော
အခေါင်မမြန်းခင်က
အောင်စာတမ်းချို့စေဖို့ အောင်ပန်း ညှိုးရရှာတဲ့
တောင်သမန်းတို့ဗမာမှာ အဟောင်းသံသရာ အငုတ်တွေနှင့်
အောင်ဆန်းတို့ မသာမယာဟာ ငင်းကံကြမ္မာအလုပ်ပေထင့်
သောင်မြန်းမရဏစမုတ်မှာတော့
ချုပ်သနဲ့ ယင်းအလိုတွင်
ဒေါင်းအလံ ပဝါအုပ်ပါလို့ ကျုပ်ဖြင့်
သဂြိုဟ်ချင်....။

(၂)

ဩော်...တပည့်အရင်းတွေမို့
ကဝိမတင်းဘုကဲ့
သတိကင်းကာ မျက်ရည်ကျကျပြီး
ခက်ကပြီ လက်ဆည်လို့မရနိုင်ဘု
သောကဇလောင်ဆူတော့
တောင်ဇမ္ဗူ ပုဂံခေတ်ဆီက
ယခေါင်မှူ ယမန်သနစ်တွေပေါ့
ရန်အဖြစ်မကွဲ့ မနေးသနော် တသောင်းဒီဇမ္ဗူရမ်းနေကြ

http://mmteashop.com
http://mmteashop.com

ကျန်ရစ်တဲ့မြေးတော်အလောင်းစည်သူရဲ့နန်းကိုဖြင့်
လူကြမ်းဓားပြတွေ ကြမ်းလာ ရမ်းလာတဲ့ အရေးတွင်မှ
ဘေးအပေါင်းကြီးစွာ ဝေဒနာအစုံနဲ့
သွေးချောင်းစီးကာ သေရှာပုံရဲ့ပြင်
ရွှေမြန်မာဘုံမှာ အမင်းမင်းသမ္မတတွေနဲ့
သတင်းလှခဲ့တဲ့ အင်းဝရာဇာအမွန် သာလွန်မင်းကိုမှ
သားရင်းရှင်တရုတ်ကယ်က
ရှင်ဘုရင်လုပ်မယ်အကျယ်ဇယားတွင်ဖြင့်
ဒဝယ်သားတွေ ဗိုလ်ဝင်ခံလို့မို့
ဟိုအရင်ယမန်နန်းတော်စီးစဉ်က
အပျက်ကြီးပျက်ကာ အသက်ခန္ဓာတွေဆုံးပုံနဲ့
တထုံးနောက်တနဲမှာတော့
မင်းရဲရန္တမိတ်ခမျာမှာ ညီသနင်းပေပေါ့ ပြည်မင်းဂုဏ်ခံလို့
မှုန်မှုန်ဆန်ဆန် ပုန်ကန်တဲ့အတိုင်းရဲ့ပြင်
တလိုင်းနယ်ရွှေပြည်တခွင်မတော့
ဓမ္မစေတီဘုရင်လက်ထက်တုန်းဆီက
လက်ရုံးရည်တသိန်လျှမ်းပေတဲ့
သမိန်ဗရမ်းဆိုသူ စစ်ဗိုလ်ချုပ်ကိုဖြင့်
မဟုတ်တရုတ်ကောင် တေလေတစ္ဆေ ကိုက်တာနဲ့
ဩော်....ဖွေဖွေရှာရှာ မကျေစရာ ပေပေါ့နယ်
မရေမရာသေရွာဆိုက်သလိုပဲ့
အခိုက်အခါတူလို့မို့
ဆရာတမူ မကြာမကြာလွှမ်းရပါတဲ့
အဘရာအဆူဆူကြာကြငှန်းတွေနှင့်
မြန်မာဇမ္ဗူအညာမန်းတွေဖြင့်



http://mmteashop.com
http://mmteashop.com

ငါတလူငါသရမ်းရော့မဟဲ့လို့
သာခန်းပလ္လင်ညွှန်းပြီး
မြင်ကွန်းပိုင်သူပုန်ထစဉ်က
ကြုံမရသူမသာတော်နှင့်
ပမာသော်တူတယ်လို့ နှိုင်းမိတယ်
ရိုင်းသနဲ့ အတိတ်ယခင်လိုနော်ကွယ်
စကိုင်းတပဲ့ ဂိုဏ်းအဖွဲ့တွေနဲ့ မှိုင်းရဲ့ စိတ်ထင်။

(၃)

မင်းစိတ်မင်းမာန် အကြံအဖန်တင်းလိုက်ပုံက
အင်္ဂလိပ်ယင်းဂျပန်နှစ်တန်ရှင်းပါလို့
ရန်ခပင်းကိုတဲ့ မောင်းကာနှင်
ဒေါင်းမြန်မာတခွင်မှာဖြင့် အထက်ယခင်သဘော
(အိုးကွယ်) တကောင်းရာဇဝင်ကိုတဲ့ ဆက်ချင်သဘော။

(၄)

နန်းမြို့တည်ရန်
မှန်းလို့ရည်ကာသန်တဲ့
ညီလာခံ ဗိုလ်ရှုပွဲတွင်မှ
ထိုထိုလူခပဲကို မကြည်ညိုတဲ့
တနွေးနွေးမှုးမှုးပြီး ခွေးဘီလူးလိုအကောင်မိုက်တွေက



http://mmteashop.com
http://mmteashop.com

ဩော်....အမှောင်စရိုက်ကယ်နှင့်
ပြောင်ပြောင်ပဲ မိုက်မပေါ့လို့
ပြောင်ကိုက်သဟာမှာ ယာယီယတြာအချိန်နဲ့ ဇာတာမှိန်လို့မို့
ဂဏာမငြိမ် တာဝတိံသွန်းကြပေါ့
ဖြေမကြည်နေရီတော့လွမ်းစေဖို့
မြန်မာ့ပြည်ပေါ်ကို ဓမ္မစည်တော်ရွမ်းချိန်မို့
အစွမ်းကုန်သည်တစ်ခါဖြင့်
ပြည်ရွာညီညာဖို့အလုပ်ပေပေါ့
သုသာန်တံခွန်စောင်းရရှာတဲ့
ရုပ်အကျန်ခုနစ်လောင်းရယ်နှင့်
အလွန်ကောင်းစွာ ကမ္ဘာတည်မည့်
အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်
ပါရမီအဓိဋ္ဌာန်တမျိုးရယ်နှင့်
ရှိခိုး ဆရာကန်တော့ချင်ရဲ့
မြန်မာမတော့ ပူစရာဘို့
တဗျူဟာ အောင်ခမန်းတွင်မှ
လူမသမာအမှောင်သန်းချိန်မို့
(အမယ်မင်း....)သောင်ကမ်းမို့မို့ဆီက
ဖောင်နန်းကူးတို့နှင့်အကြေဒဂုန်တည်း ဟူသော
ရေစုန်မျောလေရဲ့
ဩော်...တောင်နန်းမြောက်နန်း အဆောင်ဆောင်ကြငှန်းနဲ့
အခေါင်မမြန်းရခင်က အောင်ပန်းညို့ရရှာတဲ့
အောင်ဆန်းတို့ သေပုံနမြော......။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း



http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်းတို့ ဆရာ တပည့်နှစ်ဦး၏ နိုင်ငံအတွက် စွမ်းဆောင်နိုင်ခဲ့ပုံကို သခင်ကိုယ်တော်မှိုင်း ဋီကာ ရေးသားခဲ့သူ ဆရာဇော်ဂျီကလည်း ဤသို့ ဆိုခဲ့သည်။

အိန္ဒိယ လွတ်လပ်ရေးကို နေရူးသည် လောလောဆယ် အားဖြင့် ယူပေးခဲ့သည်မှာ မှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို တဂိုးက စည်းရုံး ပေးနိုင် ခဲ့သောကြောင့် ဖြစ်သည်။ တရုတ်ပြည်သစ် ထူထောင်ရေးကို မော်စီတုန်းသည် လောလောဆယ် အားဖြင့် ယူပေးခဲ့သည် မှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို လူရွှန်းက စည်းရုံးပေးခဲ့ သောကြောင့် ဖြစ်သည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ဗိုလ်ချုပ် အောင်ဆန်းသည် လောလောဆယ် ယူပေးခဲ့သည် မှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒ အင်အားကို သခင်ကိုယ်တော်မှိုင်းက စည်းရုံးပေးခဲ့ သောကြောင့် ဖြစ်သည်ဟု ယူဆ ပါသတည်း´ ဟူ၍ ရေးသား ဖော်ပြခဲ့လေသည်။ ။



http://mmteashop.com
http://mmteashop.com



# ဗိုလ်ချုပ် နှင့် မေဒေး

၁၉၃၈ ခုနှစ်၊ မေလ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရေနံချောင်းမြို့လည်ပေါ် တန်ဆောင်း အတွင်း၌ မြန်မာနိုင်ငံ၏ ပထမဆုံး မေဒေးနေ့ အခမ်းအနားကို ပရိသတ် ၅၀၀၀ ကျော်မျှဖြင့် ကျင်းပနိုင်ခဲ့ကြသည်။



http://mmteashop.com
http://mmteashop.com

၁၈ ရာစု နှောင်းပိုင်းကာလဖြစ်သော ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည့် အမေရိကန်ပြည်ထောင်စုသည် ၁၉ ရာစုအစ ပိုင်းမှစ၍ စက်မှု လုပ်ငန်းများ တစ်စတစ်စ ဖွံ့ဖြိုးလာသည့် အလျောက် စက်မှု အလုပ်ရုံများတွင် အလုပ် လုပ်ကိုင်ကြရသည့် အလုပ်သမား လူတန်းစားများ ပေါ်ပေါက်လာခဲ့သည်။

အလုပ်ရှင်များက အလုပ်သမားများအပေါ် အကြင်နာမဲ့စွာဖြင့် အနည်းဆုံး တစ်နေ့လျှင် ၁၄ နာရီမှ နာရီ ၂၀ခန့်အထိ စေခိုင်း ခဲ့ကြသည့် အတွက် အလုပ်သမားများက အလုပ်ချိန် လျှော့ပေါ့ပေးရေး၊ ပထမ ၁၀ နာရီ၊ ဒုတိယ ရှစ်နာရီ၊ လုပ်ခတိုင်း မြှင့်ပေးရေး၊ လုပ်ငန်းခွင် အခြေအနေ ပြုပြင်ပေးရေး၊ အလုပ်သမား အဖွဲ့အစည်းများ လွတ်လပ်စွာ ထူထောင်ခွင့် ရရှိရေး တို့အတွက် နိုင်ငံတစ်ဝန်း တောင်းဆို တိုက်ပွဲဝင်မှုများ ပေါ်ပေါက်ခဲ့သည်မှာ ၁၈၀၆ ခုနှစ်မှ ၁၈၃၇ ခုနှစ်တိုင် ဖြစ်ပေသည်။

## ပိုမိုပြင်းထန်လာ

အလုပ်သမားထု၏ ဆန္ဒပြတောင်းဆိုမှုများမှာ ၁၈၅၀ ပြည့်နှစ်မှ ၁၈၆၀ ပြည့်နှစ် ကာလများ အတွင်း ပိုမို ပြင်းထန် လာခဲ့ပြီးနောက် ၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့တွင်မူ အမေရိကန် အလုပ်သမား အဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် အလုပ်သမားများက တစ်နေ့လျှင် (၈) နာရီ အလုပ်ချိန် သတ်မှတ်ပေးရန် ချီကာဂိုကို ဗဟိုပြုလျက် နယူးယောက်၊ ဖော်လတီမိုး၊ ဝါရှင်တန်၊ ပီဂူရီ၊ စင်စင်နာတီ၊ စိန့်လူးဝစ်စ်၊ ပစ္စဗတ်နှင့် ဒက်ထရွိုက်မြို့ကြီးများ အထိ တောင်းဆို တိုက်ပွဲ ဝင်ခဲ့ကြသည်သည်။

## ရက်စက်စွာနှိမ်နင်းခဲ့

အမေရိကန်အစိုးရနှင့် အရင်းရှင်ကြီးများက မေလ ၃ ရက်နေ့တွင် ရက်စက်စွာ နှိမ်နင်းခဲ့ရာ အလုပ်သမား ခြောက်ဦး သေဆုံးပြီးလူစွာ ဒဏ်ရာ ရရှိခဲ့ကြသည်။ အလုပ်သမားများကလည်း အရှုံးမပေးဘဲ ဆက်လက် တိုက်ပွဲ ဝင်ခဲ့ကြပြီး မေလ ၄ ရက်နေ့တွင် ဟေးမားကက် ကွင်းပြင်၌ စုဝေး၍ တောင်းဆိုမှုများကို ဆက်လက် ပြုလုပ်ခဲ့ရာ စစ်တပ်နှင့်

ပုလိပ်အဖွဲ့က ထပ်မံ နှိမ်နင်းသဖြင့် အလုပ်သမား လေးဦးနှင့် ပုလိပ်ခုနစ်ဦး သေဆုံး ခဲ့ပြန်သည်။

အဆိုပါ အဖြစ်အပျက်များ မတိုင်မီ ၁၈၆၉ ခုနစ်က ဗာဆေးမြို့တွင် ကျင်းပခဲ့သည့် ကားလမတ် Karl Marx ခေါင်းဆောင်သော ပထမ အင်တာနေရှင်နယ် first International နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်ကြီး၏ အထွေထွေ ကောင်စီ အစည်းအဝေးမှ အမေရိကန် အလုပ်သမားများ၏ အလုပ်ချိန် (၈) နာရီ တိုက်ပွဲများကို အကြွင်းမဲ့ ထောက်ခံခဲ့သည့် အပြင် နိုင်ငံတကာ အလုပ်သမား သမဂ္ဂများ၏ ခေါင်းဆောင်မှုဖြင့် နိုင်ငံတိုင်းတွင် အလုပ်ချိန်တိုက်ပွဲများ ညီညွတ်စွာ ဆင်နွှဲရန်နှင့် နိုင်ငံ အစိုးရတိုင်းအား အလုပ်ချိန် (၈)နာရီအဖြစ် တရားဝင်ပြဋ္ဌာန်းပေးရန် တောင်းဆိုခဲ့သည်။

## မေးဒေး (သို့မဟုတ်) အလုပ်သမားနေ့

၁၈၈၉ ခုနစ် ဇူလိုင်လတွင် ပဲရစ်မြို့ ဒုတိယ အင်တာနေရှင်နယ် ဖွဲ့စည်းရေး ပြင်ဆင်မှု အစည်းအဝေး၊ ၁၈၉၁ ခုနစ် အဖွဲ့ချုပ်၏ ဘရပ်ဆဲကွန်ဂရက်နှင့် ၁၈၉၃ ခုနစ် ဇူးရစ် ကွန်ဂရက်တို့မှ မေလ ၁ ရက်နေ့ကို အလုပ်သမားတိုက်ပွဲ အထိမ်းအမှတ် မေဒေးနေ့ အဖြစ် နိုင်ငံအားလုံးတွင် တညီတညွတ်တည်း ကျင်းပရန် အကြိမ်ကြိမ် ပြဋ္ဌာန်း ခဲ့ကြသည်။ ထိုအချိန်မှ စ၍ မေလ ၁ ရက်နေ့ ရောက်တိုင်း မေဒေးနေ့ကို အလုပ်သမားတို့၏ နိုင်ငံတကာနေ့ အဖြစ် နှစ်စဉ်မပျက် ကျင်းပခဲ့ကြသည်။

## အရေးတော်ပုံကာလ

အမေရိကန် ပြည်ထောင်စုတွင် အလုပ်သမားများက အရင်းရှင် လုပ်ငန်းရှင်များအား အလုပ်သမားအခွင့် အရေးများ တောင်းဆို တိုက်ပွဲ ဝင်ခဲ့သည့် ကာလ နောက်ပိုင်း ၁၉၃၈ ခုနစ် တစ်ဝိုက်က မြန်မာနိုင်ငံသည်လည်း နယ်ချဲ့ အင်္ဂလိပ်တို့၏ စစ်ပွဲသုံးကြိမ် ဆင်နွှဲမှုဖြင့် ကိုလိုနီ ဘဝ ကျရောက် နေချိန်ဖြစ်သည်။ အထူးသဖြင့် Burma Oil Corporation – BOC ရေနံကုမ္ပဏီသည် ရေနံမြေ အလုပ်သမားများ အပေါ် ဖိနှိပ်

ညှဉ်းပန်းမှု ပြုနေသော ကာလလည်း ဖြစ်သည်။ ၁၃၀၀ပြည့် အရေးတော်ပုံကြီးဟု သမိုင်းတွင်မည့် ချောက်မြို့ BOC ရေနံမြေ အလုပ်သမားတို့၏ သပိတ်ကြီးကို မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း (၈) ရက် စနေနေ့၊ ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့တွင် အလုပ်သမား အင်အား ၃၀၀၀ ကျော်ဖြင့် တောင်းဆို ဆန္ဒပြခဲ့ကြသည်။

ဇန်နဝါရီ ၁၇ ရက်တွင် အင်အား ၅၀၀၀ ရှိသော ရေနံချောင်းမြို့ ရေနံမြေ အလုပ်သမားများ ပူးပေါင်း ပါဝင်ခဲ့သည်။ သပိတ်အင်အားမှာ တဖြည်းဖြည်း ကြီးမားလာခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ဗန္ဓုလပန်းခြံ၌ ရန်ကုန်မြို့လုံးကျွတ် လူထု အစည်းအဝေး ကျင်းပ၍ လူမျိုးစု သပိတ် စောင့်ရှောက်ရေး အဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

## မြန်မာနှင့်မေဒေး

မြန်မာနိုင်ငံ၌လည်း တို့ဗမာ့အစည်းအရုံးမှ ပထမဆုံးရှေ့ဆောင် ဆော်ဩ၍ ရေနံချောင်း၊ ချောက် ရေနံမြေ အလုပ်သမားနှင့် သန်လျင်၊ ရန်ကုန် အလုပ်သမားများက ပထမဆုံး မေဒေးနေ့ကို ကျင်းပ ခဲ့ကြသည်။ ရေနံချောင်းမြို့တွင် ရေနံမြေ အလုပ်သမား အစည်းအရုံးကြီးက စည်းဝေးပွဲကို နှီးဆော်စာဖြင့် ဤသို့ ဖိတ်ခေါ်ခဲ့သည်။

## အဆွေအလုပ်သမား ဆင်းရဲသားအပေါင်းတို့

မေလ ၁ ရက်နေ့သည်ကား အဆွေတို့ - ငါတို့ လူစဉ်မမီဘဲ တာတေလန်အောင် ငတ်ပြတ် မွဲတေသော ဘဝ၌ သွတ်သွင်း နှိပ်နင်း ထားသည့် ယုတ်မာညစ်ဆိုး ခနရှင် စနစ်မျိုး မှန်သမျှတို့ကို တစ်ကမ္ဘာလုံးရှိ အလုပ်သမား ဆင်းရဲသားတို့က တလုံးတစည်း တစ်ပြိုင်နက်တည်း ညီညာဖြဖြထ၍ ကန့်ကွက်ကြသော နေ့ထူးနေ့မြတ်ကြီး ပေတည်း။

မိမိအား မရှိမသေ မထီမဲ့မြင် ပြုဖူးသော ကုလားညီနောင်တို့အား ဘယ်သော အခါမှ ရန်ငြိုးမကျေသော ကျန်စစ်သားကဲ့သို့ လည်းကောင်း၊ မိမိနဖူးရှိ အမာရွက်အား စမ်းသပ် ကြည့်ရှု မိတိုင်း မင်းမဟော်ကို ဒေါသမီးလုံး ဟုန်းဟုန်းထ၍ သတိရအပ်သော ကေဝဠ် အမတ်ကဲ့သို့ လည်းကောင်း၊ မေလ ၁ ရက်နေ့တွင် အဆွေတို့ ငါတို့ကို ပုဒ်ထီးပုဒ်မ အမျိုးမျိုးဖြင့် လည်ကောင်း၊ စက်သေနတ်ဖြင့် ခြိမ်းခြောက်ခြင်းဖြင့် လည်းကောင်း၊ ပိတ်ပင် ချုပ်တည်း နှိပ်စက်ဖိစည်းမှု အမျိုးမျိုးဖြင့် လည်းကောင်း၊ အဆွေတို့ ငါတို့ နာမထူ၊ ခေါင်းမပြူ နိုင်အောင် အနှစ်နှစ် အလလက နှိပ်စက် လာခဲ့သော ဓနရှင်နိုင်ငံချဲ့ စနစ် ဆိုးကြီး၏ မတရား ချုပ်တည်းမှုတို့ကို အဆွေတို့ ငါတို့ ဤနေ့ဤရက်တွင် ဖော်ပြကုန်အံ့၊ ကန့်ကွက်ကြကုန်အံ့၊ တိုက်ဖျက်ကြကုန်အံ့။

အဆွေ အလုပ်သမား ဆင်းရဲသား အပေါင်းတို့၊ အဆွေတို့ ငါတို့အား မည်မျှပင် ဖိနှိပ် နှိမ်နင်း ထားသော်လည်း ဤထူးမြတ်သော မေလ ၁ ရက်နေ့တွင် အဆွေတို့ ငါတို့ ကုန်းကော့ ကန်ကြောက်၍ အတင်း ထကြကုန်အံ့၊ ဓနရှင်နိုင်ငံချဲ့စနစ်ဆိုး၊ စနစ်ညစ်ကြီးနှင့် အားချင်းယှဉ်၊ အရပ်ချင်းတိုင်း၊ အရေးချင်း ပြိုင်ကြကုန်အံ့၊ ဤစနစ်ဆိုးကြီးကို လုပ်ကြံရန် ကြိုးစား ကြကုန်အံ့၊ မေလ ၁ ရက်နေ့၊ ၁၃၀၀ပြည့်နှစ် ကဆုန်လဆန်း ၃ ရက် တနင်္ဂနွေနေ့ ၁၂ နာရီအချိန် ရေနံချောင်းမြို့ လည်ပေါ်တန်ဆောင်းကြီး အတွင်း မြို့သူမြို့သားများနှင့် အလုပ်သမားတိုင်း မပျက်မကွက် ဆက်ဆက် ကြွရောက်သော မေဒေး အထိမ်းအမှတ် တရားပွဲများ ကျင်းပကြကုန်အံ့။

အဆွေတို့ ငါတို့ကိုပင် မကသေး၊ လူ့တလောကလုံးရှိ ဆင်းရဲသား အပေါင်း တို့ကိုလည်း သိန်းသန်းကုဋေချီ၍ သေကျေ ပျက်စီးစေခြင်း၊ ငတ်မွတ် ခေါင်းပါး မွဲပြာ ကျစေခြင်း၊ ရောဂါ အမျိုးမျိုးတို့ကို ဖြစ်ပွားစေခြင်း စသည့် ဝဋ်ဒုက္ခကပ် အပေါင်းတို့ကို ဆိုက်ရောက် စေသော ဓနရှင်နိုင်ငံချဲ့ စနစ်ဆိုးကြီးကို ကန့်ကွက် တိုက်ဖျက်သည့် အမှတ်ဖြင့် မေလ ၁ ရက်နေ့တွင် အဆွေတို့ ငါတို့အိမ်လုံးကျွတ်၊ နယ်လုံးကျွတ်၊ ပြည်လုံးကျွတ်၊ ကမ္ဘာလုံးကျွတ် တက်ရောက် စုဝေးပြီးလျှင် ညနေ ၃ နာရီအချိန်မှစ၍

လမ်းတကာလမ်း၊ အရပ်တကာ အရပ်တို့ကို လှည့်လည်ကာ သောသောရုတ်ရုတ် အုတ်အုတ်သဲသဲ ဟစ်ကြွေး ကြွေးကြော် ကြကုန်အံ့သတည်း။

**မြန်မာမေဒေးအစ ရေနံချောင်းက**

ဤသို့ နိုးဆော်ထားသည့်အတိုင်းပင် ၁၉၃၈ ခုနှစ်၊ မေလ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရေနံချောင်းမြို့လည် ပေါ်တည်ဆောင်း အတွင်း၌ မြန်မာနိုင်ငံ၏ ပထမဆုံး မေဒေးနေ့ အခမ်းအနားကို ပရိသတ် ၅၀၀၀ ကျော်မျှဖြင့် ကျင်းပနိုင်ခဲ့ကြသည်။ မူလက ချောက်မြို့တွင်ပါ ကျင်းပါရန် စီစဉ် ထားသော်လည်း ထိုစဉ်က ချောက်မြို့ရှိ ချောက် ဒုတိယ ရေနံဝန်၏ တားဆီးမှုကြောင့် သခင်သင်၏ နေအိမ်တွင်သာ ကျင်းပ နိုင်ခဲ့ လေသည်။

အလားတူပင် ရန်ကုန်မြို့၊ အလုံပန်းခြံ(ယခု သခင်မြပန်းခြံ)၌ လည်းကောင်း၊ သန်လျင်မြို့ ဘောလုံးကွင်း၌ လည်းကောင်း ကျင်းပခဲ့သော မေဒေးနေ့ အခမ်းအနားများမှာ တို့ဗမာအစည်းအရုံးမှ ရှေ့ဆောင် ဆော်သြ၍ ကျင်းပခဲ့သော ပထမဆုံး မြန်မာမေဒေး အခမ်းအနားလည်း ဖြစ်ခဲ့ပေသည်။

**စစ်အပြီး ကျင်းပသည့် မေဒေး**

၁၉၄၆ ခုနှစ်သည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် (ဖဆပလ) အဖွဲ့ ချုပ်ကြီးနှင့် မြန်မာပြည် ဘုရင်ခံတို့ အားပြိုင်နေသော ကာလလည်း ဖြစ်ပါသည်။ ထိုနှစ် မေလ ၁ ရက်နေ့မှစ၍ စစ်ပြီးစ မြန်မာနိုင်ငံတွင် ပထမဆုံးသော မေဒေးနေ့ကို ရွှေတိဂုံ ဘုရား ခြေတော်ရင်းတွင် ရှိသည့် ကန်တော်မင် ပန်းခြံအတွင်းတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း ပြည်သူ့ အသံ သတင်းစာတွင် ဖော်ပြခဲ့လေသည်။



http://mmteashop.com http://mmteashop.com

# ဗမာ့လွတ်လပ်ရေး အရေးတော်ပုံနှင့် ဗိုလ်ချုပ်အောင်ဆန်း



ငါ့အတွက် ဖြစ်လိုရာ ဖြစ်စေတော့၊ နိုင်ငံရေး ဂယက်ဝဲ အတွင်းသို့ ခြေစုံ ပစ်၍ ဖွတ်ဆင်းကာ ငါ့နိုင်ငံ၏ လွတ်လပ်ရေး အတွက် မနေမနား စွန့်စား လုံးပမ်းတော့အံ့။

http://mmteashop.com
http://mmteashop.com

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့က ဂျပန်တို့ဟာ အမေရိကန်တို့ရဲ့ ရေတပ်စခန်း တစ်ခု ဖြစ်တဲ့ Pearl Harbour ပုလဲ ဆိပ်ကမ်းကို စစ် မကြေညာဘဲ အလစ် ဝင်ရောက် တိုက်ခိုက် ခဲ့ရာက အမေရိကန်ဟာလည်း ဒုတိယ ကမ္ဘာ စစ်ကြီးထဲကို ဝင်ရောက် ခဲ့ရပါတော့တယ်။

ဒီအချိန်မှာပဲ ထိုင်ဝမ် (တရုတ်တိုင်ပေ) ကျွန်းရဲ့ တောင်ပိုင်းမှာ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်ဖို့ စစ်ပညာများ သင်ယူပြီး စစ်ရေး လေ့ကျင့်နေကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ထိုင်းနိုင်ငံ ဘန်ကောက်က တစ်ဆင့် မြန်မာနိုင်ငံထဲကို စစ်ကြောင်း သုံးကြောင်းနဲ့ မြန်မာပြည် တောင်ဘက်ပိုင်းကနေ ဝင်ရောက် လာခဲ့သည်။

ဒီလို ဝင်ရောက်မလာခင် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ "ဗမာ့ လွတ်လပ်ရေး မရမချင်း အသက်ပင်သေသေ အရေပင်ခန်းခန်း မခွဲတမ်း မခွာတမ်း လုံးပမ်း တိုက်ခိုက် သွားကြမယ်" ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သွေးဖောက် သောက်ပြီး သစ္စာ ဆိုခဲ့ကြတယ်။ တစ်ဆက်တည်းမှာပဲ ဗမာ့လွတ်လပ်ရေး တပ်မတော် The Burma Independence Army – BIA ကို ဖွဲ့စည်း တည်ထောင်လိုက်ကြတယ်။

၁၉၄၂ ခုနှစ် နှစ်ဆန်းပိုင်းမှာတော့ ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ BIA ဟာ စစ်ကြောင်းကြီး သုံးကြောင်းနဲ့ မြန်မာနိုင်ငံ တောင်ဘက်ပိုင်းကနေ ဝင်ရောက်လာပြီး အင်္ဂလိပ်တို့ လက်အောက်ကနေ မြို့ရွာများကို သိမ်းပိုက်ခဲ့ပြီး ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့မှာတော့ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။

စစ်ပညာ သင်ကြားစဉ်ကပင် ဂျပန်တို့ရဲ့ မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ သဘော ထားကို ရိပ်စား မိတာကြောင့် တစ်ချိန်ချိန်မှာ ဂျပန်ကို တော်လှန် ရမယ်ဆိုတဲ့ အသိ ကလည်း မြန်မာခေါင်းဆောင်များ စိတ်ထဲမှာ ကိန်းအောင်း လာခဲ့ပြီး ဖြစ်ပါတယ်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေး ကြေညာ ပေးခဲ့ပါတယ်။ ဒီလွတ်လပ်ရေးဟာ အတုအယောင် လွတ်လပ်ရေး ဖြစ်တယ်

http://mmteashop.com
http://mmteashop.com

ဆိုတာကို သိထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာ့ခေတ် သတင်းစာမှာ "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ" ဆိုတဲ့ ဆောင်းပါးကို ရေးသားခဲ့ပါတယ်။ ဒီဆောင်းပါးဟာ ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေး ကြေညာခဲ့တဲ့ ဩဂုတ်လ ၁ ရက်နေ့မှာပဲ ဖော်ပြခဲ့တဲ့ ဆောင်းပါးလည်း ဖြစ်ပါတယ်။ အဲဒီဆောင်းပါးကို ၁၉၆၆ ခုနှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်း အတွဲ ၁၄ အမှတ် ၉ မှာ ပြန်လည် ဖော်ပြ ခဲ့တာမို့ စာဖတ်သူများ ဗိုလ်ချုပ်ရဲ့ စာပေ လက်ရာကို လေ့လာနိုင်ဖို့ ဖော်ပြလိုက်ရပါတယ်။

## ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ

ဗိုလ်ချုပ်အောင်ဆန်း-ရေးသည်

၁၉၃၈ ခုနှစ် အောက်တိုဘာလတွင် တို့ဗမာ့အစည်းအရုံးသို့ သခင်အဖြစ် စာရင်းသွားခဲ့၏။ ဥပဒေတန်း ၌ စခန်းကုန် သင်ရန် ကိစ္စကို လည်းကောင်း၊ ကျွန်ုပ်၏ ရှေ့အလား အလာများကိုလည်းကောင်း တစ်ပါးတည်း အပြီးသတ် စွန့်လွှတ်လိုက်ကာ ကျွန်ုပ်သည် ဩဂုတ်လ အတွင်း နှစ်ဝက် ကျောင်းပိတ်ရက် ရသည့် အခါမှစ၍ တက္ကသိုလ် ကျောင်းတော်ကြီးမှ ထွက်ခဲ့၏။

ဥရောပတိုက်တွင် မြူနစ် အရေး ပေါ်ပေါက်လာခြင်းသည်ပင် ဒုတိယကမ္ဘာစစ်ကြီး မလွဲ ဖြစ်ရမည့် အရေးကို ကျွန်ုပ်၏ အသိဉာဏ်အတွင်း ထင်းခနဲ ပေါ်စေတော့၏။ ထို့ထက် စောစွာကပင် ၁၉၃၉-၄၀ လောက်၌ ကမ္ဘာစစ် ဖြစ်မည့် အရေးကို ကျွန်ုပ်တို့ တစ်စု တွက်ဆပြီး ဖြစ်၏။ ထိုအချိန်လောက်တွင် လက်နက် ဖြည့်တင်းရေး ကိစ္စများသည် နိုင်ငံကြီးများ၌ လုံးဝပြီးစီးမည် ဖြစ်သောကြောင့်လည်း ကမ္ဘာနှင့်အမျှ စစ်မီး လောင်ကျွမ်း ချိန်တွင် တို့ဗမာ့များမည်သို့ ခြေလှမ်း, လှမ်းကြမည်ကို ကျွန်ုပ်တို့လူစု မတွေးဘဲ မပြောဘဲ မနေနိုင်ပြီ။ ပြောဆို ဆွေးနွေးကြ၏ ။



http://mmteashop.com
http://mmteashop.com

သို့သော် ထိုအခါက ကမ္ဘာစစ်ကြီး မလွဲ ဖြစ်တော့မည်ကို တွက်ဆ မိရုံသာ တွက်ဆ မိ၍ ဇကန် အတိအကျကား ပြောဆို နိုင်ခဲ့သည် မဟုတ်သော်လည်း မြူနစ်မြို့၌ အင်္ဂလိပ် နန်းရင်းဝန် ချိန်ဘာလိန်သည် မိမိနိုင်ငံတော်ကြီး၏ ဂုဏ်သိက္ခာကိုမျှ မငဲ့ မထောက် နိုင်ရှာတော့ဘဲ ဟာရ်ဟစ်တလာ ကြေအေး နစ်သိမ့် စေရေးအတွက် ဦးနှိမ် လိုက်သည့် အခါတွင်ကား ကမ္ဘာစစ်ကြီး တံခါးမ၌ ဆိုက်ရောက်နေပြီ ဖြစ်ကြောင်းကို သည်းထိတ် ရင်ဖို သိရှိရလေတော့၏ ။

ကမ္ဘာစစ်ကြီး အမှန် ဖြစ်ချေတော့မည်။ ဗမာ့အခြေကား အသို့နည်း။ ဗမာတွေ ဘာလုပ် ကြမည်နည်း။ ဤပြဿနာများကား ကျွန်ုပ်ရှေ့တွင် အသျှိသျှိ တစ်သီကြီး ပေါ်လာ လေတော့၏ ။ တစ်ခုတည်းသော အဖြေဒွာန်ကို ရုတ်ခြည်း ကျွန်ုပ်ပြုလိုက်၏ ။

**"ငါ့အတွက် ဖြစ်လိုရာ ဖြစ်စေတော့၊ နိုင်ငံရေး ဂယက်ဝဲ အတွင်းသို့ ခြေစုံပစ်၍ ဖွတ်ဆင်းကာ ငါ့နိုင်ငံ၏ လွတ်လပ်ရေး အတွက် မနေမနား စွန့်စား လုံးပန်းတော့အံ့။"**

ဤအဖြေဒွာန်ကို သန်သန်ကြီး ပြုလိုက်မိတော့၏။ မည်သူသည် ဤသို့ အခါကောင်း အခွင့်ထူး ရွှေလမ်းကြီး ဖြူးနေသည့် အခိုက်မျိုးတွင် ကိုယ့်နိုင်ငံအတွက် စွန့်စားရေးကို လက်လွတ် ခံနိုင် ချိမ့်မည်နည်း။ ဟိ သစ္စံ ထိုစကားမှန်၏။ ကျွန်ုပ်အတွက် မှန်လှ၏။ ကျွန်ုပ် လက်လွတ် မခံ။ စွမ်းအား ရှိသလောက် ကိုယ့်လူမျိုး ကြုံတွေ့နေရသော ကြမ္မာဆိုးကို ကပြောင်းကပြန် မှောက်လှန်ထုတေ အမြစ်ပါ နုတ်၍ ချေတော့အံ့။ သခင် အစည်းအရုံးမှ တစ်ဆင့် နိုင်ငံလွတ်လပ်ရေး တိုက်ရန် တိုက်ပွဲတွင်းသို့ ကျွန်ုပ် စတင် သက်ဆင်း မိခဲ့ လေသည်။

ကျွန်ုပ် သခင်ဘဝတွင်း ဆင်းမိသည်နှင့် တစ်ပြိုင်နက် သပိတ်မှောက်မှု၊ စီတန်း လမ်းလျှောက် အင်အားပြမှု တော်လှန်ရေး ဒီလှိုင်းတံပိုးသည် တစ်နိုင်ငံလုံး ဖုံးလွှမ်း သွားခဲ့ လေသည်။ ဗြိတိသျှ အစိုးရကလည်း ထကြွမှုများကို ငဲ့ညှာမရှိ ပြင်းထန်စွာ တန်ပြန် တိုက်လေ တော့၏။ ကျွန်ုပ်နှင့်တကွ ကြံရာပါ ဖော်တသင်းသည် (ကျွန်ုပ်တို့ကို ဖမ်းချုပ်

လိုက်သည့် အင်္ဂလိပ် ပုလိပ်မင်းကြီး စကားအတိုင်း သုံးရက) "အစိုးရ အဖွဲ့ကို အင်နှင့် အားနှင့် တော်လှန် လုပ်ကြံမှု" ဖြင့် အစစ်အဆေး မရှိ ရန်ကုန်ထောင်တွင် အတန်ကြာမျှ အကျဉ်း ချထားခြင်း ခံလိုက်ကြရ၏ ။

အမှန်မှာလည်း ထို တော်လှန်မှုများတွင် ကျွန်ုပ်၏ အနည်းငယ်မျှသာ လက်ရာ သည် ပါသည်မှန်၏။ ပြောပြလောက်သော လက်ရာကား မဟုတ်လှပါ။ ဤအရေးများသည် အရှိန် ယူနေပြီး ဖြစ်သော ကမ္ဘာစစ်ကြီးကို အကြောင်းပြု၍ ပေါ်လာရမည့် မဝေး လှတော့ သော ဗမာ့ လွတ်လပ်ရေး အရေးတော်ပုံကြီး၊ မဟာ အခါကြီးများ အတွက် နိဒါန်း ကလေး မျှသာ ဖြစ်ကြောင်းကို ကောင်းကောင်းကြီး ထင်မြင်မိတော့၏။

## ဥရောပစစ်

ကျွန်ုပ် ထင်သကဲ့သို့ပင် အမှန်ပင် စစ်ဖြစ်ရတော့၏။ ၁၉၃၉ ခု၊ စက်တင်ဘာ ၃ ရက်တွင် ဥရောပစစ် စတင် လိုက်လေသည်။ (ကျွန်ုပ်၏ အမှတ် မမှားပါက) စစ် မကြေညာမီက နှစ်ရက်ကပင် တို့ဗမာ့အစည်းအရုံး ပြည်လုံး ဆိုင်ရာ အလုပ် အမှုဆောင် အဖွဲ့၏ အထူး အစည်းအဝေးပွဲကို ကျင်းပကာ ပါတီမရွေး ဗမာ့လွတ်လပ်ရေးကို ချစ်သူ အားလုံး ပါဝင်၍ တို့ဗမာ့အစည်းအရုံးနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသား အစည်းအရုံးကို အခြေထားလျက် ဗမာ့ ထွက်ရပ်ဂိုဏ်း တစ်ခု တည်ထောင်ရန်ကို ဆုံးဖြတ်ခဲ့ကြလေသည်။

အမှန်ပေါ်ပေါက် လာတော့မည့် ဖြစ်သော ကမ္ဘာစစ်ကို ကြိုတင် ဆုံးဖြတ်ချက် ချမှတ် ကြခြင်း ဖြစ်၏။ ဤဆုံးဖြတ်ချက် အတိုင်းပင် ဗမာ့ ထွက်ရပ် ဂိုဏ်းကြီးကိုလည်း ဖွဲ့စည်း မိလေသည်။ ထိုဂိုဏ်းကြီး ပြန့်ပွားမှု အတွက် အနည်းငယ်မျှသာ စီမံ ရစဉ်မှာပင် ဗြိတိသျှ အစိုးရသည် နိုင်ငံအနှံ့ ဖမ်းဆီး ချုပ်နှောင်မှုများကို စတင်ပြုလုပ် လိုက်ရကား အဖမ်း ခံရသူများ အထဲတွင် အရာရောက်သော ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များ အားလုံး လောက် ပါဝင် သွားလေတော့သည်။

http://mmteashop.com
http://mmteashop.com

ကျွန်ုပ်ကား တစ်ယောက်တည်း လွတ်ကျန်ရစ်သည်။ ကျွန်ုပ်အား အမှန် ဖမ်းဆီးသည့် အရေးမှာလည်း လျှို့ဝှက်ထားချက်ပင် ဆိုသော်လည်း အများသိပြီး ဖြစ်လေပြီ။ ကျွန်ုပ်မှာလည်း ထိုအခါက အိန္ဒိယနိုင်ငံတွင် ရမ်ဂါ ကွန်ဂရက် အစည်းအဝေး တက်ရောက်၍ ဂန္ဒီ၊ ဂျဝါဟာလာနေရူး၊ ဆူဘတ်စ်ဘိုစ့် အစရှိသော ကွန်ဂရက် ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဗမာနိုင်ငံသို့ ပြန်ရောက်စ ဖြစ်၏။

အိန္ဒိယနိုင်ငံတွင် ကျွန်ုပ်တို့ သွားလေရာတို့၌ နောက်က အစိုးရ စုံထောက်များ ဖွဲကောင်းကောင်းနှင့် လိုက်နေကြောင်း သိခဲ့၏။ ဗမာနိုင်ငံသို့ ကျွန်ုပ်တို့ ပြန်ရောက်သည် ဆိုလျှင်ပင် ကျွန်ုပ်တို့ အိန္ဒိယတွင် လုပ်ကိုင်ခဲ့သမျှ ကိစ္စများနှင့် ပတ်သက်သော အစီရင်ခံစာတို့ကို စီရင်စုတိုင်းရှိ အရာရှိကြီးများထံ ဝေငှ ပေးပို့ထားကြောင်း သိရှိရ၏။ သခင်အစည်းအရုံးကို မတရား အစည်းအရုံးအဖြစ် ကြေညာ လိမ့်မည်ဟူသော သတင်းများမှာလည်း ပြန့်လျက် ရှိလေသည်။

ပေါ်ပေါက်လျက်ရှိသော အခြေအနေ အားလုံးကို ခြုံ၍ ထင်မြင်အောင် ဆင်ခြင်ကြည့်ပြီးနောက် ပေါ်ပေါ်ထင်ထင် မနေဘဲ ခပ်လျှိုလျှို နေခြင်းသာ ကောင်းမည်ဟု တွေးတော မိသည့်အလျောက် ကြုံလာရမည် အရေးဟူသရွေ့ကို ရင်ဆိုင်ရန် အသင့် စီစဉ်ရလေသည်။ သို့သော် အစီစဉ်သင့်သရွေ့ကို အပြီးအစီး မစီစဉ်ရသေးမီ ကျွန်ုပ်၏ ရဲဘော်အားလုံး လောက်ပင် ထောင်တွင်း ရောက်ကုန် ကြလေပြီ။

ခြေရာပျောက်လျှိုး၍ နေရန်ကို လောလောဆယ် ကျွန်ုပ် စီမံရတော့၏။ ခြေရာဖျောက်မိပြီး မကြာမီပင် ကျွန်ုပ်အား ဖမ်းဆီးရန် ဝရမ်းထွက်၍ လာလေတော့သည်။ ဆံခြည်တစ်လုံးကြား လွတ်မြောက် သွားရခြင်းတည်း။ ဤသို့သာ မလွတ်မြောက်ပါက ကမ္ဘာစစ်ကြီးတာရှည် သလောက်မျှသာ မကမူဘဲ ကမ္ဘာ့ အရှေ့ပိုင်းတွင် အင်္ဂလိပ်အခြေ သေချာ တည်မြဲသည့် အချိန်ထိ ကျွန်ုပ်၏ဘဝကို အကျဉ်းထောင်တွင် မြှုပ်နှံခြင်း ပြုရတော့မည် ဖြစ်ရကား အလုပ်မရှိ အချိန်အားသည်နှင့် အမှု အရေးမပါသည့် ဒေါသကို မျိုသိပ်ကာသာ ဘာကိုမျှ လုပ်နိုင်မည် မဟုတ်သော ဘဝသို့ ရောက်ရတော့မည် အမှန်။

http://mmteashop.com
http://mmteashop.com

ကာကွယ်ရေး စာချုပ်တစ်ခု နိပွန်နှင့် ပြင်သစ်တို့ ချုပ်ဆိုပြီးသည့် အခါတွင်ကား နိုင်ငံချင်း ဆက်သွယ်ရေးသည် အတော်ပင် ပျက်ပြား ဆိုးရွား လာလေရကား ကျွန်ုပ်မှာ နောက်ပိတ်ဆုံး အစီအစဉ်များကို အပြီးသတ် စီစဉ် ဆွေးနွေး ပြုလုပ်ရန် ဟိုင်နန်သို့ ပြန်ခဲ့ရ၏။ ထိုမှတစ်ဖန် တိုကျိုမြို့သို့ သွားရ ပြန်လေသည်။ အောက်တိုဘာလ အတွင်း၌ တစ်ဖန် ဘန်ကောက်သို့ သွားခဲ့ရပြန်၏။ သို့သော် အရှေ့အာရှ စစ်မကြေညာမီ နှစ်ရက်လောက်တွင် ဆိုင်ဂွန်းမြို့သို့ ပြန်ပြေးခဲ့ရ၏။ စစ်ကြေညာပြီးနောက် ယိုးဒယားနေ ဗမာများနှင့်ပင် ဗမာ့ လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းရန်အတွက် ဘန်ကောက်သို့ ပြန်သွားရ၏။

## ဗမာ့လွတ်လပ်ရေး တပ်မတော်

ဗမာ့လွတ်လပ်ရေး တပ်မတော်သည် စစ်ကြောင်း သုံးကြောင်းဖြင့်ကာ ဗမာနိုင်ငံ အတွင်းသို့ ဝင်ခဲ့၏။ (တနင်္သာရီနယ်မှ ဝင်သည်။) မြောက်ဘက်၌ မဲဆောက်မြို့မှ လည်ကောင်း၊ တပ်မကြီးသည် မြစ်သာမှလည်းကောင်း၊ ဝိတိုရိယ အငူမှ လည်းကောင်း ဝင်ရောက် ခဲ့ကြ၏။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ရန်သူသံချပ်ကာ ကားများနှင့်ပင် ပဲခူး အနီး၌ တိုက်ကြရ၏။ မြိတ်မြို့ကို သိမ်းခဲ့၏။ ထားဝယ်သိမ်းရန်ကို နိပွန်တို့အား တွဲဖက် ကူညီ ပေးခဲ့၏။ ဟင်္သာတတွင် လည်းကောင်း၊ ဖျာပုံတွင်လည်းကောင်း တိုက်ပွဲများကို နွဲလိုက် သေး၏။ မြစ်ဝကျွန်းပေါ် တစ်ခုလုံးကို သိမ်းရာတွင် ပုသိမ်၊ မြောင်းမြတို့ကို သိမ်းနိုင်ခဲ့၏။ ဒေးဒရဲ၌ လေယာဉ်ပျံ နှစ်စင်းကို ပစ်ချခဲ့၏။ ရွှေတောင် တိုက်ပွဲတွင်ကား ပြင်းထန် ရှုပ်ချွံစွာ တိုက်ခိုက်ကြ၏။ ရွှေကျင်မှာလည်း တိုက်ခဲ့သည်။ အထက်နိုင်ငံ သိမ်းယူ တိုက်ခိုက်ရေးတွင် ရန်သူများအား စစ်ပရိယာယ် ဆင်၍ ဝိုင်းမိအောင် နိပွန် တပ်မတော်ကြီး အား ကူညီရာ၌ ရောဝတီ အနောက်ကြောင်း ချီတက် ကူညီပေးခဲ့၏။ နိပွန်နှင့် အတူ တိုက်ကာ ရခိုင်ကို သိမ်းကြ၏။ နိုင်ငံတွင်း ငြိမ်ဝပ်ပိပြားမှုကို တစ်ဖက်တစ်လမ်း ကူညီ ဆောင်ရွက် လိုက်ရပြန်၏။

http://mmteashop.com
http://mmteashop.com

## ဗမာ့ကာကွယ်ရေးတပ်မတော်

အမြဲတမ်း စစ်တပ်ကြီး တစ်ခု၏ အခြေမျိုးရောက်အောင် ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် “ဗမာ့လွတ်လပ်ရေး တပ်မတော်” ကို “ဗမာ့ကာကွယ်ရေး တပ်မတော်” ဟူ၍ ပြောင်းလဲ ဖွဲ့စည်း လိုက်လေသည်။ ကျွန်ုပ်မှာ ထိုတပ်မတော်၏ ဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့ရ၏။ ဗမာ့ လွတ်လပ်ရေး တပ်မတော်သည် ယခုအခါ စစ်မျက်နှာ၌ နိပ္ပွန်တို့နှင့် အတူ တွဲဖက် တိုက်ခိုက် နေပေပြီ။

## ငါတို့၏ လုပ်ငန်း

ဗမာနိုင်ငံ၏ ကြမ္မာနှင့် ပတ်သက်၍ ကျွန်ုပ်သည် ဘယ်အခါကမျှ စိတ်သက်သာမှု မရ ခဲ့မိပေ။ အိပ်မက်များတွင်းမှာပင် ကျွန်ုပ်သည် ကျွန်ုပ်၏ မလွတ်လပ်သော နိုင်ငံအတွက် ယောင်ယမ်း ငိုခဲ့၏။ ဒေါသထွက်မိ၏။ ယခုအခါ ဗမာနိုင်ငံတော်သည် လွတ်လပ်ပြီ ဖြစ်သဖြင့် အထူး နှစ်သိမ့် ကျေနပ် ရတော့၏ ။

သို့သော် ဗမာနိုင်ငံတော်သည် အန္တရာယ် ထူပြောလှသော ကန္တာရကြီးကို လုံးဝ ကျော်လွှန်ပြီ မဟုတ်သေး။ စစ်ကြီးကား တိုက်ချက် ရှိသေး၏။ အရေးတော်ပုံကြီး၏ သည်းထန်သော ဝေဒနာကြီးကို ကျွန်ုပ်တို့ နိုင်ငံသည် ခံရဆဲဖြစ်၏။ “အရေးတော်ပုံ အောင်ပြီ” ဟူသော ကြွေးကြော်သံကို ကျွန်ုပ်တို့ အော်ကြရန် မသင့်သေး။ ဗမာတိုင်း ဗမာတိုင်း အတွက် ကြီးလေးလှသော တာဝန်များသည် ရှေ့တွင် အများအပြားပင် ရှိကြကုန်၏။ ထိုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှ အရေးတော်ပုံ လုံးဝအောင်မြင်မည် ဖြစ်၏ ။

ဤသို့သော အချက်အချာ သေရေးရှင်ရေး အခါကြီးမျိုးတွင် အစိုးရ၏ ဉာဏ်စွမ်းဉာဏ်စ တစ်ခုတည်း အပေါ်မှာသာ အားကိုးမည့် အစား မိမိတို့၏ ဉာဏ်စွမ်းဉာဏ်စ၊ မိမိတို့ ဖာသာ စည်းရုံးမှု၊ အချင်းချင်း ရိုင်းပင်း ကူညီမှုများ အပေါ်တွင် အားထား ဆောင်ရွက်ကြရန် ဗမာတိုင်း ဗမာတိုင်း နားလည်သင့်၏။ နိုင်ငံသူပူးပေါင်းဆောင်ရွက်မှု မရှိသော အစိုးရသည်



http://mmteashop.com
http://mmteashop.com

အချည်း နှီးသာဖြစ်၏။ အထူးသဖြင့် လမ်းပန်း အဆက်အသွယ် ပျက်ပြား၍ အရာရာ ရှားပါးလှသော ခေတ်ဆိုး အခါမျိုးတွင် နိုင်ငံသူ ကူညီ ရိုင်းပင်းမှု မရှိပါက အစိုးရမှာ ဘာကိုမျှ တတ်နိုင်မည် မဟုတ်။

လက်တွေ့ ထင်ရှားသော သာဓကတစ်ခုကို ပြအံ့။ နိုင်ငံနှင့်အနှံ့ ပြန့်ကာရှိသော ဓားပြမှုများကို ကြည့်ပါကုန်။ မြို့ရွာများကို ဓားပြဘေးရန်မှ ကာကွယ်ရန် အတွက် ရဲအဖွဲ့၏ အကာအကွယ်ချည်း အားကိုး နေမည်ထက် ငါတို့အချင်းချင်း စည်းလုံးကာကွယ်မှုကို ပို အားထား ရမည် မဟုတ်ပါလော။ အသေးအဖွဲ့က အစ အစိုးရလိုက်၍ တတ်နိုင်မည် မဟုတ်ချေ။ မြို့တိုင်း ရွာတိုင်းတွင် မြို့သားရွာသား များသည် မြို့ရွာ ကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်း ကာကွယ် နိုင်ရမည်။ မိမိရွာနှင့် ဆိုင်ရာနယ်တွင်းမှ မိမိမြို့နှင့် ဆိုင်ရာ နယ်တွင်းမှ လူဆိုးကို မိမိတို့ ဘာသာ ထိန်းနိုင် ရမည်။ မိမိတို့ မြို့ရွာရှိ မရှိ နွမ်းပါးသူများ အလုပ်လက်မဲ့ သူများကို မိမိတို့ဘာသာ ထိန်းသိမ်းစောင့်ရှောက် ကူညီရေး၊ မိမိတို့ ကိုယ်ကို အားထား ယုံကြည်ရေး၊ လတ်တလော အရေးကြီးသည့် လေကြောင်းရန် ကာကွယ်ရေး၊ မီးသတ်ရေးများကို မြို့တိုင်းရွာတိုင်း ကိုယ့်လူကိုယ် ညွှန်ကြားသင်ပြနိုင်ပါစေ။

ဖော်ပြခဲ့သည်တို့မှာ စောင့်ရှောက်ရန် ရှိသမျှ ကိစ္စများမှ တစ်ခုတည်းမျှကိုသာ အကြမ်းအားဖြင့် ဖော်ပြခြင်းဖြစ်၏ ။ အကြမ်းသက်သက် မျှသာ ဖြစ်သည်ကို သတိပြုလော့။ တို့ဗမာတိုင်း ကိုရွာအတွက် တာဝန်ကိုလည်းကောင်း၊ ကိုယ့်နိုင်ငံနှင့် ဆိုင်ရာတာဝန်ကိုလည်းကောင်း၊ ကိုယ့်ဘာသာ တွေးဆ ထားပါလေ။ အရေးကြုံလျှင် ကိုယ့်တာဝန်ကိုယ် ကျေပွန်ရန် အဆင်သင့်ရှိပါစေ။

ဤသို့ စည်းလုံးမှု၊ ကူညီရိုင်းပင်းဆောင်ရွက်မှုရှိသော လူမျိုးသည် ဓားပြဘေးရန်လောက်ကိုသာ မဟုတ်။ ကိုယ့်နိုင်ငံကို ဝင်ရောက် တိုက်ခိုက်မည့် ရန်သူများကိုသော်မှ ခုခံနိုင်စွမ်းမည် ဖြစ်ကြောင်းကို (နယ်တစ်နယ်ကို တိုက်ခိုက်သိမ်းယူရန် လွယ်ကူသော်လည်း လူမျိုးတစ်မျိုးကို သိမ်းသွင်းရန်မူ မလွယ်) ဟူသော သေနင်္ ပရိယာယ်ကျမ်းတွင် အတိအလင်း လာရှိသည့် ဆိုရိုးစကား တစ်ခုက ထင်ရှားစေလေပြီ။ ။



http://mmteashop.com http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးသားခဲ့တဲ့ ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်တို့ လွတ်လပ်ရေး ပေးစဉ်မှာပင် ဒီလွတ်လပ်ရေးဟာ လုံး၀ အစစ်အမှန် လွတ်လပ်ရေးမဟုတ်၊ အတုအယောင် လွတ်လပ်ရေးမျှသာ ဖြစ်တယ်။ စစ်မှန်တဲ့ လွတ်လပ်ရေး ရအောင် ဆက်လက် ကြိုးစား ကြရဦးမယ်။ ဒီလို ကြိုးစားရာမှာလည်း အချင်းချင်း ညီညွတ်မှု၊ အမှီအခိုကင်းပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားထားမှု၊ တာဝန်ယူမှု ရှိမှသာ စစ်မှန်တဲ့ လွတ်လပ်ရေး ရကြမယ် ဆိုတာကို ယုံကြည့်သူ ဖြစ်တဲ့ အလျောက် တော်လှန်ရေးကာလ တစ်လျှောက်လုံးမှာ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို အခြေခံပြီး ဖက်ဆစ် ဂျပန်ကိုရော၊ နယ်ချဲ့ အင်္ဂလိပ်ကိုပါ တော်လှန်နိုင်ခဲ့တာမို့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ အမှီအခို ကင်းပြီး အချုပ်အခြာ အာဏာပိုင်တဲ့ မြန်မာနိုင်ငံရယ်လို့ ကမ္ဘာ့ အလယ်မှာ ထည်ထည်ဝါဝါ ပြန်လည်ရပ်တည် နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ။



ဤပုံကို လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ်(၁၀)ရှိ ဝန်ကြီးချုပ် အက်တလီ၏ အိမ်တော်တွင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။
(ဝဲမှယာ - ဦးဘဖေ၊ သခင်မြ(ဆာစတက်ဖို့ဒ်ခရစ်၊ မစ္စတာကလီးမင့် အက်တလီတို့နှင့် စကားလက်ဆုံကျနေသည်။) ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွဋ်၊
မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန် လော့ဒ်ပက်သစ်လောရင့်၊ နောက်မှ လေကား ပေါ်တွင် ဦးစော၊ မစ္စတာအလက်ဇန္ဒား၊ ဗိုလ်စကြာ၊ ဦးဘရင်၊ ဒေးဒရဲသခင်ချစ်နှင့် ဦးကျော်ငြိမ်းတို့ကို တွေ့နိုင်ပါသည်။

# ဗိုလ်ချုပ်အောင်ဆန်း၏
# လွတ်လပ်ရေးကြိုးပမ်းမှု
# လန်ဒန်ခရီးစဉ်မှတ်တမ်း

တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိနိုင်တော့မည့် မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းဝင် အောင်ဆန်း - အက်တလီ စာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆို နိုင်ခဲ့သည်။



http://mmteashop.com
http://mmteashop.com

၁၈၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့က အစပြုရေတွက်လျှင် နှစ်ပေါင်း ၁၂၄ နှစ်မျှ တစ်ပါးကျွန်ဘဝသို့ ကျရောက် ခဲ့ရသော မြန်မာနိုင်ငံသည် ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှ စတင်၍ အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အမှုဆောင် ကောင်စီ (အစိုးရအဖွဲ့) တွင် ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာနိုင်ငံ သားများ ပါဝင်သည့် အစိုးရအဖွဲ့ဖြင့် အုပ်ချုပ်ခဲ့ရာ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် ပထမဆုံး ရောင်နီလည်း ဖြစ်သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က ရန်ကုန်မြို့ တာဝါလိန်းလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်လမ်း) အမှတ် ၂၅ရှိ ဗိုလ်ချုပ်နေအိမ်တွင် သတင်းစာဆရာများ အစည်းအဝေးကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ဖဆပလ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ငြိမ်းက ဘုရင်ခံ၏ အမှုဆောင် ကောင်စီ (အစိုးရအဖွဲ့)တွင် ပါဝင်ရန် အချို့ ပါတီများနှင့် ဌာန ခွဲဝေရေး ကိစ္စများ ဆက်လက် ဆွေးနွေး နေဆဲဖြစ်၍ ဘုရင်ခံ၏ အမှုဆောင် ကောင်စီစာရင်းကို ည ၇ နာရီခန့်မှသာ ထုတ်ပြန်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့နှင့် စက်တင်ဘာလ ၂၇ ရက်တွင် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အမှုဆောင် ကောင်စီကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ဘုရင်ခံ၏ အမှုဆောင် ကောင်စီ (အစိုးရဝန်ကြီးအဖွဲ့)၌ ဒုတိယ သဘာပတိအဖြစ် ဗိုလ်ချုပ် အောင်ဆန်းက ရာထူးလက်ခံ၍ အစိုးရအဖွဲ့သစ် (အမျိုးသား ယာယီအစိုးရ)ကို ဖွဲ့စည်း ခဲ့သည်။ အစိုးရ အဖွဲ့သစ်တွင် -

| | |
|---|---|
| (၁) ဆာဟူးဘတ်ရန့်စ် (ဘုရင်ခံ) | ဥက္ကဋ္ဌ |
| (၂)ဗိုလ်ချုပ်အောင်ဆန်း | ဒုတိယဥက္ကဋ္ဌ |
| | ကာကွယ်ရေးနှင့် နိုင်ငံခြားရေး |
| (၃)သခင်မြ | ပြည်ထဲရေးနှင့်တရားရေး |
| (၄)ဦးတင်ထွဋ် | ဘဏ္ဍာရေးနှင့်အခွန်တော် |

http://mmteashop.com
http://mmteashop.com

| | |
|---|---|
| (၅)ဦးဘဘေ | ကူးသန်းရောင်းဝယ်ရေးနှင့်ထောက်ပံ့ရေး |
| (၆)မန်းဘခိုင် | အလုပ်သမားနှင့်စက်မှုလက်မှု |
| (၇)ဦးအောင်ဇံဝေ | ကျန်းမာရေးနှင့် လူမှုဝန်ထမ်း |
| (၈)ဦးသိန်းဖေ(သိန်းဖေမြင့်) | လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်စီးပွားရေး |
| (၉)သခင်ဗစိန် | သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး |
| (၁၀)ဦးစော | ပညာရေးနှင့် အမျိုးသားစီမံကိန်း |
| (၁၁)စောဘဦးကြီး | ပြန်ကြားရေး |
| (၁၂)ဆာမောင်ကြီး | ပြန်လည်ထူထောင်ရေး တို့ပါဝင်သည်။ |

ဗိုလ်ချုပ်ခေါင်းဆောင်သော အမျိုးသား ယာယီအစိုးရသည် တစ်နှစ်အတွင်း လွတ်လပ်ရေး ရ,ရ မည်ဟူသော ကြွေးကြော်ချက်ဖြင့် လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ခဲ့ရာ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အင်္ဂလန်ရှိ လေဘာပါတီခေါင်းဆောင် မစ္စတာအက်တလီက ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးနိုင်ရေး အတွက် အင်္ဂလန်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်ခဲ့သည်။

သို့နှင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗြိတိသျှ အစိုးရနှင့်တွေ့ဆုံကာ မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးရန် အတွက် ဗြိတိန်နိုင်ငံသို့ အသုတ် လေးသုတ် ခွဲ၍ သွားရောက်ခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့တွင် ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက အဖွဲ့ကို ခေါင်းဆောင်ပြီး မြန်မာအစိုးရအဖွဲ့၏ ခေါင်းဆောင်လည်း ဖြစ်သည်။ အဖွဲ့ဝင်များ အဖြစ် ဝန်ကြီးဦးဘဖေ (ဘကြီးဘဘေ)၊ ဝန်ကြီးသခင်မြနှင့် ဝန်ကြီး ဦးတင်ထွဋ် (အိုင်စီအက်စ်)တို့ အပါအဝင် ဖဆပလ ကိုယ်စားလှယ်လေးဦး၊ တို့ဗမာအစည်းအရုံးမှ ကိုယ်စားလှယ် ဝန်ကြီးသခင်ဗစိန်၊ မျိုးချစ်ပါတီမှ ကိုယ်စားလှယ် ဂဠုန်ဦးစော၊ ဖဆပလ အကြံပေးပုဂ္ဂိုလ်

http://mmteashop.com
http://mmteashop.com

ဦးကျော်ငြိမ်း (နောင် ဒုတိယဝန်ကြီးချုပ်)၊ နှင့် ဦးအောင်သန်း (ရဲဘော်သုံးကျိပ် ဝင် ဗိုလ်စကြာ)၊ မျိုးချစ်ပါတီ အကြံပေးပုဂ္ဂိုလ် (၉၁ ဌာနအုပ်ချုပ်ရေး ခေတ်ပညာရေး ဝန်ကြီးဟောင်း မိတ္ထီလာ ဦးဘရင်)၊ တို့ဗမာအစည်းအရုံး အကြံပေး ပုဂ္ဂိုလ် ဒေးဒရဲ သခင်ချစ်တို့ ပါဝင်ရာ ဝန်ကြီးခြောက်ဦးနှင့် အကြံပေးပုဂ္ဂိုလ် လေးဦး ပါဝင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိန်သို့ ထွက်ခွာရာတွင် အိန္ဒိယ ခေါင်းဆောင် ပဏ္ဍစ်ဂျဝါဟာလာနေရူး ခေါင်းဆောင်သော နိုင်ငံရေး ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ဦးစွာ သွားရောက်ခဲ့ပြီးမှ လန်ဒန်သို့ ဆက်လက် ထွက်ခွာသည်။



ဗိုလ်ချုပ်အောင်ဆန်းကို လန်ဒန်မြို့တွင် တွေ့ရစဉ်

အိန္ဒိယသို့ ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင် ရောက်ရှိပြီး နေရူး၏ နေအိမ်တွင် တည်းခိုခဲ့ကာ မြန်မာ့လွတ်လပ်ရေး အတွက် ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးခဲ့သည်။ အိန္ဒိယတွင် ရှိနေစဉ် ဇန်နဝါရီ ၅ ရက်နေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ဒေလီရေဒီယိုမှ "မြန်မာပြည်" သို့ မှာကြားသော မိန့်ခွန်းကို အသံလွှင့်ခဲ့ပြီး ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် ကရာချိမြို့၌ မူစလင် အဖွဲ့ချုပ်ခေါင်းဆောင် မိုဟာမက်အလီဂျင်နားနှင့် တွေ့ဆုံ ဆွေးနွေး ခဲ့သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီ ၉ ရက်နေ့တွင် ဗြိတိန်သို့ ရောက်ရှိသည်။ ဗိုလ်ချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်တွင် ဗြိတိသျှ အစိုးရတို့ လန်ဒန်မြို့ အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ နန်းရင်းဝန်ရုံး၌ အစည်း အဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ်



http://mmteashop.com
http://mmteashop.com

အဖွဲ့၏ အထွေထွေကြေညာချက် အသင့်မဖြစ်ကြောင်း တင်ပြသဖြင့် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် သီတင်းနှစ်ပတ်ကြာ အကြေအလည် ဆွေးနွေးမှုများ ပြုလုပ် ခဲ့ပြီးနောက် တစ်နှစ်အတွင်း လွတ်လပ်ရေး ရရှိ နိုင်တော့မည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းဝင် အောင်ဆန်း-အက်တလီ စာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆို နိုင်ခဲ့ပေသည်။

ဤသို့ဖြင့် မြန်မာ့လွတ်လပ်ရေး ခြေလှမ်းသစ် တစ်ရပ်ကို စတင် လျှောက်လှမ်းခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် (မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်) တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော မြန်မာနိုင်ငံအဖြစ်သို့ ပြန်လည် ရောက်ရှိ ခဲ့လေတော့သည်။ ။



ဗိုလ်ချုပ်အောင်ဆန်းကို အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးမဟတ္တမဂန္ဒီ၊ ပဏ္ဍစ်ဂျဝါဟာလာနေရူး တို့နှင့်အတူ တွေ့ရစဉ်



၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့က ဒေလီမြို့ ဝယ်လင်တန်လေဆိပ်တွင် ဗိုလ်ချုပ်အောင်ဆန်းကို အိန္ဒိယခေါင်းဆောင်ကြီး ပဏ္ဍစ်ဂျဝါဟာလာနေရူးနှင့် အတူတွေ့ရစဉ်

http://mmteashop.com
http://mmteashop.com



ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင်များ (ရှေ့တန်းဝဲမှယာ) သခင်ဗစိန်၊
ဗိုလ်ချုပ်အောင်ဆန်း၊ ဆာဟူဘတ်ရန့်စ်၊ ဦးဘဖေ၊ ဦးတင်ထွဋ်၊ (နောက်တန်းဝဲမှယာ)
သခင်မြ၊ ဦးအောင်ဇံဝေ၊ သခင်သိန်းဖေ



ဗိုလ်ချုပ်အောင်ဆန်းကို လန်ဒန်မြို့ ဒေါင်းချက်စတာဟိုတယ်တွင် ၁၉၄၇ ခုနှစ် ဇန်နဝါရီက
တွေ့ရစဉ်

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်အောင်ဆန်း နှင့် လွတ်လပ်ရေး



လွတ်လပ်ရေးအတွက် စစ်ရေး လေ့ကျင့် နေကြတဲ့ ရဲဘော် သုံးကျိပ်တို့ဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ကို ရောက်ရှိလာပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ "ဗမာ့လွတ်လပ်ရေး မရမချင်း အသက်ပင် သေသေ အရေပင် ခန်းခန်း မခွဲတမ်း မခွာတမ်း လုံးပန်း တိုက်ခိုက် သွားကြမယ်" ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သွေးများကို ဖောက်ပြီး သစ္စာရေ သောက်ခဲ့ကြပါတယ်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။

"ကေရီဘုရင်မကြီး၏ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ ဤကြေညာချက်ကို ထုတ်ပြန်သည့် အချိန်မှ အစပြုပြီးလျှင် ယခင်က သီပေါဘုရင် အုပ်စိုးခဲ့သော တိုင်းပြည်နယ်ပယ် မှန်သမျှ အားလုံးတို့သည် သီပေါဘုရင်၏ အုပ်ချုပ်မှု အောက်တွင် ရှိလိမ့်မည် မဟုတ်တော်မူ၍ ကေရီဘုရင်မကြီး၏ နိုင်ငံတော် အစိတ်အပိုင်း အဖြစ် သိမ်းသွင်းပြီး ဖြစ်လေရာ ကေရီ ဘုရင်မကြီး၏ သဘောတော်ကျ အိန္ဒိယ ဘုရင်ခံချုပ်ကြီးက အခါအားလျော်စွာ အရာရှိများ ခန့်အပ် အုပ်ချုပ် သွားစေလိမ့်မည် ဖြစ်ကြောင်း"

ဒီကြေညာချက်နဲ့ အတူ မြန်မာနိုင်ငံဟာ အင်္ဂလန်ပြည့်ရှင် ဝိတိုရိယ ဘုရင်မကြီးရဲ့ နေမဝင် အင်ပါယာထဲမှာ (၁၈၂၄ ခုနှစ် မတ်လ ၅ ရက် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကနေ စပြီး ရေတွက်ရင်) နှစ်ပေါင်း ၁၂၄ နှစ်လောက် နေခဲ့ရတာ ဖြစ်ပါတယ်။

ပြောရရင် ဗိုလ်ချုပ်အောင်ဆန်းတို့ အဘိုး မြို့လုလင် မြို့သူကြီး ဦးမင်းရောင် (ရွှေလရောင်)တို့ လက်ထက်ကနေ မြေးဖြစ်သူ ဗိုလ်ချုပ်တို့ ခေတ်အထိ သားစဉ် မြေးဆက် တိုင် နယ်ချဲ့ကို တော်လှန်ခဲ့ရတာ ဖြစ်ပါတယ်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်

အင်္ဂလိပ်ပြီးတော့ ဂျပန်က ကျူးကျော်လာပြန်ပါတယ်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့မှာ ဂျပန်တို့ဟာ အမေရိကန်တွေရဲ့ ရေတပ်စခန်းတစ်ခု ဖြစ်တဲ့ Pearl Harbour ကို စစ်မကြေညာဘဲ ဝင်တိုက်ခဲ့ရာက အမေရိကန် များဟာလည်း ကမ္ဘာစစ်ထဲကို ဝင်ရောက်ခဲ့ရ ပါတယ်။ ဒီအချိန်မှာ တရုတ် တိုင်ပေကျွန်းရဲ့ တောင်ပိုင်းမှာ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် စစ်ရေး လေ့ကျင့်နေကြတဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ရောက်ရှိလာပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ "ဗမာ့လွတ်လပ်ရေး မရမချင်း အသက်ပင် သေသေ အရေပင်ခန်းခန်း မခွဲတမ်း မခွာတမ်း လုံးပန်းတိုက်ခိုက် သွားကြ

မယ်” ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သွေးများကိုဖောက်ပြီး သစ္စာရေ သောက်ခဲ့ကြပါတယ်။ အဲဒီနေ့မှာပဲ ဗမာ့လွတ်လပ်ရေး တပ်မတော် The Burma Independence Army-BIA ကို တည်ထောင်ဖွဲ့စည်း ခဲ့တာလည်း ဖြစ်ပါတယ်။

၁၉၄၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ “ဗိုလ်တေဇ” လို့ခေါ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးဟာ မြန်မာနိုင်ငံ အောက်ပိုင်းကနေပြီး ဂျပန်အင်ပီးရီးယဲလ် တပ်မတော်ကြီးနဲ့အတူ စစ်ကြောင်း သုံးကြောင်းဖြင့် ဝင်ရောက်ခဲ့ပြီး အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့မှာ ရန်ကုန်မြို့ကို သိမ်းပိုက် နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံကို ဝင်ရောက်လာခဲ့တဲ့ ဂျပန်များဟာ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ လွတ်လပ်ရေး ကြေညာ ခဲ့ပါတယ်။ မြန်မာတွေ လွတ်လပ်ရေး ရပြီးလို့ ဆိုခဲ့ပေမယ့် အတုအယောင် လွတ်လပ်ရေး ဆိုတာ သိနေတဲ့ ဗိုလ်ချုပ်တို့ဟာ ဂျပန်ကို တောလှန်ရေး စစ်ပွဲတွေ ဆင်နွှဲ ရပြန်ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက် စနေနေ့မှာတော့ အောင်မြင်နင်း အခမ်းအနားကို ကျင်းပရင်း ဂျပန်ကို တော်လှန်ဖို့ အချက် ပြခဲ့ပါတယ်။

**ရဲဘော်တို့..... ကျုပ်အကျယ်ချဲ့ပြီး ရှည်ရှည် မပြောလိုဘူး။ ခု ဒီနေရာမှာ လာပြီး အောင်မြေရယ်လို့ နင်းကြတယ်။ အောင်မြင်မယ့် နိမိတ်လို့ ဆိုရမယ်။ အောင်မြေနင်းတော့ ဘာအတွက်လဲ ဆိုရင် ရန်သူကို တိုက်ဖို့ ရန်သူကို အောင်မြင်အောင် တိုက်ဖို့ နင်းတယ် ဆိုတာ နားလည်ပြီး ဖြစ်ကြမှာပါပဲ။**

အောင်မြေနင်းပြီး စစ်မြေပြင် ထွက်ရမယ်။ ဆင်းရဲမယ်။ ငတ်မယ်။ အအိပ်၊ အစား၊ အသွား၊ အလာ အစစ အရာရာမှာ ဆင်းရဲမယ်။ ဒီ အဆင်းအရဲတွေကို ကျော်လွှန်းနိုင်မှ စစ်ထွက် ခြင်းဟာ အောင်မြင်နိုင်မယ် ဆိုတာ သတိပြုပါ။ ဒီတော့ အဆင်းအရဲတွေကို ဂရုမစိုက်ဘဲ ရင်မြေကတုတ် ထားပြီး ဗမာပီပီ ဗမာ့သွေးပြပြီး ဒီအောင်ပွဲကို ရအောင် ကြိုးစား

http://mmteashop.com
http://mmteashop.com

ကြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက် ဗိုလ်များကလည်း သာသာညီညီ မျှမျှတတ ဆင်းရဲ အတူတူ ငတ်အတူတူ သေအတူတူ ရဲဘော်စိတ်ဖြင့် အောင်မြင်အောင် ကြိုးစား ကြပါရန် တိုက်တွန်း လိုတယ်။ ကျုပ်ကိုယ်တိုင်ကလည်း စစ်မြေပြင် ထွက်တိုက်မယ်။ ရဲဘော်တို့နဲ့ အတူ အဆင်းရဲခံမယ်။ ဒါပဲ။

ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေး တိုက်ပွဲဝင် မိန့်ခွန်းပါ။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာတော့ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ဆင်နွှဲပြီး ဂျပန်တို့ရဲ့ အုပ်စိုးမှုကို အဆုံး သတ်နိုင် ခဲ့ပါတယ်။

## တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေမည်

နှစ်ပေါင်း တစ်ရာကျော် သူ့ကျွန်ဘဝ နေခဲ့ရတဲ့ မြန်မာနိုင်ငံတော်ဟာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာတော့ ဗြိတိသျှ နန်းရင်းဝန် အက်တလီရဲ့ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဗမာကိုယ်စားလှယ် အဖွဲ့ လွတ်လပ်ရေး ခရီး တစ်ခေါက် အဖြစ် ရန်ကုန်မြို့ကနေ ထွက်ခွာခဲ့ပါတယ်။ အိန္ဒိယမှာ ခြောက်ရက်မျှ ခရီး တစ်ထောက် နေခဲ့ပြီး ခရီးစဉ်အတွင်း အိန္ဒိယ အမျိုးသားခေါင်းဆောင် ဂျဝါဟာလာနေရူး အစရှိတဲ့ နိုင်ငံရေး ခေါင်းဆောင်များနဲ့ ဆွေးနွေးခဲ့ပါတယ်။ အိန္ဒိယမှာ ရှိနေစဉ် အတွင်း ဇန်နဝါရီ ၅ ရက်နေ့မှာ သတင်းစာ ဆရာများနဲ့ သတင်းထောက်များက ဗိုလ်ချုပ် အောင်ဆန်းနဲ့ တွေ့ဆုံစဉ် "လွတ်လပ်ရေးအတွက် ဆွေးနွေးဖို့ ဗမာကိုယ်စားလှယ် အဖွဲ့ အင်္ဂလန်ကို သွားတဲ့အခါ အောင်မြင်ဖို့ မျှော်လင့်ချက်များ ရှိပါသလား" လို့ မေးမြန်းတဲ့အခါ ဗိုလ်ချုပ်က ခပ်တိုတိုပဲ ဖြေကြားခဲ့ပါတယ်။

I hope for the best but I'm prepared for the worst.

**အကောင်းဆုံး ဖြစ်လိမ့်မယ်လို့တော့ ကျုပ် မျှော်လင့် ထားတာပဲ။ ဒါပေမယ့် အဆိုးဆုံး ဖြစ်လာရင်လည်း ရင်ဆိုင်ဖို့ အသင့်ပါပဲ။**

http://mmteashop.com
http://mmteashop.com

ဒါဟာ ဗိုလ်ချုပ်ရဲ့ သမိုင်းဝင် စကား တစ်ခွန်းလည်း ဖြစ်ခဲ့ပါတယ်။ ဗမာ ကိုယ်စားလှယ် အဖွဲ့ဟာ လန်ဒန်ကို ဇန်နဝါရီ ၉ ရက်မှာ ရောက်ပါတယ်။ နန်းရင်းဝန် အက်တလီ ဦးဆောင်တဲ့ အဖွဲ့နဲ့ မြန်မာကိုယ်စားလှယ် အဖွဲ့ဟာ ဇန်နဝါရီ ၁၃ ရက်ကနေ ၂၃ ရက်နေ့အထိ သီတင်း နှစ်ပတ်ကြာ ဆွေးနွေး အပြီးမှာတော့ "မြန်မာနိုင်ငံကို အချုပ်အခြာ အာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံ တစ်ခုဖြစ်လာဖို့" အောင်ဆန်း - အက်တလီ စာချုပ်ကို ချုပ်ဆို နိုင်ခဲ့ပါတယ်။

## ဗိုလ်ချုပ်ပြောတဲ့လွတ်လပ်ရေး

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့၊ မြို့တော်ခန်းမမှာ ကျင်းပခဲ့တဲ့ ပြည်သူ့ အစည်းအဝေးကြီးမှာ လွတ်လပ်ရေးနဲ့ ပတ်သက်လို့ မိန့်ခွန်းရှည်ကြီး ပြောကြား ခဲ့ပါတယ်။ ဒီမိန့်ခွန်းဟာ ဗိုလ်ချုပ်ရဲ့နောက်ဆုံး မိန့်ခွန်းလည်း ဖြစ်ပါတယ်။ ဗိုလ်ချုပ် ပြောခဲ့တဲ့ လွတ်လပ်ရေးရဲ့ အဓိပ္ပါယ်ကို ကောက်နုတ် ဖော်ပြလိုက်ရပါတယ်။

"ဒီတော့ကာ လွတ်လပ်ရေးဆိုလို့ ခင်ဗျားတို့ကို ကျွန်တော်ပြောမယ်။ လွတ်လပ်ရေး ဆိုတိုင်း ပဒေသာပင် မြေက မပေါက်နိုင်ဘူး ဆိုတာ ခင်ဗျားတို့ကို ကျွန်တော် ရှင်းခဲ့ ချင်တယ်။ ဘာဖြစ်လို့လဲ ဆိုလို့ရှိရင် ခင်ဗျားတို့ စိတ်ထဲမှာ လွတ်လပ်ရေး ရတော့မယ် ဆိုလို့ ရှိရင် စိတ်ကူးက ဘယ်လို စိတ်ကူး ကြသလဲ ဆိုလို့ရှိရင် ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်း ညချင်း ပေါက်လာ ကြတော့မလို ခင်ဗျားတို့ ထင်ကြတဲ့ လူတွေ များကြတယ်။ တချို့ ကလည်းပဲ ဟာ......လွတ်လပ်ရေး ရပြီး ဆိုပြီးတော့ ဘာလုပ်ချင်သလဲ ဆိုတော့ ကျွန်တော် အရင် တစ်ခါတုန်းက တွေ့ခဲ့တယ်။ ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ ဘုရားစူးစေ့ ဗမာ့လွတ်လပ်ရေး တုန်းက အဲဒီတုန်းက ဆိုလို့ ရှိရင် လွတ်လပ်ရေး ရပြီး ဆိုတော့ကာ ဟသ်ာတနယ်ထဲမှာ ကျွန်တော် တွေ့ခဲ့တယ်။ ဘာတွေ့ သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ ....... လွတ်လပ်ရေး ရပြီးကွ ဆိုပြီးတော့ လူတကာ သွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေ လှန်းတယ်။ အဲဒီတော့ လမ်းသွား လမ်းလာ လုပ်တဲ့ လူတွေ အတော် ဝကျတယ်။ အဲဒါဟာ လွတ်လပ်ရေး မဟုတ်ဘူး။



http://mmteashop.com
http://mmteashop.com

လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ။ လွတ်လပ်ရေး ဆိုတာဟာ ကိုယ်တစ်ဦး တစ်ယောက် ကောင်းစားဖို့ ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ ဖြစ်စေ လုပ်တဲ့နေရာမှာ အခြား တစ်ဦး တစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြား လူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့် တိုးတက်မှု အတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။

ဥပမာ ခင်ဗျား စီးပွားရေး ဖြစ်ထွန်းအောင် လုပ်တဲ့နေရာမှာ အနှောင့်အယှက် မရှိစေရဘူး။ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်လို့ ရှိရင် အနှောင့်အယှက် မရှိစေရဘူး။ တိုင်းပြည် တစ်ပြည်လုံးရဲ့ အကျိုးကို မထိခိုက် စေရဘူး။ အခြားလူတွေရဲ့ အကျိုးကို မထိခိုက် စေရဘူး။ ခင်ဗျား လွတ်လွတ်လပ်လပ် လုပ်နိုင်တဲ့ အခြေအနေ ရှိရမယ်။ သို့သော်လည်း အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးကို မဟုတ်ဘူး။ အဲဒါက ဘာလဲဆိုရင် (Licence) ခေါ်ပါတယ်။ ဒါဟာ ရမ်းကားမှုသာ ဖြစ်တယ်။

ဒီတော့ လွတ်လပ်ရေး ဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေး ဆိုတာကို ကျွန်တော်တို့ရတဲ့ အခါမှာလည်း နားလည် ရမှာက ငါတို့ တိုင်းပြည်ဟာ ပိုပြီး စည်းကမ်း ရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေး ရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလို့ အားဖြင့် စည်းကမ်းသဘော တွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေး ဆိုတာ တကယ် ရမယ်"

ဗိုလ်ချုပ် ကတိပေးခဲ့တဲ့ အတိုင်း ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့က စတင်ရေတွက်မယ် ဆိုရင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (တစ်နှစ် မပြည့်မီ) မှာ လွတ်လပ်ရေး ရခဲ့တာ ဖြစ်ပါတယ်။ ယခုအခါမှာ ဒီမိုကရေစီ အစိုးရသစ် တစ်ရပ်လည်း ပေါ်ပေါက်ပြီး အပြောင်းအလဲ တစ်ခုလည်း ပေါ်ပေါက်လာနေပြီး ဖြစ်ပါတယ်။



http://mmteashop.com http://mmteashop.com

အပြောင်းအလဲများနဲ့ အတူ အခက်အခဲ အတားအဆီးများလည်း ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီအတားအဆီးများကိုလည်း တိုင်းရင်းသား ပြည်သူ လူထု တစ်ရပ်လုံးရဲ့ စည်းလုံး ညီညွတ်မှု အင်းအားနဲ့ ကျော်လွှားရင်း နိုင်ငံတော်သစ် တစ်ရပ်ကို တည်ဆောက်ကြပါစို့လို့ တိုက်တွန်း လိုက်ပါရစေ။ ။



မြန်မာနိုင်ငံသို့ ရုပ်ဖျက်၍ ပြန်လည်ဝင်ရောက်လာသည့် သခင်အောင်ဆန်း



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



၁၉၄၃ ခုနှစ် ဂျပန်ခေတ်က ဗမာ့ကာကွယ်ရေး တပ်မတော် သေနာပတိ
ဗိုလ်ချုပ်အောင်ဆန်း



http://mmteashop.com
http://mmteashop.com



ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်
လော့ဒ်ပက်သစ်လောရင့်က လန်ဒန်လေဆိပ်တွင် ကြိုဆိုစဉ်



လော့ဒ်ပက်သစ်လောရင့်နှင့်အတူ လေဆိပ်ဧည့်ခန်းဆောင်အတွင်း၌
ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့အား တွေ့ရစဉ်၏
(ဝဲမှယာ - ဦးတင်ထွဋ်၊ သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း၊ လော့ဒ်ပက်သစ်လောရင့်၊
သခင်ဗစိန်)



လန်ဒန်မြို့သို့ ရောက်ရှိစဉ် ဗြိတိသျှလေယာဉ်မောင်းသင်တန်းသို့ ဗိုလ်ချုပ်အောင်ဆန်း
သွားရောက်ကြည့်ရှုရ ဂျက်လေယာဉ်အင်ဂျင်၏ အလုပ်လုပ်ပုံကို တပ်မှူးဖြစ်သူက
ရှင်းလင်းပြောပြစဉ်။

http://mmteashop.com
http://mmteashop.com



သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့သို့ ရောက်ရှိလာသောဗိုလ်ချုပ်အောင်ဆန်းအား ကြိုဆိုသူများနှင့် အတူတွေ့ရစဉ်



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



ဗိုလ်ချုပ်၏ လက်မှတ်

http://mmteashop.com
http://mmteashop.com



အနယ်နယ်အရပ်သို့ လှည့်လည်ကာ လူထုနှင့်တသားတည်းကျအောင် ဤသို့ စည်းရုံးပြောဆိုခဲ့သည်။

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်
# တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးခရီး

စစ်ရေးအရ ဗြိတိသျှ အင်ပိုင်ယာကြီးကို နိုင်အောင် မတိုက်နိုင်ဘူး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားနဲ့မှ တိုက်လို့ရမယ်။ မင်းတို့ မြဲမြဲ မှတ်ထားဖို့က ငါတို့ရဲ့ အဓိက လက်နက် အထိ ရောက်ဆုံး လက်နက်ဟာ စက်သေနတ်တွေ အမြောက်တွေ မဟုတ်ဘူး၊ ယူနတီ (Unity)ဆိုတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ် မှုသာ ဖြစ်တယ်””



http://mmteashop.com
http://mmteashop.com

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄ မှာ တစ်ကြိမ်၊ ၁၈၅၂ မှာ တစ်ကြိမ်၊ ၁၈၈၅ မှာ တစ်ကြိမ် စစ်သုံးကြိမ်ပြုပြီး တိုက်ခိုက် ကျူးကျော်ခြင်းကို ခံခဲ့ရစဉ်က နယ်ချဲ့များဟာ အဘက်ဘက်က အင်အားကြီးမားမှု၊ ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံရဲ့ အထွေထွေ ခေတ်နောက် ကျမှု စတာတွေကြောင့် စစ်ရှုံးပြီး နိုင်ငံတစ်ခုလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ ရတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒီလိုသူ့ကျွန်ဘဝ ရောက်သွားတာနဲ့ တစ်ပြိုင်နက်တည်း မှာပဲ နယ်ချဲ့တို့ဟာ တောင်ပေါ် မြေပြန့် ဒေသ အခြေအနေ ကွဲပြားမှု၊ စာပေဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ ထုံးစံ ကွဲပြားခြားနား မှုများကို အကြောင်းပြုပြီး ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားချိန် ကစလို့ တိုင်းရင်းသား အချင်းချင်း သွေးကွဲအောင် သွေးခွဲ အုပ်ချုပ် ခဲ့ကြတာပါ။ "ခေတ်နောက် ကျသော ဒေသများ၊ ခွင်းချန်ဒေသများ၊ သီးခြားဒေသများ၊ နယ်ခြား ဒေသများ" စတဲ့ အမည် အမျိုးမျိုး မှည့်ခေါ်ပြီး တောင်ပေါ်နဲ့ မြေပြန့် တိုင်းရင်းသားများကို သွေးခွဲ အုပ်ချုပ် ခဲ့ကြတယ်။

၁၉၃၇ ခုနှစ်ကစလို့ တိုင်းရင်းသားများရဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများက အသွင် ပြောင်းလာခဲ့ပြီး စစ်မြေပြင် တိုက်ပွဲများကနေ နိုင်ငံရေး တိုက်ပွဲများ အသွင်ကို ပြောင်းလာ ခဲ့တာဟာ ၁၉၄၂ ခုနှစ် အရောက်မှာတော့ နယ်ချဲ့ အင်္ဂလိပ်ကို မြန်မာ့မြေပေါ် ကနေ ပထမဆုံး မောင်းထုတ်နိုင်တဲ့ အထိ အောင်မြင်မှုတွေ ရလာပါတော့တယ်။ ဒါပေမဲ့ ၁၉၄၂ လွတ်လပ်ရေး တိုက်ပွဲနဲ့ အတူ ပါလာတဲ့ နယ်ချဲ့ ဖက်ဆစ်ဂျပန်များရဲ့ ရက်စက်စွာ ဖိနှိပ် အုပ်ချုပ်မှု များကို ၁၉၄၅ ခုနှစ်မှာ တစ်ခါ မောင်းထုတ် ရပြန်တယ်။

၁၉၄၅ ခုနှစ် ဖတ်ဆစ် တော်လှန်ရေး ကာလအတွင်း ညတစ်ညမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ် အနောက်ဘက် ကမ်း သရက် ခရိုင်ထဲက ကျေးလက် ဒေသ စစ်စခန်း တစ်ခုမှာ ဗိုလ်ချုပ်တို့ စခန်း ချနေစဉ် ဖြစ်ပါတယ်။ ဗိုလ်ချုပ်က သူ့ရဲ့ ရဲဘော်များကို ညစာစားပြီး အိပ်ရာမဝင်မီမှာ စကားပြောလေ့ရှိပါတယ်။ အဲဒီညက သူ့ရဲဘော်များကို ညီညွတ်ရေး အရေးကြီးပုံကို အခုလို ပြောပြခဲ့တဲ့ အကြောင်း ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှက ရေးသား ခဲ့ဖူးပါတယ်။

http://mmteashop.com
http://mmteashop.com

"ငါတို့ရဲ့ ဖက်ဆစ် တော်လှန်ရေး အောင်မြင်နေတာဟာ တို့တပ်မတော် တစ်ခုတည်းရဲ့ အစွမ်းကြောင့်လို့ မင်းတို့အထင် မကြီးကြနဲ့၊ မင်းတို့သိတဲ့ အတိုင်း ဂျပန်တပ်တွေနဲ့ ငါတို့တပ်မတော် နှိုင်းယှဉ်လိုက်ရင် လူအင်အား၊ လက်နက် အင်အားမှာ အဘက်ဘက်က ဂျပန်က ငါတို့ထက် အများကြီးသာတယ်။ ငါတို့ရဲ့ တပ်မတော် တစ်ခုတည်းနဲ့ ဂျပန်ကို တော်လှန်ရင် ငါတို့ မရှုမလှ အရေးနိမ့်မှာ သေချာတယ်။ အခုတော့ ပြည်သူ တစ်ရပ်လုံး လှည်းနေလှေအောင်း မြင်းဖောင်းမကျန် ဆိုတာလို ငါတို့ဘက်ကို ဝိုင်းဝန်း ကူညီ အားပေး ကြလို့သာ အောင်မြင်ခြင်း ဖြစ်တယ်။ ပြည်သူ လူထု တစ်ရပ်လုံး အားပေးအောင်လည်း ငါတို့က အစွမ်းကုန် ကြိုးစား စည်းရုံးခဲ့တဲ့ ရလဒ်ပဲ ဖြစ်တယ်။ အဲဒါ မင်းတို့ မြဲမြဲ မှတ်ထားကြပါ။ မကြာခင် ငါတို့ရဲ့ တော်လှန်းရေး ပြီးတော့မယ်။ ဂျပန်တပ်အကြွင်း အကျန်တွေလည်း အရေးနိမ့်လို့ ပြေးကုန် ကြမှာပဲ။ ဒါပေမဲ့ ဂျပန်ပြေးတာနဲ့ အင်္ဂလိပ် အစိုးရ ပြန်ဝင်လာပြီး မြန်မာနိုင်ငံဟာ မူလအတိုင်း ကျွန်ဘဝ ပြန်ရောက်ဦးမယ်။ အဲဒီ ကျွန်ဘဝက လွတ်မြောက်ပြီး လုံးဝ လွတ်လပ်ရေး ရတဲ့အထိ ငါတို့ ဆက်ကြိုးစား ကြရမယ်။ ဒါကြောင့် ငါတို့ရဲ့ တော်လှန်ရေးဟာ မပြီးသေးဘူးလို့ မှတ်ထားကြ။ ဗြိတိသျှ နယ်ချဲ့ လက်အောက်က လွတ်မြောက်ပြီး လုံးဝလွတ်လပ်ရေး ရဖို့က ငါတို့ဟာ စစ်ရေးအရ ဗြိတိသျှ အင်ပိုင်ယာကြီးကို နိုင်အောင် မတိုက်နိုင်ဘူး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားနဲ့မှ တိုက်လို့ရမယ်။ မင်းတို့မြဲမြဲ မှတ်ထားဖို့က ငါတို့ရဲ့ အဓိကလက်နက် အထိရောက်ဆုံး လက်နက်ဟာ စက်သေနတ်တွေ အမြောက်တွေ မဟုတ်ဘူး၊ ယူနတီ(Unity) ဆိုတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသာ ဖြစ်တယ်"

ဗိုလ်ချုပ်ဟာ သူ့ရဲ့ဘော်တွေကို ပြောခဲ့သလို သူယုံကြည်ခဲ့တဲ့ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး အတွက်လည်း အချိန်နဲ့အမျှ ကြိုးစား ဆောင်ရွက် ခဲ့သူဖြစ်ပါတယ်။

ဖက်ဆစ်များကို မောင်းထုတ် အပြီးမှာတော့ ဗိုလ်ချုပ် ပြောခဲ့သလိုပဲ၊ တစ်ကျော့ ပြန်ဝင် လာတဲ့ အင်္ဂလိပ်တို့ဟာ အိန္ဒိယနိုင်ငံမှာ သူတို့ အလိုကျ ရေးဆွဲ လာခဲ့တဲ့ "ဆင်းမလား စီမံကိန်း"လို့ ခေါ်တဲ့ စက္ကူဖြူ စာတမ်းနဲ့ ဆက်လက် အုပ်ချုပ်ဖို့ ကြိုးစား လာခဲ့ကြတယ်။ ဒီစီမံကိန်းမှာ အချက်(၇)ချက်ပါပြီး နောက်ဆုံး အချက်က မြန်မာပြည်မကို

http://mmteashop.com
http://mmteashop.com

ပြီတိသျှတို့ မတတ်သာလို့ လွတ်လပ်ရေး ပေးရတော့ရင် တောင်မှ ရှမ်းပြည်နယ်နဲ့ တောင်တန်း ဒေသများကို သူတို့ရဲ့ အကျိုးစီးပွား အတွက် ဆက်လက် ချုပ်ကိုင်ပြီး ကျွန်ပြု နိုင်မယ့် သဘော သက်ဝင် နေတာကို တွေ့ရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် ကြိုးပမ်း ဆောင်ရွက် ရမှာ အမျိုးသား စည်းလုံးညီညွတ်မှု အရေးကြီးပုံကို သိနားလည်ထားသူ ဖြစ်တာမို့ ကချင်၊ ကရင်၊ ကရင်နီ(ကယား)၊ ချင်း၊ ရှမ်းခေါင်းဆောင်များနဲ့ တွေ့ဆုံဖို့ ကြိုးစား ခဲ့ပါတယ်။

၁၉၄၆ ခုနှစ်၊ မတ်လ ၄ ရက် နေ့ကစပြီး ရက်ပေါင်း ၂၀ ကျော်ကြာအောင် ရခိုင်ပြည်နယ် အတွင်း ခရီးထွက်ခဲ့တယ်။ တောင်ကုတ် မြို့နားက နတ်မော်ရွာ ဘုန်းကြီး ကျောင်း၊ စစ်တွေမြို့နယ်ထဲက ကြက်ကိုင်းတန်းရွာ၊ ကျောက်တော်၊ မြို့ဟောင်း၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ သံတွဲစတဲ့ မြို့များမှာ လူထု တရားပွဲတွေ လုပ်ပြီး ဟောပြော စည်းရုံး နိုင်ခဲ့တယ်။

၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှာ ကချင်ပြည်နယ် မြစ်ကြီးနားကို သွားရောက်ပြီး ကချင် အမျိုးသား ခေါင်းဆောင်များနဲ့ တွေ့ဆုံ ဆွေးနွေး ညှိနှိုင်း နိုင်ခဲ့တယ်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်ကနေ ၂၆ ရက်နေ့ထိ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ၊ ကပ္ပလီရွာ၊ သထုံမြို့တို့ကို ချစ်ကြည်ရေး ခရီးထွက်ခဲ့ပြီး တိုင်းရင်းသားများနဲ့ တစ်သွေးတစ်သားတည်း ဖြစ်အောင် စည်းရုံးနိုင်ခဲ့သူ ဖြစ်ပါတယ်။ သံဖြူဇရပ် မီးရထားလမ်း ဖောက်လုပ်ရာမှာ သေဆုံး ခဲ့ရသူများအတွက် သရဏဂုံ တင်ပွဲမှာ ဖတ်ဆစ် ဆန့်ကျင်ရေး တရား ဟောပါတယ်။ သံဖြူဇရပ်က အပြန် မုဒုံကို ရောက်တော့ နှစ်ကြိမ် တရား ဟောပါတယ်။ တစ်ကြိမ်က ရှင်အရဟံ ကျောင်းဝင်း ထဲမှာလို့ သိမီသူ တစ်ဦးကလည်း ပြောပြ ဖူးပါတယ်။ ဒီဇင်ဘာ ၂၀ မှာတော့ သထုံခရိုင် လှိုင်းဘွဲမြို့နယ်က ကပ္ပလီရွာမှာ တိုင်းရင်းသားများနဲ့ တွေ့ဆုံ ဆွေးနွေး ခဲ့တယ်။ မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ၊ ကပ္ပလီရွာနဲ့ သထုံမြို့များကို တိုင်းရင်းသား သွေးစည်း ချစ်ကြည်ရေး အတွက် လှည့်လည် ခရီး ထွက်ခဲ့တယ်။



http://mmteashop.com
http://mmteashop.com

http://mmteashop.com

http://mmteashop.com

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာတော့ လွိုင်ကော်မှာ ကျင်းပတဲ့ ကရင်နှစ်သစ်ကူး ပွဲတော်ကြီးကို တက်ရောက်ပြီး တိုင်းရင်းသားများနဲ့ တွေ့ဆုံ ခဲ့ပါတယ်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ရှမ်းပြည်နယ်က ညောင်ရွှေ၊ မိုင်းပွန်၊ သာမိုင်းခမ်းစတဲ့ စော်ဘွားများ၊ ကိုယ်စားလှယ်များနဲ့ ပထမအကြိမ် တွေ့ဆုံ ဆွေးနွေး ခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်နေ့ ညမှာတော့ ညောင်ရွှေ စော်ဘွားများနဲ့ ထပ်မံ ဆွေးနွေး ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မှာ ပင်လုံကို ရောက်ရှိပြီး နိုင်ငံလွတ်လပ်ရေးအတွက် အင်မတန် အရေးကြီးလှတဲ့ မြန်မာပြည်နဲ့ တောင်တန်းနယ်များ ပူးပေါင်းရေး ပင်လုံ စာချုပ် ဖြစ်မြောက် လာအောင် တိုင်းရင်းသာ ခေါင်းဆောင်များနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၁ ရက် ပင်လုံညီလာခံ ညစာ ထမင်းစားပွဲကြီးမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်လို့ သမိုင်းဝင် မိန့်မှာ စကား ပြောကြားခဲ့ရာမှာ "တစ်တိုင်းပြည်လုံးကြီးပွား စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက် အားတိုက် လုပ်နိုင်မှ အကျိုး ခံစားခွင့် ရှိကြမှာပဲ။ မြန်မာက တစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲ အပြားပြား လုပ်နေကြရင်ဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုး ရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်" လို့ ထည့်သွင်း ပြောကြား ခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာတော့ သမိုင်းဝင် ပင်လုံ ညီလာခံကြီးမှာ တိုင်းရင်းသား သွေးစည်း ချစ်ကြည်တဲ့ အထိမ်းအမှတ် အဖြစ် ပင်လုံစာချုပ်ကြီးကို လက်မှတ် ရေးထိုး ချုပ်ဆို နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နယ်ချဲ့စနစ်ရဲ့ အဆိုးဆုံးသော အမွေအနှစ် တစ်ခုကတော့ နိုင်ငံတွင်းမှာ ရှိတဲ့ တိုင်းရင်းသား လူနည်းစု အချင်းချင်း၊ ဒါမှမဟုတ် မြေပြန့်နဲ့ တောင်ပေါ်နေ လူမျိုးစု အချင်းချင်း စိတ်ဝမ်း ကွဲပြားအောင်၊ တစ်ဦးအပေါ် တစ်ဦး သံသယတွေနဲ့ မသင့်မတင့် ဖြစ်အောင် သွေးခွဲ အုပ်ချုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

ဒီသွေးခွဲမှုတွေကြောင့် မသင့်မတင့် ဖြစ်ခဲ့ရတဲ့ သွေးကွဲမှုတွေကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာပဲ ပင်လုံစာချုပ်နဲ့ အဆုံးသတ် ပေးနိုင်ခဲ့သူ ကတော့ မြန်မာ့ လွတ်လပ်ရေးရဲ့ ဗိသုကာလည်းဖြစ်၊ တိုင်းရင်းသား အချင်းချင်း သွေးစည်း ညီညွတ်ရေးကို ဖော်ဆောင် ပေးခဲ့သူလည်း ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းပဲ ဖြစ်ပါတယ်။ ။



ပင်လုံစာချုပ်ဖြစ်မြောက်ရေး ခရီးစဉ်အတွင်း အင်းလေးကန်အတွင်း၌ တွေ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပင်လုံညီလာခံ အောင်မြင်အောင် နောက်ဆုံးအချိန်အထိ ကြိုးပမ်း ဆောင်ရွက် ပေးခဲ့သည့် ဦးဖေခင် တို့ကို အင်းလေးရိုးရာလှေပေါ်၌ အတူတွေ့ရစဉ်။



ဗိုလ်ချုပ်နှင့်ဇနီးတို့၏ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးအတွက် ရှမ်းပြည်နယ် ပင်လုံခရီးစဉ်

http://mmteashop.com
http://mmteashop.com



ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနား ကချင်မနောပွဲသို့ တက်ရောက်စဉ် ၁၉၄၆ ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်က ကချင်ပြည်နယ်သို့ ရောက်ရှိစဉ်က မြစ်ကြီးနားမြို့ မန်ခိန်ကျေးရွာ အထက ကျောင်းဝင်း အတွင်း



ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်တိုင်းရင်းသူများ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့သည်မှာ နှောင်းလူများ အဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအထိမ်းအမှတ် သမိုင်းဝင်း ဓာတ်ပုံ တစ်ပုံ ဖြစ်ခဲ့သည်။ နောက်မှ ရပ်နေသည့် ကချင်တိုင်းရင်းသူများမှာ (ဝဲမှယာ) (၁) ဒေါ်ဂေါ်လူထု (မြစ်ကြီးနား အငြိမ်းစား ပြည်နယ်ပညာရေးမှူး)၊ (၂) ဒေါ်အယ်လ်နန်းဆိုင်း (မြစ်ကြီးနား)၊ (၃) ဒေါ်အင်ခွန်ဘောက်၊ (၄) ဒေါ်ခေါန်ရော်(မန်ခိန်)၊ (ဒေါ်ဂျာဘောက်(မန်ခိန်) (၆) ဒေါ်အယ်လ်နေမ္ဘရာတို့ ဖြစ်ကြောင်း ဆောင်းပါးရှင် မောင်ကြည်သန့်က ပြည်ထောင်စု ခရီးစဉ်နှင့် သမိုင်းဝင် ဓာတ်ပုံနှစ်ပုံ ဆောင်းပါးတွင် ဖော်ပြထားခဲ့သည်။

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်ပင်လုံ

"တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ မြန်မာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲ အပြားပြား လုပ်နေကြရင်ဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်း လုပ်ကြမှသာ အကျိုး ရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုး ရှိကြောင်း သိနိုင်မယ်"



http://mmteashop.com
http://mmteashop.com

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့က ကျင်းပသော ဖဆပလ အမှုဆောင် အစည်းအဝေးတွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဖဆပလဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘေနှင့် သခင်မြ တို့အား မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အင်္ဂလန်သို့ စေလွှတ်ရန် ဆုံးဖြတ် ခဲ့ကြလေသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်သို့ သွားရောက်ရန် အတွက် မြန်မာနိုင်ငံမှ ဒါကိုတာ လေယာဉ်ဖြင့် အိန္ဒိယသို့ ထွက်ခွာခဲ့ကြသည်။

ဗိုလ်ချုပ်တို့အဖွဲ့ အင်္ဂလန်သို့ မထွက်ခွာမီ ဒီဇင်ဘာလ ၃၀ ရက်နေ့ကပင် ရှမ်းပြည်နယ် ပဒေသရာဇ် ကောင်စီ အမှုဆောင်အဖွဲ့က လားရှိုးမြို့ တောင်တန်းဒေသ ညွှန်ကြားရေး ဝန်ထံသို့ "ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် လန်ဒန် ဆွေးနွေးပွဲ၌ တောင်တန်း ဒေသများ၏ အရေးကို ဆွေးနွေးပိုင်ခွင့် မရှိကြောင်း" ကြိုတင် ကြေးနန်း ရိုက်ထားနှင့် ကြလေသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် လန်ဒန်သို့ ဗိုလ်ချုပ်တို့ ရောက်ရှိ လာကြပြီး ဇန်နဝါရီ ၁၄ ရက်နေ့တွင် ဗြိတိသျှ နန်းရင်းဝန် ရုံး၌ အစည်းအဝေး ကျင်းပရာ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ် အဖွဲ့ အနေဖြင့် "အထွေထွေ ကြေညာချက်" အဆင်သင့် မဖြစ်သေးကြောင်း တင်ပြသဖြင့် အစည်းအဝေး ကို ဇန်နဝါရီလ ၁၅ ရက်နေ့သို့ ပြောင်းရွှေ့ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ဗိုလ်ချုပ်တို့ အင်္ဂလန်သို့ ရောက်ရှိနေစဉ်အတွင်း ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်နေ့ အထိ လွတ်လပ်ရေး အင်အား ပြပွဲ ရက်သတ္တပတ် အဖြစ် သတ်မှတ်ကာ ဖဆပလ

http://mmteashop.com
http://mmteashop.com

အဖွဲ့ကြီးက ဦးဆောင်၍ တစ်ပြည်လုံးတွင် လွတ်လပ်ရေး ဆန္ဒ ဖော်ထုတ်ပွဲ များကို ကျင်းပကာ ဗိုလ်ချုပ်တို့အား ထောက်ခံ ခဲ့ကြသည်။

ဗိုလ်ချုပ်တို့၏ လွတ်လပ်ရေး ခရီးစဉ်အတွင်း အဟန့်အတား ဖြစ်စေရန် သွေးခွဲမှုများကလည်း ရှိနေရာ ဤအခြေအနေကို သိနေသော ဗိုလ်ချုပ်က ဇန်နဝါရီ ၁၃ ရက်နေ့ အကြို ညှိနှိုင်းမှုများ ပြုလုပ်နေစဉ် အတွင်း နန်းရင်းဝန် အက်တလီအား ဤသို့ ပြောကြား ခဲ့လေသည်။

"ကျွန်တော်က စစ်သားဖြစ်တာမို့ ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်ပါတယ်။ သံတမန် စကားတွေနဲ့ ဝေ့လည် ကြောင်ပတ်တော့ မပြောတတ်ပါဘူး။ မြန်မာပြည်သူတွေဟာ အချုပ်အချယ် ကင်းတဲ့ လုံးဝ လွတ်လပ်ရေးကို လိုလား တောင်းဆိုကြပါတယ်။ မြန်မာ ပြည်သူတွေ ဆိုရာမှာလည်း တိုင်းရင်းသား လူမျိုး အားလုံးကို ဆိုလိုပါတယ်။ လုံးဝ လွတ်လပ်ရေးကို အားလုံး အဆင့်အတန်း မခွဲခြားဘဲ ပေးမယ်၊ ပယောဂလည်း ကင်းမယ် ဆိုရင် တိုင်းရင်းသား လူမျိုးများ အားလုံးက ညီညီညွတ်ညွတ် ရပ်တည် ကြပါလိမ့်မယ်" ဟု ဆိုခဲ့သည်။

ဇန်နဝါရီလ ၁၅ ရက်နေ့ အစည်းအဝေး ကျင်းပသောအခါ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ် အဖွဲ့၏ အထွေထွေ ကြေညာချက်ကို တင်သွင်းခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ် စော်ဘွားများ ကောင်စီက တောင်းဆိုမည့် "ရှမ်းပြည်နယ် များ ကိစ္စ အမှာစာ ၁ နှင့် ၂ ကို ပေးပို့ လိုက်လေသည်။

ဗိုလ်ချုပ်တို့အဖွဲ့က တောင်တန်းပြည်မ မခွဲခြားဘဲ တစ်ပြိုင်နက် လွတ်လပ်ရေး ပေးရန် အရေး ဆိုနေချိန်တွင် တစ်ဖက်ကလည်း မြန်မာနိုင်ငံ တောင်တန်း ဒေသနှင့် တိုင်းရင်းသား များအား သွေးခွဲကာ နည်းအမျိုးမျိုးဖြင့် နှောင့်ယှက် ဟန့်တားမှုများ ရှိနေ ခဲ့သည်။

http://mmteashop.com
http://mmteashop.com

တောင်တန်းဒေသနေ တိုင်းရင်းသားများ အားလုံးသည် ဗိုလ်ချုပ်၏ ဦးဆောင်မှု အောက်တွင် တစုတစည်းတည်း ရပ်တည်လျက် ရှိနေကြောင်း ပြသနိုင်အောင် ဖဆပလ အဖွဲ့ကြီးက ကြိုးပမ်းကာ သက်သေ ပြနိုင်ခဲ့ပေသည်။ ယင်းမှာ တောင်တန်းဒေသနေ တိုင်းရင်းသားများသည် မြန်မာတို့နှင့် အတူ လုံးဝ လွတ်လပ်ရေးကို လိုလားကြောင်း လူထု အင်အား ပြပွဲကြီးကို ဇန်နဝါရီ ၂၅ ရက်နေ့တွင် တောင်ကြီးမြို့၌ ကျင်းပက သက်သေ ပြခဲ့ကြသည်။ တိုင်းရင်းသား အချင်းချင်း စည်းလုံးညွတ်မှု ရှိနေကြောင်းကိုလည်း ဦးဖေခင်က ရန်ကုန် ဖဆပလသို့ လည်းကောင်း၊ လန်ဒန်မြို့တွင် ရောက်ရှိသော ဗိုလ်ချုပ်အောင်ဆန်း ထံသို့လည်းကောင်း၊ ဗြိတိသျှ နန်းရင်းဝန် အက်တလီထံသို့ လည်းကောင်း ကြေးနန်း စာများ ပေးပို့ခဲ့သည်။

ဇန်နဝါရီ ၂၇ ရက်နေ့တွင် လန်ဒန်မြို့ ဒေါင်းနင်းလမ်း၊ အမှတ် (၁၀)ရှိ နန်းရင်းဝန် အိမ်တော်တွင် "တစ်နှစ်အတွင်း လွတ်လပ်ရေး ပေးပါမည်" ဆိုသည့် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှု သမိုင်းဝင် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆို နိုင်ခဲ့ကြသည်။

စာချုပ်ကို အောင်မြင်စွာ ချုပ်ဆို နိုင်ခဲ့သော်လည်း စာချုပ်အပိုဒ် ၃(ဂ)တွင် "တောင်တန်း ဒေသနေ တိုင်းရင်းသား လူမျိုးစု ခေါင်းဆောင်များ ကိုယ်တိုင်က မြန်မာ ပြည်မနှင့် အေးအတူ ပူအမျှ လွတ်လပ်ရေးကို တစ်ပြိုင်နက် ရယူ လိုပါသည်ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပင်လုံညီလာခံ၌ အခိုင်အမာ စာချုပ်တစ်ခု လက်မှတ် ရေးထိုး ချုပ်ဆို ရမည်" ဆိုသည့် အချက်တစ်ချက် ပါဝင်လာခဲ့သည်။

ဗိုလ်ချုပ်တို့ အဖွဲ့ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လန်ဒန်မြို့မှ ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်နှင့် ည ၈ နာရီတွင် ဖဆပလ အမှုဆောင် အစည်းအဝေးကို ခေါ်ယူပြီး အောင်ဆန်း-အက်တလီ စာချုပ်ကို လက်ခံရန် အတည်ပြု ဆုံးဖြတ်ခဲ့သည်။ ဖေဖော်ဝါရီ ၃ ရက်နေ့တွင် သတင်းစာ ဆရာကြီး များကို ဖိတ်ကြားကာ အောင်ဆန်း-အက်တလီ စာချုပ်နှင့် ပတ်သက်၍ သတင်းစာ

http://mmteashop.com
http://mmteashop.com

ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အသံ လွှင့်ရုံမှ နေ၍ တစ်ပြည်လုံးသို့ "ယူတတ်မှ ရမယ်" ခေါင်းစဉ်းဖြင့် လန်ဒန်ပြန် မိန့်ခွန်းကို အသံလွှင် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်ထွန်းလှနှင့် ဦးဖေခင်တို့ ရန်ကုန်မှ မိတ္ထီလာသို့ လေယာဉ်ဖြင့်လည်းကောင်း၊ မိတ္ထီလာမှ တောင်ကြီးသို့လည်းကောင်း၊ တောင်ကြီးမှ မိုင် ၆၀ ဝေးကွာသော ပင်လုံသို့ လည်းကောင်း ဆက်လက် ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီတွင် ပင်လုံသို့ ရောက်ရှိခဲ့ပေသည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက်တွင် ကိုယ်စားလှယ်စုံညီ အစည်းအဝေး၌ မြန်မာပြည် တောင်တန်းနယ်များ ပူးပေါင်းရေး အခြေခံ သဘောတရားများကို ဗိုလ်ချုပ်က ရှင်းပြပြီး ယင်းသဘောထား ရေးသား ချက်များကို ဝေငှခဲ့သည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တောင်တန်း ကိုယ်စားလှယ်များချည်း သက်သက် ဆွေးနွေးခဲ့ပြီး ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်တော့ ဗြိတိသျှတို့၏ ဒိုမီနီယံဆိုင်ရာ အတွင်းဝန်ကလေး မစ္စတာဘော့တွမ်မလေက ဗိုလ်ချုပ်ထံ ရောက်ရှိလာပြီး တောင်တန်း ကိုယ်စားလှယ် များ၏ လိုလားချက်များကို ပေးလေရာ မိမိတို့ အချင်းချင်း ရင်းရင်းနှီးနှီး ပွင့်လင်းစွာ ဆွေးနွေး နိုင်ပါလျက် အင်္ဂလိပ်မှ တစ်ဆင့် အသိပေး လာသည်ကို စိတ်ပျက် ဒေါသပွ လေတော့သည်။

သို့သော်လည်း ဦးဖေခင်တို့၏ စေ့စပ်မှုဖြင့် နှစ်နာရီ အကြာမှာပင် တောင်တန်း ကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်တို့ ဆွေးနွေး နိုင်ခဲ့ကြပြီး ပင်လုံ စာချုပ် ချုပ်ဆိုနိုင်ရန် တိုင်းရင်းသားများအားလုံး သဘောတူညီမှု ရရှိခဲ့လေသည်။

ထိုနေ့ညပိုင်းတွင် အောက်မြင်မှု အထိမ်းအမှတ် အဖြစ် ညစာစားပွဲ ကျင်းပလေရာ ဗိုလ်ချုပ်က အမှာစကား ပြောကြားရတွင် -

http://mmteashop.com
http://mmteashop.com

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ မြန်မာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင်ဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်း လုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်" ဟု မှတ်ဖွယ်စကား ဆိုခဲ့ ပေသည်။

"ထမင်းစားပွဲကြီး ပြီးသောအခါ ဦးဖေခင်က စိတ်ရွှင်လန်းလျက် ရှိသော ဗိုလ်ချုပ်အား ဇာတ်ပွဲကြည့်ရန် ခေါ်ရာ အကောင်းသားပဲ ပြောသဖြင့် ခေါ်သွားရ၏။ ယိမ်း ကြည့်ချင်သည် ပြောသဖြင့် ယိမ်းအကကို စီစဉ် ပြရသေး၏။ ၎င်းနောက် လေးကောင် ဂျင်ဝိုင်း ကြည့်လိုသည် ပြောသဖြင့် တိုးဝှေ့ပြီး ဝင်ကြည့်ကြ၏။ ဦးဖေခင်က လက်တွေ့ တစ်လက် နှစ်လက် ထိုးပြ၍ တစ်ရာလောက် နိုင်လိုက်၏။ နောက်တစ်ကြိမ် (ကြက်နှင့် ငါးရှဉ့်) အနီကြီး သဘောကျသည်ဟု ဗိုလ်ချုပ်က ပြောသဖြင့် ရှိသမျှအားလုံး အနီကြီးကို ချထိုး လိုက်ရာ(ဖား) ထပ်ထွက် လာသဖြင့် မြတ်ထားသော ငွေးများအပြင် အရင်းငွေများ (နှစ် ရာကျပ်)ပါ ပါသွားသောအခါ ဗိုလ်ချုပ်က (ဟာ မနိုင်ဘူးဗျို့ ပြန်ကြစို့) ဆိုပြီး တဲသို့ ပြန်ခဲ့၏" ဟု ဗိုလ်ချုပ်နှင့်အတူ လိုက်ပါသွားခဲ့သော သတင်းစာဆရာ ဦးပုကလေးက ဗိုလ်ချုပ်၏ "ခေါင်းဆောင်ကြီးပင် ဖြစ်လင့်ကစား လက်အောက် ငယ်သားများနှင့် လက်ပွန်း တတီး ရှိပုံ၊ အနေအထိုင် ရိုးရှင်း ပွင့်လင်းပုံ" ကို မှတ်တမ်းတင် ခဲ့ပေသည်။

နောက်တစ်နေ့ဖြစ်သော ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၀ နာရီခန့်တွင်တော့ ဗိုလ်ချုပ်အပါအဝင် တိုင်းရင်းသား ခေါင်းဆောင်ကြီးများက ပင်လုံစာချုပ်ဖြင့် ညီညွတ်ကြောင်း သက်သေပြနိုင်ခဲ့ခြင်း၊ လွတ်လပ်ရေး ခရီးပန်းတိုင်သို့ အရောက် လှမ်းနိုင် ခြင်းတို့ကြောင့် ယနေ့ ကျွန်ုပ်တို့ ခေတ်တိုင် လွတ်လပ်သော နိုင်ငံကြီး အဖြစ် ရပ်တည် နိုင်ခြင်း ဖြစ်ပေ သတည်း။ ။

http://mmteashop.com
http://mmteashop.com

# yivpmcsKywi vurwa&;x;con wi&i;om; u ,pm;v ,rsm;

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်အောင်ဆန်း | မြန်မာအစိုးရကိုယ်စားလှယ် |
| (၂) | စဝ်ခွန်ပန်းစိန် | တောင်ပိုင်စော်ဘွား |
| (၃) | စဝ်ရွှေသိုက် | ညောင်ရွှေစော်ဘွား |
| (၄) | စဝ်ဟုံဖ | မြောက်ပိုင်းသိန္နီစော်ဘွား |
| (၅) | စဝ်နွံ | လဲချားစော်ဘွား |
| (၆) | စဝ်စံထွန်း | မိုင်းပွန်စော်ဘွား |
| (၇) | စဝ်ထွန်းအေး | သာမိုင်းခမ်းစော်ဘွား |
| (၈) | ခွန်ဖုန်း | လူထုကိုယ်စားလှယ်(မြောက်ပိုင်းသိန္နီ) |
| (၉) | ဦးတင်ဧ | လူထုကိုယ်စားလှယ်(တောင်ကြီး) |
| (၁၀) | ဦးကြာပု | လူထုကိုယ်စားလှယ်(သီပေါ) |
| (၁၁) | စဝ်ယိပ်ဖ | လူထုကိုယ်စားလှယ်(ပင်လုံ) |
| (၁၂) | ဦးခွန်ထီး | လူထုကိုယ်စားလှယ်(ပင်လုံ) |
| (၁၃) | ဦးထွန်းမြင့် | လူထုကိုယ်စားလှယ်(မောက်မယ်) |
| (၁၄) | ဦးခွန်စော | လူထုကိုယ်စားလှယ်(ပင်းတယ) |
| (၁၅) | ဦးဖြူ | ဆီဆိုင်စော်ဘွားကိုယ်စားလှယ် |
| (၁၆) | ဆမားဒူဝါဆင်ဝါနော်ကင် | ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား) |
| (၁၇) | ဒူဝါဇော်ရစ် | ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား) |
| (၁၈) | ဦးဒိန်ရတန် | ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား) |
| (၁၉) | ဒူဝါဇော်လွန်း | ကချင်းကိုယ်စားလှယ်(ဗန်းမော်) |
| (၂၀) | ဦးလဘန်ဂရောင် | ကချင်ကိုယ်စားလှယ်(ဗန်းမော်) |
| (၂၁) | ဦးလျှုမုန်း | ချင်းကိုယ်စားလှယ်(ဖလမ်း) |
| (၂၂) | ဦးသောင်ဇာခုတ် | ချင်းကိုယ်စားလှယ်(တီးတိန်) |
| (၂၃) | ဦးကီးယိုမာန် | ချင်းကိုယ်စားလှယ်(ဟားခါး) |

http://mmteashop.com

http://mmteashop.com



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က ပင်လုံညီလာခံတွင် ဖဆပလ၏ သဘောထားကို တိုင်းရင်းသား ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားစဉ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဇနီး ဒေါ်ခင်ကြည် အပါးတော်မြဲ ဗိုလ်ထွန်းလှနှင့် ဘုရင်ခံ ဆာဟူဘတ်ရန့်စ်တို့ကို အတူတွေ့ရစဉ်



(ဝဲမှယာ) ရှေ့တန်း- သာမိုင်းခမ်းစော်ဘွား၊ မိုင်းပွန်းစော်ဘွား၊ ဗိုလ်ချုပ်အောင်ဆန်း၊ ညောင်ရွှေစော်ဘွားနှင့်အခြားနှစ် နောက်တန်း- ဦးဖေခင်၊ ဗိုလ်ထွန်းလှနှင့် အခြားတိုင်းရင်းသားများ ၁၉၄၆ ခုနှစ်က တောင်ကြီးမြို့တွင် ရိုက်ကူးခဲ့သည်။

http://mmteashop.com
http://mmteashop.com



ပင်လုံစာချုပ် (မူရင်း)

http://mmteashop.com
http://mmteashop.com

# ပင်လုံရှုခင်း ပင်လုံမြင်ကွင်း

“ကျွန်တော်တို့ ဗမာပြည်ရဲ့ အရေးဟာ ဗမာပြည်သူ ပြည်သားတွေ၊ ခေါင်းဆောင်မဲ့ လူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေး ဆေးဆေးနဲ့ ပြီးမြောက် နိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်။”



http://mmteashop.com
http://mmteashop.com

၁၃၀၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်၊ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၂၆ ရက် (တနင်္ဂနွေနေ့) ထုတ် မြန်မာ့ အလင်းသတင်းစာမှာ သတင်းတစ်ပုဒ် ဖော်ပြ ခဲ့ပါတယ်။ "မြန်မာပြည် အနာဂတ် အရေးနဲ့ ပတ်သက်တဲ့ ခေါင်းဆောင်ကြီးများ အစည်းအဝေးတွင် ဗိုလ်ချုပ် အောင်ဆန်း ပြောပြချက်" ဆိုတဲ့ သတင်း တစ်ပုဒ်မှာ ဗိုလ်ချုပ်အောင်ဆန်းက -

"ကျွန်တော်တို့ ဗမာပြည်ရဲ့ အရေးဟာ ဗမာ ပြည်သူပြည်သားတွေ၊ ခေါင်းဆောင် မယ့် လူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက် နိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ကျွန်တော် ခေါင်းဆောင်နေတဲ့ တပ်မတော် ကလည်း ယုံကြည်တယ်။ ဒါကြောင့် တိုင်းပြည်မှာ ညီညွတ်ရေးဟာ အဓိက လုပ်ငန်းပဲ။ ညီညွတ်ရေး ဆိုပေမယ့် တိုင်းပြည် လွတ်လပ်ရေးနဲ့ ထူထောင်ရေးကို အထက်ပါ အခြေခံ အချက်များအရ ဆောင်ရွက်မည့် ညီညွတ်ရေး မျိုးကိုသာ ဆိုလို ပါတယ်။ ရာထူးဝေ စားရုံသာ ဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန်ပြီး ငြိမ်းဆင် တတ်ရုံလောက် တတ်နိုင်သော ညီညွတ်ရေးမျိုး ဆိုရင်တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုကို လည်းကောင်း၊ ရာထူး ဌာနန္တရ ကိစ္စများမှာ လည်းကောင်း ကျွန်တော်တို့ မူပိုင် ရေစစ္စတြီ လုပ်မထားဖို့ ဆိုတာ တိတိလင်းလင်း သိစေချင်တယ်" လို့ ပြောကြား သွားခဲ့တာကို ဖတ်ရပါတယ်။ ဒါဟာ တိုင်းပြည် ထူထောင်ရေးမှာ ညီညွတ်ရေး အရေးကြီးပုံကို ပြောခဲ့တာ ဖြစ်ပါတယ်။

ဒါဟာ ဖက်ဆစ်ဂျပန် တော်လှန်ရေး အပြီးမှာ ပြောခဲ့တဲ့ စကားပါ။ တစ်ကျော့ ပြန်ဝင် ရောက်လာတဲ့ အင်္ဂလိပ်တွေ ဆီကနေ လွတ်လပ်ရေး ပြန်ရဖို့ ကြိုးစားနေတဲ့ လွတ်လပ်ရေး လှုပ်ရှားမှု ကာလလည်း ဖြစ်ပါတယ်။

တိုင်းပြည် လွတ်လပ်ရေးအတွက် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ရရှိဖို့ မြန်မာပြည် ဒေသအနှံ့ကို လှည့်လည်ပြီး စည်းရုံး ခဲ့ရတယ်။ တိုင်းရင်းသား ခေါင်းဆောင် များကလည်း ဗိုလ်ချုပ်ကို ရိုးသားပွင့်လင်းတဲ့ စစ်ခေါင်းဆောင်၊ မိမိ အာဏာရရေးထက် တိုင်းပြည် လွတ်လပ်ရေးကိုသာ ရှေ့တန်းတင် ဦးစားပေးထားသူ အဖြစ် ယုံကြည်စွာနဲ့

http://mmteashop.com
http://mmteashop.com

လက်တွဲ ပူးပေါင်း ဆောက်ရွက် ခဲ့တာကြောင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ မှာတော့ လန်ဒန်မြို့က ဒေါင်းနင်းလမ်း၊ အမှတ်(၁၀) မှာရှိတဲ့ ဗြိတိသျှ နန်းရင်းဝန်ကြီးရဲ့ နေအိမ်မှာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က "တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေး ပေးပါမည်" ဆိုတဲ့ မြန်မာ့လွတ်လပ်ရေး လုပ်ရှားမှု သမိုင်းဝင် "အောင်ဆန်း-အက်တလီ" စာချုပ်ကို ချုပ်ဆို နိုင်ခဲ့ပါတယ်။ ဒီစာချုပ်အရ မြန်မာနိုင်ငံဟာ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံ တစ်နိုင်ငံ ဖြစ်လာတော့မှာ မှတ်ပေမယ့် အောင်ဆန်း-အက်တလီ စာချုပ် အပိုဒ်-၃(ဂ) မှာ "တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ ကိုယ်တိုင်က မြန်မာပြည်မနှင့် အေးအတူပူအမျှ လွတ်လပ်ရေးကို တစ်ပြိုင်နက် ရယူ လိုပါသည်" လို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပမဲ့ ပင်လုံညီလာခံမှာ အခိုင်အမာ စာချုပ် တစ်ခု လက်မှတ် ရေးထိုး ချုပ်ဆိုရမည်" ဆိုတဲ့ အချက်တစ်ချက် ပါဝင်နေတာကိုက မြန်မာ ခေါင်းဆောင်များ အပြောနဲ့ အလုပ် လက်တွေ့ ညီမညီ ဆိုတာကို အားစမ်း လိုက်တာပဲ ဖြစ်ပါတယ်။

ပြောရရင် ဖေဖော်ဝါရီ ၂ ရက်နေ့မှလန်ဒန်ကနေ မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့ ဗိုလ်ချုပ်ဟာ ဖေဖော်ဝါရီ ၄ ရက်နေ့မှာ သူနဲ့ နန်းရင်းဝန် အက်တလီတို့ ချုပ်ဆိုခဲ့တဲ့ စာချုပ် အကြောင်း တိုင်းပြည်ကို အသံလွှင့် ပြောကြား ခဲ့ပါတယ်။ ဖေဖော်ဝါရီ ၈ ရက်နေ့မှာတော့ ပင်လုံမှာ ကျင်းပနေပြီ ဖြစ်တဲ့ ပင်လုံညီလာခံကို တက်ရောက်ဖို့ မိတ္ထီလာကို လေယာဉ်နဲ့ ထွက်ခွာ ခဲ့ရတယ်။ ဖေဖော်ဝါရီ ၉ ရက်ကနေ ၁၁ ရက်နေ့အထိ တောင်တန်းဒေသ ခေါင်းဆောင် များနဲ့ အပူတပြင်းညှိနှိုင်း ဆွေးနွေးပြီးမှ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းမှာတော့ Union ခေါ် ပြည်ထောင်စုပုံစံနဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံ တော်ကြီး အဖြစ် ပေါ်ထွန်း လာစေမယ့် အချက်(၉)ချက်ပါ သမိုင်းဝင် ညီညွတ်ရေး စာချုပ်ကြီးကို ဗိုလ်ချုပ်နဲ့ တိုင်းရင်းသား ကိုယ်စားလှယ် ခေါင်းဆောင်များ လက်မှတ်ရေးထိုး နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီပင်လုံကနေ သန္ဓေတည်လာတဲ့ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးဟာလည်း ယနေ့ ထက်တိုင် ခိုင်မြဲ တည်တံ့ နေဆဲပဲ ဖြစ်ပါတယ်။



http://mmteashop.com
http://mmteashop.com

ကျင်းပ ပြီးစီးခဲ့တဲ့ ၂၀၁၁ ပြည့်နှစ် ဒီမိုကရေစီရွေး ကောက်ပွဲကြီးမှာလည်း နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့ တာဝန်များကို ရယူကြမယ့် ကိုယ်စားလှယ် လောင်းများကို ရွေးကောက် တင်မြှောက်ခဲ့ကြပြီး ဖြစ်ပါတယ်။ တိုင်းပြည်ကို တကယ် ချစ်တဲ့စိတ်နဲ့ တိုင်းပြည် အနာဂတ်ကို ပုံဖော်နိုင်မယ့် အပြုသဘော ဆောင်တဲ့ ကိုယ်စားလှယ်လောင်း အမတ်လောင်းများ ပေါ်ထွန်း လာပါစေလို့ပဲ နိုင်ငံသား တစ်ယောက် အနေနဲ့ ဆန္ဒ ပြုလိုက်ရပါတယ်။ ။



ရသမျှအချိန်အတွင်း မိသားစုနှင့် ကြည်ကြည်နူးနူး တွေ့ရသည့် ဖခင်ဘဝ ဗိုလ်ချုပ်အောင်ဆန်း



http://mmteashop.com
http://mmteashop.com

# ၄၇ ရွေးကောက်ပွဲ ကာလက ဗိုလ်ချုပ်တို့ မဲဆွယ်စည်းရုံးခဲ့ပုံ



တရုတ် ဘုံလူကြီး များကလည်း တရုတ်-ဗမာ ချစ်ကြည်ရေးကို လေးစားသော အားဖြင့် လည်းကောင်း၊ ဗိုလ်ချုပ်၏ ဖြောင့်မတ်ခြင်း၊ သဘောထားကြီးခြင်း၊ အရည်အချင်းနှင့် ပြည့်စုံခြင်း စတဲ့ အချက်များကို လေးစားသော အားဖြင့် မည်သည့် တရုတ်လူမျိုးကမှ ဗိုလ်ချုပ်နဲ့ ယှဉ်ပြိုင်ပြီး အရွေးခံခြင်း မပြုဖို့ တားမြစ်ခဲ့တယ်။

http://mmteashop.com
http://mmteashop.com

၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့က ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပြီးခဲ့တဲ့ နောက်ပိုင်း နှစ် ၂၀ အကြာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာတော့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲ တစ်ခုဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

## ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေ

မြန်မာနိုင်ငံရဲ့ နောက်ဆုံး ကုန်းဘောင်မင်းဆက်ကို အင်္ဂလိပ်တို့က စစ်ပွဲသုံးကြိမ်နဲ့ အဆုံး သတ်ခဲ့တယ်။ ၁၈၈၅ မှာ တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီး နှစ်ပေါင်း ၃၇ ခုနှစ် အကြာ ၁၉၂၂ ခုနှစ်မှာ ဒိုင်အာခီ အုပ်ချုပ်ရေးကာလ ရွေးကောက်ပွဲတွေ ကျင်းပတယ်။ ၁၉၃၆ ခုနှစ်ကနေ ၁၉၄၂ ခုနှစ် ဂျပန်မဝင်ခင်အထိ ၉၁ ဌာနရွေးကောက်ပွဲတွေကို ဆက်တိုက် ဆိုသလို ကျင်းပ ပေးခဲ့တယ်။ ဂျပန်တွေကို မြန်မာနိုင်ငံက မောင်းထုတ်အပြီး တစ်ကျော့ ပြန်ဝင်လာတဲ့ အင်္ဂလိပ်အုပ်ချုပ်မှုရဲ့ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ဟာ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံကို ရောက်ရှိ လာခဲ့ပါတယ်။ (သူ့အရင် ဘုရင်ခံ က ဆာဒေါ်မန်စမစ်ပါ) ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီ (အစိုးရ ဝန်ကြီးအဖွဲ့)မှာ ဗိုလ်ချုပ် အောင်ဆန်းဟာ ဒုတိယ သဘာပတိအဖြစ် လက်ခံပြီး (အမျိုးသား ယာယီအစိုးရ)ကို ဖွဲ့စည်း ခဲ့တယ်။

၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ အောင်ဆန်း-အက်တလီ စာချုပ်အရ တိုင်းပြု ပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဟာ မြန်မာနိုင်ငံအတွက် လွတ်လပ်တဲ့ ပထမဆုံး အထွေထွေ ရွေးကောက်ပွဲ တစ်ခုလို့ ဆိုကြပါတယ်။

## ဗိုလ်ချုပ်ရဲ့ မဲဆွယ်စည်းရုံးရေး

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ မကျင်းပခင် ၁၉၄၇ ခုနှစ် မတ်လ ၆ ရက်နေ့မှာ ဖဆပလ အဖွဲ့ချုပ်က ရွေးကောက်ပွဲနဲ့



http://mmteashop.com
http://mmteashop.com

ပတ်သက်ပြီး ပြည်သူ့သို့ ပန်ကြားချက် တစ်ရပ်ကို ထုတ်ပြန် ကြေညာခဲ့တယ်။ ဒီကြေညာချက်ကို မထုတ်ပြန်ခင် မတ်လ ၃ ရက်နေ့မှာ ဖဆပလဌာနချုပ် အလုပ်အမှုဆောင်က ဖဆပလ အမတ်လောင်းများနဲ့ သူတို့ ရွေးချယ်ခံမယ့် နေရာများကို ရွေးချယ် ကြေညာပေးခဲ့တယ်။ ကြည့်မြင်တိုင်မှာ (၁) ဦးဘချို (ဖဆပလအဖွဲ့ချုပ်အမှုဆောင်)၊ (၂) ဗိုလ်မင်းခေါင် (ပြည်သူ့ ရဲဘော်တပ်ဖွဲ့ ဌာနချုပ်)။ လမ်းမတော်မှာ (၁) ဗိုလ်ချုပ်ဒေါင်ဆန်း (ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ)၊ (၂) ဒေါ်စောရွှေ (ဗမာမူစလင် အဖွဲ့ချုပ် အမှုဆောင်)၊ ဗိုလ်တထောင်မှာ (၁) ဒေါ်လှခင် (ဗမာပြည် လွတ်လပ်ရေး အမျိုးသမီးအစည်းအရုံး ဌာနချုပ် ဥက္ကဋ္ဌ)၊ (၂)သခင်လှရွှေ (အလုပ်သမား အစည်းအရုံးများအဖွဲ့ အထွေထွေ အတွင်းရေးမှူး)၊ သိမ်ဖြူမှာ (၁) ဦးဘစော (ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင်)၊ (၂) သခင်လွန်းဘော် (ရန်ကုန်ခရိုင် ဖဆပလ ဥက္ကဋ္ဌ)တို့ ဖြစ်ကြောင်း ၁၉၄၇ ခုနှစ် မတ်လ ၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာ ဖော်ပြထားပါတယ်။

ဗိုလ်ချုပ်ဒေါင်ဆန်းဟာ ရန်ကုန် အနောက်ပိုင်းကနေ အရွေးခံမှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်နဲ့ အတူ ဖဆပလက ရွေးချယ်တဲ့ မြန်မာ မူစလင်အမျိုးသမီး ဒေါ်စောရွှေလည်း အရွေးခံမယ် ဆိုပေမယ့် လမ်းမတော်မှာပဲ ဗိုလ်ချုပ်နဲ့ ယှဉ်ပြိုင် အရွေးခံဖို့ တရုတ်အမျိုးသား ဦးမျိုးရှူးကို အကြံဉာဏ် ပေးကြပါတယ်။ ဒါပေမယ့်လို့ ဗိုလ်ချုပ်နဲ့ သူယှဉ်ပြိုင် အရွေးမခံလိုကြောင်း သိရပြီး တရုတ်ဘုံ လူကြီးများကလည်း တရုတ်-ဗမာ ချစ်ကြည်ရေးကို လေးစားသော အားဖြင့် လည်းကောင်း၊ ဗိုလ်ချုပ်၏ ဖြောင့်မတ်ခြင်း၊ သဘောထားကြီးခြင်း၊ အရည်အချင်းနှင့် ပြည်စုံခြင်းစတဲ့ အချက်များကို လေးစားသော အားဖြင့် မည်သည့် တရုတ် လူမျိုးကမှ ဗိုလ်ချုပ်နဲ့ ယှဉ်ပြိုင်ပြီး အရွေး မခံခြင်း မပြုဖို့ တားမြစ်ခဲ့တယ်လို့ မတ်လ ၁၆ ရက်ထုတ် မြန်မာ့အလင်းမှာ ဖော်ပြခဲ့ပါတယ်။ အဲဒီအချိန်က ဗိုလ်ချုပ်အပေါ် လေးစားမှု တစေ့တစောင်း ပြကွက် အချို့ပါ။

မတ်လ ၁၅ ရက်မှာ ဗိုလ်ချုပ်တို့အဖွဲ့ မြိတ်ကို ရောက်ပါတယ်။ ပြည်သူ့ရဲဘော် တပ်ဖွဲ့မှာ မနက်စာ သုံးဆောင် နေတုန်း လူအုပ်ကြီးက ဗိုလ်ချုပ်ကို မြင်လိုတယ်။ ဗိုလ်ချုပ်ကို မြင်လိုတယ်လို့ ထ,အော်ကြတော့ ဗိုလ်ချုပ်က ပြုံးပြီး လူထုကြီးကို ငါးမိနစ်



http://mmteashop.com
http://mmteashop.com

လောက် ထွက်ပြ ရပါတယ်။ လူထုကြီးက "ဒို့ဗိုလ်ချုပ်၊ ဒို့ဗိုလ်ချုပ်" လို့ ဗိုင်းပြီး ကြွေးကြော်ကြပါတယ်။

ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းဟာ မတ်လ ၁၇ ရက်နေ့မှာ မော်လမြိုင်ကို ရောက်ပြီး ညနေ ၃ နာရီလောက်မှာ တရားပွဲ လုပ်ပါတယ်။ တစ်နာရီကျော်လောက် ဟောတဲ့ အခါမှာ "ရိုပ်မိအောင် ပြောမယ်၊ မဲဆွယ်ဖို့ပဲ" လို့ စလိုက်တာနဲ့ ပရိသတ်တွေ ပွဲကျ သွားတယ်လို့ ဆိုပါတယ်။ ညဘက်မှာ ပြည်သူ့ရဲဘော် ရန်ပုံငွေအတွက် ကပြတဲ့ စိန်အောင်မင်းပွဲကို သွားရောက် ချီးမြှင့်ခဲ့ပြီး နောက်နေ့ မနက်မှာ လေယာဉ်နဲ့ ရန်ကုန်ကို ပြန်ရောက်ပါတယ်။

ဗိုလ်ချုပ်တို့ စည်းရုံးရေး ခရီးစဉ်မှာ ဘယ်နေရာကမဆို မနက် ၇ နာရီ ထက်နောက်မကျဘဲ စတင် ထွက်ခွာမှာ ဖြစ်လို့ ဗိုလ်ချုပ်နဲ့ တွေ့ချင်တာ၊ ဟောပြောချင်တာ၊ ဆွေးနွေးချင်တာများ ရှိရင် ကြိုတင် စီစဉ်ထားဖို့ ဖဆပလအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဗဆွေက နယ်ဖဆပလ အဖွဲ့များထံ အကြောင်း ကြားထားပါတယ်။ မတ်လ ၂၀ ရက်မှာ ရန်ကုန်ကနေ မိတ္ထီလာကို လေယာဉ်ပျံ၊ မိတ္ထီလာကနေ မန္တလေးကိုကား၊ ၂၁ ရက်မှာ မန္တလေးမှ မုံရွာကိုကား၊ ၂၂ ရက်မှာ မုံရွာကနေ ရေစကြိုကို ဖြတ်ပြီး ရေနံချောင်းကို ကားနှင့်သင်္ဘော၊ ၂၄ ရက်မှာ ရေနံချောင်းကနေ မကွေး၊ ၂၅ ရက်မှာ မကွေးကနေ နတ်မောက်၊ ၂၆ ရက်မှာ နတ်မောက်ကနေ အောင်လံကို ကားနှင့်၊ ၂၇ ရက်မှာအောင်လံကနေ ပေါင်းတည်၊ ၂၈ ရက်နေ့မှာ ပေါင်းတည်ကနေ ရန်ကုန်အထိ စည်းရုံးရေး ခရီးရှည်ကြီး ထွက်ခဲ့ပါတယ်။

ဒီခရီးစဉ်ထဲမှာ ခရီးတစ်ထောင်ဖြစ်တဲ့ မကွေးကနေ နတ်မောက်ကိုအကူး မတ်လ ၂၅ ရက်နေ့က နတ်မောက်အနီး တမာပင်ရွာကို အရောက်မှာ ဆင်းရဲသား အဖိုးကြီး တစ်ယောက်က အုန်းရေနဲ့ ကြိုဆိုတာကို ဟက်ဟက်ပက်ပက် ရယ်မောရင်း လက်ခံခဲ့ပါတယ်။ သူ့အုန်းရည် တိုက်ပုံက ဗိုလ်ချုပ်ကို တကယ့် တူသား နောင်မယ် မိတ်ရင်း



http://mmteashop.com
http://mmteashop.com

ဆွေရင်း တစ်ယောက်လို နို့ဆီဘူးကို အရိုးတပ်ထားတဲ့ ခွက်နဲ့ အုန်းရေးကို ခပ်ပြီး တိုက်တာကို အတော်ကြီး ကျေနပ်နေတဲ့ ဟန်နဲ့ သောက်ခဲ့တာပါတဲ့။

## တရားပွဲပေါင်းများစွာ

ဗိုလ်ချုပ်ဟာ မတ်လ ၁၅ ရက်ကနေ ၁၈ ရက်အထိ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ မတ် ၂၀ ရက်မှ ၂၈ ရက် ရန်ကုန်-မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ပခုက္ကူ ခရိုင်များနဲ့ ညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ စစ်ကိုင်း၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်း၊ နတ်မောက်၊ တောင်တွင်းကြီး၊ အောင်လံ၊ သရက်၊ ပြည်၊ ရွှေတောင်အထိ တရားပွဲပေါင်း မြောက်မြားစွာဟောခဲ့ ပြောခဲ့ စည်းရုံးခဲ့ပြီး မတ် ၃၀-၃၁ မှာ သန်လျင်နဲ့ ကွမ်းခြံကုန်း၊ ဧပြီ ၁ ရက် ၂ ရက်မှာ ကျောက်ဖြူခရိုင် မြေပုံနဲ့စစ်တွေ၊ ဧပြီ ၃ ရက်နေ့ကနေ ၈ ရက် အထိ မြန်မာပြည်အထက်ပိုင်း တစ်ပတ်ပြည်လှည့်ပြီး ရန်ကုန်က မိတ္ထီလာအထိ ကားနဲ့သွားပြီး ဒိုက်ဦးအစ ယင်းတော်အဆုံး တရားပွဲပေါင်း ၂၂ ပွဲ ဟောခဲ့တာပါ။ ဟပြီ ၆ ရက်မှာ မိတ္ထီလာကနေ မြစ်ကြီးနားနဲ့ ဗန်းမော်၊ ဧပြီ ၇ ရက် မှာ ဗန်းမော်ကနေ ကသာအထိ သင်္ဘောနဲ့စုန်ဆင်းခဲ့ပြီး ရွှေကူး၊ မိုးတား၊ ကျောက်တုံးကြီးနဲ့ ကသာတို့မှာ တရားပွဲတွေ ဟောခဲ့တယ်။ ဧပြီ ၈ ရက်မှာ ကသာကနေ မိုင် ၁၅၀ ဝေးတဲ့ မြစ်ကြီးနားကို မီးရထား၊ ဂျစ်ကားတို့နဲ့ အရောက်သွားပြီး မရပ်မနား ကြိုးစားစည်းရုံးခဲ့တာမို့ ဧပြီ ၉ ရက် ရွေးကောက် ပွဲမှာ တစ်ပြည်လုံး မဲဆန္ဒနယ် ၂၅၅ နယ်မှာ ဖဆပလ အဖွဲ့ချုပ်က အမတ် ၂၄၈ ဦးရပြီး ၉၅ ဒသမ ၃ ရာခိုင်နှုန်းနဲ့ မဲ အပြင်အသတ် အနိုင်ရခဲ့ပါတယ်။

## ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ

၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကတော့ စာရေးသူတို့ မဲပေးခွင့်၊ မဲထည့်ခွင့် ရခဲ့ပါတယ်။

၉၀ ပြည့်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တာက ၉၃ ပါတီပါ။ အခု ၂၀၁၀မှာတော့ သမိုင်း အလှည့်အပြောင်းက တစ်မျိုးပါ။ မဲဆန္ဒရှင်က သန်း ၃၀ ကျော်၊ ပါတီကလည်း



http://mmteashop.com
http://mmteashop.com

(လက်ရှိ ၄၂ ပါတီ) ပါ။ စက်တင်ဘာလ ၆ ရက်ကနေ ၁၀ ရက်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို တင်သွင်းထားတဲ့ ကိုယ်စားလှယ် လောင်းတွေကို စစ်ဆေး အတည် ပြုပြီးရင် သူတို့ဟာ မဲဆန္ဒရှင် ပြည်သူတွေနဲ့ ထိတွေ့ စည်းရုံးခွင့် တွေလည်း ရကြတော့မှာ ဖြစ်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲဝင်မယ့် ပါတီ ကိုယ်စားလှယ် အမတ်လောင်းများနဲ့ တစ်သီး ပုဂ္ဂလ ပါဝင်ယှဉ်ပြိုင် ကြမယ့် အမတ်လောင်းများ အချိန် ဘယ်လောက်အတွင်းမှာ ဘယ်လို မဲဆွယ်ပဟာပြော စည်းရုံးကြမယ် ဆိုတာ ကိုတော့ မဲဆန္ဒရှင် ပြည်သူများက စောင့်ကြည့် နေကြ ကြောင်းပါ။ ။



(ပုံ) ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့က စက္ကုဖြူစာတမ်း၊ ကန့်ကွက်ပွဲ၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း ပြောကြားနေစဉ်

http://mmteashop.com
http://mmteashop.com

# ရာဇဝင် အရေးခံမယ့် လူ



ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မ လုပ်လာလို့ အစိုးရ ဖြစ်တာ မဟုတ်ဘူး။ တိုင်းပြည် လူထု ထောက်ခံမှုနဲ့ ကျုပ်တို့ အစိုးရ ဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူး ဆိုတာ ကျုပ်တို့သိတဲ့ တစ်နေ့မှာ ကျုပ်တို့လည်း မနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါဘဲ။



http://mmteashop.com
http://mmteashop.com

ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို Chamber's Twentieth Century Dictionary (ချိန်းဘား ၂၀ ရာစု အဘိဓာန်)မှာ အခုလို အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။

Democracy-

A from of government in which the supreme power is vested in the people collectively, and is administered by then or by officer appointed by them; the people, especially the common people.

ဒီမိုကရေစီဆိုတာ ပြည်သူလူထုကြီးက ပေးအပ်ထားတဲ့ အမြင့်ဆုံး အာဏာနဲ့ အုပ်ချုပ်တဲ့ အစိုးရဖြစ်ပြီး သူတို့ကိုယ်တိုင် ဒါမှမဟုတ် သူတို့က ခန့်အပ်ထားတဲ့ အရာရှိများက တစ်ဆင့် အုပ်ချုပ်တဲ့ အစိုးရမျိုး၊ ပြည်သူ့ရေးရာ အထူးသဖြင့် သာမာန်ပြည်သူများလို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဆိုရရင် ရှေးခေတ်အေသင်က ပယ်ရီကလိ Pericles 4900-429 BC ကနေ ခေတ်သစ် ချက်ကို စလိုဗက်(အခုချက်နဲ့စလိုဗက် ကွဲသွားပါပြီ)က ဗားကလက်ဟေဗက် (Vaclav Havel) အထိ၊ ၁၇၇၆ ခုနှစ် အမေရိကန် ပြည်ထောင်စု လွတ်လပ်ရေး ကြေညာစာတမ်းကို ရေးခဲ့သူ သောမတ်ဂျက်ဖာဆင် Thomas Jeferson မှသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ကျမ်းသစ္စာ ကျိန်ဆိုခဲ့သူ အမေရိကန်ရဲ့ ၄၄ယောက်မြောက် သမ္မတ ဘားရက်အိုဘားမားအထိ ကြီးမာကျယ်ပြန့် လာတဲ့ ဒီမိုကရေ ဒီလှိုင်းများဟာ မြန်မာနိုင်ငံအထိ ရိုက်ခတ်လာခဲ့ပြီမို့ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပ ခဲ့ပါတယ်။ ဒီရွေးကောက်ပွဲက ပေါ်ထွန်းလာတဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ တပ်မတော်က ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်များ ပေါင်းပြီး ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်သစ် တစ်ရပ်လည်း ပေါ်ပေါက် လာခဲ့ပြီ ဖြစ်ပါတယ်။

http://mmteashop.com
http://mmteashop.com

## ဒီမိုကရေစီဆိုတာ

ဒီမိုကရေစီဆိုတာ “အဓိက အာဏာကို ပြည်သူလူထုရဲ့ လက်ထဲမှာသာ အပ်နှင်းထားပြီး ဒီအာဏာကို ပြည်သူလူထုက တိုက်ရိုက်သုံးစွဲနိုင်တာ ဒါမှ မဟုတ် လွတ်လပ်မျှတတဲ့ စနစ်နဲ့ ရွေးကောက် တင်မြှောက်ထားတဲ့ လူထု ကိုယ်စားလှယ်များက သုံးစွဲသော ပြည်သူ လူထုရဲ့ အစိုးရ” လို့ ဆိုရမှာ ဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်း ပြောရမယ် ဆိုရင်တော့ နိုင်ငံသား အားလုံးမှာ လွယ်လပ်စွာ ပြောဆို ရေးသားနိုင်ခွင့်၊ လွတ်လပ်စွာ ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်နိုင်ခွင့်၊ မိမိတို့ရဲ့ သဘောထား အယူအဆတွေကို တင်ပြ ပြောဆိုနိုင်အောင် အသင်းအဖွဲ့များ စည်းရုံး တည်ထောင် ဖွဲ့စည်း နိုင်ခွင့်တွေ ရှိတဲ့ စနစ်တစ်ရပ်ကို ခေါ်ဆိုတာပဲ ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုရဲ့ ၁၆ ဦးမြောက် သမ္မတ ဖြစ်တဲ့ အေဗရာဟင်လင်ကွန်း (Abraham Lincon) ရဲ့ အဆိုအရ ပြောရရင် “ဒီမိုကရေစီ ဆိုတာ ပြည်သူများရဲ့ အကျိုးငှာ ပြည်သူများရဲ့ အလိုဆန္ဒအတိုင်း ပြည်သူများက အုပ်ချုပ်ခြင်းပဲ ဖြစ်ပါတယ်။

## ဒီမိုကရေးစီဖော်ဆောင်ဖို့

ဒီမိုကရေစီ ကျင့်သုံးတဲ့ နိုင်ငံများမှာ ဒီမိုကရေစီ ဖော်ဆောင်ဖို့ ရွေးကောက်ပွဲများနဲ့ ပြည်သူ့ ကိုယ်စားလှယ်များကို ရွေးချယ် ကြတာဖြစ်ပါတယ်။ နိုင်ငံရေးစနစ်အရ ပါတီစုံ စနစ်၊ အချိုးကျ စနစ်တဲ့ စနစ်ကျင့်သုံးပုံချင်း တူညီမှု မရှိတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ အနောက်ဥရောပက လက်တင်အမေရိက၊ အမေရိကန်ပြည်ထောင်စုနဲ့ အာရှက ဖိလစ်ပိုင်တို့မှာ သမ္မတစနစ်ကို ကျင့်သုံးပြီး ဩစတြေးလျ၊ ကနေဒါ၊ ဂျမေကာ၊ မလေးရှား၊ နယူဇီလန်၊ UK (ဗြိတိန်)နဲ့ ဂျပန် နိုင်ငံတို့မှာ ပါလီမန် စနစ်ကို ကျင့်သုံးတာတွေ ရပါတယ်။

http://mmteashop.com
http://mmteashop.com

## မြန်မာ့အသံကနေ အသံလွှင့်ခဲ့ကြတယ်

မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်က ရွေးကောက်ပွဲကို သတိရကြဦးမယ် ထင်ပါတယ်။ အဲဒီအချိန်က ပါတီပေါင်း ၂၃၅ ပါတီရှိခဲ့ပြီး တကယ် နောက်ဆုံးဝင်ပြိုင်ဖို့ ကျန်ခဲ့ တာက ၉၃ ပါတီ၊ မဲဆန္ဒနယ်ပေါင်း ၄၉၀ မှာ ကိုယ်စားလှယ်ပေါင်း ၂၃၀၀ ကျော် ပါဝင် ယှဉ်ပြိုင် ခဲ့ကြတယ်။ ရွေးကောက်ပွဲ မကျင်းပမီ နိုင်ငံရေးပါတီ ၈၇ ပါတီက မဲဆန္ဒရှင် ပြည်သူလူထုကို သူတို့ရဲ့ မူဝါဒ သဘောတရား ရေးရာတွေ ချပြဟောပြော စည်းရုံး မဲဆွယ် ခဲ့ကြတယ်။ အခု ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ ရွေးကောက်ပွဲဝင်မယ့် ပါတီ ပေါင်းက ၃၇ ပါတီမို့ အတော်ကြီး နည်းသွားပြီးလို့ ဆိုရမှာပါ။ တစ်သီးပုဂ္ဂလ အမတ်တွေ ထဲက ဟောပြောခွင့် သီးခြား ရမရ ဆိုတာတော့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်တဲ့ အထဲမှာ မတွေ့ရလို့ သေသေချာချာ မသိရပါဘူး။ မိမိတို့ ဟောပြောခွင့် ရရှိကြမယ့် မြန်မာ့အသံမှာ ၁၅ မိနစ်၊ မြန်မာ့ရုပ်မြင်သံကြားက ၁၅ မိနစ်အတွင်းမှာ မဲဆန္ဒရှင်တွေ ဆီက မဲတွေကို ဘယ်လို နိုက်ယူကြမလဲ ဆိုတာတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ၄၇ရွေးကောက်ပွဲမှာ တိုင်းပြည်ကို ဗိုလ်ချုပ်အသံလွှင့်ခဲ့ပုံ

၁၉၄၇ ခုနှစ် မတ်လ ၁၃ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းဟာ "နိုင်ငံရေး စားဖားကြီးတွေ" ခေါင်းစဉ်နဲ့ တိုင်းပြည်ကို အသံလွှင့်ခဲ့တဲ့အထဲက တချို့ကို ကောက်နုတ် ဖော်ပြ လိုပါတယ်။

"ဒါဖြင့် လာမယ့် ရွေးကောက်ပွဲ ဖျက်ချင်တဲ့လူတွေက ဘာပြုလို့ ဖျက်တာလဲ။ အခြားကြောင့်တော့ မဟုတ်ဘူး။ လွတ်လပ်တဲ့ ဗမာပြည် သူတို့တစ်တွေဟာ တစ်သက်လုံး မြုပ်တော့မယ်အရေးကို တွေးတွေးမြင်လေ၊ သူတို့ဟာ မစားရတဲ့ အမဲ သဲနဲ့ပတ်ချင်လို့ပဲ။ ကနေ့ည ကျွန်တော် ဟောထားနှင့်မယ်၊ မှန်မမှန် ရှေ့ဖြစ်တဲ့ အဖြစ်အပျက်တွေက သက်သေ ခံလိမ့်မယ်။ တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲမှာ တိုင်းပြည် လက်ဝဲဂိုဏ်း



http://mmteashop.com
http://mmteashop.com

အများပါဝင်ပြီး တိုင်းပြည်အတွက် တကယ်လုပ်ခဲ့တဲ့ လူအများပါဝင်တဲ့ ဖဆပလ အမတ်လောင်းတွေကိုသာ ရွေးလိုက်တယ်ဆိုရင် ရှေ့လျှောက်ပြီး ရှေးကဗမာပြည်မှာ လူညွှန့်ခူးစား နေတဲ့ နိုင်ငံရေး စားဖားကြီးတွေ တစ်သက်လုံး မထ နိုင်တော့ဘူးလို့ ဗေဒင် ဟောထား ချင်တယ်။"

ဗိုလ်ချုပ်က နိုင်ငံရေး စားဖားကြီးတွေကို တဲ့တိုးကြီး ပြောခဲ့သလို တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသား မဟုတ်သူတွေကိုပါ အခုလို ပြောခဲ့ ပါသေးတယ်။

"ဗမာပြည်ရှိ တိုင်းရင်းသားတွေကိုလည်းပဲ ပြောချင်တယ်။ တိုင်းရင်းသား လူနည်းစုတွေ အပေါ် ကျုပ်တို့ ဖဆပလဟာ လက်တွေ့အားဖြင့် သဘောထား ဘယ်လို ကြီးတယ် ဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် မြင်တယ် မဟုတ်လား။ ဒီပြင်လူတွေနဲ့ ပေါင်းချင်တယ် ဆိုရင် ခင်ဗျားတို့ ထိုက်နဲ့ ခင်ဗျားတို့ ကံပဲ။ ကျုပ်တို့ကတော့ တိုင်းရင်းသားတွေ အပေါ် မေတ္တာမပျက် သူရသင့် ရထိုက်တဲ့ အခွင့်အရေး မှန်သမျှရအောင် တိုင်းပြုပြည်ပြု လွှတ်တော်မှာ ကူတိုက်ပေးမှာပဲ။

တိုင်းရင်းသားတွေဆိုလို့ ဗမာပြည် တိုင်းရင်းသားသွေး မပါပေမယ့် ဖဆပလ လုပ်ချင်ကြတဲ့ တရုတ်နဲ့ အိန္ဒိယ အမျိုးသားများကိုလည်း တိတိလင်းလင်း ပြောချင်တယ်။ ဗမာဖြစ်ချင်ရင် ဗမာလိုလုပ်ပါ။ ဗမာလို လုပ်ရင် ဗမာလို ခံစားရမယ်။ ဒီရွေးကောက်ပွဲမှာ ဘယ်သူနိုင်ဖို့ များသလဲဆိုတာ ခင်ဗျားတို့လည်း သိမှာပဲ။ ဒီအထဲက ခင်ဗျားတို့ ပေါင်းချင်ရာ ပေါင်းကြရင် ခင်ဗျားတို့ ထိုက်နဲ့ ခင်ဗျားတို့ကံပဲ။ သို့ပေမယ့် ကျုပ်တို့ ခဲယယ ကညဝတ္တတော့ ဘယ်သူ့ကိုမှ မလုပ်နိုင်ဘူး"

ဗိုလ်ချုပ်ဟာ အဲဒီလို ရဲရဲတောက် တဲ့တိုး ဟောပြောမှုတွေနဲ့ အတူ ရွေးကောက်ပွဲပြီးလို့ မဲအပြတ်အသတ် အနိုင်ရ၊ တိုင်းပြုပြည်ပြု လွှတ်တော် အစည်းအရုံး အဝေးတွေကျင်းပ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ ရေးဆွဲရေး လမ်းလမ်းညွှန်ပြဋ္ဌာန်း ချက်များ အဆိုတင်သွင်း ဆွေးနွေး ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့မှာတော့ ပြည်သူလူထုကြီးကို နောက်ဆုံး မိန့်ခွန်း ခြွေခဲ့တဲ့ အထဲက တချို့ကို ကောက်နုတ်ဖော်ပြ လိုပါတယ်။

"အခုရင် အစိုးရတွေ တုန်းက ကျုပ်အတိအလင်း ပြောတယ်။ လာဘ်စားတဲ့ လူတွေ ရှိတယ်။ ခင်ဗျားတို့ပ ဘာပြောဦးမလဲ။ အဲဒီလိုလူတွေက ယခုနေအခါမယ် တိုင်းပြည်ကို မိမိတို့ ပါတီ ပြန်အာဏာရအောင် ခြေထိုးကြတဲ့ ကိစ္စမှာ ယောင်ယောင်များများ ဖြစ်တဲ့ လူတွေဟာ စေတနာပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ တိုင်းပြည် သစ္စာဖောက်တဲ့ ကိစ္စမှာ ရန်သူနံပါတ် (၁)တွေ ဖြစ်တယ်။ အဲဒီရန်သူ နံပါတ်(၁)တွေကို ခင်ဗျားတို့ ထောက်ခံ ချင်တယ် ဆိုရင် ခင်ဗျားတို့လည်းပင်း ခင်ဗျားတို့ ကြိုးကွင်း တပ်ကြတာပဲ။ ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရ ဖြစ်အောင် အတင်းအဓမ္မ လုပ်လာလို့ အစိုးရဖြစ်တာ မဟုတ်ဘူး။ တိုင်းပြည်လူထု ထောက်ခံမှုနဲ့ ကျုပ်တို့အစိုးရ ဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူး ဆိုတာ ကျုပ်တို့သိတဲ့ တစ်နေ့မှာ ကျုပ်တို့လည်း မနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါပဲ။ သို့သော်လည်းပဲ တစ်နစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့ အခါမှာ ကျုပ်တို့ဟာ ဘယ်လို လူစားတွေလဲ။ ရာဇဝင်မှာ အရေးခံမယ့် လူစားတွေလား။ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလား ဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် သိပါလိမ့်မယ်။"

ဗိုလ်ချုပ်က ပြည်သူလူထုကို အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန် အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သလို ပြောသင့်တယ် ထင်တဲ့ စကားမျိုးကိုလည်း သူ့အတွက် ကျန်အောင် ချန်ပြီး ပြောလေ့ မရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ရုတ်တရက် နားထောင် ကြည့်ရင်တော့ တစ်စက်ကလေးမှ မဲပေးချင်စိတ် မရှိအောင် ဖြစ်သွား နိုင်ပေမယ်လို့ တကယ် တွေးကြည့်မယ် ဆိုရင်တော့ ဗိုလ်ချုပ်ဟာ သူပြောရင်ပြောတဲ့ အတိုင်း လုပ်တတ်တဲ့ လူစားဆိုတာ သမိုင်းက သက်သေခံခဲ့ပြီး ဖြစ်ပါတယ်။ ။



(ပုံ) ဖဆပလ လူထုအစည်းရုံးရေးကာလအတွင်း နတ်မောက်မြို့ သုသာန်တွင် ဖခင်ကြီး အုတ်ဂူ၌ ကန်တော့နေသော ဗိုလ်ချုပ်နှင့်ဇနီးတို့အား တွေ့ရစဉ်



http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်
# ရွေးကောက်ပွဲပြီးစ မြန်မာပြည်

ဒီမိုကရေစီဆိုပြန်လဲ အမေရိကန်တို့ အင်္ဂလိပ်တို့ လုပ်နေတဲ့ ဒီမိုကရေစီ အပေါင်းကြီး မဟုတ်ဘူး။ခုကမ္ဘာ့ အခြေအနေ ဖြစ်ပျက်တဲ့ အခြေခံကို ယူပြီး ရေးဆွဲတဲ့ ဒီမိုကရေစီ ဖြစ်ရမယ်။



http://mmteashop.com
http://mmteashop.com

၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲအတွက် ရန်ကုန် လမ်းမတော်နယ် ဖဆပလ ကိုယ်စားလှယ် ဗိုလ်ချုပ် အောင်ဆန်းဟာ ပြိုင်ဘက် မရှိ အမတ်ဖြစ်သွားတဲ့ အကြောင်း ၁၉၄၇ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။

ဗိုလ်ချုပ်ဟာ ငါးလတိုင်တိုင် အရပ်အနားမရှိဘဲ အထူး အပင်ပန်းခံ ဆောင်ရွက်ခဲ့တာကြောင့် တောင်တန်းနယ်များနဲ့ မြန်မာပြည် ပူးပေါင်းရေး ထမြောက် အောင်မြင် ခဲ့တဲ့ အပြင်တိုင်း ပြုပြည်ပြု လွှတ်တော်ရွေး ကောက်ပွဲကြီးမှာလည်း မြန်မာနိုင်ငံ ရွေးကောက်ပွဲ ရာဇဝင်မှာ မကြုံဖူးအောင် ဖဆပလအမတ်များ အများဆုံး အနိုင် ရရှိ ခဲ့တာလည်း ဖြစ်ပါတယ်။

## ရွေးကောက်ပွဲအပြီး မြန်မာပြည်

မြန်မာနိုင်ငံမှာ ကျင်းပပြီးစီးသွားတဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲများနဲ့ စပ်လျဉ်းလို့ လန်ဒန်တိုင်း သတင်းစာကြီးက ဝေဖန် ရေးသားခဲ့တာကို ၁၉၄၇ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာမှာ အခုလို ဖော်ပြခဲ့ပါတယ်။

## ဗမာ့ကံကြမ္မာကို ထိန်းသိမ်းရန်

"ဦးအောင်ဆန်းနှင့် ဖဆပလမှ ၎င်း၏ လုပ်ဖော်ကိုင်ဖက်တို့အား နိုင်ငံသူနိုင်ငံသား များက မြန်မာပြည်၏ ကံကြမ္မာကို ထိန်းသိမ်းရန် တာဝန်ပေး ချထားလိုက်ပြီ ဖြစ်ကြောင်း၊ ၎င်းတို့အား ရင်ဆိုင်လျက် ရှိသော လုပ်ငန်းများမှာ နှစ်မျိုးနှစ်စား ကွဲပြားကြောင်း၊ ပထမမှာ နိုင်ငံ ပြန်လည် ထူထောင်ရေး ဖြစ်၍ ဒုတိယမှာ မြန်မာပြည် အနာဂတ် အစိုးရ၏ ပုံသဏ္ဌာန်ကို သတ်မှတ်၍ ဗြိတိန်နှင့် တကွ အခြားအခြားသော နိုင်ငံတို့နှင့် ဆက်သွယ်ရေးကို နေရာချထားရန် အတွက် အုပ်ချုပ်ရေးစနစ် ရေးဆွဲရေးပင် ဖြစ်ပေသည်။ အဆိုပါ လုပ်ငန်း ကိစ္စရပ်ကြီးများကို မြန်မာလူမျိုးတို့က အလွန်ပင် ကြီးလေးလှပေသည်ဟု


http://mmteashop.com http://mmteashop.com

ယူဆ ထားကြသည့် အတိုင်း ဗြိတိန်ကလည်း ဗမာပြည်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုထားပြီး ဖြစ်သည့် အားလျော်စွာ ၎င်းတို့ကို အေးအေးဆေးဆေးပင် အပြီးအစီး ဆောင်ရွက် နိုင်ပေကြောင်း" လို့ ဖော်ပြ ခဲ့ပါတယ်။ အဲဒီအချိန်က ဗြိတိသျှတွေက မြန်မာလူမျိုးတွေကို ငါတို့ဆီက လွတ်လပ်ရေး ယူတာတော့ ဟုတ်ပါပြီ။ ဒီလောက်ကြီးမား လေးလံတဲ့ နိုင်ငံ့တာဝန်တွေကို မင်းတို့ လုပ်ကြည့် စမ်းပါဦးလို့ သရော် တော်တော် ခနဲ့တဲ့တဲ့ ဆိုခဲ့တာပါ။

## အမတ်တွေကို ပေါက်လွှတ်ပဲစား

ဖဆပလ အဖွဲ့ကြီးဟာ တိုင်းပြည်က တစ်ခဲနက် အားပေး လိုက်ကြတဲ့ ထောက်ခံမဲတွေနဲ့ တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ အနိုင်ရ အပြီးမှာတော့ ပဏာမပြင်ဆင်မှု ညီလာခံကို ကျင်းပပြီး နိုင်ငံကို ဘယ်လို ဦးဆောင်ဦးရွက် ပြုမယ်။ ဘယ်လို ဥပဒေတွေ ရေးဆွဲမယ် ဆိုတာနဲ့ ပတ်သက်လို့ အကျယ်တဝင့် ရှင်းလင်း ချပြခဲ့ပါတယ်။ ဒီညီလာခံမှာပဲ အမတ်တွေက သစ္စာ ဆိုခဲ့ကြတာပါ။ သစ္စာဆိုတဲ့ အခမ်းအနား စတင် ချိန်မှာတော့ ဗိုလ်ချုပ်က ပထမဦးဆုံး အလံတော်ကို ဦးခိုက် သစ္စာဆိုပြီး တက်ရောက် လာကြတဲ့ အမတ်တွေက တစ်ဦးချင်း သစ္စာ ဆိုကြပါတယ်။

"ကျွန်တော်သည် တိုင်းပြုပြည်ပြုလွှတ်တော်၏ အမတ်အဖြစ် ဆောင်ရွက်ရာတွင် ဗမာနိုင်ငံတော်နှင့် ပြည်သူပြည်သားတို့၏ သစ္စာကို စောင့်သိ ရှိသေပါမည်" လို့ တစ်ဦးချင်း သစ္စာ ဆိုကြ ရတာဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ဗိုလ်ချုပ်က သူ့ထုံးစံ အတိုင်းပဲ အခုလို တည့်တည့်ကြီး ပြောပါတယ်။ "ကျွန်တော်တို့ ဖဆပလ အမတ်တွေဟာ ရှေးက အမတ်တွေလို မဖြစ်စေချင်ဘူး။ ပေါက်လွှတ်ပဲစား ဖြစ်ကုန်မှာ စိုးလို့ အခုလည်း စည်းကမ်း ကလနားတွေ လုပ်ထားပြီး တိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ အချိန်မှာ လျှောက်လည် နေတာ



http://mmteashop.com http://mmteashop.com

ကိုတော့ ကျွန်တော်တို့ သည်းမခံနိုင်ဘူး။ မှန်မှန်ပဲ တက်ကြပါ။ ယခု လွှတ်တော် အစည်း အဝေးက အစိုးရလက်အောက် "လွှတ်တော်မဟုတ် တသီးတခြား ဖြစ်ရတဲ့ လွှတ်တော်ကြီး ဖြစ်ပြီး တိုင်းပြည် တည် ရလိမ့်မယ်" လို့ လွှတ်တော် အမတ်တွေကို သတိ ပေးခဲ့ပါတယ်။ အဲဒီ မေလ ၂၀ ရက်ညီလာခံ ဒုတိယနေ့မှာလည်း အမျိုးသား အလံနဲ့ ပတ်သက်လို့ အခုလို ပြောခဲ့ ပါတယ်။

## အမျိုးသားအလံ ပေါ့ပေါ့ဆဆ

တချို့ပဟာတွေကို ကော်မတီ အဖွဲ့ ငယ်ကလေးတွေ ဖွဲ့ပြီး စဉ်းစားရမှာပဲ။ ဥပမာ အမျိုးသား အလံကိစ္စ ဆိုပါတော့။ သိပ်အရေးမကြီးဘူး ဆိုပေမယ့် ပေါ့ပေါ့ဆဆ လုပ်လို့ မဖြစ်ဘူး။ ဒီနေ့ ၁၂ နာရီကစပြီး ခန့်ထားတဲ့ ကော်မတီတွေက စည်းမျဉ်းကို ဆက်လက် စဉ်းစား ရဦးမယ် အင်္ဂလိပ်လက်ထဲက ဗမာ့လက်ထဲကို အာဏာ လွှဲပြောင်းတဲ့ အခါမှာ ဘယ်လို စီစဉ်ပြီး လွှဲပြောင်းမှ ကျကျနနဖြစ် လိမ့်မယ် ဆိုတာကိုလဲ စဉ်းစား ရလိမ့်မယ် လို့ ဆိုခဲ့ ပါတယ်။ ၁၉၄၇ ခုနှစ် မေလ ၂၃ ရက် ညီလာခံမှာတော့ ကော်မတီဝင် ၁၁၁ ဦး က အုပ်ချုပ်ရေး စည်းမျဉ်းတွေကို အချောကိုင်ပြီး တာနဲ့ (မူ)စစ်ဆေးရေး ကော်မတီအဖွဲ့က တင်သွင်းတဲ့ အုပ်ချုပ်ရေး စည်းမျဉ်း အဆိုကို နှစ်နာရီလောက် ရှင်းလင်း တင်သွင်းပြီး ဗိုလ်ချုပ်က မိန့်ခွန်း ပြောပါတယ်။ အဒီအထဲက အခုဆောင်းပါးနဲ့ ဆီလျော်မယ်လို့ ယူဆ ရတဲ့ အချို့ကိုပဲ ကောက်နုတ် တင်ပြ လိုက်ပါတယ်။

## ဗိုလ်ချုပ်နဲ့ ဒီမိုကရေစီ

ဒီညီလာခံကို နှစ်ရက်သုံးရက်သာ လုပ်ရလို့ ဥပဒေရေးဆွဲရေးကို ဘယ်နည်းနဲ့မှ မရေး ဆွဲနိုင်သေးဘူး။ ဒါလောက် ကမန်းကတန်း လုပ်ရင်လည်း ကောင်းမှာမဟုတ်ဘူး။ မူလောက်သာ ရှင်းနိုင်မယ်။ သမ္မတလား၊ ရှင်ဘုရင်လား၊ သမ္မတဆိုရင် ဖက်ဆစ်ဝါဒလား၊ ဒီမိုကရေစီလား၊ ဆိုရှယ်လစ်လားဆိုတာ စဉ်းစားရဦးမယ်။ ကျွန်တော်တို့ဟာ ဖက်ဆစ်ကို


http://mmteashop.com
http://mmteashop.com

မလိုချင်ဘူး။ ဒီမိုကရေစီ ဆိုပြန်လည်း အမေရိကန်တို့ အင်္ဂလိပ်တို့ လုပ်နေတဲ့ ဒီမိုကရေစီ အပေါင်းကြီး မဟုတ်ဘူး။ အခု ကမ္ဘာ့ အခြေအနေ ဖြစ်ပျက်တဲ့ အခြေခံကို ယူပြီး ရေးဆွဲတဲ့ ဒီမိုကရေစီ ဖြစ်ရမယ်။

## သုံးပုံနှစ်ပုံသဘောတူမှ

လောကီ၊ လောကုတ္တရာအရ တစ်သက်လုံး၊ ကောင်းမယ်။ တစ်သက်လုံး မကောင်းဘူး ဆိုတာ မရှိနိုင်ဘူး။ ဒီမိုကရေစီဟာ ခေတ်နဲ့ လိုက်တဲ့ ဒီမိုကရေစီကို ပြင်ဆင်သင့်တဲ့ အခါ ပြင်ဆင်ဖို့ ရှေ့တိုး နိုင်အောင် ရေးဆွဲထားတယ်။ ဗမာပြည် ဖွဲ့စည်း အုပ်ချုပ်ပုံဟာ လွှတ်တော် နစ်ရပ်ထားပြီး ဥပဒေပြင်ဖို့ ကိစ္စမှာ လွှတ်တော် နစ်ရပ်စလုံး ပေါင်းစဉ်းစား ရမယ်။ သုံးပုံနှစ်ပုံ သဘောတူမှ အတည်ဖြစ်မှာပဲ။ ဒါလောက် ဂရုစိုက်ပြီး ရေးဆွဲ ထားပေမယ့် နောက်ကို လက်တွေ့ကျရင် ဘယ်လိုဖြစ်ဦးမယ် မသိဘူး။ နိုင်ငံရေး အဖွဲ့ တွေကလည်း များလာဦးမှာပဲ။

လွန်ခဲ့တဲ့နှစ်တွေက ဖိုလ်ချုပ်ရဲ့ ဒီမိုကရေစီ သဘောတရား၊ ဒီမိုကရေစီ အခင်းအကျင်း တွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ သည်ဘက်ခေတ်မှာ ပါတီစုံ ဒီမိုကရေစီ ဆိုပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်က ခြေလှမ်း တစ်လှမ်းစ လှမ်းလိုက် ပါပြီး။ လွှတ်တော်ထဲကို ရောက်ရှိ လာသူများဟာ တိုင်းပြည်အတွက် စနစ်သစ် တစ်ခုနဲ့ ပထမဆုံး ဘယ်လို လှမ်းကြမလဲ ဆိုတာ စောင့်ကြည့် ကြရမှာပဲ ဖြစ်ပါတယ်။

## ထင်သာမြင်သာရှိဖို့လို

အခုခေတ်မှာ ရေပန်းစားလာတဲ့ စကားလုံးက ထင်သာမြင်သာရှိ ဖို့ဆိုတဲ့ စကားလုံးပါ။ ဗိုလ်ချုပ်တို့ ခေတ်ကတော့ ဘွင်းဘွင်းကြီးလို့ သုံးပါတယ်။ ဗိုလ်ချုပ်က တိုင်းပြည် လူထုကို ပွင့်လင်း မြင်သာဖို့ အခုလို ပြောပါတယ်။



http://mmteashop.com
http://mmteashop.com

ကျွန်တော်တို့တိုင်းပြည်မှာ သွေးကွဲနေတာတွေ့ရတယ်။ အင်္ဂလိပ်က ရှုပ်လို့ ကွဲတာလည်း ရှိတယ်။ ဘုရား ပေါ်ထဲမှာလည်း ရှိတာပဲ။ မြားမှန်ထားလို့ ရှိရင် မြားကို နုတ်ပြီး ဒဏ်ရာကို ကုရန်သာ ရှိတယ်။ ဘယ်သူဘယ်ဝါ ဘယ်နေရာကနေ ပစ်တယ် ဆိုတာကို ရှာဖွေနေဖို့ မရှိဘူး။ နောက်ပိုင်းကို မကြည့်ဘဲ တောင်းရင်ပေး၊ ပေးရင် တောင်းလုပ် နေပြန်ရင်လည်း မနိုင်မနင်းဖြစ်ကုန်မှာပဲ။ ဒီပလိုမေစီဆိုတာ အခုခေတ်မှာ မရှိတော့ဘူး။ ဘွင်းဘွင်းကြီးနဲ့ လုပ်တာပဲ။

ဗိုလ်ချုပ်တို့ခေတ်က လူဦးရေ ၁၆ သန်းလောက်လို့ ထင်ပါတယ်။ တိုင်းပြည် ကလည်း အင်္ဂလိပ် လက်အောက်က လွတ်မြောက်လု ဆဲဆဲ အချိန်ပါ။ အဲဒီအချိန်၊ အဲဒီ ကာလ ကတည်းက ဗိုလ်ချုပ်က ညီညွတ်ဖို့ တစ်ချိန်လုံး ပြောဆို စည်းရုံးပြီး ဦးဆောင် ခဲ့ရတာပါ။ အခု သည်ဘက် ခေတ်မှာတော့ လူဦးရေက သန်း ၆၀ ဘက်ကို ရောက်လာပါပြီ။ စာတတ် မြောက်မှု နှုန်းအမြင့်ဆုံး နိုင်ငံထဲမှာ ရှိနေတဲ့ မြန်မာနိုင်ငံမှာ စာတတ်ပညာ တတ်တွေ စည်းစည်းလုံးလုံးနဲ့ ညီညီညွတ်ညွတ် လုပ်မယ်ဆိုရင် နောက်မကျ သေးဘူးလို့ပဲ ရေးလိုက် ပါရစေ။ ။



ဗိုလ်ချုပ်အောင်ဆန်းအား မိသားစုနှင့် ပျော်ပျော်ရွှင်ရွှင်တွေ့ရစဉ်



http://mmteashop.com
http://mmteashop.com

# လွှတ်တော်အမတ် ဦးအောင်ဆန်း



တစ်နေ့တွင် ဗိုလ်ချုပ်သည် ကလေးကို ချီရင်း "ကလေးတွေကို တောင် ဘယ်မှာ ကျောင်းထားလို့ ဘယ်လို ပညာသင်စေ ရမယ် မသိဘူး။ ငွေပိုငွေလျှံ ဆိုလို့လဲ မရှိဘူး။" ဟု ညည်းညူသည် ဆိုကြောင်း။

http://mmteashop.com
http://mmteashop.com

၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့က မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲမှာ ဖဆပလက ၁၇၂ နေရာ၊ ကရင်က ၂၄ နေရာ၊ ဗမာပြည် ကွန်မြူနစ် ပါတီက ၇ နေရာ၊ အင်္ဂလိပ်-မြန်မာ ကပြား ၄ နေရာ၊ တစ်သီးပုဂ္ဂလက ၃ နေရာ အသီးသီး ရွေးကောက် ခံခဲ့ကြရပါတယ်။ အမတ်နေရာ စုစုပေါင်း ၂၅၅ နေရာမှာ ဖဆပလက အသိအမှတ် ပြုခြင်းဖြင့် အောင်မြင်စွာ ရွေးချယ် ခံခဲ့ရတဲ့ အမတ်က ၂၄၃ နေရာ ဖြစ်တာမို့ ဖဆပလက ၉၅ ဒသမ ၃ ရာခိုင်နှုန်းနဲ့ အရွေး ခံခဲ့ရတာ ဖြစ်ပါတယ်။

ဒီရွေးကောက်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းက ရန်ကုန်မြို့လမ်းမတော် မဲဆန္ဒနယ်မြေမှာ ဖဆပလ အမတ်နေနဲ့ ပြိုင်ဘက်မရှိ အရွေးခံရပြီး လွှတ်တော်အမတ် ဦးအောင်ဆန်း ဖြစ်လာ ခဲ့ပါတယ်။ သခင်နုကတော့ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ မြိတ်မဲဆန္ဒနယ် ကြားဖြတ် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်သူမရှိ အရွေး ခံခဲ့ ရပါတယ်။ သူတို့နှစ်ဦးဟာ လွှတ်တော် အမတ်တွေ ဖြစ်လာတာနဲ့ အမျှ ဖဆပလ အမတ်များနဲ့ အတူ နိုင်ငံတော်အတွက် ရှေ့ဆက် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို မနေမနား ကြိုးပမ်း လုပ်ဆောင် ခဲ့ကြပါတယ်။

၁၉၄၇ ခုနှစ်၊ မတ်လ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့ ဂျူဗလီဟော ခန်းမကြီးထဲမှာ ဖဆပလ အဖွဲ့ချုပ်က ပဏာမ ပြင်ဆင်မှု ညီလာခံကို ကျင်းပပြီးအဆို ၁၄ ရပ်ကို တင်သွင်း ပါတယ်။ ဒီညီလာခံကြီးက မြန်မာနိုင်ငံကို လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံတော် အဖြစ် တည်ထောင်ဖို့နဲ့ ပြည်ထောင်စုမြန်မာ နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကိုပါ တင်းသွင်း ခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှာ ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီ အဝိုင်း အနီးမှာ ရှိတဲ့ ဆိုရန်တိုဗီလာ Sorento Villa (ယခု ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီး ဌာန) အဆောက်အအုံမှာ လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည် ထူထောင်ရေး

http://mmteashop.com
http://mmteashop.com

စီမံကိန်း ဆွေးနွေးပွဲ ကျင်းပပြီး ဒီဆွေးနွေးပွဲမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေး တိုးတက်ရေး (၂)နှစ် စီမံကိမ်းကို ချမှတ်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်ကနေ ၁၈ ရက်အထိ လွှတ်တော်မှာ ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေရေး ဆွဲရေးဆိုင်ရာ လမ်းညွှန်းများကို တင်သွင်း ခဲ့ပါတယ်။ ဇွန်လ ၂၆ ရက်မှာတော့ ဖဆပလ အဖွဲ့ချုပ်ကြီးက ကြေညာချက် တစ်ရပ် ထုတ်ပြန်ရာမှာ `တိုင်းပြုပြည်ပြု လွှတ်တော်က မြန်မာနိုင်ငံကို အချုပ်အခြာ အာဏာ လုံးဝလွတ်လပ်သော တိုင်းပြည် အဖြစ်ဖြင့် အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေ ရေးဆွဲရန် အတည်ပြုပြီး ဖြစ်သောကြောင့် ဒိုမီနီယံ ပြဿနာသည် လုံးဝ မပေါ်တော့ကြောင်း၊ မြန်မာနိုင်ငံသည် ဗြိတိသျှ ဓနသဟာယ အတွင်းမှ ခွဲထွက်ကာ လွတ်လပ်သော နိုင်ငံ အဖြစ် ထူထောင်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း´ လို့ ဖော်ပြ ထားပါတယ်။

အဲဒီနောက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းက လက်ရှိ တိုင်းပြုပြည်ပြု လွှတ်တော် ပုံသဏ္ဍာန်နဲ့ လွတ်လပ်ရေး တစ်နှစ်အတွင်း ရစေရန် အာမခံကြောင်း ပြောကြား ခဲ့ပါတယ်။ သူက သူကတိပေး အဓိဋ္ဌာန် ပြုထားတဲ့ အတိုင်းပဲ တစ်နှစ်အတွင်းမှာ လွတ်လပ်ရေး သေချာပေါက် ရမယ်လို့လည်း ယုံကြည် ထားပါတယ်။ သူယုံကြည်တဲ့ အတိုင်း လွတ်လပ်ရေး ရခဲ့ပါတယ်။ လွတ်လပ်ရေး ရပြီးရင်လည်း နိုင်ငံရေးက အနားယူဖို့၊ နိုင်ငံရေးက အနားယူရင် သူ့မိသားစုနဲ့ ဘဝကို ဘယ်လို ရပ်တည် သွားမယ် ဆိုတာကိုလည်း သူ့ရဲဘော်ရဲဘက် များကို ပြောပြ ခဲ့ပါသေးတယ်။

ဒီအကြောင်းတွေကို ၁၉၄၇ ခုနှစ် မေလ ၇ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာမှာ ဆောင်းပါးရှင် တစ်ဦးက အခုလို ဖော်ပြ ခဲ့ပါတယ်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

## ရန်ကုန်မှာ အိမ်တစ်လုံး၊ မေမြို့မှာတစ်လုံး

နောက်ဆုံး ဗိုလ်ချုပ်ခရီးထွက်ရာတွင် အရပ်ရပ်နယ်မှ ရရှိသော သတင်းများကို ထုတ်နုတ် ရေးသားရလျှင် ဗိုလ်ချုပ်သည် မေမြို့(ပြင်ဦးလွင်)တွင် အနား ယူနေတုန်းက သူ၏ ငယ်ပေါင်းကြီးဖော် ရဲဘော်ရဲမက်များနှင့် စကား လက်ဆုံကျစဉ် လွတ်လပ်ရေး ရပြီးလျှင် ရန်ကုန်မင်္ဂလာဒုံ အလွန် ထောက်ကြန့်တွင် အိမ်တစ်လုံး၊ မေမြို့(ပြင်ဦးလွင်) ကန်တော်ကြီးနားတွင် အိမ်တစ်လုံး ဆောက်၍ အလှည့် သင့်ရာတွင် နေသွားရန် ကြံရွယ် သည်ဟု ပြောပြသည် ဆိုကြောင်း။

## ကလေးများအတွက်သောက

မေမြို့တွင်မူ မြေဈေးနှုန်း၊ အိမ်ဆောက်ရန် ကုန်ကျငွေ၊ စာကြည့်ခန်းနှင့် လောကဓာတ် ပညာခန်းအတွက် ကုန်ကျငွေများကိုပင် စုံးစမ်းပြီးကြောင်း တစ်နေ့တွင် ဗိုလ်ချုပ်သည် ကလေးကိုချီရင်း `ကလေးတွေကိုတောင် ဘယ်မှာ ကျောင်းထားလို့ ဘယ်လို ပညာ သင်စေရမယ် မသိဘူး။ ငွေပိုငွေလျှံဆိုလို့လည်း မရှိဘူး´ ဟု ညည်းညူသည် ဆိုကြောင်း။

## အမေ့ဆီပြန်တောင်းမယ်

အိမ်ဆောက်ဖို့ကလည်း စုံးစမ်းကြည့်တော့ မတတ်နိုင်လောက်အောင် ဖြစ်နေ ကြောင်း၊ ၅၀၀၀ ကျပ်လောက်နဲ့ ဖြစ်မယ် ဆိုရင်တော့ အမေ့ဆီ ပြန်တောင်းမယ်ဆိုရင် ဖြစ်နိုင် သေးရဲ့ဟု ပြောသေးသည် ဆိုကြောင်း။

လွတ်လပ်ရေး ရပြီးနောက် နိုင်ငံရေးနယ်မှ ထွက်၍ အေးချမ်းစွာ နေသည်နှင့် တစ်ပြိုင်နက် နေထိုင်စားသောက်ရေး အတွက် ဘယ်လို လုပ်ကိုင်မလဲဟု မေးရာ၊ ဗိုလ်ချုပ်က စာအုပ် ရေးသား ထုတ်ဝေခြင်း၊ ဥယျာဉ် လုပ်ခြင်းများဖြင့် ကျုပ်ဝါသနာအရ

လုပ်ရ ကိုင်ရရင် အရသာ အရှိဆုံး၊ အပျော်ဆုံး ဖြစ်မှာပဲ။ စားလောက် သောက်လောက် ရုံတော့ ဖြစ်မယ် ထင်တယ်ဟု ပြောကြောင်း။

## အကြီးဆုံးတာဝန်

နောက်ကလေးတွေကို တစ်နေရာတွင် ကျောင်းထားရမည့် တာဝန်က အကြီးဆုံးပဲဟု ဖြေးလေးစွာဆွဲ၍ ညည်းညူ သွားသည်ကို သိရှိရကြောင်း၊ သူ၏ ရင်းနှီးသူ တစ်ဦးက ကလေးတွေ ကျောင်းထားဖို့ အတွက်တော့ ကျုပ်ကပဲ တာဝန် ယူပေးပါ့မယ်ဟု ပြောလိုက်သည် ဆိုကြောင်း။

## ဂန္ဓီနှင့်ပြိုင်တာပေါ့

ဗိုလ်ချုပ်ယခုနေအိမ်မှာ ဖဆပလ ပစ္စည်း အသုံးအဆောင် အဖြစ်သာ နေရသည်ဟု ကြားသိရာ အကယ်၍ နိုင်ငံရေးနယ်ပယ်မှ ဗိုလ်ချုပ် နုတ်ထွက်လျှင် သူပိုင်ဆိုလို့ အိုးတစ်လုံး ဖျာတစ်ချပ် မရှိ၊ သူ၏ ဘဝ ကိုယ်ရေးကိုယ်တာ အတွက် ပူပန်စိတ်လေး နေဟန် တူကြောင်း။ ဂန္ဓီနှင့် ပြိုင်တာပေါ့ဗျာ။ ဂန္ဓီကြီးက သူပိုင်ပစ္စည်းဆိုလို့ တစ်ပဲတန်မှ မရှိဘူးဟု ပြောဖူးတယ်လို့ တစ်ယောက်က ဝင်ထောက်၍ ရယ်မောကြသည် ဆိုကြောင်း။

## တပည့်တွေနှင့် ဥယျာဉ်လုပ်မည်

ဗိုလ်ချုပ်သည် မေမြို့တွင် ဥယျာဉ်စိုက်ပျိုးဖို့ လုပ်ငန်းကို စုံးစမ်း၍ သူ၏ဇာတိ နတ်မောက်မှ တပည့်များကို ခေါ်၍ အေးချမ်းစွာ လုပ်ကိုင်နေရန် အတိအကျ ပြောနေသည် ဆိုကြောင်း။" လို့ ဟံသာဝတီ သတင်းစာမှာ ဖော်ပြ ခဲ့တာကို ကြည့်ရင်ပဲ ဗိုလ်ချုပ်ဟာ သေတစ်ပန် သက်တစ်ဆုံး နိုင်ငံရေး လုပ်သွားဖို့ ဆန္ဒရှိသူ မဟုတ် မိသားစုဘဝနဲ့ လွတ်လပ် အေးချမ်းစွာ နေထိုင်သွားလို့တဲ့၊ မိသားစု ဘဝအရသာကို ခံစားချင်တဲ့သူ ဖြစ်တယ် ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ်လို့ အချိန် မတိုင်မီမှာပဲ ကွယ်လွန် ခဲ့ရ ရှာပါတယ်။ သူဟာ အများပြည်သူတွေရဲ့ လွတ်လပ်မှု ဆိုတဲ့ လိုအင်ဆန္ဒကို သူ့အသက်နဲ့


http://mmteashop.com http://mmteashop.com

လဲပြီး ဖြည့်စွမ်း ပေးခဲ့ ပေမယ်လို့ သူ့အတွက် သူ့မိသားစုဘဝ၊ သူ့ဆန္ဒကတော့ ပြည့်မသွား ရှာဘူးလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ။



လွှတ်တော်အမတ် ဦးအောင်ဆန်း



၁၉၄၇ ခုနှစ် ဖွန်လ ၁၁ ရက်နေ့က မဟာဗန္ဓုလပန်းခြံအတွင်း လူထု အစည်းအဝေး ကျင်းပ အပြီး လွှတ်တော် အစည်းအဝေး တက်ရန် ထွက်ခွာလာစဉ်



ဦးနု နှင့် ဗိုလ်ချုပ်အောင်ဆန်း



http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်နေရှုး

“စကားခပ် ရိုင်းရိုင်းဆိုရရင် အတော့်ကို ပြဲအောင် ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါအတော့်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် ၂၀ လောက်ရှိတဲ့ အခါမှာ တော်ကာကျမယ်။ အဲဒီလို မဟုတ်ဘဲ ခင်ဗျားတို့ အလုပ် မလုပ်ဘဲ နေမယ်ဆိုလို့ ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့် အတန်းတောင် မီမှာ မဟုတ်ပါဘူး။””



http://mmteashop.com
http://mmteashop.com

နိုင်ငံရဲ့တာဝန်ကို သယ်ပိုးတယ် ဆိုတာ-ဒုက္ခတွင်း နက်နေတဲ့ ပြည်သူ သန်းပေါင်းများစွာကို အလုပ်အကျွေး ပြုဖို့ပါပဲ။ ဆင်းရဲမွဲတေမှု၊ အသိဉာဏ် ခေါင်းပါးမှု၊ ရောဂါဘယ ထူပြောမှုနဲ့ အခွင့်အလမ်း မတူမှုတွေကို အမြစ် ဖြတ်ကြရမယ်။ ကျွန်တော်တို့ ခေတ်မှာ အမြတ်ဆုံး ပုဂ္ဂိုလ်ကြီးရဲ့ ဆန္ဒက လူတိုင်းကို မျက်ရည် သုတ်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ အတွက် မနိုင်ဝန် ဖြစ်ကောင်း ဖြစ်မယ်။ ဒါပေမယ့် မျက်ရည်တွေ ရှိနေသေးသမျှ လူမှုဒုက္ခတွေ ရှိနေသေး သမျှ ကျွန်တော်တို့ တာဝန်တွေ မပြီးသေးဘူး။ ကျွန်တော်တို့ ကျုံးလုပ်ကြ၊ ကုန်းလုပ်ကြမှ တော်ကာကျမယ်။ ဒါမှသာ ကျွန်တော်တို့ ဖြစ်ချင်တာတွေ ဖြစ်လာမယ်။

## ဂျဝါဟာလာနေရူး

၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က လွတ်လပ်ရေးရရှိခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ပြီးစ နိုင်ငံတော်ရဲ့ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သူ ပဏ္ဍစ် ဂျဝါဟာလာနေရူးရဲ့ မိန့်ခွန်း ထဲက ကောက်နုတ်ချက် တချို့ ဖြစ်ပါတယ်။ ဒီမိန့်ခွန်းကို "ကံကောင်းချိန်နှင့် အချိန်းအချက်" Tryst with destingy လို့ အမည် ပေးထားပြီး အိန္ဒိယ လွတ်လပ်ရေး ကြေညာ စာတမ်း အဖြစ် ပြောကြား ခဲ့တာလည်း ဖြစ်ပါတယ်။

နေရူးကို ၁၈၈၉ ခုနှစ်က အာလာဟာဘတ်မြို့မှာ မွေးဖွား ခဲ့ပါတယ်။ သူ့ဖခင် မိုတီလာနေရူးဟာ နာမည်ကျော် ရှေ့နေကြီး တစ်ဦးဖြစ်ပြီး လွတ်လပ်ရေး တိုက်ပွဲရဲ့ တပ်ဦးဖြစ်တဲ့ အိန္ဒိယကွန်ဂရက်ရဲ့ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သလို ဂန္ဒီကြီးနဲ့ လက်တွဲခဲ့တဲ့ ရဲဘော်ကြီးလည်း ဖြစ်ပါတယ်။ ခုနက မိန့်ခွန်းထဲမှာ ဖော်ပြထားတဲ့ "အမြတ်ဆုံး ပုဂ္ဂိုလ်ကြီး" ဆိုတာ ဂန္ဒီကြီးကို ရည်ညွှန်းတာလည်း ဖြစ်ပါတယ်။

နေရူးငယ်စဉ်က မိသားစု ကျူတာများနဲ့ အိမ်မှာ စာပေတွေ သင်ကြားရပါတယ်။ အင်္ဂလိပ် လူမျိုး ဆရာတွေက အနီးကပ် သင်ကြား ပေးခဲ့တာပါ။ ဆယ်ကျော်သက် အရွယ် အရောက်မှာပဲ အင်္ဂလန်ကို သွားပြီး နာမည်ကျော် ဟာရိုးကျောင်း(Harrow School)မှာ



http://mmteashop.com
http://mmteashop.com

ကျောင်းအိပ် ကျောင်းစား နေခဲ့တာပါ။ စစ်အတွင်း ကာလက ဗြိတိသျှ ခေါင်းဆောင်ကြီး ဝင်စတန်ချာချီ ဟာလည်း ဒီကျောင်းထွက် ဖြစ်ပါတယ်။

ဟာရိုးကျောင်းက ပြီးတော့ ကိန်းဗရစ်တက္ကသိုလ်မှာ ဆက်ပြီး ပညာသင်ရပါတယ်။ ဓာတုဗေဒနဲ့ စီးပွားရေး ပညာသင်ယူပြီး သိပ္ပံဘွဲ့ရပါတယ်။ အဲဒီနောက် လန်ဒန်မှာ ဝတ်လုံဘွဲ့ အတွက် ဥပဒေပညာ သင်ယူပြီး ဝတ်လုံဖြစ်လာပါတယ်။

အင်္ဂလန်က ပြန်လာတော့ သူ့ဖာသာ အာလာဟာဘတ်မှာ ပြန်ပြီး အခြေစိုက်ပါတယ်။ အသက်ငယ်ငယ်နဲ့ နိုင်ငံရေး လောကထဲကို ဝင်ရောက် လာပါတယ်။ သည်စဉ်က ဗြိတိသျှ အစိုးရကို ဆန့်ကျင်ခဲ့တာမို့ ထောင်ကိုးကြိမ် ကျပါတယ်။ အကျဉ်းထောင်ထဲမှာ စာအုပ်တွေ ရေးပါတယ်။ သူ့သမီး အင်ဒီရာဂန္ဒီအတွက် ပေးစာတွေကနေ "ကမ္ဘာ့သမိုင်း တစေ့တစောင်း" (Glimpeses of World History) ဆိုတဲ့ နာမည်ကျော် စာအုပ်ထူကြီး ဖြစ်လာပါတယ်။ ထောင်ထဲမှာ ရေးခဲ့တဲ့ "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" Autobiography နဲ့ "အိန္ဒိယကို တွေ့ရှိခြင်း" (Discovery of India) တို့ဟာ သမိုင်းဝင် စာအုပ်များ ဖြစ်ပါတယ်။

နေရူးဟာ ဗိုလ်ချုပ်အောင်ဆန်းကို ရင်းနှီးနွေးထွေးစွာ ဆက်ဆံခဲ့သူ၊ အရှေ့အာရှရဲ့ ခေါင်းဆောင် တစ်ဦးအဖြစ် သတ်မှတ် တန်ဖိုးထား ဆက်ဆံခဲ့သူလည်း ဖြစ်ပါတယ်။ ဗိုလ်ချုပ်တို့ ကျဆုံးပြီး နောက်ပိုင်းမှာလည်း မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ရှိသူ တစ်ဦးပါ။ ၁၉၅၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘန်းဒေါင်း ညီလာခံကို အသွား မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့ပြီး အိမ်ရှင် ဝန်ကြီးချုပ်ဦးနု၊ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၊ အီဂျစ်သမ္မတ နာဆာတို့နဲ့ အတူ ရေသဘင်ပွဲ ဆင်နွှဲ ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။

"ကံကောင်းချိန်နှင့် အချိန်းအချက်" Tryst with destiny လို့ အမည်ပေးထားတဲ့ ဒီမိန့်ခွန်းကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ နေရူးက လွတ်လပ်ရေး မိန့်ခွန်းအဖြစ် မပြောကြားခင် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က မြန်မာနိုင်ငံရဲ့ မြို့တော်ရန်ကုန်က

http://mmteashop.com
http://mmteashop.com

မြို့တော် ခန်းမကြီးရှေ့မှာ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြု လွှတ်တော်ကိစ္စ၊ တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေမယ် ဆိုတာတွေနဲ့ ပတ်သက်ပြီး ပြည်သူကို မိန့်ခွန်း ပြောခဲ့ပါတယ်။ အဲဒီမိန့်ခွန်းကို စာပေဗိမာန်က ထုတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ (၁၉၄၅-၁၉၄၇) စာအုပ်မှာ "တိုင်းပြုပြည်ပြု လွှတ်တော်" ဆိုပြီး အမည်ပေးထားတာ တွေ့ရ ပါတယ်။ ဒီမိန့်ခွန်းဟာ ဗိုလ်ချုပ်ရဲ့ နောက်ဆုံး မိန့်ခွန်းလည်း ဖြစ်ပါတယ်။

"ပဒေသာပင် ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည် စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေး ရပင် ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူး ဆိုရင် ခင်ဗျားတို့ ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲ ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ ဒီတော့ အဲဒီ လွတ်လပ်ရေးရတဲ့ အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်း အမျိုးမျိုးနဲ့ လုပ်တောင်မှ အနှစ် ၂၀လောက် ကျွန်တော်တို့ စကား ခပ်ရိုင်းရိုင်း ပြောရရင်၊ စကား ခပ်ရိုင်းရိုင်း ပြောရတယ်ဆိုတာ စကား ခပ်ရိုင်းရိုင်းပြောမှ လူတွေက မှတ်မိတယ်။ စကား ခပ်ရိုင်းရိုင်း ဆိုရရင် အတော့်ကို ပြဲအောင် ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါ အတော့်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် ၂၀ လောက်ရှိတဲ့အခါမှာ တော်ကာ ကျမယ်။ အဒီလိုမဟုတ်ဘဲ ခင်ဗျားတို့ အလုပ်မလုပ်ဘဲ နေမယ်ဆိုလို့ ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမှာ မဟုတ်ပါဘူး။

## အမျိုးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ မိန့်ခွန်းနဲ့ ဂျဝါလာနေရူး ပြောကြားခဲ့တဲ့ မိန့်ခွန်း နှစ်ခုဟာ အချိန်တစ်လသာ ကွာခြား ခဲ့ပေမယ့် တိုင်ပြည်တိုးတက်ဖို့၊ ဆင်းရဲတွင်းထဲက ရုန်းထွက်ဖို့ ဆိုရင် အားလုံး အလုပ်လုပ်ကြမှ ဖြစ်မယ်ဆိုတဲ့ အချက်က တိုက်တိုက်ဆိုင်ဆိုင် တူညီနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်က မြို့ကြီးသား မဟုတ်လေတော့ တောသားလို တည့်တည့်ပဲ ပြောတာ ဖြစ်ပါလိမ့်မယ်။ ကြားရတာ အကြား ရိုင်းချင် ရိုင်းနေမှာ ဖြစ်ပေမယ့် အခုအချိန်ထိ ဒီမိန့်ခွန်းထဲက စကားများကို အမှတ်ရ နေကြဆဲ



http://mmteashop.com

ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာ သက္ကရာဇ် ၁၂၇၆ ခုနှစ် တပေါင်းလဆန်း ၁ ရက် (ခရစ်နှစ် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်) (စနေနေ့)မှာ မကွေးခရိုင်၊ နတ်မောက်မြို့က အမိန့်တော်ရှေ့နေဦးဖာနဲ့ အမိ ဒေါ်စုတို့က မွေးဖွားခဲ့ပြီး မွေးချင်း ကိုးယောက် အနက် အငယ်ဆုံးသား ဖြစ်ပါတယ်။ (အိန္ဒိယက နေရူးရဲ့ ဖခင်ဟာလည်း ကြေးရတတ် ရှေ့နေတစ်ဦးပါ)။

အသက် ၇ နှစ်မှာ နတ်မောက်မြို့က ဆရာတော်ဦးသောဘိတရဲ့ ကျောင်းမှာ ပညာသင်ခဲ့ပြီး အသက် ၁၄ နှစ်အရွယ်မှာ ရေနံချောင်းမြို့က အမျိုးသား အထက်တန်း ကျောင်းကို ပြောင်းပြီး ပညာသင်ခဲ့ပါတယ်။ ၁၉၃၂ ခုနှစ် အသက် ၁၈ နှစ် အရွယ်မှာတော့ အထက်တန်းပညာ အောင်မြင်လို့ အဲဒီနှစ် ဇွန်လမှာပဲ တက္ကသိုလ်ကို ရောက်ပါတယ်။

၁၉၃၅ ခုနှစ်မှာ တက္ကသိုလ်သမဂ္ဂ အမှုဆောင်ဖြစ်လာပြီး သမဂ္ဂက ထုတ်ဝေတဲ့ အိုးဝေ မဂ္ဂဇင်းမှာ အယ်ဒီတာ လုပ်ခဲ့ပါတယ်။

၁၉၃၇ ခုနှစ် မေလမှာ ဝိဇ္ဇာဘွဲ့ (B.A) ကို ခုံအမှတ် ၅၆ နဲ့ အောင်မြင်ပြီး ဘွဲ့ရ ခဲ့ပါတယ်။ ၁၉၃၇ ခုနှစ် မေလ ၉-၁၀ ရက်မှာတော့ မန္တလေးမြို့မှာ ကျင်းပခဲ့တဲ့ ဒုတိယ အကြိမ် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ညီလာခံကို တက်ရောက်ပြီး မိန့်ခွန်း ပြောကြား ခဲ့ပါတယ်။ အဲဒီညီလာခံကို အိန္ဒိယက နိုင်ငံရေး ခေါင်းဆောင် မဟတ္တမဂျဝါဟာလာ နေရူးနဲ့ သမီးအင်ဒီရာဂန္ဒီ တို့လည်း တက်ရောက်ခဲ့ကြပါတယ်။

၁၉၃၈ ခုနှစ်၊ အောက်တိုဘာလမှာတော့ တို့ဗမာအစည်းအရုံးကို ဝင်ရောက်ခဲ့ပြီး အထွေအထွေ အတွင်းရေးမှူး အဖြစ်နဲ့ နေ့နေ့ညည အချိန်ပြည့် ဆောက်ရွက်ခဲ့ပါတယ်။

၁၉၃၉ ခုနှစ်မှာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာတော့ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီး နယ်ချဲ့ လက်အောက်က လွတ်မြောက်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ တိုင်းပြည်


http://mmteashop.com
http://mmteashop.com

လွတ်လပ်ရေး အတွက် အချိန်ပြည့် ဆောင်ရွက် ပါတော့တယ်။ အဲဒီနှစ်မှာပဲ အိန္ဒိယပြည် ရမ္မဂါ ကွန်ဂရက်ကို စေလွှတ်ခဲ့တဲ့ တို့ဗမာအစည်းအရုံး ကိုယ်စားလှယ် ငါးဦးမှာ သခင်အောင်ဆန်းက ခေါင်းဆောင်ပြီး ကျန်အလုပ်အမှုဆောင်များ ဖြစ်တဲ့ သခင်တင်မောင်၊ သခင်သန်းထွန်း၊ သခင်အုန်းဖေ (ဝါးခယ်မ)နှင့် သခင်ခင်အောင်(သာယာဝတီ)တို့ ပါဝင်ခဲ့ပါတယ်။ အဲဒီအချိန်က စလို့ သခင်အောင်ဆန်းဟာ မဟတ္တမဂန္ဒီ၊ မဂျာစ်နေရူးတို့နဲ့ စတင်ရင်းနှီး ခဲ့တာဖြစ်ပါတယ်။

၁၉၄၀ ပြည့်နှစ် သြဂုတ်လ ၂၄ ရက်နေ့မှာ ပြည်ပကို ထွက်ခွာပါတယ်။ နိုဝင်ဘာလ ၁၂ ရက်နေ့မှာတော့ ဗိုလ်ချုပ်ဟာ သခင်လှမြိုင်နဲ့အတူ တရုတ်ပြည် အမွိုင်မြို့ကို ရောက်ပါတယ်။ လွတ်လပ်ရေးအတွက် ပြည်ပ အကူအညီယူဖို့ ကြိုးစားရင်းနဲ့ နိုဝင်ဘာ ၁၂ ရက်မှ ဂျပန်နိုင်ငံ တိုကျိုကို ရောက်ပြီး ၁၉၄၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှာ ဗိုလ်ချုပ် အပါအဝင် ရဲဘော် သုံးကျိပ်တို့ဟာ ဟိုင်နန်ကျွန်းမှာ စစ်ပညာတွေ သင်ကြားခဲ့ရတယ်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က မြန်မာမျက်စိ အထူးကု ဆရာဝန်ကြီး ဦးလွန်းဖေအိမ်မှာ တပ်သားသစ်တွေ စုဆောင်းပါတယ်။ တပ်သားသစ် ၁၀၀ ကျော်နဲ့ အတူ ရဲဘော်သုံးကျိပ်တို့ဟာ လက်မောင်းသွေး ဖောက်ပြီး သွေးသောက်ပွဲ ကျင်းပပါတယ်။ ဘီအိုင်အေဆိုတဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင် ဖွဲ့စည်း ပါတယ်။ မြန်မာနိုင်ငံထဲကို တပ်နဲ့အတူ တိုက်ပွဲဝင်ရင်း တိုင်းပြည် အတွက် ဆောင်ရွက် ပါတယ်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ဗြိတိသျှက လွတ်လပ်ရေး ကိစ္စ ဆွေးနွေးဖို့ ဖိတ်ကြားတာမို့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ ဗြိတိန်ကို ရောက်ပါတယ်။ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခဲ့ပြီး မြန်မာပြည်သူတွေကို တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေမယ်လို့ ရဲရဲကြီး ကတိ ပေးခဲ့သူလည်း ဖြစ်ပါတယ်။

တိုင်းပြည် အတွက်သာ ဦးထိပ်ထားပြီး သူ့အတွက်ဆိုရင် အသက်ကိုပင် ပဓာန မထားဘဲ ဆောင်ရွက်ရင်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာတော့ လေ့လော်ရင်း တက်ကျိုး ဆိုသလို လူမသမာများရဲ့ လက်ချက်ကြောင့် ကျဆုံး ခဲ့ရရှာပါတယ်။

http://mmteashop.com
http://mmteashop.com

"ဗမာတွေ စိတ်ထက်သလေး ဘာလေးနဲ့ တလွဲဆံပင် ကောင်းနေကြတယ်။ ဗမာပြည် လွတ်လပ်ရေး ရအောင်လုပ် ရမဲ့ တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာ,ဗမာချင်း ချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး"

ဗိုလ်ချုပ်ပြောခဲ့တဲ့ စကားပါ။ ဗမာတွေ ဘယ်လိုစိတ်ထားရှိရမယ်လို့ တွေးပြီး ပြောခဲ့ သလိုပါပဲ။ အခုခေတ်မှာ ပြောနေကြတဲ့ စကားတစ်ခု ရှိပါတယ်။ စတိုင်ရှိမှ စတားဖြစ်မယ် ဆိုတဲ့ စကားပါ။ ဒါ အမှန်ပါပဲ။ နိုင်ငံကို ခေါင်းဆောင်ခဲ့သူ၊ နိုင်ငံကို လွတ်မြောက်အောင် တိုက်ပွဲ ဝင်ခဲ့သူများဟာ သမိုင်းရှိသူများ ဖြစ်ပါတယ်။ သမိုင်းရှိလို့လည်း သမိုင်းတင် သမိုင်း ဝင်ခဲ့ သူတွေ ဖြစ်နေကြတာပါ။

## နိုင်ငံရေးအလှည့်အပြောင်းဆိုတာ ရွေးကောက်ပွဲ

ဗိုလ်ချုပ်တို့ခေတ်က အင်္ဂလိပ်တွေဆီက လွတ်လပ်ရေးယူမယ်ဆိုတော့ ၄၇ ဖွဲ့စည်း ပုံဆွဲ၊ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲတွေ လုပ်ပြီးမှ အနိုင်ရတဲ့ ဖဆပလက အစိုးရ ဖွဲ့ခဲ့တာပါ။ အခုလည်း ဖွဲ့စည်းပုံတွေဆွဲ၊ အတည်ပြုပြီးလို့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလုပ်၊ ပြီးရင် အနိုင်ရတဲ့ ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ခေါ် အစိုးရတွေ ဖွဲ့ရမှာပဲ မဟုတ်လား။ ဗိုလ်ချုပ်က အင်္ဂလိပ်ကို မယုံလို့၊ သူတို့ပေးတဲ့ လွတ်လပ်ရေးကို မယုံလို့ ရွေးကောက်ပွဲ မဝင်ဘူးဆိုရင် နိုင်ငံရေး အလှည့်အပြောင်းတစ်ခု ဖြစ်လာမှာ မဟုတ်ပါဘူး။ ။



၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက် (အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့)က
ဂျဝါဟာလာနေရူး မိန့်ခွန်း ပြောကြားခဲ့စဉ်

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်ပြောတဲ့
# ဟာသရုပ်ရှင်များအပေါ်အမြင်



ဟာသပညာသည် လူမျိုး တစ်မျိုး၏ ဘဝတွင် အရေးပါ အရာ ရောက်သော ပညာရပ် တစ်ခု ဖြစ်သည်။ သို့သော် ဟာသအစစ်နှင့် အတုကို ခွဲခြားရန် လိုသည်။ ကျွန်တော် နားလည်သော ဟာသ ပညာကား လောကီလူ့ဘဝ လူ့ဇာတ်ခုံတွင် ရှေ့နောက် မညီ အဆင် မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူ အပေါင်း တို့အား ရယ်စရာ သဘော မြင်စေရမည်။

http://mmteashop.com
http://mmteashop.com

ကမ္ဘာပေါ်မှာ ရုပ်ရှင်အတတ်ပညာ ပေါ်ပေါက်လာပြီး အနှစ် ၄၀ လောက်အကြာ ၁၉၂၀ ပြည့်နှစ်လောက်မှာ မြန်မာ့ရုပ်ရှင် လုပ်ငန်းကို စတင် ပျိုးထောင်ခဲ့တာမို့ အခုဆိုရင် နှစ်ပေါင်း ၉၀ တင်းတင်း ပြည့်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ရုပ်ရှင်သက်တမ်း နှစ် ၉၀ အတွင်းမှာ ပရိသတ်ကို ရိုက်ကူး တင်ပြ ခဲ့ကြတဲ့ ရုပ်ရှင်ကား အမြောက်အမြားထဲမှာ ဟာသ ရုပ်ရှင်ကားတွေလည်း မြောက်မြားစွာ ပါဝင် ခဲ့သလို ဟာသ သရုပ်ဆောင်တွေလည်း အများအပြား ပေါ်ထွန်း ခဲ့ပါတယ်။

ထူးခြားတာတစ်ခုက ဒီဘက်နှစ်တွေမှာ ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ကားများမှာ ဟာသ ကားတွေ ပိုပြီး များလာတာကို တွေ့ရပေမယ့် အနှစ်သာရ ပိုင်းမှာတော့ ရှေးက ပေါ်ခဲ့တဲ့ ဟာသ ကားတွေကို မမီတော့ဘူး လို့ပဲ ရုပ်ရှင် ပရိသတ် တစ်ဦးအနေနဲ့ ရေးလိုက် ချင်ပါတယ်။

အခုလို ရေးသားရခြင်းဟာလည်း ရုပ်ရှင်ပညာသည်များ အပေါ် အဆိုးမြင် သဘောနဲ့ ဝေဖန် ပြစ်တင်လိုခြင်း မဟုတ်ဘဲ မြန်မာ့ရုပ်ရှင် သမိုင်းမှာ ဟာသ သရုပ်ဆောင် များနဲ့ ဟာသ ရုပ်ရှင်ကားများဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ခဲ့တယ်။ ရုပ်ရှင် ဆိုတာ လူထုနဲ့ အနီးစပ်ဆုံး မီဒီယာလုပ်ငန်း တစ်ခု ဖြစ်တာမို့ နိုင်ငံအတွက်လည်း အရေး ကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေသလို ရုပ်ရှင် ပညာသည်များ စွမ်းရင် စွမ်းသလောက် သူ့ရဲ့ အနုပညာ စွမ်းအားက ပရိသတ်များကို လွှမ်းမိုးမှု ရှိတယ်ဆိုတာကို မီးမောင်း ထိုးပြချင်တဲ့ ရည်ရွယ်ချက်သာ ဖြစ်ပါတယ်။

## ဟိုတုန်းကတစ်နှစ်ကို ကားပေါင်း ရှစ်ဆယ်ကျော် ရိုက်ခဲ့တယ်

မြန်မာနိုင်ငံမှာ ၁၉၆၂ ကနေ ၁၉၆၇ ခုနှစ်အထိ ကာလ အပိုင်းအခြား တစ်ခု အတွင်းက ငါးနှစ်အတွင်းမှာ ရုပ်ရှင်ကားပေါင်း ၄၃၄ ကား ရိုက်ကူး ထုတ်လုပ် နိုင်ခဲ့ပြီး ဒီ အထဲမှာ ဟာသ ရုပ်ရှင်ကားက ၂၂ ကား ပါဝင်ခဲ့တယ်လို့ စာတမ်း တစ်စောင်မှာ ဖတ်ရ ဖူးပါတယ်။ ဒီအရေအတွက်ဟာ တစ်နှစ်အတွင်း ရုပ်ရှင်ကားပေါင်း ၈၀ နဲ့ ၉၀ ကြား



http://mmteashop.com
http://mmteashop.com

ထုတ်လုပ် နိုင်ခဲ့ပြီး ဟာသကား ပါဝင်မှု အချိုးက တစ်နှစ်ကို လေးကား လောက်သာ ရှိပါတယ်။ အဲဒီအချိန်က အချစ်နဲ့ အိမ်ထောင်ရေး ၂၃၉ ကား၊ အချစ်နဲ့ သင်ခန်းစာပေး ၂၁ ကား၊ စုန်းကဝေ သိုက်သမိုင်း ၁၃ ကား၊ ရှေးဟောင်း ဒဏ္ဍာရီ ၂၈ ကား၊ ဒိုင်ဗင်ဖိုက်တင် စတန့် ၇၃ ကား၊ ရာဇဝင် အတ္ထုပ္ပတ္တိ ငါးကား၊ အချစ်၊ စစ်နဲ့တော်လှန်ရေး ၁၃ ကား၊ စုံထောက် ၁၄ ကား၊ ရှေးဟောင်း နိပါတ်တော်လာ လေးကား၊ အချစ်နဲ့ စိတ္တဗေဒ တစ်ကား၊ အချစ်နဲ့ အားကစား တစ်ကားပါဝင်ပါတယ်။

## ပထမဆုံး ဟာသရုပ်ရှင် ဒါရိုက်တာနဲ့ ဟာသ ရုပ်ရှင်ကား

၁၉၂၀-၂၁ လောက်က ဟာသကားများကို စတင် ရိုက်ကူးသူက ဒါရိုက်တာ ဦးပါကြီး (ပညာ့အလင်း အယ်ဒီတာ) ဖြစ်ပါတယ်။

ပထမဆုံးမြန်မာရုပ်ရှင်ဟာသကားက ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှာ ဆင်ဆာနံပါတ် ၁၅၃၃ နဲ့ ပြသခဲ့တဲ့ "အနိုင်သည်" အမည်ရှိဇာတ်ကားဖြစ်ပြီး ဦးပါကြီး ကိုယ်တိုင် မင်းသမီး ခင်ခင်နုနဲ့ တွဲဖက် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ပေ ၄၀၀၀ ရှည်ပါတယ်။ ဒီကားကို "တိမ်တလုံး" ဇာတ်ကားနဲ့ တွဲဖက် ပြသခဲ့တာ ဖြစ်ပါတယ်။ ဦးပါကြီးဟာ လန်ဒန်အတ် ရုပ်ရှင်ကနေပြီး "ဇီးဖြူသီး ဖန်ခါးသီး" အမည်ရှိတဲ့ ဟာသ ကားကို ရိုက်ကူး ခဲ့ပါသေးတယ်။

## ဟာသဇာတ်လိုက်အစ ဦးရွှေရိုး (ဦးဘကလေး)က

မြန်မာရုပ်ရှင် စွန့်ဦး တီထွင်ခဲ့သူများ ထဲက ဟာသကားများကို ပရိသတ် အကြိုက် တွေ့အောင် ကိုယ်တိုင် သရုပ်ဆောင် ရိုက်ကူးခဲ့သူကတော့ ဦးရွှေရိုးအဖြစ် ထင်ရှားခဲ့တဲ့ ကာတွန်း ရွှေးတလေး (ဦးဘကလေး)ပဲ ဖြစ်ပါတယ်။

ဦးဘကလေးဟာ "မေတ္တာနဲ့သူရာ" ဇာတ်ကားမှာ ဇာတ်လိုက်မင်းသား ကိုညီပု (ဒေဝမ်းဦးညီပု)ရဲ့ အလုပ်တိုက် မန်နေဂျာအဖြစ် စတင် သရုပ်ဆောင်ခဲ့သူ ဖြစ်ပါတယ်။

http://mmteashop.com
http://mmteashop.com

အဲဒီနောက် တောမြိုင်စွန်းက လွမ်းအောင်ဖန် ဇာတ်ကားမှာ ဦးဘကလေးဟာ ယနေ့ထက်တိုင် မှတ်တမ်း တင်ထား ရလောက်အောင် ထင်ရှားလှတဲ့ ဟာသ ဇာတ်လိုက်ကြီး ဦးရွှေရိုး အဖြစ် သရုပ်ဆောင် ခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်ကားက အပိုင်း(၁၀)ပိုင်း (တစ်ပိုင်းလျှင် ပေ ၁၀၀၀)ရှိပြီ ၁၉၂၃ မှာ ဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ကား တစ်ကားလည်း ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ဦးဘကလေးက ဦးရွှေရိုး အဖြစ် သရုပ်ဆောင် ထားပြီး ဇာတ်လမ်းအရ မထင်မရှား ဇာတ်ရံနေရာက ပျော်တော် ဆက်ခဲ့တာ ဖြစ်ပေမယ့် ပရိသတ်က သူ့ဇာတ်ရုပ်ကို တသသ ဖြစ်ခဲ့ပြီး ဦးရွှေရိုး အကာလို့တောင် ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

ဦးဘကလေးရဲ့ အောင်မြင်မှုများနဲ့ ပတ်သက်လို့ ၁၉၂၃ ခုနှစ် ဒီဇင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်းမှာ "ဦးရွှေရိုးနှင့် စပ်လျဉ်း၍ ရေးသားကြသော အင်္ဂလိပ်-မြန်မာ သတင်းစာများ ထုတ်နုတ်ချက်" ဆိုတဲ့ ခေါင်းစဉ်နဲ့ အခုလို ဖော်ပြခဲ့ပါတယ်။

"မြန်မာပြည်တွင် ရုပ်ရှင်ဇာတ်ကား ကပြသော အတတ်ကို မဆိုထားဘိ၊ ရုပ်ရှင် ရိုက်ယူသော အတတ်သည်ပင်လျှင် ပေါ်သည်မှာ မကြာလှသေးသဖြင့် အများက အက အပြ များကို များစွာ မမျှော်လင့်သေးဘဲ ဇာတ်ကားကို ထင်လင်းစွာ ရိုက်ယူ နိုင်လျှင်ပင် ချီးမွမ်း၍ မကုန်နိုင်အောင် ဖြစ်နေသည့် အတွင်း "တောမြိုင်စွန်း" ကားကြီး၌ အနောက် တိုင်းသား ရုပ်ရှင်သမားများနှင့် ယှဉ်ပြိုင် နိုင်လောက်အောင် ရုတ်တရက် "ဦးရွှေရိုး" ပေါ်ပေါက် လာသောအခါ တိုင်းသားပြည်သူနှင့်တကွ သတင်းစာ အသီးသီးတို့မှာ များစွာ အံ့သြ ချီးမွမ်း ကြသည့်အတိုင်း ရေးသား ဖော်ပြသည်ကို အောက်ပါအတိုင်း သတင်းစာ အသီးသီးတို့မှ ထုတ်နုတ် တင်ပြ လိုက်ပါကြောင်းလို့ ဖော်ပြခဲ့ပါတယ်။

၁၉၂၃ ခု မေလ ၁၀ ရက်နေ့ထုတ် ရန်ကုန်တိုင်း အင်္ဂလိပ် သတင်းစာမှာ "ဦးရွှေရိုးနှင့် ဒေါ်မိုးလုပ်၍ ကကြသူများမှာ ရယ်ရွှင်ဖွယ်ရာ အမျိုးမျိုး ခင်းကျင်း ပြသသည်တွင် မျက်နှာ အနေအထားများမှာ နိုင်ငံခြားမှ လာသောမည်သည့် ကားများနှင့် မဆို ယှဉ်ပြိုင်သော် မည်သည့်နည်းနှင့်မျှ ဤသူများထက် သာလွန် ကောင်းမွန် လိမ့်မည်

http://mmteashop.com
http://mmteashop.com

မဟုတ်ချေ” လို့ ဖော်ပြခဲ့ပြီး မေ ၂၅ ရက်ထုတ် ဘားမားအော့ဗ်ဆားဗား သတင်းစာမှာတော့ “အထူးသဖြင့် (တစ်ဇာတ်လုံး) တွင် ဦးရွှေရိုး လုပ်သူမှာ ဇာတ်မူဇာတ်ရာတွင် လိမ္မာ တတ်သိ၍ အထက်တန်း ကျလှကြောင်း ထင်ရှားလေသည်” ဆိုပြီး ဖော်ပြခဲ့ပါတယ်။

မြန်မာရုပ်ရှင်သမိုင်းမှာ ဟာသပညာနဲ့ နေရာတစ်နေရာ ထူထောင် နိုင်ခဲ့သူတွေ အများအပြား ပေါ်ပေါက် ခဲ့ပါတယ်။ စာရေးဆရာ သိမ်ဖြူကြွယ်ဝ ပြုစုတဲ့ ရုပ်ရှင် ပညာသည်များ မှတ်တမ်း (၁၉၆၉ ခုနှစ် ဩဂုတ်လ) စာအုပ်၊ “စစ်ကြိုခေတ် ရုပ်ရှင်ဟာသ လူရွှင်တော်ကြီးများ စာရင်းမှာ ဟာသ သရုပ်အောင် (၃၂)ဦးရဲ့ အမည်စာရင်းကို အခုလို ဖော်ပြ ထားပါတယ်။

ဦးဘကလေး(ဦးရွှေရိုး)၊ ဦးဘထွန်း၊ ဦးသိမ်းမောင်၊ သောင်းကြွယ်၊ ပေါ်စံ၊ မြတ်သာ၊ နော်တင်၊ ကံကြီး၊ မှတ်ကြီး၊ ထိပ်ပိတ်၊ စိုင်တမော့၊ အောင်ပု၊ သာဂေါင်၊ စက်ကြီး၊ စံပ၊ သုခ(ဗိုလ်အောင်ဒင်)၊ ပန်ချာ၊ အပါကြီး၊ ဝကြီး၊ ဒေါ်နှ၊ ကျင်ခဲ၊ သာချို၊ ကြာဘော်၊ ဘချို၊ ရွှေဘော်၊ မင်းရွှေဂုန်၊ စိန်ဝင်း၊ ဂျူဘလီစိန်၊ ရွှဲကြီး၊ ဘဆင့်၊ ပွကြီးနဲ့ ပေတိုးလို့ ဖော်ပြ ထားပါတယ်။ ဒါဟာ စစ်ကြိုခေတ်က နာမည်ကြီးတဲ့ ဟာသ သရုပ်ဆောင်များ ပါပဲ။

ဒီဘက် ခေတ်မှာလည်း သဘာဝကျကျနဲ့ သရုပ်ဆောင်နိုင်တဲ့ ဟာသ လူရွှင်တော်တွေ အများအပြား ရှိနေပါတယ်။ သို့ပေမယ့် ဟာသ သရုပ်ဆောင်များရဲ့ နေရာမှာ မင်းသားမင်းသမီးတွေကို အတင်း သရုပ်ဆောင်ခိုင်းပြီး၊ ပြူးပြ၊ ပြောင်ပြ လုပ်နေတာတွေကတော့ ရုပ်ရှင် အတတ်ပညာ လောကမှာ သတိပြုသင့်၊ ဆင်ခြင်သင့်ပြီလို့ ဆိုပါရစေ။

http://mmteashop.com
http://mmteashop.com

## ဗိုလ်ချုပ်ပြောတဲ့ ဟာသပညာအပေါ်အမြင်

ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဟာသ ရုပ်ရှင်ကားများကို စိတ်ဝင်တစား အားပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့ ဟာသရုပ်ရှင်များ သဘောကျ နှစ်ခြိုက်ပုံကို (ပုံနှိပ်ခုနှစ် မသိရသေး) ဇူလိုင်လ ၁၉ ရက်နေ့ထုတ် "မိုးကြိုး" သတင်းစာမှာ ဆောင်းပါးရှင် ရင်မောင်က "ဗိုလ်ချုပ်နှင့် ဂီတ-ရုပ်ရှင်-စာပေ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးသားခဲ့ရာမှာ အခုလို ဖော်ပြခဲ့ပါတယ်။

ဗိုလ်ချုပ်သည် ရုပ်ရှင်များကို ရွေး၍ ကြည့်တတ်၏။ ဗရုတ်ဗရက် သရုပ်ပျက် ဇာတ်ကားများ၊ လူမျိုးတစ်မျိုးအား နှိမ့်ချသော ဇာတ်ကားများကို ဘယ်တော့မျှ မကြည့်၊ နက်နဲ သိမ်မွေ့၍ စိတ္တဗေဒနှင့် ပတ်သက်သော ဇာတ်ကားများ၊ အချစ်အိမ်ထောင်ရေး ဇာတ်ကားများပင် ဖြစ်စေ၊ ဇာတ်အိမ်ခိုင်ခံ့၍ အကျိုးပြုနိုင်မည့် Character Story သရုပ်ဖော် ဇာတ်ကားများ၊ ရာဇဝင်သမိုင်းကို ကျောရိုးခံထားသော ဇာတ်ကားများကို နှစ်သက်၏။

ကလပ်ဂေဘယ်ပါဝင်သော Gone with the wind, Water Bridge Rebecca, The Good Earth, For whom the Bell tolls စသော ဇာတ်ကားများမှာ စပိန်ပြည်တွင်းရေးစစ်ကို ရိုက်ပြသောကားဖြစ်ရာ ဗိုလ်ချုပ် သဘောအကျဆုံး ကားဖြစ်၏။ ဟာသ ဇာတ်ကားများကိုလည်း စိတ်လက် ရွှင်လန်းစေရန် ကြည့်ရှု၏။ သို့သော် လော်ရယ်ဟာဒီတို့ ပါဝင်သော Bean Hunks ဟာသကားကိုမူ သဘာဝ မကျသောဟာသ (Very Silly Jokes)၊ တစ်နည်း ကြည့်သူတွေကို ကလိထိုး၍ အတင်း ရယ်စေသော ရယ်စရာများ ဖြစ်၍ ထိုဇာတ်လိုက်များကို မြန်မာပြည်မှ မျက်မှန်ကြီးနှင့် ဖိုးပါကြီးလောက် အထင်မကြီးဟု သိရလေသည်" လို့ ရေးခဲ့ပါတယ်။

ဟာသရုပ်ရှင်ကို စိတ်ဝင်စားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဟာသပညာအပေါ် အမြင်ကလည်း လေးလေးနက်နက် ရှိလှတာကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလထုတ် "ဇဝန" ဂျာနယ် နှုတ်ခွန်းဆက်အမှာ မှာ အခုလို ခွဲခြမ်းစိတ်ဖြာ ရေးခဲ့ပါတယ်။



http://mmteashop.com http://mmteashop.com

"ဟာသပညာသည် လူမျိုးတစ်မျိုး၏ ဘဝတွင် အရေးပါအရာ ရောက်သော ပညာရပ် တစ်ခုဖြစ်သည်။ သို့သော် ဟာသအစစ်နှင့် အတုကို ခွဲခြားရန်လိုသည်။ ဇာတ်ပွဲများတွင် ပါဝင်သော လူရွှင်တော်များ၏ ပြက်လုံးများသည် အခါခပ်သိမ်း ဟာသပညာ မဟုတ်ပေ။ ကျွန်တော်နားလည်သော ဟာသပညာကား လောကီလူ့ဘဝ လူ့ဇာတ်ခုံတွင် ရှေ့နောက် မညီ အဆင်မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူအပေါင်း တို့အား ရယ်စရာသဘော မြင်စေရမည်။ ဤသို့ မြင်စေရာတွင် စာရေးဆရာ၏ ဉာဏ်စွမ်း အလိုက် အသွင်အမျိုးမျိုး ဆောင်နိုင်လေသည်။ အချို့ဟာသ ဆရာများကား မိမိတို့ ပတ်ဝန်းကျင် ကမ္ဘာကြီးကို ဟက်ဟက်ပက်ပက် ရယ်မောကြသည်။ ပြောင်လှောင်ကြသည်။ ခနဲ့ကြသည်။ ရွဲ့ကြသည်။ စောင်းမြောင်းကြသည်။ အချို့ကား မိမိတို့ဘာသာ မိမိကျိတ်၍ ရယ်မောကြသည်။ ဤသို့လျှင် ဟာသ ပညာသည်များသည် အသွင် အမျိုးမျိုးဆောင်ကာ လောကီ လူများ၏ ကြီးကျယ်မှု၊ ဟန်ဆောင်မှု၊ ဝင့်ဝါမှု၊ ပလွှားမှု အစရှိသည်ကို ပြက်ရယ် ပြုကြသည်။ ဥပမာဆိုလျှင် ပြင်သစ် စာရေးဆရာကြီး မိုးလျှဲသည် "မဟာဆံချင်သူ"၊ "ဆရာဝန်ပါပဲ" အစရှိသော ပြဇာတ်များကို ရေးကာ မိမိခေတ်ရှိ ပတ်ဝန်းကျင် လောကကို ပြောင်လှောင် ခဲ့သည်။ စလေဆရာကြီး ဦးပုညသည် ၎င်းရေးသားသော မေတ္တာစာများ၊ ပြဇာတ်များတွင် ထိုခေတ်ထိုအခါက လောကီလူသားများ၏ သွားလာနေထိုင် ဆက်ဆံ ပေါင်းသင်းမှု အစရှိသည်တို့ကို ပြောင်လှောင် ရယ်မောခဲ့သည်" လို့ ရေးသားခဲ့တာကို တွေ့ရပါတယ်။

ဗိုလ်ချုပ်ဟာ တိုင်းပြည် လွတ်လပ်ရေးအတွက် ကြီးလေးလှတဲ့ တာဝန်များကို ထမ်းဆောင်နေစဉ် အတွင်း စိတ်လက် ပေါ့ပါးစေဖို့ ရုပ်ရှင်ကြည့်ရှင်း အပန်းဖြေလေ့ ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့ ဟာသပညာအပေါ် အမြင်ဟာ နက်နက်နဲနဲ ရှိတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါဟာဘာကို ပြသလဲဆိုရင် ဟာသဆိုတာဟာ ခဏလေး ရယ်ရတဲ့ အပေါ်စား ပြက်လုံးများနဲ့ အဓိပ္ပာယ် ဖော်လို့ရတဲ့ ပညာရပ် မဟုတ်ဘူး ဆိုတာကို ပြဆိုနေတာပဲ ဖြစ်ပါတယ်။

http://mmteashop.com
http://mmteashop.com

ပြောရရင် ဟာသကားတွေ များလာတာ ကောင်းပါတယ်။ ဒါပေမယ့်အတင်း ကလိထိုး အရယ်ခိုင်းတဲ့ ဟာသကားများ (Very Silly Jokes) များကိုတော့ မကြိုဆို ချင်ပါဘူး လို့ပဲ ပြောပါရ စေးပါရစေ။ ။



၁၉၄၇ ခုနှစ် ၁ ရက်နေ့က ဗမာနိုင်ငံ ရုပ်ရှင်နှင့်ပြဇာတ် အစည်းအရုံးကြီး၏ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ်ပြပွဲသို့ ဗြိတိသျှဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့်အတူ တက်ရောက်လာသည့် ဗိုလ်ချုပ်အောင်ဆန်း

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်ရုပ်ရှင်

အပြင်မှာ အရပ်ဝတ်နဲ့ တွေ့ရခဲ့တဲ့ ဗိုလ်ချုပ်ဟာ အဲဒီနေ့က လုံချည် အနီကွက်၊ အပေါ်ရင်စေ့ အင်္ကျီကို ဝတ်ဆင် ထားပါတယ်။ အဲဒီ နေ့က ဇနီး ဒေါ်ခင်ကြည်ရော ကလေးတွေကိုပါ ခေါ်လာပြီး သူလို ကိုယ်လိုပဲ လက်မှတ် ဝယ်ပြီး ဝင်ကြည့် ခဲ့တယ်လို့ သိရ ပါတယ်။



http://mmteashop.com
http://mmteashop.com

၁၈၇၂ ခုနှစ် ကမ္ဘာပေါ်မှာ ရုပ်ရှင်ဆိုတဲ့ အတတ်ပညာတစ်ခု အစပြုခဲ့ပြီး ၁၈၈၆ ခုနှစ်မှာတော့ အမေရိကန်၊ ပြင်သစ်နဲ့ ဥရောပနိုင်ငံများမှာ ရုပ်ရှင်ကားများ ရိုက်ကူး ထုတ်လုပ်ခြင်းနဲ့ ရုံတင်ပြသခြင်း လုပ်ငန်းတွေ ဖြစ်ထွန်း အောင်မြင်ခဲ့ပြီး ဖြစ်တယ်လို့ သမိုင်း မှတ်တမ်းတွေ အရ သိရပါတယ်။

မြန်မာနိုင်ငံမှာတော့ ၁၉၂၀ ပြည့်နှစ် ဖွန်လ ၂ ရက်နေ့က ကွယ်လွန်ခဲ့တဲ့၊ မြန်မာနိုင်ငံ လွတ်လပ်ရေး လှုပ်ရှားမှု အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးထွန်းရှိန်ရဲ့ စျာပန မှတ်တမ်းတင် သတင်းကားက စပြီး မြန်မာနိုင်ငံမှာ ပထမဆုံး မြန်မာလူမျိုး ရိုက်ကူးတဲ့ မြန်မာသတင်းကား၊ ပထမဆုံးပြတဲ့ မြန်မာရုပ်ရှင် သတင်း ကားအဖြစ် သမိုင်းဝင် ဖြစ်ခဲ့ပါတယ်။

## ရုပ်ရှင်နှင့်မျိုးချစ်စိတ်

မြန်မာနိုင်ငံမှာ မြန်မာတွေ ရိုက်ကူးတဲ့ မြန်မာရုပ်ရှင် မပေါ်ပေါက်မီ ၁၉၁၀ လောက်ကတည်းက အရပ်ထဲမှာ လှည့်လည်ပြီး အများပြည်သူတွေကို ပြသပေးတဲ့ Showman Ship လို့ခေါ်တဲ့ ရုပ်ရှင်ပြသသူတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့ နိုင်ငံခြားသားများက မြန်မာပြည်မှာ တွေ့ရတဲ့ ကောင်းနိုး ရာရာများကို ရိုက်ကူးပြီး ကားတိုလေးတွေ အဖြစ်နဲ့ မြန်မာ ပရိသတ်တွေကို ပြန်ပြီး ပြသ ပေးတာလည်း ရှိပါတယ်။ အဲဒီမှာ ထူးခြားတာတစ်ခုက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပခဲ့တဲ့ ပဉ္စမမြောက် ဂျော့ဘုရင်ရဲ့ အိန္ဒိယနိုင်ငံ ဆိုင်ရာ နန်းသိမ်းပွဲမှာ ညှော့သည်တော် အဖြစ် တက်ခဲ့ရတဲ့ သီပေါဘုရင်က နိမ့်တဲ့ နေရာမှာနေပြီး မြင့်တဲ့နေရာမှာ ရှိနေတဲ့ ဂျော့ဘုရင်ကို ဦးညွှတ် နှုတ်ဆက်တဲ့ သတင်းကားကို မြန်မာပရိသတ်များကို ပြသပေးတဲ့ အခါမှာတော့ မျိုးချစ်စိတ် ပြင်းပြလှတဲ့ မြန်မာပရိသတ်များက ချက်ချင်းပဲ ရုပ်ရှင် ပိတ်ကားကို ခဲတွေနဲ့ ဝိုင်းထု၊ ဖိနပ်တွေနဲ့ ပစ်ပေါက် ဖြစ်ကုန်ကြပါသတဲ့။ ဒါဟာ ကိုလိုနီ လက်အောက်ခံ ဘဝ ရောက်နေပေမယ့် မြန်မာတို့ရဲ့ မျိုးချစ်စိတ်ကို ပြခဲ့တဲ့ သက်သေ ပြယုဂ် တစ်ခုပါ။



http://mmteashop.com
http://mmteashop.com

## ဗိုလ်ချုပ်နှင့်ရုပ်ရှင်

မြန်မာနိုင်ငံဟာ ကိုလိုနီဘဝက လွတ်မြောက်လု ဆဲဆဲကာလတွေ ဖြစ်တဲ့ ၁၉၄၆-၄၇ ခုနှစ်များမှာတော့ ရုပ်ရှင်လုပ်ငန်းက အတော်လေး ခရီးပေါက်နေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီး အပြီး ၁၉၄၆ ခုနှစ် မတ်လ ၈ ရင်နေ့မှာ ရုပ်ရှင်နဲ့ ပြဇာတ် အနုပညာ ရှင်များ၊ ထုတ်လုပ်သူများ စုပေါင်းပြီး "ဗမာနိုင်ငံ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံး" ကို တည်ထောင် ခဲ့ကြပါတယ်။

ဒီအစည်းအရုံးကြီးက ကြီးမှူးပြီးတော့ ၁၉၄၇ ခုနှစ် မတ်လ ၁ ရက်နေ့မှာတော့ မြန်မာ့ရုပ်ရှင်(၂၅)နှစ်ပြည့် ငွေရတုသဘင် အဖြစ် "ဗမာပြည် ပြပွဲကြီး"ကို ရွှေတိဂုံ စေတီတော် အနောက်ဘက်မုခ်မှာ ကျင်းပ ခဲ့ပါတယ်။ ဒီပြပွဲကြီးကို မြန်မာနိုင်ငံရဲ့ အင်္ဂလိပ် ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒီးဒုတ်ဦးဘချိုတို့ တက်ရောက်ပြီး ဖွင့်လှစ် ပေးခဲ့ရာမှာ ဆာဟူးဘတ်ရန့်(စ်)နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့က မိန့်ခွန်း ပြောကြား ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်း ပြောကြားရာမှာ "မြန်မာပြည်ကြီး မကြာမီ လွတ်လပ်တော့မည် ဖြစ်ကြောင်း၊ လွတ်လပ်သော မြန်မာပြည်တွင် တိုင်းပြည်ထူထောင် တိုးတက်ရေးအတွက် တိုင်းသူပြည်သားတိုင်း၌ တာဝန်ရှိကြောင်း၊ ရုပ်ရှင်လောက သားများမှာလည်း တာဝန်ရှိကြောင်း၊ ရုပ်ရှင်အနုပညာဖြင့် တိုင်းပြည်အကျိုး ရှိအောင် ဆောင်ရွက်ရန် ဖြစ်ကြောင်း" လမ်းညွှန် မိန့်ကြား ခဲ့ပါတယ်။

မတ်လ ၂ ရက်နေ့ ညနေပိုင်းမှာတော့ ဗိုလ်ချုပ်ဟာ သူ့မိသားစုနဲ့အတူ အဲဒီပြပွဲကို မထင်မရှား လာရောက် ကြည့်ရှု ခဲ့ပါတယ်။ အပြင်မှာ အရပ်ဝတ်နဲ့ တွေ့ရခဲ့တဲ့ ဗိုလ်ချုပ်ဟာ အဲဒီနေ့က လုံချည် အနီကွက်၊ အပေါ်ရင်စေ့ အင်္ကျီကို ဝတ်ဆင် ထားပါတယ်။ ဇနီး ဒေါ်ခင်ကြည်ရော ကလေးတွေကိုပါ ခေါ်လာပြီး သူလို ကိုယ်လိုပဲ လက်မှတ်ဝယ်ပြီး ဝင်ကြည့် ခဲ့တာလို့ ဆိုပါတယ်။ ပြပွဲမှာ အစိုးရဌာနတွေက ပြထားတဲ့ ပြခန်းတွေ၊ မြန်မာလက်မှု ပြခန်းတွေကို ဝင်ကြည့်သွားပြီး မြန်မာဖြစ် ကလေးကစား စရာလေးတွေ

http://mmteashop.com
http://mmteashop.com

ဝယ်သွားတယ်လို့ ၁၉၄၇ ခုနှစ် မတ်လ ၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာ ဖော်ပြ ခဲ့ပါတယ်။

## ရုပ်ရှင်ကြိုက်သည့်ဗိုလ်ချုပ်

တိုင်းပြည် လွတ်လပ်ရေးကိုသာ တစ်ချောင်းတည်းသော စိတ်နဲ့ ကြိုးစား လုံးပန်းခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းဟာ ရုပ်ရှင်ကြည့်ပြီး စိတ်အပန်း ဖြေလေ့ ရှိတာကို ဗိုလ်ချုပ်နဲ့ လက်ပွန်း တတီးနေခဲ့ရသူများ ဖြစ်တဲ့ သတင်းစာဆရာကြီး ဦးပုကလေးနဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)တို့ရဲ့ ရေးသားချက်တွေ အရ သိရပါတယ်။ ဗိုလ်ချုပ်ဟာ ဖဆပလ အဖွဲ့ကြီးကို ဦးဆောင်ပြီး တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကြီး အတွင်း မဲဆွယ် စည်းရုံးနေတဲ့ကာလ အတွင်းက မေမြို့ (ပြင်ဦးလွင်)မှာ ရှိနေခိုက် လားရှိုး လမ်းပေါ်မှာ ရှိတဲ့ ရုပ်ရှင်ရုံမှာ ဦးဖေခင်၊ သတင်းစာဆရာ ဦးပုကလေးနဲ့ ဗိုလ်ချုပ်တို့ ရုပ်ရှင် သွားကြည့် ခဲ့တယ်။ ဇာတ်ကားက "ဟိုတယ်ဘာလင်" လို့ ခေါ်တယ်။ ဒီလို ရုပ်ရှင်ကြည့်တဲ့ အခါမှာလည်း အမှတ်တမဲ့ ကြည့်တာမျိုး ဖြစ်ချင်လို့ သူရုပ်ရှင်လာကြည့်မယ့် အကြောင်း ဘယ်သူ့ကိုမှ အသိ ပေးမထားဖို့ ရုံပိုင်နဲ့ မန်နေဂျာကိုအမှာ ခိုင်းထားတယ်လို့ ဆိုပါတယ်။ ဒါတောင်မှ သူလာကြည့်တာကို သိသွားတဲ့ ပရိသတ်များက ဗိုလ်ချုပ်အပြန်မှာ သူစီးမယ့် ကားတစ်ဖက် တစ်ချက်မှာ ဗိုလ်ချုပ်ကို ဝိုင်းပြီး နှုတ်ဆက်ကြသေးတယ်လို့ ဆိုပါတယ်။

နောက်တခါကြည့်တဲ့ ရုပ်ရှင်ကတော့ ရန်ကုန်မြို့က ပလေဒီယံ (ပပဝင်း) (ယခု ကုန်သည်ကြီးများ ဟိုတယ်နေရာ) ရုပ်ရှင်ရုံမှာ အင်္ဂလိပ်ဟာသကား တစ်ကားကို ငါးမူးတန်း (ပြားငါးဆယ်) တန်းကနေ အပါးတော်မြဲ ဗိုလ်ထွန်းလှနဲ့ ကြည့်ခဲ့တာလို့ ဆိုပါတယ်။ ဒါတောင်မှ ရုံမန်နေဂျာ သိသွားပြီး "ဗိုလ်ချုပ်အနေနဲ့ ဒီလိုကြည့်တာ မသင့်တော်ပါဘူး။ ဒီစီလို့ ခေါ်တဲ့ အထူးတန်းက ကြည့်ပါ။ အဲဒီအတွက်လည်း နောင်မှာ ဘာအခွင့်အရေးမှ မတောင်း ပါဘူးလို့ အာမခံပြောပါမှ အပေါ်ထပ်ကို ပြောင်းထိုင် ကြည့်ပါသတဲ့။

အဲသလို ရုပ်ရှင်ကြိုက်တဲ့ ဗိုလ်ချုပ်ဟာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ လူမသမာများရဲ့ လက်ချက်ကြောင့် အချိန်မတိုင်မီ ကြွေလွင့် ခဲ့ရပါတယ်။ သူကွယ်လွန်တဲ့ နေ့က ဆိုရင် ရန်ကုန်မြို့က ဘုရင့်ရုံမှာ "ရတနာသိုက်" အမည်ရှိတဲ့ ဇာတ်ကားသစ် ရုံတင်တယ်လို့လည်း သိရပါတယ်။

ဗိုလ်ချုပ်တို့ ကျဆုံးပြီး မကြာမီမှာပဲ ဗမာနိုင်ငံ ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံးကြီးက တာဝန်ယူပြီး "ဗိုလ်ချုပ်၏ လွတ်လပ်ရေး လမ်းစဉ် မော်ကွန်းတင် သတင်းကား" ကို အမြန်စီစဉ် တည်းဖြတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ ဝန်ကြီးများ လုပ်ကြံခံရပုံကို စီစဉ် ရိုက်ကူး ခဲ့ပါတယ်။ ဒီမှတ်တမ်းရုပ်ရှင် သတင်းကားကို ရန်ကုန်မြို့လယ်က ရုပ်ရှင်ရုံကြီး လေးရုံမှာ တစ်နေ့ ငါးပွဲနှုန်းနဲ့ ပြသခဲ့ပါတယ်။ အဲဒီလိုပြသလို့ ရရှိခဲ့တဲ့ အထဲက ငွေကျပ် ငါးသောင်းကို ဗမာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံးကြီးက ရွှေတိဂုံ ကုန်းတော်အနီး အာဇာနည်လမ်းမှာ အာဇာနည် ဗိမာန်ကြီး တည်ဆောက်ဖို့ လှူဒါန်းခဲ့တဲ့ အပြင် ယခုလက်ရှိ ရုပ်ရှင်အစည်းအရုံး (အမှတ်-၁၆၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်) မြေနေရာကိုပါ ငွေကျပ်ငါးသောင်းနဲ့ ဝယ်ယူနိုင်ခဲ့ပါတယ်။

ဒါဟာ မြန်မာ့ရုပ်ရှင် လောကသားများရဲ့ အမျိုးသားခေါင်းဆောင်ကြီး အပေါ် တတ်စွမ်းသည့် ဘက်က ကျေးဇူး တုံ့ပြန်ခြင်းလို့ ဆိုရမှာ ဖြစ်ပါတယ်။

ရုပ်ရှင်လောကသားများ ကြီးပွား တိုးတက် အောင်မြင်ကြပါစေ။ ရုပ်ရှင်ကြည့် ပြည်သူများလည်း စိတ်အေးချမ်းသာ စျေးသက်သာစွာဖြင့် ရုပ်ရှင် ကြည့်ရှု နိုင်ကြပါစေလို့ ဆန္ဒ ပြုလိုက်ရပါတယ်။ ။

http://mmteashop.com
http://mmteashop.com



၁၉၄၇ ခုနှစ် မတ်လ ၂ ရက်နေ့က ရုပ်ရှင်ငွေရတုပြပွဲသို့ မိသားစုနှင့်အတူ
လာရောက်ကြည့်ရှု အားပေး ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအား အရပ်ဝတ်နှင့် တွေ့ရစဉ်



၁၉၄၇ ခုနှစ် မတ်လ ၁ ရက်နေ့က ဗြိတိသျှဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့် အတူ
ရုပ်ရှင်ငွေရတုပြပွဲသို့ တက်ရောက်လာသည့် ဗိုလ်ချုပ်အောင်ဆန်း



အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်တောင်သူလယ်သမားများ

"တိုင်းပြည် လွတ်လပ်ပြီး ကိုယ်သာ ခေါင်းဆောင် ဖြစ်ရင် အိမ်ကရှိတဲ့ လယ်တွယာတွေကို အကုန်လုံး ဆင်းရဲသားတွေကို ဝေပေးလိုက်မယ်။ ငွေတိုးချေးတဲ့ လူတွေကို လျှော်ပစ် လိုက်မယ်။ အမယ်ကြီး မကျေနပ်ရင်လဲ အတင်းလုပ်ရမှာပဲ"



http://mmteashop.com
http://mmteashop.com

ဗိုလ်ချုပ်အောင်ဆန်း လူမှန်း သိတတ်စ အရွယ်က တစ်နေ့တွင် မိခင်ကြီး ဒေါ်စု လက်ထဲမှ ငွေတိုးချသော ငွေချေးစာချုပ်များကို တွေ့ရသောအခါ -

**"ကျွန်တော်ကြီးလျှင် ငွေပေါအောင် လုပ်ပြီး ဒီစာချုပ်တွေကို အကုန်ဆပ်ကာ အားလုံး ဆုတ်ဖြဲပစ်မည်"**

ဟု ပြောခဲ့ဖူးလေသည်။ ဗိုလ်ချုပ်သည် ကလေးဘဝကပင် တောင်သူ လယ်သမားများ အပေါ် စာနာစိတ် ထားရှိခဲ့သူ ဖြစ်သည်ကို တွေ့ခဲ့ရသည်။

စာပေပညာများ သင်ကြားပြီး ကျောင်းသားဘဝမှ နိုင်ငံရေး နယ်ပယ်သို့ ရောက်ရှိလာသော အခါတွင်လည်း လယ်သမားများ၏ ဘဝ တိုးတက်ရေးကို အစဉ်တစိုက် တွေးတော နေခဲ့သူ ဖြစ်သည်။ တို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူး အဖြစ် ဆောင်ရွက် နေစဉ် ကာလကလည်း သူ၏မိတ်ဆွေရင်း ဖြစ်သူ သခင်တဦးအား ဤသို့ ပြောကြား ခဲ့ဖူးကြောင်း သခင်တဦးက-

"တစ်ခါက သူနှင့်ကျွန်တော် ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်သွားကြသည်။ သခင်အောင်ဆန်းက ရုတ်တရက် "တိုင်းပြည်လွတ်လပ်ပြီး ကိုယ်သာ ခေါင်းဆောင်ဖြစ်ရင် အိမ်ကရှိတဲ့ လယ်တွေယာတွေကို အကုန်လုံး ဆင်းရဲသားတွေကို ဝေပေးလိုက်မယ်။ ငွေတိုး ချေးတဲ့ လူတွေကို လျှော်ပစ်လိုက်မယ်။ အမယ်ကြီး မကျေနပ်ရင်လည်း အတင်း လုပ်ရမှာပဲ" ဟု ပြောဖူးလေသည်" ဟု ရေးသားဖော်ပြခဲ့ဖူးသည်။

ထို့အပြင် နိုင်ငံခြား သတင်းထောက် တစ်ဦးက ဗိုလ်ချုပ်အောင်ဆန်းအား သူ၏ နိုင်ငံရေး ဝါဒနှင့် စပ်လျဉ်း၍ မေးမြန်းကြည့်ရာ ဗိုလ်ချုပ်က -

**"ကျုပ် ဘယ်တော့မှ မြေပိုင်ရှင်တွေကို အားမပေးဘူး၊ ကွန်မြူနစ် ဒါမှမဟုတ် ဆိုရှယ်လစ် ယူချင်သလို ယူနိုင်တယ်" ဟု ဖြေကြားခဲ့ဖူးသည်။**

http://mmteashop.com
http://mmteashop.com

မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်တို့ခေတ်က အများစုသည် တောင်သူ လယ်သမားများ ဖြစ်ကြ သလို ဤတောင်သူလယ် သမား အများစုကြီးသည် ပင်လျှင် အဆင်းရဲဆုံး လူတန်းစားများ ဖြစ်ရာ လယ်သမားများ ချောင်ချောင်ချိချိ သောင်သောင်သာသာ မဖြစ်သမျှ ကာလပတ်လုံး မြန်မာနိုင်ငံသည် ဆင်းရဲသော တိုင်းပြည်တစ်ပြည် အဖြစ်နှင့်သာ ရပ်တည် နေရမည် ဖြစ်သည်ဟု ဗိုလ်ချုပ်က မှတ်ယူထားသည်။

ထို့ကြောင့်လည်း အများစုဖြစ်သော တောင်သူလယ်သမားများ ယခုလို ဆင်းရဲမွဲတေ နေအောင် ဆင်းရဲတွင်းထဲ အတင်း နှစ်နေသော ငွေတိုးချေး စနစ်နှင့် မြေငှားချစနစ်ကို သူအလွန် ရွံမုန်းသည်။ ယင်းသို့ ဖြစ်နေရခြင်းမှာလည်း ငွေတိုးပေးစားသူ ကြေးရတတ်များနှင့် မြေပိုင်ရှင်များက ခေါင်းပုံဖြတ်နေသည်ကို ပြုပြင်နိုင်ရန်နည်း လိုအပ်ကြောင်း သူသိထားသည်။

အကယ်စင်စစ် ဗိုလ်ချုပ်၏ မိဘများသည်ပင် ငွေတိုးချေးစားသူ မြေပိုင်ရှင်များ ဖြစ်ကြသောကြောင့် ဤစနစ်ဆိုးကြီးကို သူငယ်စဉ်ကပင် အတွင်းကျကျ သိမြင်နေရရာ စနစ်ကြီး၏ ဆိုးရွားပုံ၊ ဆင်းရဲသားများအပေါ် ခေါင်းပုံ ဖြတ်နေပုံတို့ကို ရွံမုန်းလှသည့် အလျောက် စစ်ဝန်ကြီးဘဝတွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"ကျွန်တော်တို့ မိဘများကား ပစ္စည်းဉစ္စာ အတော်အတန်ရှိ၏။ ကြွေးရှင်၊ မြေရှင် ဖြစ်ရာ ဆင်းရဲသားများနှင့် အများအပြား ဆက်ဆံ ရလေသည်။ ကျွန်တော်တို့၏ မိခင်မှာ ခနရှင်ကလေး အတန်းအစားထဲတွင် သမာသမတ်ရှိ၍ စိတ်ကောင်းရှိလေသည်။

သို့ပင်ဖြစ်သော်လည်း ရုံဖန်ရံခါ ဆင်းရဲသားများက ကြွေးများ မဆပ်နိုင်၍ ကြိမ်းမောင်းသော အခါ ကျွန်တော်အထူးပင် စိတ်မကောင်း ဖြစ်မိသည်။ ထိုအခါက ကျွန်တော်ကား ငွေတိုးကြီးစနစ် ဆိုးရွားပုံကို မျက်ဝါးထင်ထင် တွေ့ခဲ့ရလေသည်။ များစွာသော ဆင်းရဲသားတို့မှာ ကြွေးတစ်ခါ ယူမိလျှင် ကြေနိုင်စရာ အကြောင်းမရှိပေ။ ဤစနစ်ကို ယခုခေတ်သစ်တွင် အလျင်အမြန် ပြင်ဆင်သင့်သည်။ ၎င်းပြင် ယခုလက်ရှိ

http://mmteashop.com
http://mmteashop.com

ဆင်းရဲသား ကြွေးပြီးများကို အားလုံး လျှော်ပစ်ရန် သင့်လေသည်။ ထိုကြွေးများမှာ အတိုး၏ အညွန့် ကြွေးများသာ ရှိတော့မည်မှာ ကျွန်တော်ယုံမှား သံသယမရှိပေ။”

ဗိုလ်ချုပ်က သူငယ်စဉ် ဘဝမှာပင် တွေ့ခဲ့ရ ကြုံခဲ့ရသော တောင်သူလယ်သမား များ၏ ဘဝကို အထူး စာနာမိသူ ဖြစ်လေသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ပြောကြားခဲ့သော သူ၏ မိန့်ခွန်းတွင် တောင်သူလယ်သမားများ အပေါ်ထားရှိသည့် သူ့ သဘောထားကို ထုတ်ဖော် ပြောကြားရာ၌ တောင်သူလယ်သမားတွေဟာ ဗမာပြည်မှာ လူများစု ဖြစ်တယ်၊ လွတ်လပ်တဲ့ အခါမှာ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေး မပါရင် လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိဘူးဟု ထည့်သွင်း ပြောကြားခဲ့သည်။

အထူးသဖြင့် တောနေ လူတန်းစားများ၏ ဘဝကို တွေ့ထိ ဖြတ်သန်း ခဲ့ဖူးသူ ဖြစ်လေရာ ကျေးလက်နေ တောသူတောင်သားများဘဝ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်လည်း ဖွံ့ဖြိုး တိုးတက်မည်ကို သူကောင်းစွာ ယုံကြည် ထားလေသည်။ တောနေ လူတန်းစားများ၏ ဘဝ မြှင့်တင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သူ၏ ခံယူချက်ကိုလည်း ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော ဗမာနိုင်ငံလူငယ်များ အစည်းအရုံး ပြန်လည် ဖွင့်လှစ်သည့် အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါ အတိုင်း ထည့်သွင်း ပြောကြားခဲ့သည်။

“လူငယ်တွေအတွက် ကျွန်တော် ပြောချင်တာက လူငယ်တွေ တကယ် အလုပ် လုပ်ချင်ရင် နာမည် ပျက်အောင် မလုပ်ပါနဲ့။ နောက်ကပြီး တစ်ခုရှိတာက စတန့် လုပ်တာမျိုး၊ လူကြည့်ကောင်းတဲ့ အလုပ်မျိုးလုပ်ရင် အလကားပဲ။ သေသေချာချာ ထိထိ ရောက်ရောက် အလုပ်လုပ်ကြရင် လူငယ်တွေဟာ မြို့မှာချည်းပဲ မနေဘဲ တောကိုလည်း သွားပြီးတော့ အလုပ်လုပ်ကြပါ။

မြို့မှာလုပ်ရင် ထင်ပေါ်တယ်။ ဒါပေမဲ့ တကယ် ထိရောက်မှာက တောကိုသွားမှ ထိရောက်မယ်။ အစိုးရကလည်းမြို့ မှာရှိတဲ့ လူတွေရဲ့ အခြေအနေကိုပဲ သိတယ်။ တို့

http://mmteashop.com
http://mmteashop.com

တိုင်းပြည် ငြိမ်းချမ်းရေး လုပ်ငန်းလုပ်ရင် မြို့မှာတော့ အောင်မှာပဲ။ ပြီးတော့ ထူထောင်ရေးတွေလည်း မြို့မှာတော့ မြန်မြန်ပြီးမှာပဲ။

သို့သော် တောမှာက ဘယ်သူမှ မရောက်တော့ အညှံ့ဆုံးဘဝ ဖြစ်နေရမှာပဲ။ အခြေအနေ မသိတော့ ဘယ်သူကမှ လုပ်ပေးဖော် မရှိဘူး။ တောကို သွားပြီး အလုပ်လုပ်မယ် ဆိုရင် ပိုထိရောက်မယ်။ မြို့မှာလုပ်မယ့် လူတွေလည်း ပြည့်လို့။

တိုင်းပြည်အတွက် လုပ်ရာမှာ အလွန် ထိရောက်တာက တောက ပိုထိရောက်တယ်။ ဒါတော့ မှန်တဲ့အတိုင်း ပြောနေတာ။ နောက်ဆုံးကျတော့ ဘယ်သူမှ လုပ်မှာမဟုတ်ဘူး။ ဥပမာ နိုင်ငံရေးသမားတွေ..... သူတို့ နယ်ကရှိတဲ့ မြို့နဲ့ ရန်ကုန်လာတဲ့ အခေါက်နဲ့ ဆိုရင် ဒီလာတဲ့ အခါက ပိုများတယ်။ ဘာဖြစ်လို့ ရန်ကုန် ခဏခဏလာပြီး နေရာ လုနေ ကြတာလဲ။ ဒီလိုပဲ လူငယ်တွေလည်း မြို့နေရင် ပိုထင်ပေါ်တယ်။ စားစရာ သောက်စရာ ကောင်းတယ်ဆိုပြီး မြို့ခို မနေဘဲ တကယ်အလုပ် လုပ်ချင်ကြရင် တောကို သွားကြဖို့ပဲ။"

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်က ဆိုရှန်တိုဗီလာတွင် မိန့်ကြား ခဲ့သည့် မိန့်ခွန်း၌လည်း လယ်သမားများနှင့် ပတ်သက်၍ ယခုလိုထည့်သွင်း ပြောကြား ခဲ့ပါသေးသည်။

"ရှေးဦးစွာ လယ်ယာကိုင်းကျွန်း ဆန်စပါး စိုက်ပျိုးမှုတွင် စက်ကိရိယာ အသုံးပြုရေး တီထွင်မည်။ ထိုကိစ္စအတွက် စုပေါင်းဆောင်ရွက်ရေး စနစ်ကိုသုံးရန် လိုလျှင် သုံးရမည်။ အဆိုပါ နည်းများကို အသုံးပြုရန်မှာ ယခုလက်ရှိ စိုက်ပျိုးရေး အခြေအနေကို ပိုမို ကောင်းမွန် လာမှုအတွက် လိုသလောက် အထိ သုံးရ ပေလိမ့်မည်။ ကုန်ထွက် တိုးတက် လာအောင် ပြုလုပ်ခြင်းသည် ဆင်းရဲခြင်း အတွက် မလွဲနိုင်သော ဆေးမျိုး မဟုတ်သည်ကို ကျွန်တော် သိပါသည်။ မလိုသည့် ကုန်ထွက် ပစ္စည်းများကို တိုးတက် ထွက်အောင် လုပ်ခြင်းသည် အရေးကြီးသော ပစ္စည်းများ လိုနေသူများ အတွက် အကျိုး

http://mmteashop.com
http://mmteashop.com

မများသည့် အပြင် အဆိုး ဖြစ်တတ်ပါသည်။ ကျွန်တော် ဆိုလိုသည်မှာ အများအပြား ထွက်အောင် လုပ်သည့် ပစ္စည်းသည် ကောင်းမွန်ဖို့လည်း အရေးကြီးပါသည်။ အခြား တစ်နည်း ဆိုသော် လယ်ယာစိုက်ပျိုးရေးကို သင့်မြတ်စွာ ထွက်ရှိမှု သဘောဖြင့် စီမံ သင့်ပါသည်။ နောက်ဆုံး အချက်မှာ ၄င်း လျာထားချက် တို့ကို အကောင်အထည် ဖြစ်အောင် လုပ်ရန် ငွေကို မည့်ကဲသို့ ရအောင် ရှာရမည်ဆိုသည့် အချက်ပင် ဖြစ်ပါသည်။ ယခုကဲ့သို့ ကိစ္စမျိုးမှာ ကျွန်တော်တို့ အားလုံးပင် အမြင်မှန်ပြီး ကိုယ်ပိုင်ဉာဏ်ကို အသုံး ပြုခြင်း အားဖြင့် အလုပ်သဘောကို ကောင်းစွာ သိရှိရပါသည်။ ကျွန်တော်တို့ စီမံကိန်း အားလုံး အတွက် လိုသလောက် ငွေကြေးကို ရနိုင်မည်မဟုတ်ပါ။ သို့အတွက် ကျွန်တော်တို့ လုပ်ရမည်မှာ လျာထားချက် တွေကို လုပ်၊ နည်းလမ်းတွေရှာ၊ ငွေကြေးကို စီမံကိန်းများ အတွက် နေရာတကျ ခွဲဝေ ပေးဖို့ပင် ဖြစ်သည်။"

"ဤမျှ ဆိုလျှင်ပင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လူဦးရေ၏ အများစုကြီး ဖြစ်သော တောင်သူလယ်သမားများ လူလုံး လှရေး၊ ဘဝ တိုးတက်ရေးတို့ အတွက် အလေး ထားသည်ကို တွေ့နိုင် လေသည်။

တောနေ လူတန်းစားများ ဘဝမြင့်မားအောင် ဆောင်ရွက်ရာတွင် ခေတ်မီ စက် ကိရိယာများ တပ်ဆင်ပေးရေး၊ ကုန်ထွက်တိုးရေး၊ ကုန်ထွက်တိုးလာသည်နှင့် အမျှ အရည် အသွေးကိုလည်း၊ ထိန်းသိမ်း ထားနိုင်ရေးတို့ အတွက် လယ်သမားများအတွက် ငွေကြေး ထောက်ပံ့ နိုင်အောင် စီမံကိန်း လျာထားချက်များတွင် ထည့်သွင်း ရေးဆွဲ ထားသည်ကို တွေ့ရမည် ဖြစ်သည်။

ဗိုလ်ချုပ်သည် လယ်သမားများကို ငွေးတိုး ချေးစားသည့် လယ်ရှင်မြေရှင်၊ မိသားစုမှ ပေါက်ဖွား လာသူပင် ဖြစ်သော်လည်း လယ်သမားများကို ငယ်စဉ်ကပင် စာနာစိတ် ရှိခဲ့သူ၊ သနား ကြင်နာတတ်သူ ဖြစ်ကြောင်း သူ့စာ၊ သူ့စကား၊ သူ့မိန့်မှာ ချက်များက သက်သေ ခံနေပြီ ဖြစ်လေသည်။ ။



http://mmteashop.com
http://mmteashop.com

# ဗိုလ်ချုပ်နှင့်
# တောင်သူလယ်သမား ညီလာခံ

တောင်သူ လယ်သမားတွေဟာ ဗမာပြည်မှာ လူအများစု ဖြစ်တယ်။ လွတ်လပ်ရေး ရတဲ့ အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ပါလာမယ်။ တောင်သူလယ်သမား လူများစုရဲ့ အခွင့်အရေး မပါတဲ့ လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတယ်။



http://mmteashop.com
http://mmteashop.com

ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီး ကိုယ့်နန်းနှင့် လွတ်လွတ်လပ်လပ် နေခဲ့သော မြန်မာနိုင်ငံကို နယ်ချဲ့တို့က ၁၈၂၄-၂၆ ခုနှစ်များတွင်တစ်ကြိမ်၊ ၁၈၅၂ - ၅၄ ခုနှစ်များတွင်တစ်ကြိမ် အကြောင်းအမျိုးမျိုးရှာ၍ စစ်မက်ပြုခဲ့ကြပြီးနောက် မြန်မာ့နယ်မြေများဖြစ်သော အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီနှင့် မြန်မာပြည်အောက်ပိုင်းဒေသများကို သိမ်းယူခဲ့ကြလေသည်။

နောက်ဆုံး အကြိမ်ဖြစ်သော တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲတွင်မူကား ဘုံဘေဘားမား သစ်မှုကို အကြောင်း ပြုလျက် ဗြိတိသျှတို့က မြန်မာပြည်ကို တိုက်ခိုက် သိမ်းယူရန် စီစဉ်လေသည်။ သို့နှင့် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မန္တလေးသို့ ဗြိတိသျှ တပ်ပေါင်းစု ရောက်ရှိလာပြီး သီပေါဘုရင်နှင့် စုဖုရားလတ်ကို ဖမ်းဆီး လိုက်လေသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်ကို သိမ်းယူ လိုက်ကြောင်း ဗြိတိသျှတို့က ကြေညာ လိုက်ချိန်မှစ၍ မြန်မာနိုင်ငံသည် လွတ်လပ်ရေး ဆုံးရှုံး ခဲ့ရလေသည်။

တပ်သားပေါင်း ၉၄၄၇ ယောက်မျှသာရှိသော စစ်တပ်ဖြင့် သီပေါမင်းကို ဖမ်းဆီး၍ တိုင်းပြည် ကိုသိမ်းယူခဲ့သော နယ်ချဲ့တို့သည် မြန်မာနိုင်ငံ ဒေသအသီးသီးမှ မျိုးချစ် တော်လှန်ရေး အင်အားစုများ၏ တော်လှန် တိုက်ခိုက်မှုများကို ၁၀ နှစ်ကျော်မျှ တိုက်ခိုက် နှိမ်နင်း ခဲ့ရလေသည်။ ထိုသို့ နှိမ်နင်းရာတွင် ဗြိတိသျှ စစ်သေနာပတိ ဆာဖရက် ဒရစ်ရောဘတ်သည် ၎င်း၏ စစ်ဌာနချုပ်ကို မြန်မာပြည်သို့ ပြောင်းရွှေ့ကာ စစ်သည် အင်အား ၃၂,၀၀၀၊ စစ်ရဲ ၈,၅၀၀တို့ကို ထပ်မံ အင်အား ဖြည့်တင်း၍ တိုက်ခိုက်ခဲ့ရသည်။

လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော မြန်မာနိုင်ငံတွင် နယ်ချဲ့တို့၏ ဖိနှိပ် အုပ်ချုပ် သွေးစုပ်မှု ဒဏ်ကို အလွှာ အသီးသီး၌ ရှိသော နိုင်ငံသားများ အလူးအလဲ ခံကြရသည့် အထဲတွင် လယ်သမား ထုကြီးမှာ အထိအနာဆုံး ဖြစ်လေသည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံ စိုက်ပျိုးရေး လုပ်ငန်းများတွင် အိန္ဒိယ နိုင်ငံသားများကို ခေါ်ဆောင်လာခြင်း၊ ငွေတိုးချေး ချစ်တီးများ အတိုးချ ချေးငှား ခြင်းများကြောင့် လယ်သမားများ အကြွေး ပင်လယ်

http://mmteashop.com
http://mmteashop.com

ဝေခဲ့ရခြင်း၊ ချေးငွေများ ပြန်မပေးနိုင်သော လယ်သမားများ၏ လယ်ယာမြေများ သိမ်းယူခံရခြင်း တို့မှာ သိသာစေသော အချက်များ ဖြစ်ပေသည်။

ဤသို့ဖြင့် ဖွတ်ကျောပြာစု ခရုအဆံကျွတ် ဖြစ်နေ ရရှာသော လယ်သမားများသည် နယ်ချဲ့တို့ကို ရွံရှာ မုန်းတီးလာသည့် အလျောက် ၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီနယ်မှ လယ်သမားများ၏ အရေးတော်ပုံတစ်ခု ပေါ်ပေါက် လာရလေတော့သည်။ ထိုနှစ်က သာယာဝတီနယ်တွင် မိုးခေါင်သဖြင့် လယ်သမားများ၏ သီးနှံများ ပျက်စီး ရသောကြောင့် အခွန်တော် လွတ်ငြိမ်းခွင့်ကို လျှောက်ထားခဲ့ရာ ခေတ္တဘုရင်ခံ ဖြစ်နေသော ဆာဂျေအေဦးမောင်ကြီးက "မည်သို့မျှ သက်သာခွင့် မပေးနိုင်" ဟု ငြင်းဆို လိုက်လေသည်။

## လယ်သမားတို့ရဲ့ ခေါင်းဆောင် ဂဠုန်ဆရာစံ

ဤတွင် အစိုးရက အခွန်မပေးနိုင်သော လယ်သမားများ၏ အိမ်နှင့် ပစ္စည်းများ၊ လှည်း၊ နွား၊ ကြက်၊ ဝက်များကို သိမ်းယူခြင်း၊ ထောင်ချခြင်း၊ ရွာမီးရှို့ခြင်း၊ သေနတ်ဖြင့် ပစ်ခတ်ခြင်းများ ပြုခဲ့ရာ ဦးစံရှား (ခ) ဆရာစံနှင့် ဂျီစီဘီအေ ဝံသာနု အသင်းဝင်များ တောင်သူ လယ်သမားများက ဒီဇင်ဘာ ၂၂ ရက်နေ့တွင် သာယာဝတီမြို့ အရှေ့ဘက်ရှိ တောင်ညို စခန်းမှနေပြီး စတင်တော်လှန် တိုက်ခိုက်လေသည်။

ဆရာစံသည် ဗြိတိသျှတို့ကို တော်လှန်ရင်း နောက်ဆုံး၌ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် ငှက်ဖျားမိ၍ အိပ်ရာထဲ လဲနေစဉ် မစ္စတာ ပေါးယက်ခန်း ဆိုသူ အင်စပက်တော်တစ်ဦး၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဗြိတိသျှတို့က ခုံအဖွဲ့ဖြင့် စစ်ဆေးပြီး ဆရာစံကို ကြိုးပေး သတ်ဖြတ် လိုက်သည်။

အင်္ဂလိပ် ကိုလိုနီဘဝ၊ ဂျပန် ကိုလိုနီ ဘဝများတွင် ညှင်းပန်း နှိပ်စက်မှု အမျိုးမျိုးကို ခံခဲ့ ကြရသော လယ်သမားထုကြီး၏ ဘဝကို ဗိုလ်ချုပ်အောင်ဆန်းသည် အထူး စာနာနားလည်မိသူ တစ်ဦးဖြစ်သည့် အလျောက် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရေးနှင့် အတူ



http://mmteashop.com
http://mmteashop.com

နိုင်ငံ၏ အများစု ဖြစ်သော လယ်သမားများ အရေးကိုလည်း ထည့်သွင်း စဉ်းစား ခဲ့သူ ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလသည် မြန်မာနိုင်ငံ နိုင်ငံရေး အလှည့်အပြောင်း ကာလ တစ်ခုဟုလည်း ဆိုနိုင်ပေသည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ပင်လုံစာချုပ်ဖြင့် တည်ဆောက် နိုင်ခဲ့သော ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့* တွင် တောင်သူလယ်သမားညီလာခံကို ကျင်းပခဲ့ပြီး သမိုင်းဝင် မိန့်ခွန်း တစ်ရပ်ကို ပြောကြားခဲ့ပေသည်။ မိန့်ခွန်း အပြည့်အစုံမှာ ဤသို့ဖြစ်သည်။

"ကျွန်တော်တို့ဟာ မကြာခင်က ဘိလပ်ကိုသွားပြီး ဗမာပြည်ရဲ့ လွတ်လပ်ရေး ရရာ ရကြောင်းကို နည်းလမ်းရှာခဲ့တဲ့ သဘောနဲ့ သွားခဲ့တယ်။ ရွေးကောက်ပွဲကိုလည်း လာမည့် ဧပြီလမှာ လုပ်ဖို့ရှိတယ်။ ဒီရွေးကောက်ပွဲဟာ အမတ်ရွေးကောက်ပွဲ မဟုတ်ဘဲ ဗမာပြည်ရဲ့ လွတ်လပ်ရေး ကံကြမ္မာကို ဖန်တီးမည့် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ဖြစ်တယ်။ အဲဒီ တိုင်းပြုပြည်ပြု လွှတ်တော်မှာ ဗမာရဲ့ အနာဂတ်အုပ်ချုပ်ရေး ဥပဒေများကို ရေးဆွဲ ကြရမယ်။ လွှတ်တော်မှာပါတဲ့ ကိုယ်စားလှယ်တွေ ကစဉ့်ကရဲ ဖြစ်လျှင် ဗမာပြည် နစ်နာဖို့ပဲ။ တိုင်းပြည် လွတ်လပ်ရေး ထိခိုက်ဖို့ရှိတဲ့ အတွက် အင်မတန် အရေးကြီးတယ်။

## လွှယ်သောအလုပ်များ

ကျုပ်တို့က ဘိလပ်က ပြန်လာတဲ့နောက် ရှမ်း၊ ဂျင်းဖော၊ ချင်းစတဲ့ တောင်တန်း နယ်သားများနှင့် ညီညွတ်ဖို့ လုပ်ခဲ့ရတယ်။ အဲသည်က ပြန်လာတဲ့အခါ သပိတ်အရေး များကို ဖြေရှင်းရတယ်။ သပိတ်တွေ အတွက် ကျုပ်တို့လုပ်ငန်းတွေ နှောင်နှေးပြီး လုပ်စရာ တွေကို သိပ်ပြီး ဂရု မစိုက်နိုင်ဘူး။ အရေးကြီးတဲ့ ကိစ္စတွေ ဆောင်ရွက် ချင်လောက် မဆောင် ရွက်နိုင်ခဲ့ဘူး။

http://mmteashop.com
http://mmteashop.com

## ငွေရေးကြေးရေးလိုတယ်

အင်္ဂလိပ် အစိုးရက ကျုပ်တို့ လက်ထဲကို အာဏာ ပေးသင့် သလောက် ပေးထားသော်လည်း အချို့ မလုပ်နိုင်တဲ့ ကိစ္စတွေလည်း ရှိတယ်။ တိုင်းပြည် အုပ်ချုပ်တယ် ဆိုတာ ငွေရေးကြေးရေး လိုတယ်။ ဒီငွေရေးကြေးရေးဟာ ခင်ဗျားတို့ တိုင်းသူပြည်သားများ ထံမှ ကောက်ခံတဲ့ အခွန်တော်တွေပဲ။ ဒီအခွန်တွေ ကောက်တာဟာ မှန်သလား၊ မှားသလား မစဉ်းစားသေးတော့ ဒီအတိုင်း ဖြစ်နေတယ်။

## ဝင်ငွေထွက်ငွေမမျှတ

အစိုးရရဲ့ ရန်ပုံငွေဟာ ကုဋေ နှစ်ဆယ်သာရှိပြီး အသုံးစရိတ်က ကုဋေလေးဆယ် ဖြစ်နေတယ်။ စစ်မဖြစ်မီတုန်းကလို ဝင်ငွေနှင့် ထွက်ငွေဟာ မမျှတသေးဘဲ၊ ခင်ဗျားတို့ကို အမတော် ကြေးငွေ များများ ပေးချင်ပေမယ့် ငွေမရှိလို့ မပေးနိုင်ခဲ့ဘူး။ အမတော်ကြေး လျှော့ဖို့ ပြောတယ်။ လျှော့လိုက်ရင် ခင်ဗျားတို့ကို ထိခိုက်မှာပဲ။ သို့သော သက်သာဖို့ လမ်းကို ရှာနေတာပဲ။

## မပေးဘဲနေလို့ရတယ်

စစ်အစိုးရ လက်ထက် ဂျပန်စက္ကူတွေ တန်ဖိုး မရှိလို့ အင်္ဂလိပ်က ကြေညာစဉ်က ထုတ်ချေး ခဲ့တဲ့ အမတော်ကြေးတွေ လျှော်ပစ်ဖို့ ကျုပ်တို့ အရေးဆိုထားတယ်။ ရစရာ လမ်းရှိတယ်။ မရလို့ရှိရင်လည်း ခင်ဗျားတို့ မပေးဘဲ နေလို့ရပါတယ်။ မတတ်နိုင်ပါဘူး။ (ရယ်သံများ)

ကျုပ်တို့ လုပ်ချင်တာက အများကြီး၊ အချိန်လည်း မရှိ၊ ကျုပ်ဟာ ဗမာပြည်မှာ ခေါင်း အကြိမ်းဆုံးပဲ။

http://mmteashop.com
http://mmteashop.com

## တစ်နှစ်အတွင်းမြင်တယ်

သပိတ်ကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ တိုင်းပြည် ကိစ္စတွေနဲ့ ဟိုပြေး သည်လွှားနဲ့ အင်မတန် ခေါင်းကြိမ်းတယ်။ တိုင်းပြည် ခေါင်းဆောင် လုပ်တာ ခင်ဗျားတို့က သိပ်ပြီး စည်းစိမ် ရှိတယ်ထင်တယ်။ ကျုပ်အဖို့ ကျားမြီး ဆွဲမိလို့သာ ဆက်လုပ်နေရတယ်။ သို့သော် လွတ်လပ်ရေး ရတဲ့အထိ ဆက်လုပ်ပြီး လွတ်လပ်ရေး ရပြီးတဲ့နောက် အနားယူရမလား မပြောတတ်သေးဘူး။ တစ်နှစ်အတွင်း လွတ်လပ်ရေး ရဖို့ အကြောင်းမြင်တယ်။ အိန္ဒိယပြည် ကိုယ်တွေ့၊ ၁၉၄၈ ခုနှစ် ဇွန်လမှာ အာဏာလွှဲဖို့ အင်္ဂလိပ် အစိုးရက ကြေညာတယ်။

## လွတ်လပ်ရေးသတ်မှတ်ရန်

ကျုပ်တို့ဗမာပြည်မှာလည်း တိုင်းပြုပြည်ပြု လွှတ်တော်ပြီးတဲ့နောက် မေလမှာ ဖဆပလ အဖွဲ့ ညီလာခံကို ကျင်းပ ဖြစ်မယ်ထင်တယ်။ တိုင်းပြုပြည်ပြု လွှတ်တော်နောက် သုံးလေးလ အကြာမှာ လွတ်လပ်ရေး သတ်မှတ်နိုင်ဖို့ အကြောင်းရှိတယ်။ အဲသည်လို တစ်နှစ်အတွင်း လွတ်လပ်ရေး ရခဲ့လို့ ရှိလျှင် ခင်ဗျားတို့ရဲ့ အခြေအနေကို ဒီထက် ကောင်းအောင် လုပ်ပေးနိုင်မယ်။

## အခြေအနေကို ပြုပြင်ပြောင်းလဲချင်

ခုအခါမှာတော့ ဆင့်ပါးစပ် နှမ်းပက်သလို ဖြစ်နေတယ်။ လုပ်ချင်သလို မလုပ်နိုင်ဘူး။ ခင်ဗျားတို့ လိုချင်ကြသလို မြေစနစ်ကို ပြုပြင် ပြောင်းလဲချင်တယ်။ လယ်ပိုင်ရှင် စနစ်ကို ဖြုတ်ပစ်နိုင်ဖို့ပဲ။ အဲသည်လို လုပ်ချင်ပေမယ့် မဖြစ်နိုင်သေးဘူး။ ဇော်ဂျီဝိဇ္ဇာတွေလို ခင်ဗျားတို့ လိုချင်တာ တစ်မုဟုတ်ချင်း လုပ်မပေးနိုင်ဘူး။ ခင်ဗျားတို့ အရေးကို ကျုပ်ထက် ဆောင်ရွက်နိုင်တဲ့လူ ရှိရင် ကျုပ်ဖယ်ပေးဖို့ အသင့်ပဲ။ ခင်ဗျားတို့ အရေးတွေကို ပြောချင်လျှင် ဆိုင်ရာအဖွဲ့က တစ်ဆင့် ကျုပ်တို့ အစိုးရအဖွဲ့ကို ပြောလျှင် တတ်နိုင်သလို ဆောင်ရွက်ပေးဖို့ မခဲယဉ်းပါဘူး။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

နောက်ဆုံး ပြောလိုတာက ခုလာမယ့် တိုင်းပြုပြည်ပြု လွှတ်တော်မှာ တကယ်ဆောင် ရွက်မယ့် လူတွေကို ဖဆပလမှ ရွေးချယ်ပေးမယ်။ အဲဒီ အမတ်တွေကို ခင်ဗျားတို့က ရွေးကောက်ပွဲ လုပ်တဲ့အခါမှာ ခရီးပန်းတာကို ဂရုမစိုက်ဘဲ အခက်အခဲများကို သည်းခံပြီး ဖဆပလရဲ့ အမတ်လောင်းများကိုပဲ မဲပေးကြမယ် ဆိုလျှင် ဗမာပြည်ကြီးဟာ တစ်နှစ် အတွင်း လွတ်လပ်ရေး ရမှာပဲ။"

ဗိုလ်ချုပ်သည် သူ၏ ငယ်ဘဝကိုပင် မိခင်ကြီးဒေါ်စုနှင့် လယ်သမားများ ဆက်ဆံရေးကို သိမီခဲ့သူ ဖြစ်သည့် အလျောက် လယ်သမားများ၏ အကြွေး သံသရာ လည်နေရပုံကို မျက်မြင် ကိုယ်တွေ့ သိရှိ ခဲ့သူဖြစ်လေသည်။ သူမကွယ်လွန်မီ နောက်ဆုံး အချိန်အထိ လယ်သမားများ ကိစ္စကို အလေးထား ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်ရာ ၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်နေ့ (ဆိုရန်တိုဗီလာ)တွင် ပြောကြားသော "ပြည်လည် ထူထောင်ရေး" မိန့်ခွန်း၌ လယ်ယာစိုက်ပျိုးမှု တိုးတက် ဖွံ့ဖြိုးရေး အဖြစ်ဖြင့် လယ်သမားများ ကြွေးမြီ ပြဿနာနှင့် အတိုးနှုန်း သက်သာစွာဖြင့် လယ်ယာလုပ်ကိုင် နိုင်ရေးအတွက် ငွေချေးငှား ခြင်း နည်းစနစ်သစ် စသည်တို့ကို စဉ်းစား ရပါလိမ့်မယ်ဟု တောင်သူလယ်သမားများ အရေးအတွက် ထည့်သွင်း ပြောကြားခဲ့သည်များကို တွေ့ရလေသည်။ ။



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ဂျူဗလီဟောတွင် ကျင်းပသော
တောင်သူလယ်သမား ညီလာခံ၌ ဗိုလ်ချုပ်က လယ်သမားများ အတွက် သမိုင်းဝင်
မိန့်ခွန်းကို ပြောကြားခဲ့သည်။

http://mmteashop.com



# အာဇာနည်ခေါင်းဆောင်ကြီးများ၏
# အတ္ထုပ္ပတ္တိအကျဉ်း

http://mmteashop.com



## ဗိုလ်ချုပ်အောင်ဆန်း(၁၉၁၅-၁၉၄၇)

### ၁၉၁၅

ဖေဖော်ဝါရီလ ၁၃ ရက် (၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်) စနေနေ့တွင် ဖွားမြင်သည်။ သူ့ကျွန် မခံလိုသူ ဦးမင်းရောင်၏ မြေးဖြစ်သည်။ နတ်မောက်မြို့နေ ရှေ့နေကြီး အဖ ဦးဖာ၊ အမိ ဒေါ်စုတို့၏ သားထွေးဖြစ်သည်။ ငယ်မည် "ထိန်လင်း" ဟုခေါ်၍ အစ်ကို "အောင်သန်း" အမည်နှင့်လိုက်ရန် "အောင်ဆန်း" ဟု ခေါ်တွင် အမည် တပ်ပေး ခဲ့သည်။

### ၁၉၂၂

အသက် ၇ နှစ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ ကျောင်းတွင် နေခဲ့သည်။

### ၁၉၂၈

အသက် ၁၃ နှစ်တွင် ရေနံချောင်းမြို့၊ အမျိုးသား အထက်တန်း ကျောင်းသို့ ပြောင်း၍ နေခဲ့သည်။

### ၁၉၃၂

ရေနံချောင်းမြို့၊ အမျိုးသား အထက်တန်းကျောင်းမှ ၁၀ တန်း စာမေးပွဲ အောင်သည်။



http://mmteashop.com
http://mmteashop.com

၁၉၃၂

ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။

၁၉၃၅-၃၆

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အမှုဆောင် အဖွဲ့ဝင်နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ အဖြစ် ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်နေစဉ် အိုးဝေ မဂ္ဂဇင်းတွင် ပါရှိသော The Hell -Hound at Large " ခွေးသရမ်းကြီး လွတ်နေသည်" ဆောင်းပါး ရေးသူကို ထုတ်ဖော် မပြော၍ တက္ကသိုလ်ကျောင်းမှ ထုတ်ပယ်ခြင်းခံရသည်။

၁၉၃၆

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တက္ကသိုလ်ကျောင်း သပိတ်ကြီး မှောက်သည်။ တက္ကသိုလ် သပိတ်မှောက် ရသည့် အရေးကြီးသော အကြောင်းရင်းမှာ ကိုအောင်ဆန်းအား ကျောင်းမှ ထုတ်ပစ်ခြင်းကြောင့် ဖြစ်သည်။

၁၉၃၇

ဝိဇ္ဇာတန်း အောင်မြင်သည်။

၁၉၃၇

ရန်ကုန် တက္ကသိုလ် ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၇-၃၈

တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။



http://mmteashop.com http://mmteashop.com

http://mmteashop.com

http://mmteashop.com

## ၁၉၃၈

ကိုအောင်ဆန်း ခေါင်းဆောင်သော ကျောင်းသား ကိုယ်စားလှယ် အဖွဲ့ အိန္ဒိယပြည်သို့ သွားခဲ့သည်။ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်သည်။ ပထမဆုံး ကျောင်းသားကိုယ်စားလှယ်၊ တက္ကသိုလ် ကောင်စီဝင် အဖြစ် တင်မြှောက်ခြင်း ခံရသည်။ တို့ဗမာ အစည်းအရုံး အထွေထွေ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သည်။ ၁၃၀၀ပြည့် အရေးတော်ပုံကို အားပေးကူညီသည်။

## ၁၉၃၉

မော်လမြိုင်မြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး ညီလာခံတွင် စစ်အတွင်း၌ ဗြိတိသျှကို မကူစတမ်း အဆိုတင်သည်။

## ၁၉၄၀

ဟသ်ာတ ခရိုင်ဝန် မစ္စတာ ဖေဗီးယာက ဆုတော်ငွေ ငါးကျပ်ဖြင့် သခင်အောင်ဆန်းအား ဖမ်းဝရမ်း ထုတ်သည်။ ဝရမ်းဆုငွေမှာ လူထုခေါင်းဆောင် တစ်ဦးကို စော်ကားခြင်း ဖြစ်၍ တစ်ပြည်လုံးက ရှုတ်ချသည်။

## ၁၉၄၀

ဝရမ်းပြေးနေရစဉ် တက္ကသိုလ် ကောင်စီဝင် လူကြီးအဖြစ်မှ နုတ်ထွက်သည်။ ဗမာ့လွတ်လပ်ရေး အတွက် နိုင်ငံခြား အကူအညီ ရှာရန် သခင်မြတို့နှင့် အတူ "ပြည်သူ့အရေးတော်ပုံ ပါတီ" ကို ဖွဲ့စည်းခဲ့သည်။

ပြည်ပ တော်လှန်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် သခင်အောင်ဆန်းက တာဝန်ယူ၍ ပြည်တွင်း တော်လှန်ရေး ခေါင်းဆောင်အဖြစ် သခင်မြက တာဝန်ယူသည်။

## ၁၉၄၀

ဩဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီအမည်ရှိသော သင်္ဘောဖြင့် အရှေ့သို့ လျှို့ဝှက်စွာ ထွက်ခဲ့သည်။

၁၉၄၀

ဂျပန်ပြည်သို့ ရောက်ရှိသည်။

၁၉၄၁

ဗမာ့လွတ်လပ်ရေး အတွက် စီမံကိန်းတစ်ခု ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ရေးဆွဲ ခဲ့သည်။

၁၉၄၁

မတ်လ ၃ ရက်နေ့တွင် သွားတု တပ်ကာ ရုပ်ဖျက်လျက် မြန်မာနိုင်ငံသို့ ခေတ္တ ပြန်လာသည်။

၁၉၄၁

မျိုးချစ်လူငယ်များကို စည်းရုံးစုဆောင်းပြီး ဂျပန်ပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။

၁၉၄၁

ဟိုင်နန်ကျွန်း၌ ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်၍ စစ်ပညာသင်ကြားခဲ့သည်။

၁၉၄၁

ဒီဇင်ဘာလ ၈ ရက်နေ့တွင် အရှေ့အာရှစစ်ကြီး စတင်ဖြစ်ပွားသည်။

၁၉၄၁

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယိုးဒယားပြည်၊ ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့် အတူ ဗမာ့လွတ်လပ်ရေး တပ်မတော် ဘီအိုင်အေကို ဖွဲ့စည်း ခဲ့သည်။ ရဲဘော်သုံးကျိပ် လက်မောင်းသွေး ဖောက်၍ သွေးသောက် ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇ အမည်ကို ခံယူသည်။



http://mmteashop.com
http://mmteashop.com

http://mmteashop.com

၁၉၄၂

နှစ်ဦးပိုင်းတွင် ဂျပန်တပ်များနှင့် ပူးပေါင်းကာ ဗိုလ်တေဇ ခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာနိုင်ငံကို ချီတက် တိုက်ခိုက် ခဲ့သည်။

၁၉၄၂

မတ်လ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဘီအိုင်အေ တပ်မတော်ကြီးသည် ဘီအိုင်အေ အလံကို လွှင့်ထူကာ ရန်ကုန်မြို့ကို သိမ်းပိုက်သည်။

၁၉၄၂

ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော် စစ်သေနာပတိ အဖြစ် ဆောင်ရွက်သည်။

၁၉၄၂

စက်တင်ဘာလ ၆ ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့သည်။

၁၉၄၃

မတ်လ ၁၇ ရက်နေ့တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်၊ သခင်မြတို့နှင့် အတူ ဗမာ့လွတ်လပ်ရေး အတွက် ဆွေးနွေးရန် ဂျပန်ပြည်သို့ သွားရောက်ခဲ့သည်။

၁၉၄၃

မတ်လ ၂၂ ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ် ချီးမြှင့်ခြင်းခံရသည်။

၁၉၄၃

ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရ အဖွဲ့၌ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။

၁၉၄၃

အိန္ဒိယပြည်ရှိ မဟာမိတ် စစ်ဌာနချုပ်နှင့် လျှို့ဝှက်စွာ ဆက်သွယ်သည်။

၁၉၄၄

ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။

၁၉၄၅

စက်တင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ဂျပန်ဘုရင်၏ ဆုတံဆိပ် ထပ်မံ ချီးမြှင့်ခြင်း ခံရသည်။

၁၉၄၅

မတ်လ ၁၇ ရက်နေ့တွင် ရန်သူကို တိုက်ခိုက်ရန်အတွက် တပ်မတော်ကို ဦးဆောင်၍ စစ်မြေပြင်သို့ ထွက်ခဲ့သည်။

၁၉၄၅

မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို တော်လှန်သည်။

၁၉၄၅

ဩဂုတ်လ ၁၉ ရက်နေ့တွင် နေသူရိန် အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောက်ရွက်၍ ဗမာ့လွတ်လပ်ရေးကို တောင်းဆိုသည်။

၁၉၄၆

ဇန်နဝါရီလတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် ဖဆပလ ညီလာခံကို ဦးစီးသည်။


http://mmteashop.com
http://mmteashop.com

၁၉၄၆

စက်တင်ဘာလတွင် အစိုးရ အမှုထမ်းများကို သပိတ် မှောက်စေကာ ဗြိတိသျှ အစိုးရ အပေါ် အန်တုသည်။

၁၉၄၆

စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုတိယ သဘာပတိအဖြစ် ရာထူးလက်ခံသည်။

၁၉၄၇

ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် အဖွဲ့ကို ဦးစီးကာ အင်္ဂလန်ပြည် လန်ဒန်မြို့၌ အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုသည်။

၁၉၄၇

ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ အရေးကြီးဆုံးသော မိန့်ခွန်း မြွက်ကြားသည်။ (ဤမိန့်ခွန်းမှာ ဗိုလ်ချုပ်နောက်ဆုံး မြွက်ကြားခဲ့သော မိန့်ခွန်း ဖြစ်သည်။)

၁၉၄၇

ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နယ်ချဲ့ လက်ပါးစေ လူမသမာတို့၏ လုပ်ကြံခြင်းကို ခံရသည်။ ဇနီး ဒေါ်ခင်ကြည်နှင့် သားအောင်ဆန်းဦး၊ အောင်ဆန်းလင်း(ကွယ်လွန်)နှင့် သမီး အောင်ဆန်းစုကြည်တို့ ကျန်ခဲ့သည်။



http://mmteashop.com
http://mmteashop.com



သခင်မြ (၁၈၉၇-၁၉၇၄)

**၁၈၉၇**

အောက်တိုဘာလ ၇ ရက် ကြာသပတေးနေ့၊ ည ၇ နာရီ ၃၆ မိနစ်တွင် ဖွားမြင်သည်။ ပြည်ခရိုင်၊ ထုံးဘိုမြို့၊ ဦးဘိုးချွန်၊ ဒေါ်သက်လယ်တို့၏သား ဖြစ်သည်။ ငယ်မည် မောင်မြရွှေ ဖြစ်သည်။ နမ မမြငွေ (ဒေါ်ခေမာဝတီ) တစ်ဦးသာရှိသည်။

သုံးတန်းမှ ခုနစ်တန်း အထိ သာယာဝတီ အေ-ဘီ-အမ်ကျောင်းတွင် လည်းကောင်း၊ ခုနစ်တန်းမှ ဆယ်တန်းအထိ ရန်ကုန်မြို့ ဘက်ပတစ် ဟိုက်စကူး ကျောင်းတွင်လည်းကောင်း ပညာသင်ကြားခဲ့သည်။

**၁၉၁၆**

ရန်ကုန်ကောလိပ် I.S.C တန်းတွင် ဆက်လက် ပညာသင်ကြားသည်။

**၁၉၁၆**

ကြည့်မြင်တိုင် Student Union Club ကို စတင်တည်ထောင်ခဲ့သူ တစ်ဦး ဖြစ်သည်။ မြန်မာပြည်တွင် ပထမဆုံးကျောင်းသားများအသင်း ဖြစ်သည်။

**၁၉၁၈**

ရန်ကုန်ကောလိပ်တွင် ကာလကတ္တား ယူနီဘာစတီမှ I.S.C ဓာတုဗေဒ ဂုဏ်ထူးနှင့် အောင်သည်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

http://mmteashop.com

၁၉၂၀

ရန်ကုန်ကောလိပ် သပိတ်ခေါင်းဆောင် တစ်ဦးဖြစ်ခဲ့သည်။ အဖွဲ့ဝင် ၂၄ဦး ပါသော သပိတ်မှောက် ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ အမျိုးသား ပညာရေးကောင်စီ၏ အဖွဲ့ဝင် တစ်ဦး ဖြစ်ခဲ့သည်။ အမျိုးသား ပညာရေးကောင်စီမှ ကြီးမှူးကျင်းပခဲ့သော B.Sc တန်းကို အောင်မြင်ခဲ့သည်။

၁၉၂၂-၂၃

ကြည့်မြင်တိုင် အမျိုးသား နေရှင်နယ်ကျောင်းဆရာကြီး ဖြစ်ခဲ့သည်။

၁၉၂၃

အမျိုးသားကျောင်းများ အစိုးရ အထောက်အပံ့ ယူသည်ကို မကျေနပ်၍ အမျိုးသား ပညာရေးကောင်စီမှ ထွက်ခဲ့သည်။

၁၉၂၄

B.Sc, ဓာတုဗေဒ ဂုဏ်ထူးနှင့်အောင်သည်။

၁၉၂၆

ဒေါ်ခင်ညွှန့် နှင့် လက်ထပ်သည်။

၁၉၂၇

B.L ဝတ်လုံစာမေးပွဲ အောင်သည်။

၁၉၃၀

ဆရာစံ သူပုန်အတွင်း နောက်လိုက်ငယ်သား သူပုန်များအတွက် ရှေ့နေလိုက်ခဲ့သည်။ သာယာဝတီ ကင်းထောက်အဖွဲ့တွင် စကောက်ကော်မရှင်နာ ဖြစ်ခဲ့သည်။

၁၉၃၆

မြင်းခြံတွင် ကျင်းပသော ဒုတိယအကြိမ်မြောက် သခင်ညီလာခံကို တက်ရောက်ပြီးနောက် သခင်ဖြစ်လာသည်။

၁၉၃၇

ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဗမာနိုင်ငံလုံး ဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင် အဖွဲ့ဝင် တစ်ဦးဖြစ်ခဲ့သည်။

၁၉၃၇

သာယာဝတီ တောင်ပိုင်းမှ ကိုယ်မင်းကိုယ်ချင်း အဖွဲ့ သခင်အမတ်အဖြစ် အရွေးခံရသည်။ ပထမပတ် လွှတ်တော် အစည်းအဝေးတွင် ဘုရင်ခံ၏ မိန့်ခွန်းကို မကျေနပ်ကြောင်း သခင်အမတ် သုံးဦးထိုင်၍ ဆန္ဒပြခဲ့သည်။ လွှတ်တော်တွင် ဗမာစကား ပြော၍ အဆိုသွင်းသည်ကို ဗမာစကား မပြောရဟု တားသဖြင့် ဗမာပြည်တွင် ဗမာစကား ပြောရရေးကို တိုက်ခဲ့သည်။ လွှတ်တော် အမတ်အဖြစ်နှင့် လစာကိုလည်း မယူခဲ့။

၁၉၃၈

မတ်လ ၅ ရက်နေ့တွင် ကျင်းပသော ပါလီမန်လွှတ်တော် အစည်းအဝေး၌ ချောက်မြို့၊ ရေနံသပိတ် ခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ သပိတ် ခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ သပိတ်တား အမျိုးသားများကို အကြမ်းပတမ်း ဖမ်းဆီးခြင်းစသော ဖိနှိပ်မှုများကို ဆွေးနွေးရန် လွှတ်တော်အစည်းအဝေး ရွှေ့ဆိုင်းရေး အဆို တင်သွင်းခဲ့သည်။

၁၉၃၈

မတ်လ ၂၂၊ ၂၃၊ ၂၄ ရက်နေ့များတွင် ပြည်မြို့၌ ကျင်းပခဲ့သော တို့ဗမာအစည်းအရုံး၏ အလုပ်အမှုဆောင် အဖွဲ့တွင် စာရင်းစစ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသည်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

## ၁၉၃၈

ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကျောင်းသားနှင့် ပုလိပ်တို့ ရိုက်ပွဲကို အတွင်းဝန်များ ရုံးတွင်းမှ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သော သခင်မြသည် အစိုးရ၏ အပြုအမူကို ပြင်းထန်စွာ ကန့်ကွက်သည့် သဘောအားဖြင့် ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့က အမတ်အဖြစ်မှ နုတ်ထွက်သည်။

## ၁၉၃၉

ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရွှေတိဂုံကုန်းတော် သခင်အစည်းအဝေး ဒုတိယနေ့၌ ဗမာနိုင်ငံလုံး ဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး အဖွဲ့အစည်းသည် ပထမ တောင်သူလယ်သမား ညီလာခံတွင် ဗတလစ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။

## ၁၉၃၉

လယ်သီးစား ဥပဒေကြမ်းနှင့် လယ်မြေ လွှဲပြောင်းရေး ဥပဒေ ကြမ်းများကို တောင်သူလယ်သမားများ သိရှိ နားလည်စေရန် လယ်သီးစား ဥပဒေဋီကာကို ရေးသား ခဲ့သည်။

## ၁၉၃၉

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကြား ရွေးကောက်ပွဲတွင် သာယာဝတီ တောင်ပိုင်းမှ အမတ် အဖြစ် ပြည်လည် အရွေးခံရသည်။

## ၁၉၃၉

ဗမာ့ လွတ်လပ်ရေးအတွက် မြေအောက် တော်လှန်ရေး အဖွဲ့ကြီး ပြည်သူ့ အရေးတော်ပုံ ပါတီကို ဖွဲ့စည်းခဲ့ရာ သခင်မြက ဦးဆောင် ပါဝင်ခဲ့သည်။ ပြည်တွင်း တော်လှန်ရေး အဖွဲ့၏ ခေါင်းဆောင်မှုတာဝန်ကို ယူခဲ့သည်။

http://mmteashop.com

## ၁၉၃၉-၁၉၄၀

ဗတလစ ဥက္ကဋ္ဌကြီးအဖြစ် ဆောင်ရွက်သည်။

## ၁၉၄၁

ဗတလစ၏ နာယကကြီးအဖြစ် တင်မြှောက်ခံရသည်။

## ၁၉၄၁

မတ်လတွင် သခင်အောင်ဆန်း ဒုတိယအကြိမ် မြန်မာပြည်သို့ ပြန်လည် ရောက်ရှိ လာ၍ သခင်မြ ခေါင်းဆောင်သောအဖွဲ့၏ ညွှန်ကြားချက်များကို ရယူကာ ဂျပန်ပြည်သို့ ပြန်လည် ထွက်ခွာသွားသည်။

## ၁၉၄၂

ဇန်နဝါရီလတွင် ရဲဘော်သုံးကျိပ်အား ကြိုဆိုရန် ယိုဒယားနိုင်ငံ၊ ဘန်ကောက်မြို့သို့ ခရီးထွက်ခဲ့သည်။

## ၁၉၄၂

ဇွန်လတွင် ဗမာနိုင်ငံ ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုကော်မတီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

## ၁၉၄၂

ဩဂုတ်လတွင် ဒေါက်တာဘမော်၏ ဗမာနိုင်ငံတော်အစိုးရ အဖွဲ့ဝင် ဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။

## ၁၉၄၃

မတ်လတွင် ဂျပန် အစိုးရ၏ ဖိတ်ကြားချက် အရ လွတ်လပ်ရေး အတွက် ဆွေးနွေးရန် ဂျပန်ပြည်သို့ သွားခဲ့သည်။ ဂျပန်ဘုရင့် နေတံဆိပ်ကို ချီးမြှင့်ခြင်းခံရသည်။

http://mmteashop.com

၁၉၄၃

မေလ၌ ဗမာနိုင်ငံလွတ်လပ်ရေး စီစဉ်မှုအဖွဲ့ကြီးတွင် အဖွဲ့ဝင် တစ်ဦးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၃

ဩဂုတ်လတွင် ဗမာ့လွတ်လပ်ရေးရပြီးနောက် ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ လွတ်လပ်ရေး ရပြီးနောက် ရှမ်းပြည်နယ် အုပ်ချုပ်ရေးကို ပြည်မသို့ လွှဲပြောင်း ပေးခဲ့ရာ ရှမ်း-ဗမာချစ်ကြည်ရေးကို ဦးစွာပထမ အစပျိုးခဲ့သည်။

၁၉၄၄

ဩဂုတ်လတွင် ဂျပန်ကို တော်လှန်ရာ နိုင်ငံရေးပါတီများနှင့် ဗမာ့တပ်မတော်ပါ ပူးပေါင်း၍ ဖက်ဆစ် တိုက်ဖျက်ရေး၊ ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ကြီး စတင်တည်ထောင် သည်။ ပြည်သူ့ အရေးတော်ပုံ ပါတီမှ သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။

၁၉၄၅

မတ်လ ၂၇ ရက်၊ တော်လှန်ရေးတွင် အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ - (၁) ဂျပန်ကို အယုံသွင်းရန်

(၂) ဖမ်းဆီးရမိထားသူများအား ဂျပန်လက်မှ လွတ်မြောက်အောင်

ဆောင်ရွက်ရန် အဓိကထား၍ တာဝန် ပေးအပ်ခြင်း ခံခဲ့ရသည်။ ထို့ကြောင့် အဓိပတိ ဒေါက်တာဘမော်နှင့် အတူ မော်လမြိုင်သို့ လိုက်ပါခဲ့သည်။

၁၉၄၅

စက်တင်ဘာလ ၁ ရက်နေ့တွင် ပြည်သူ့ အရေးတော်ပုံ ပါတီသည် မြန်မာပြည် ဆိုရှယ်လစ် ပါတီဟူ၍ စတင် ဖွဲ့စည်းခဲ့စဉ် သခင်မြသည် ဥက္ကဋ္ဌအဖြစ် တင်မြှောက် ခံရသည်။ ဆိုရှယ်လစ်ပါတီ စည်းမျဉ်းဥပဒေများကို သခင်မြကိုယ်တိုင် ရေးဆွဲခဲ့သည်။

http://mmteashop.com
http://mmteashop.com

၁၉၄၆

အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၇

ဇန်နဝါရီအတွင်း လန်ဒန်သို့ နန်းရင်းဝန်ကြီး အက်တလီ၏ ဖိတ်ကြားချက်အရ အုပ်ချုပ်ရေး အတွက် ဆွေးနွေးရန် သွားရောက်ခဲ့သည်။

၁၉၄၇

မတ်လတွင် နယူးဒေလီမြို့၊ အာရှကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။

၁၉၄၇

ဧပြီလတွင် သာယာဝတီ ကျေးလက်တောင်ပိုင်းမှ ဖဆပလအဖွဲ့ အမတ်အဖြစ် အရွေး ခံရသည်။

၁၉၄၇

မေလတွင် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံကြီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ မူကြမ်းကို ၁၁၁ဦး ကော်မတီက ရေးဆွဲခဲ့သည်။ ထို ၁၁၁ ဦးကော်မတီတွင် သခင်မြမှ သဘာပတိ ဖြစ်ခဲ့သည်။

၁၉၄၇

ဇွန်လတွင် မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြု လွှတ်တော် ညီလာခံ၏ ယာယီ သဘာပတိ အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

၁၉၄၇

မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မတီ အဖွဲ့ဝင် တစ်ဦး ဖြစ်ခဲ့သည်။

http://mmteashop.com
http://mmteashop.com

(၁) ပြည်ထောင်စုနှင့် ပြည်နယ်များ ဆိုင်ရာ ဆပ်ကော်မတီ

(၂) တရားစီရင်မှုဆိုင်ရာ ဆပ်ကော်မတီ နှင့်

(၃) မူလ အခွင့်အရေး ဆိုင်ရာ ဆပ်ကော်မတီများတွင် အဖွဲ့ဝင် အဖြစ် ပါဝင် ခဲ့သည်။

## ၁၉၄၇

ဇူလိုင်လ ၁၉ ရက်၊ စနေနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခြင်း ခံရသည်။ ဇနီး ဒေါ်ခင်ကြည်နှင့် ကျန်ရစ်သည်။



http://mmteashop.com
http://mmteashop.com



## မိုင်းပွန်စော်ဘွား စစ်စံထွန်း

၁၉၀၇

မေလ ၃၀ ရက် ကြာသပတေး နေ့တွင် မွေးဖွား ခဲ့သည်။ မိုင်းပွန် စော်ဘွားကြီး စစ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥ တို့၏ သားဖြစ်သည်။ တောင်ကြီးမြို့ ရှမ်းစော်ဘွား သားမြေးများကျောင်းတွင် ပညာ သင်ကြားသည်။

၁၉၂၈

မိုင်းပွန်စော်ဘွားအဖြစ် ခံယူသည်။

၁၉၃၂

မိုးမိတ်စော်ဘွားကြီးသမီး စဝ်ခင်သောင်းနှင့် လက်ထပ်သည်။

၁၉၄၇

ဖေဖော်ဝါရီ၊ ပင်လုံကွန် ဖရင့်ကို တက်ရောက်၍ ပင်လုံ စာချုပ်တွင် လက်မှတ် ရေးထိုးခဲ့သည်။

၁၉၄၇

အတိုင်ပင်ခံ တောင်တန်းဒေသ ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် မိုင်းပွန်စော်ဘွားကြီးသည်-

(က) ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ

http://mmteashop.com
http://mmteashop.com

(ခ) လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ

(ဂ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၇

ဇူလိုင်လ ၁၉ ရက် စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရ၍ ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကျဆုံးသည်။

သမီး စောသုနန္ဒာ၊ သား စဝ်စေဟုန်၊ သား-စဝ်ကိုင်ဖ၊ သမီးစောမြင့်ကြည်တို့ ကျန်ရစ်သည်။



http://mmteashop.com
http://mmteashop.com



ဦးဘချို

၁၈၉၃

ဧပြီလ ၂၃ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ မြောင်းမြမြို့ ဆေးဆရာကြီး ဦးဘိုးစာ-ဒေါ်မြစ်တို့၏ သားရတနာဖြစ်သည်။

သတ္တမတန်းနှင့် ဆယ်တန်း စကောလားရှစ်ဖြင့် အောင်ခဲ့သည်။ ဘီအေ အထက်တန်းတွင် သင်နေဆဲ မျက်စိ ရောဂါကြောင့် ကျောင်းထွက် ခဲ့ရသည်။ ကလောင်နာမည် အမျိုးမျိုးဖြင့် ကဗျာ၊ လင်္ကာ အများအပြား ရေးသား ခဲ့ရာတွင် "နောက်ဆွယ်ချောင်က တောက်တဲ့မောင်" ဟူ၍ ကျော်ကြားခဲ့သည်။

၁၉၂၀

ကျောင်းသား သပိတ်ကြီးတွင်အမျိုးသား ကောလိပ်ကျောင်းဆရာကြီး ဖြစ်ခဲ့သည်။

၁၉၂၀

ဒေါ်လှမေနှင့် လက်ထပ်သည်။

၁၉၂၅

ဒီးဒုတ်ဂျာနယ်ကို ကိုယ်တိုင် စီမံအုပ်ချုပ်၍ စတင်ထုတ်ဝေခဲ့သည်။

၁၉၃၀

မြန်မာ့ဖေယျာ သတင်းစာကို ဦးကျော်မြင့်၊ ဒေါက်တာဘမော်တို့နှင့် အတူ တွဲ၍ ထုတ်ခဲ့သည်။

၁၉၃၅

မြန်မာ့ဂီတလောက၏ မိုငြမ်းပြု စာအုပ်ကြီးဖြစ်သော ဂီတဝိသောဓနီ ကျမ်းကြီးကို တည်းဖြတ်ခဲ့သည်။

http://mmteashop.com
http://mmteashop.com

http://mmteashop.com

http://mmteashop.com

၁၉၃၆

တက္ကသိုလ် သပိတ်မှောက် ကျောင်းသားများ၏ စောင့်ရှောက်ရေး အမှုဆောင် အဖွဲ့ဝင် တစ်ဦး ဖြစ်ခဲ့သည်။

၁၉၄၀

တရုတ် - ဗမာ ချစ်ကြည်ရေး မိတ်ဆက် အဖွဲ့ဝင် တစ်ဦး အနေနှင့် တရုတ်ပြည်၊ ချုန်ကင်းမြို့သို့ သွားရောက် ခဲ့သည်။

၁၉၄၃

ဩဂုတ်လ ၁ ရက်၊ ဂျပန်က ပေးအပ်သည့် ဗမာ့ လွတ်လပ်ရေး ရပြီးနောက် ဗမာဗ နိုင်ငံတော် အတိုင်ပင်ခံ လွှတ်တော်အမတ် ဖြစ်ခဲ့သည်။

၁၉၄၇

သတင်းနှင့် ပြန်ကြားရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် မြန်မာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီ အဖွဲ့ဝင် ဖြစ်ခဲ့သည်။

၁၉၄၇

ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကျဆုံးခဲ့သည်။

ဇနီး ဒေါ်လှမေနှင့် သမီးများ ဖြစ်ကြသော မခင်နု၊ မခင်ပု၊ မေမေခင်နှင့် ခင်ခင်ဦးတို့ ကျန်ရစ်သည်။



ဦးရာဇတ်

(၁၈၉၈-၁၉၇၄)

၁၈၉၈

ဇန်နဝါရီလ ၂၀ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မိတ္ထီလာမြို့၊ အငြိမ်းစားတိုက်ပိုင် အင်စပက်တော် မစ္စတာ အေ၊ရာမန်နှင့် ဒေါ်ငြိမ်းလှ တို့၏ သားဖြစ်သည်။

၁၉၁၂

မန္တလေး ဝက်စလီ ယောကျာ်းလေးကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။

၁၉၂၀

ရန်ကုန်ကောလိပ် သပိတ်မှောက်ကျောင်းသား ဖြစ်ခဲ့သည်။

၁၉၂၁

ဇန်နဝါရီလ ၅ ရက်နေ့ မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့သည်။

၁၉၂၂

အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေအကြီးတန်း စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သဖြင့် အေ၊ရာဇတ် ဘီအေ(နေရှင်နယ်) အမည်ခံယူခဲ့သည်။

မန္တလေးအမျိုးသားကျောင်းကြီးတွင် -

(က) အမျိုးသား အပျော်တမ်း ရဲတပ်

(ခ) အမျိုးသား အပျော်တမ်း ရဲဘင်ခရာတပ်

http://mmteashop.com
http://mmteashop.com

(ဂ) အမျိုးသား အပျော်တမ်းရဲညွှန့်တပ်များ ဖွဲ့စည်းခဲ့သည်။ အမျိုးသား အပျော်တမ်း ရေတပ်ဗိုလ်ချုပ် ဖြစ်ခဲ့သည်။

၁၉၂၂-၁၉၄၁

ဗဟိုအမျိုးသား အထက်တန်းကျောင်း ဆရာကြီး ဖြစ်ခဲ့သည်။

၁၉၃၈

ဒေါ်ခင်ခင်နှင် လက်ထပ်သည်။

၁၉၄၅

ဇွန်လ ၅ ရက်နေ့တွင် စစ်ပြီးခေတ် အမျိုးသားကျောင်းကြီး ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၁၉၄၇

မြန်မာနိုင်ငံ အစိုးရပညာရေးနှင့် အမျိုးသား စီမံကိန်း ဌာနဝန်ကြီး အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၇

ပညာရေးဝန်ကြီးအဖြစ်နှင့် မဒရပ်မြို့၊ အရှေ့အာရှတောင်ပိုင်းပညာရေး ကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။

၁၉၄၇

နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မတီဝင် တစ်ဦး ဖြစ်ခဲ့သည်။

၁၉၄၇

ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံခဲ့ရသည်။

ဇနီးဒေါ်ခင်ခင်နှင့် သား မောင်တင်မြင့်၊ သမီး ခင်ခင်စိန်၊ သားမောင်လှကြည်တို့ ကျန်ရစ်သည်။

http://mmteashop.com
http://mmteashop.com



## ဦးဘဝင်း

**၁၉၀၁**

ဇွန်လ ၁၁ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ နတ်မောက်မြို့ ရှေ့နေ ဦးဖာ၊ ဒေါ်စု တို့၏ တတိယမြောက် သားဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို တော်စပ်သူ ဖြစ်သည်။

**၁၉၂၇**

မန္တလေးမြို့ Intermediate College မှ ဥပစာတန်း အောင်မြင်သူများတွင် ပထမရလျက် သင်္ချာဆု၊ ဓာတုဗေဒဆု၊ ရူပဗေဒဆုများ ရခဲ့သည်။

**၁၉၂၉**

B.Sc, သင်္ချာ ဂုဏ်ထူးတန်း အောင်သည်။ ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင် ကျောင်းဆရာကြီး ဖြစ်ခဲ့သည် ရေနံချောင်းမြို့ ဖဆပလ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ခဲ့သည်။

**၁၉၄၇**

ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာ ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

**၁၉၄၇**

တိုင်းပြုပြည်ပြု လွှတ်တော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မတီတွင် ပါဝင်ခဲ့သည်။

**၁၉၄၇**

ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည်။

ဇနီးဒေါ်ခင်စောနှင့် သမီး မတင်လှဝင်း၊ သား မောင်စောဝင်း၊ မောင်အေးဝင်း၊ သမီး ခင်မြဝင်း၊ သား မောင်စိန်ဝင်း၊ မောင်ထွေးဝင်း တို့ ကျန်ရစ်သည်။

http://mmteashop.com
http://mmteashop.com



## ဦးအုန်းမောင်

၁၉၁၃ - ဖေဖော်ဝါရီလ ၂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ မင်းဘူးမြို့၊ မစ္စတာ အိပ်(ချ်) ဒဗလျူတရပ်(တ်)ဝိန်း၊ ဒေါ်ရွှေမြင့်တို့၏ ဒုတိယမြောက်သားဖြစ်သည်။

၁၉၃၀၊၁၉၃၃ - ရန်ကုန် တက္ကသိုလ် တပ်ရင်းတွင် C.Q.M အဖြစ် ဆောင်ရွက်ခဲ့ရာ သေနစ်ပစ်တွင် ထူးချွန်သူ ဖြစ်သည်။

၁၉၃၄ - ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာတန်း အောင်မြင်သည်။

၁၉၃၇ - I.C.S စာမေးပွဲ ဖြေဆိုသူ သုံးဦးအနက် ပထမရရှိသည်။

၁၉၃၉ - မန္တလေးမြို့၊ အရှေ့နယ်ပိုင် ဝန်ထောက်အဖြစ် ဆောက်ရွက်ခဲ့သည်။

၁၉၄၇ - ပြည်နယ် စည်းရုံးရေး ဆောင်ရွက်ရန်၊ မြစ်ကြီးနား အရေးပိုင် အဖြစ် ခန့်အပ်ခြင်း ခံရသည်။

လမ်းပန်း ဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေး အတွင်းဝန် အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၇ - ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည်။ ဇနီး ဒေါ်သိန်းကြွယ်နှင့် သား ကိုတင်မောင်သိန်း၊ ကိုကိုလှ၊ မောင်မင်းမြင့်တို့ ကျန်ရစ်သည်။

http://mmteashop.com
http://mmteashop.com



## ရဲဘော်ကိုထွေး

## (၁၉၂၉-၁၉၄၇)

### ၁၉၂၉

မန္တလေးမြို့၊ တောင်ပြင် သိပ္ပံရပ်၊ ပင်စင်စား လယ်ယာ စိုက်ပျိုးရေး ဝန်ထောက် ဦးကိုကိုလေး၊ ဒေါ်မင်းရီ တို့၏ ဆဋ္ဌမမြောက်သား ဖြစ်သည်။

### ၁၉၄၇

နဝမတန်း အထိ ပညာ သင်ကြားခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် ပညာရေး ဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့် အဖြစ် ခန့်အပ်ခြင်း ခံရသည်။

### ၁၉၄၇

ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အာဇာနည် ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့်ပင် ကျဆုံးသည်။

http://mmteashop.com
http://mmteashop.com

## ရည်ညွှန်းစာအုပ်စာစောင်များ

(၁) ဗိုလ်ချုပ်အောင်ဆန်း(ဗိုလ်အေးမောင်) ၁၉၅၆ ခုနှစ်ထုတ် ပြည်တော်သာစာစဉ် ပြည်ထောင်စု-၁၂၂၊ ဘာသာပြန်စာပေအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

(၂) ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗေဒင်ပညာ(နေသီဟ-ဗဟိုတရာရုံးရှေ့နေ)(ဝေဒမဂ္ဂဇင်း)

(၃) ဗိုလ်ချုပ်အောင်ဆန်း၏ဘဝတစ်ကွေ့(နတ်မောက်မဂ္ဂဇင်း)

(၄) ဗိုလ်ချုပ်ကိုယ်တိုင်ရေးခဲ့သောအတ္ထုပ္ပတ္တိနှင့်ဓာတ်ပုံများ ၁၉၅၇ ခု၊ ဇူလိုင်လထုတ် (မဂ္ဂဇင်း အမည် မမှတ်မိ)

(၅) နတ်မောက်မြို့ မှတ်စု ပဒေသာ(နတ်တလင်း လှမောင်)

(၆) ခေါင်းဆောင်ဟူသည်

(၇) ကျွန်တော် ငရဲခွေး ဆောင်းပါး ရေးခဲ့စဉ်က၊ (ညိုမြ)၊ "စာမော်ကွန်း" (၁၉၈၆ ခု၊ ဧပြီလ)

(၈) အနှစ်ချုပ် မြန်မာ့သမိုင်း အဘိဓာန်(ဒုတိယတွဲ) (သန်းဝင်းလှိုင်) ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊ ပညာရွှေတောင် စာအုပ်တိုက်။

(၉) ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်း (တက္ကသိုလ် နေဝင်း)၊ ပထမအကြိမ်၊ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ တကောင်းစာအုပ်တိုက်

(၁၀) Forward , (၁.၁.၁၉၆၅)

http://mmteashop.com
http://mmteashop.com

(၁၁) သတင်းစာများ ပြောပြတဲ့ စစ်တွင်း ဗမာပြည် (လူထုဦးလှ) ပ၊ဒု၊တ၊စ အတွဲများ၊ လူထု စာအုပ်တိုက်

(၁၂) သတင်းစာများကပြောတဲ့ စစ်ပြီးစ ဗမာပြည်(လူထုဦးလှ) လူထုစာအုပ်တိုက်

(၁၃) ရဲဘော်သုံးကျိပ် မော်ကွန်း (တက္ကသိုလ် စိတ်တင်) ပဥ္စမအကြိမ်၊ ၂၀၁၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ အားမာန်သစ်စာပေ

(၁၄) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု ရက်စဉ်သမိုင်း(ဖိုးအောင်လေး) ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ စာပေဗိမာန်

(၁၅) တို့ဗမာအစည်းအရုံး သမိုင်း (ပ+ဒု) (စာပေဗိမာန်) ပထမအကြိမ်၊ ၁၉၇၂၊ စာပေဗိမာန်။

(၁၆) ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ (စာပေဗိမာန်) ပထမအကြိမ်၊ ၁၉၇၁၊ စာပေဗိမာန်

(၁၇) ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး ကြိုးပမ်းမှု လစဉ် မှတ်တမ်း (မေမြို့ချစ်ဆွေ)၊ ပုဂံစာအုပ်တိုက်၊ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်

(၁၈) မြန်မာ့ရက်စဉ် သမိုင်း(ပ+ဒု) (သမိုင်း သုတေသန ဦးစီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီး ဌာန)၊ ပထမအကြိမ်၊ ၂၀၀၉

(၁၉) ငါတို့ ဗိုလ်ချုပ် ဘာတွေ လုပ်ခဲ့သလဲ (သတင်းစာ ဆရာဦးပုကလေး) တတိယ အကြိမ်၊ ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ၊ ဖူဂျီယာမ စာအုပ်တိုက်

(၂၀) ဗိုလ်ချုပ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး (တက္ကသိုလ် နေဝင်း) (နွယ်နီ မဂ္ဂဇင်း)

(၂၁) ပင်လုံကျေးရွာ (ဦးတင်အေး-ရှမ်းပြည်) ၁၉၆၈ခုနှစ်၊ ဖေဖော်ဝါရီလထုတ် (ငွေတာရီ

http://mmteashop.com
http://mmteashop.com

မဂ္ဂဇင်း)

(၂၂) ပြည်ထောင်စု ခရီးစဉ်နှင့် သမိုင်းဝင် ဓာတ်ပုံနှစ်ပုံ (မောင်ကြည်သန့်) ၁၉၈၄ ခု၊ ဖေဖော်ဝါရီလထုတ် ငွေတာရီ

(၂၃) ၂၀ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ (သန်းဝင်းလှိုင်) ကံကော်ဝတ်ရည် စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ မေလ

(၂၄) မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ (ကျော်ဆန်းမင်း) The Voice, Weekely March 22-28,2010

(၂၅) နာမည်ကျော်ကြား ဂန္ထဝင်စကား (ဘိုးလှိုင်) ပထမအကြိမ်၊ ၂၀၀၈ ဇန်နဝါရီ၊ မုံရွေးစာပေ

(၂၆) ဘုံဝါဒနှင့်တို့ဗမာ (သိမ်းဖေမြင့်)၊ တတိယအကြိမ်၊ ၁၉၆၇၊ ဗော့စတော့စာပေ

(၂၇) စိန်ရတုအထိမ်းအမှတ် ရုပ်ရှင်စာစောင်များ ၁၉၉၅၊ ပထမအကြိမ်၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး

(၂၈) "ရသမြောက်ဟာသ သရုပ်ရှင်ကားများ" ရုပ်ရှင်စာတမ်းငယ် တစ်ဆယ် စာတမ်း ပြုစုသူ(သီဟအောင်)

(၂၉) မြန်မာ့ရုပ်ရှင် စိန်ရတု သဘင် ရုပ်ရှင်စာတမ်းငယ် တစ်ဆယ် မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး

(၃၀) မြန်မာ့ရုပ်ရှင် သမိုင်းစဉ် ငွေရတုကာလ စိန်ရတု အထိမ်အမှတ်၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး

http://mmteashop.com
http://mmteashop.com

(၃၁) ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်၊ တင်စိုး(ဘောဂဗေဒ) ဒုတိယအကြိမ်၊ ၂၀၁၀ ခု၊ ဖွန်လ၊ ဖွန်ပွင့်စာပေ

(၃၂) ဗမာ့ဦးသန့် (အထောက်တော် လှအောင်)၊ ရတနာပုံစာအုပ်တိုက် ၂၀၁၀ပြည့်နှစ်၊ မတ်လ

(၃၃) ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ (မြဟန်)၊ အားမာန်သစ်စာပေ ဒုတိယအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ

(၃၄) သူတို့ဘဝ သူတို့အတွေ့အကြုံ (ချစ်ကြည်ရေး ကြည်ညွန့်) ပထမအကြိမ်၊ ထံတျာ စာပေ၊ ၁၉၇၁ ခု၊ ဩဂုတ်လ

(၃၅) မြန်မာလူကျော် ၁၀၀ (ပထမအုပ်)(မောင်ဇေယျ) Unity စာပေ၊ ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ မတ်လ

(၃၆) ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ် တော်လှန်ရေး သမိုင်း (တက္ကသိုလ် စိန်တင်) အားမာန်သစ် စာပေ၊ ပဥ္စမအကြိမ်၊ ၂၀၁၀ ခုနှစ်။

http://mmteashop.com
http://mmteashop.com

# အောင်ဆန်းတာနည်း

သိန်းအေး

